
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# လမင်းမိုမို

အသက်သမျှသူ

စာမူခွင့်ပြုချက်အမှတ်

၅၀၀၄၅၉၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၄၅၇၀၆၁၂

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

လမင်းမိုမို ၈၉၅. ၈၃

အသက်သမျှသူ၊ လမင်းမိုမို (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၂

၂၈၈-စာ၊ ၅ x ၇

(၁) အသက်သမျှသူ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

2 OCT 2012







# လမင်းမိုမို




## အသက်တမျှသူ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







'၊ အဲဒီညကရွာသွန်းခဲ့တဲ့မိုးဟာ မိုးဦးမိုးသာဆိုတယ် သဲကြီးမဲကြီးနှင့် ရေလည်းပါ လေလည်းပါ။ မိုးရဲ့အသံကပင် ဆူညံနေပါသည်။ ရန်ကုန်ဘူတာကြီးရဲ့ ဆောင်းဘောက်စ်က ကြေညာနေသော အသံတို့ကိုပင် ဘာမှသဲသဲကွဲကွဲ မကြားရ။

သူရပ်နေတဲ့စင်္ကြံကို မိုးတွေက သည်းသည်းရွဲရွဲ ပက်စင်နေသည်။ သူ့ဂျင်းဘောင်းဘီရဲ့ဒူးအောက်တစ်ပိုင်းလုံးဟာ မိုးတွေပက်ကာ ရွဲနစ်နေပါသည်။ သူ့ရဲ့ဝေါကင်းရှူးစ်ဟာလည်း ရေတွေနစ်ကာ စိုပြီးလေးနေသည်။ သူ့ပခုံးမှာ စလွယ်သိုင်းထားတဲ့ ဘေးအိတ်ပင် မိုးမှုန်တွေကပ်ငြိကာ စိုနေခဲ့သည်။

သူ့ရှေ့မှာ ခရီးဆောင်သေတ္တာကတစ်လုံး၊ လက်ဆွဲအိတ်ကြီးကြီးကတစ်လုံး။ တကယ်တော့ ခရီးသွားလျှင် သူအဲသလို ပစ္စည်းများများစားစား မပါတတ်ပါ။ အဝတ်သုံးလေးစုံဟာ သူ့အတွက် အမြဲလုံလောက်သည်။ လိုအပ်တဲ့ပစ္စည်းကို ရောင်းရာ



www.burmeseclassic.com

www.burmeseclassic.com



အရပ်မှာပဲ ဝယ်သုံးလိုက်တတ်မြဲမို့ ခရီးသွားရင် ဘာကိုမှကြောင့်ကြောင့်ကြကြ သယ်မနေပါ။

ခုတစ်ကြိမ်တော့ သူ့အကြောင်းနဲ့သူလေ။ တစ်ခုခုလိုအပ်လို့ ထ,လိုက်ရင် ဘာမှလိုလေသေးမရှိရအောင် အိမ်သုံးပစ္စည်းလေးတွေ တိုလီမိုလီ ပရုတ်ဆီလိုဟာမျိုးကအစ သူထည့်ယူလာသည်။ ရုတ်တရက်လိုချင်ရင် ရှာရဖွေရခက်မှာစိုးလို့ပင်။

ဒီလိုနှင့် သူ့မှာ ဝန်စည်စလယ်မများစဖူး များနေရတာ။

လေကလည်း ပြင်းပြင်းတိုက်နေသေးတော့ သူခန္ဓာကိုယ်ချမ်းခိုက်တုန်နေပါသည်။ ကိုယ်ပေါ်မှာ စပို့ရှပ်လက်တိုအစိမ်းပုပ်ကလေးတစ်ထည်သာ ဝတ်ဆင်ထားတာမို့ သူ ကြက်သီးစိမ့်စိမ့်ပင် ထ,နေသည်။ ခရီးဆောင်အိတ်ထဲမှာ ဂျက်ကက်ပါပေမယ့် တကူးတက အိတ်ဖွင့်လှန်လှောကာ သူ ထုတ်ယူမနေချင်တော့တာမို့ ထုတ်မဝတ်ဖြစ်ပါ။

တဖြည်းဖြည်း နာရီလက်တံက ရထားထွက်ချိန်ပင်နီးကပ်ချိန်သို့ ရွေ့လျားလာပြီ။ ခပ်စောစောကတည်းက ရောက်နေတာမို့ သူ ရင်လည်းမော၊ ညောင်းလည်းညောင်းညာနေပြီ။ နားနေခုံတွေမှာလည်း သူ မထိုင်နိုင်။ စိတ်ကစောနေ၍ မတ်တတ်မတ်တတ်နှင့်သာ သူ တစ်ချိန်လုံး နေမိသည်။





ပေနှစ်ဆယ်လောက် အကွာအဝေးကလေးလောက်ပဲ ဟိုဘက်လျှောက်လိုက်၊ ဒီဘက်ပြန်လျှောက်လိုက်၊ သူ့ကနာလည်း မငြိမ်နိုင်။ နောက်ဆုံးတော့ သူ မနေနိုင်တော့ပါ။ သူတို့စီစဉ်ထားတာထဲမှာ မိုးညိုထံ သူ ဖုန်းဆက်လိုက်ဖို့ မပါပေမယ့် သူ ဖုန်းဆက်ဖို့ ဆုံးဖြတ်ကာ နံပါတ်တစ်ခုကို နှိပ်လိုက်ရပါတော့သည်။

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

ဖုန်းထဲကထွက်ပေါ်လာသော ဖြေသံကြောင့် သူ့ရင်တွေ လေးပင်ရသည်။ ဖုန်းကို စက်ပိတ်ထားတယ်ဆိုတော့ ထွက်များလာနေပြီလား။ သူ့အိမ်က လှမ်းဆက်ရင် ဆက်မရအောင်ပိတ်ထားတာလည်း ဖြစ်နိုင်သည် မဟုတ်လား။

တစစ နီးကပ်လာသော ရထားချိန်ကြေညာနေတာကို သူ မသဲမကွဲကြားနေရင်း ဘာလုပ်လို့ ဘာကိုင်ရမည်မသိ။ သူတို့စီးနင်းလိုက်ပါဖို့ ရထားကြီးကလည်း သူ့မျက်စိရှေ့မှာပင် ထွက်ခွာဖို့အဆင်သင့်။ လိုက်ပါမည့်ခရီးသည်တွေလည်း တက်ရောက်နေရာယူကုန်ကြပြီ။

သူတစ်ယောက်သာ စင်္ကြံမှာ ထီးထီးရပ်ပြီး ဂနာမငြိမ် ပူပန်စိတ်လှုပ်ရှားနေတာ။ ရထားထွက်ဖို့ တက်ရောက်နေရာယူဖို့ ကြေညာသံကလည်း ဘယ်နှကြိမ်မြောက်မှန်းမသိ၊ ထပ်မံထွက်ပေါ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ ဘယ်လိုများ တက်ရောက်နေရာယူရပါ့မလဲ။ ဒီခရီးကို မိုးညိုမပါဘဲနှင့်တော့ သူ ဘယ်လိုလုပ်ပြီးသွားရပါ့မလဲ။ မိုးညိုနှင့် နှစ်ယောက်အတူသွားမှသာ သူတို့စိစဉ်ထားသော ဒီခရီးရဲ့အဓိပ္ပာယ်က ပြီးပြည့်စုံမှာလေ။

နှစ်ဦးသဘောတူ ခိုးပြေးကြဖို့ စီစဉ်ထားပါတယ်ဆိုမှ မိုးညိုမပါဘဲနှင့်တော့ သူ ဘယ်လိုလုပ် လိုက်ပါသွားဖို့ ဖြစ်ပါ့မလဲ။ လက်ထဲမှာ လက်မှတ်လေးနှစ်စောင်က အသင့်ရှိနေပေမယ့် မိုးညိုမပါရင် သူ ဘယ်လိုမှ လိုက်သွားဖို့ မဖြစ်နိုင်ဘူးလေ။

ရထားထွက်တော့မည့်အချက်ပေးကြေညာသံ၊ အချက်ပေး ခေါင်းလောင်းသံ၊ ရထားစတင်ထွက်ခွာမည့် ဥသြဆွဲသံဒါတွေက မိုးသံလေသံကြားမှာ တစ်ခုပြီးတစ်ခု စီကာစဉ်ကာ ထွက်ပေါ်လာပြီးတဲ့နောက် ရှေ့မှာထိုးထားတဲ့ ရထားကြီးဟာ ဖြည်းဖြည်းချင်း စတင်လှုပ်ရှားခဲ့ပြီ။

မိုးညို ...။ မိုးညို ... မင်း ဘယ်မှာလဲ။

မင်း ဘယ်ရောက်နေလဲ။ မင်း ဘာဖြစ်နေလဲဟင်။

အခက်အခဲပြဿနာတစ်ခုခုများ ကြုံတွေ့လို့လား။ ဘာတွေများ ရင်ဆိုင်နေရပြီပါလိမ့်။ ရထားကြီး တဖြည်းဖြည်း ထွက်ခွာဝေးကွာသွားလျှင်တော့ သူက သက်ပြင်းကြီးတစ်ချက်ကို မော့လျှော့ မှုတ်ထုတ်လိုက်မိပါသည်။ မင်းလည်း မပါဘူးဆိုမှတော့ ကိုယ်လည်း ကျန်ရစ်ခဲ့ပြီပေါ့ မိုးညိုရယ်။





ထို့နောက် သူက နီးရာခုံတစ်ခုမှာ ဖြည်းဖြည်းဝင်ထိုင်လိုက်ပါသည်။ မိုးညို တစ်စုံတစ်ခုသော ပြဿနာကြောင့် နောက်ကျပြီးမှများ ရောက်လာလေမလားလို့ သူ အကြာကြီးထိုင်စောင့်နေမိခဲ့သေးသည်။

မိုးတွေကတော့ သဲသဲမဲမဲ ရွာလို့သာပင်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁

ဒီခရီးကို မိုးညို ကားမောင်းသွားမည်ဆိုတော့ မေနှင်းက စိတ်လက်မချဖြစ်သေးသည်။

"ခရီးဝေးလည်း တစ်ခါမှ ကားမမောင်းဖူးဘဲနဲ့ ဖြစ်ပါ့မလား မိုးညို၊ ဒရိုင်ဘာထည့်ပေးလိုက်ရမလား၊ နောက်မှ ဒရိုင်ဘာ့ကို ပြန်လွှတ်လိုက်ပေါ့"

"ရပါတယ် အန်တီနှင်း၊ သမီးက ကားအမြဲမောင်းနေကျပဲဟာ၊ ခရီးဝေးမမောင်းဖူးတာလည်း ကိစ္စမရှိပါဘူး၊ ခရီးဝေးဆိုတာ ခရီးတိုတွေထက် နည်းနည်းပိုဝေးတာ တစ်ခုပဲဟာ၊ လမ်းကလည်းရှုပ်ရှုပ်ယှက်ယှက် ရှာဖွေသွားရမှာမှ မဟုတ်တာ၊ ပြီးတော့ ဒီခရီးက ရန်ကုန်နဲ့ နေ့ချင်းပြန်တောင်သွားလို့ရတဲ့ ခရီးပါ၊ ဒီလောက်ကြီးလည်းမဝေးပါဘူး"





"လမ်းကျ ညည်းခရီးပန်းလာရင် တော်ကြာ သွင်သစ်က သူတစ်လှည့်မောင်းမယ်ဆိုပြီး မောင်းနေဦးမယ်၊ သူ့ကို မမောင်းစေချင်ဘူး"

"ဟုတ်ကဲ့ အန်တီနှင်း၊ သွင့်ကိုမမောင်းစေရပါဘူး၊ သမီးသိပါတယ်၊ ပေးမမောင်းပါဘူး၊ သမီးပဲ တောက်လျှောက်မောင်းပါ့မယ်၊ မောင်းလည်းမောင်းနိုင်ပါတယ်၊ လေးငါးနာရီဝဲ့ မောင်းရမှာပါ"

အန်တီနှင်းရဲ့သဘောက သွင်သစ်ကို မမောင်းစေချင်တာ အဓိကမို့ မိုးညိုပင်ပန်းမှာစိုးလျှင် စောစောစီးစီး ဒရိုင်ဘာတစ်ယောက်ခေါ်သွားဖို့ ဖြစ်စေချင်တာပင်။ သို့ပေမဲ့ မိုးညိုမခေါ်ဖြစ်ခဲ့ပါ။ မာမီလည်းပါတာပဲ။ သွင်သစ် ... မာမီနှင့် မိုးညိုတို့ သုံးယောက် မြို့ကလေးကို ဝန်စည်စလယ်အချို့နှင့် ကားမောင်းကာလာခဲ့ကြတာပါ။

နေဖို့အိမ်ကလေးတစ်လုံးကိုတော့ အန်တီနှင်းရဲ့မိတ်ဆွေမိသားစုထံမှ တစ်နှစ်စာ ကြိုတင်ငှားရမ်းထားပြီးပြီ။ အိမ်ပိုင်ရှင်တို့ဟာလည်း ဤအိမ်ကလေးကို ရံဖန်ရံခါ သူတို့အားရက်နားရက် အေးအေးချမ်းချမ်း စိတ်အပန်းဖြေ လူအပန်းဖြေသဘောမျိုး သွားရောက်နားနေဖို့သာ အသုံးပြုခဲ့ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးမှာ လူနေနိုင်ဖို့အတွက် အိမ်ထောင်ပရိဘောဂနှင့် လိုအပ်ရာအသုံးအဆောင်ပစ္စည်းများက အဆင်သင့်ရှိနှင့်ပြီးပင်။

“သာယာလိုက်တာနော်”

မြို့ကလေးကို ဝင်လာလျှင် မာမီ့ထံမှ ရင်သပ်ရှုမောချီးမွမ်းသံက ထွက်ပေါ်လာသည်။ မာမီ့အသံကြောင့် နောက်ခန်းမှာ သက်သောင့်သက်သာမှိန်းမှိန်းလျှောလျှော ငိုက်မြည်းပါလာသော သွင်သစ်က ခေါင်းထောင်လာပါသည်။

“ရောက်လာပြီလား”

“မြို့ထဲဝင်ပြီ သား”

“မိုးညိုလေး ပင်ပန်းရောပေါ့”

“မပင်ပန်းပါဘူး သွင်”

“ဒီလောက်အကြာကြီး ကားမောင်းလာတာ”

“ဒါပေမဲ့ ရာသီဥတုက အုံ့မှိုင်းပြီး နေမပူတော့ မပင်ပန်းဘူး သွင်၊ စိတ်တွေတောင် ပေါ့ပါးလွတ်လပ် ကြည်လင်နေသေးတယ်”

“မိုးရွာလိမ့်မယ် ထင်တယ်ဟော့”

“ဟုတ်တယ် အန်တီ၊ ရွာရင်လည်း အုန်းအုန်းထပြီး သည်းချမယ့်ကောင်းကင်ကြီး၊ ဒီနှစ် မိုးတွင်းကရှည်တယ်





နော်၊ ပြီးတော့ မိုးဦးကတည်းက မိုးကရွာပြီဆို အရမ်းသည်းတာပဲ”

“ဟုတ်တယ် သား၊ ဒီနှစ် မိုးကောင်းတယ်၊ ဒါပေမဲ့ အန်တီတို့ ဒီရောက်ပြီး မကြာခင်ဆိုရင် ဆောင်းဦးဝင်ပြီ၊ နေလို့ထိုင်လို့ သိပ်ကောင်းမှာ သားရဲ့”

သွင်သစ်က လမ်းဘေးဝဲယာကို ငေးမောကြည့်လာသည်။

“တော်တော်သာယာတဲ့ မြို့လေးပဲ”

“ဟုတ်တယ် သား၊ မြို့ကွက်က ကုန်းမြင့်လေးတွေနဲ့ ရန်ကုန်နဲ့တော့ မြင်ကွင်းသီးခြားစီပဲ၊ အန်တီတို့ အခုနေမယ့် အိမ်ကလေးကလည်း ကုန်းကလေးထိပ်မှာလေ၊ ကုန်းမြင့်ပေါ်က ခြံဝင်းလေး၊ အိမ်လေးကလည်း ချစ်စရာလေး၊ သားမြင်ရင် သဘောကျမှာ”

“အန်တီ ဒီမြို့ကို ရောက်ဖူးတယ်နော်”

“ရောက်ဖူးတာပေါ့၊ မြို့နယ်ဆေးရုံမှာ အန်တီသုံးနှစ်တာဝန်ကျဖူးတယ်လေ၊ အမှန်ဆို အဲဒီတုန်းက အန်တီ ဒီမှာဆက်နေချင်သေးတာ ရာသီဥတုရော ရှုခင်းတွေရော သာယာလွန်းလို့လေ၊ ဒါပေမဲ့ အန်တီ့ဆရာကြီးက အန်တီ့ကို ပြန်ခေါ်ယူလိုက်လို့ ရန်ကုန်ပြန်ရောက်ရတာ”



www.burmeseclassic.com

www.burmeseclassic.com



"သုံးနှစ်တောင် နေဖူးတာဆိုတော့ အကြာကြီးပဲ"

"ဟုတ်တယ် သား၊ ဒီမှာ ဟင်းသီးဟင်းရွက်ဆိုလည်း လတ်လတ်ဆတ်ဆတ်၊ သားငါးပုစွန်လည်း လတ်လတ်ဆတ်ဆတ်၊ တစ်မြို့လုံးက အေးအေးချမ်းချမ်းနဲ့ သိပ်နေလို့ပျော်ဖို့ကောင်းတာပဲ၊ ဟောဟိုက အထက်တန်းကျောင်းဝင်းလေ"

"ကျောင်းဝင်းက အကျယ်ကြီးပဲ၊ သစ်ပင်အုပ်အုပ်တွေနဲ့ ပျော်စရာကြီးနော် အန်တီ"

"ဆေးရုံကတော့ အန်တီတို့ အခုနေမယ့်ရပ်ကွက်ကိုလွန်ပြီးမှ ရောက်မယ်၊ ဆေးရုံကလည်း အုတ်ကွက်နီနီ အုပ်ကြွပ်မိုးနီနီလေးတွေနဲ့ အရမ်းသာယာတယ်၊ ဆေးရုံလို့တောင် မထင်ရဘူး"

"ဒီမှာ အန်တီ့အသိတွေ ရှိဦးမှာပေါ့နော်"

"မြို့ခံတွေထဲကတော့ ရှိနိုင်တာပေါ့"

"အန်တီ ဒီမှာ တာဝန်ကျတုန်းက အသက်ဘယ်လောက်လဲဟင်"

"အသက်သုံးဆယ့်ငါးနှစ်လောက်ရှိပြီ"

"ဒီမြို့ခံတွေထဲမှာ အန်တီ့ကိုကြိုက်ခဲ့တဲ့သူတွေ ဘာတွေမရှိဘူးလား အန်တီ၊ ရှိခဲ့ရင် အခု အန်တီနဲ့ပြန်တွေ့ကြမှာပဲနော်"





"ဟင်း ဟင်း ဟင်း ဟင်း ... သွင်ကတော့ လုပ်ပြီ"

"ဟင်း ဟင်း ... ဟုတ်တယ်လေ၊ ရှိမှာပါ အန်တီကလည်း"

သွင်သစ်ရဲ့မျက်နှာ ရွှင်ပျနေတာကို နောက်ကြည့်မှန်မှကြည့်ရင်း မိုးညိုက ပြုံးမိပါသည်၊ သွင်သစ် စိတ်အပြောင်းအလဲဖြစ်ကာ ပျော်ရွှင်တက်ကြွနေတာကို မြင်ရတာ မိုးညို စိတ်ချမ်းသာပါသည်။

"မရှိပါဘူး သားရယ်"

"ရှိမှာပါ၊ အန်တီက ဒီလောက်လှတာ"

"သြော် ... ရှိမှဖြင့် အန်တီ အိမ်ထောင်ပြုလိုက်မှာပေါ့ကွယ်"

မိုးညိုက မာမီ့ဘက် လှည့်ကြည့်လိုက်သည်။ ခုထိအသက်ခြောက်ဆယ်အထိ ဖြူဖြူဖွံ့ဖွံ့ လုပနနယ်ဆဲဖြစ်သောမာမီ့မျက်နှာက ချောမောကာ ကျက်သရေရှိလှသည်။ မိုးညို သိတတ်တဲ့အရွယ်၊ ဆယ်နှစ်သမီးလောက်အချိန်အထိ မာမီ့ကိုစွဲစွဲလမ်းလမ်းနှင့် လက်ထပ်ခွင့်လိုချင်သူတွေ ရှိနေသေးတာ မိုးညိုမှတ်မိနေတာပဲ။

"ဟုတ်ပါတယ်၊ မာမီ့ကို ကြိုက်တဲ့သူက နေရာတိုင်းမှာရှိမှာပါ၊ မာမီက လှလည်းအရမ်းလှတယ်၊ စိတ်သဘောထားကလည်း အရမ်းကောင်းတယ်၊ ပေါင်းသင်းဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ရေးကလည်း သူ့မတူပဲ၊ မာမိုကိုတွေ့တဲ့ မြင်တဲ့သူတိုင်း ကျားမ,မရွေး ချစ်ခင်ကြတာပဲဥစ္စာ၊ မာမိ အိမ်ထောင်မပြု တာ ကြိုက်တဲ့သူမရှိလို့မှ မဖြစ်နိုင်တာ”

“အို ... မိုးညိုကလည်း သွင့်ဘက်က တတပ်တအားပါလား၊ ညည်းတို့နှစ်ယောက်က တစ်ယောက်ကစကားစရင် နောက် တစ်ယောက်က နင်းပြီးထောက်ခံဖို့ လူဖြစ်လာကြတာ ထင်ပါ့ရဲ့၊ ဟင်း ဟင်း ဟင်း”

“ဟုတ်ပါတယ်၊ မာမိ မိုးညိုရှိခဲ့လို့သာ အိမ်ထောင်မပြုဖြစ် ခဲ့တာ နေမှာပါ”

“အို ... မဟုတ်ပါဘူး သမီးရယ်”

“ဟုတ်မှာပါ၊ မိုးညို အမြဲအဲဒါစဉ်းစားမိတယ်၊ အသက် ကြီးလာလေ ပိုသေချာလာလေပဲ၊ မိုးညိုသာမရှိရင် မာမို မှာ ခုလောက်ဆို ကိုယ်ပိုင်မိသားစုရှိနေမှာပါ”

“မိုးညိုရယ်၊ မိုးညိုက မာမိုမိသားစုပဲလေ၊ တခြားဘာ မိသားစုလိုဦးမှာလဲ”

“အင်းလေ ... သမီး သိပါတယ်၊ အဲဒါကိုပဲ ပြောနေတာ လေ၊ သမီးရှိခဲ့လို့သာလေ”

“မဟုတ်ပါဘူး သမီးလေးရယ်၊ သမီးကိုရတော့ မာမိအသက် သုံးဆယ့်ငါးနှစ်ပဲ ရှိနေပြီဟာကို၊ အိမ်ထောင်ပြုချင်ရင် ဒီ့





မတိုင်ခင်ကတည်းက ပြုခဲ့မှာပေါ့။ အဲဒီအချိန်တုန်းက အသက်အစိတ်ဇာန်းလောက်မှာ အိမ်ထောင်ပြုဖြစ်ကြတာ များတယ်လေ၊ မာမိ အိမ်ထောင်ပြုချင်ရင် သမီးကိုမရခင် လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ပြုမှာပေါ့၊ မာမိ ကိုက အိမ်ထောင်ရေး စိတ်မဝင်စားတာ၊ ယောကျ်ားမယူ ချင်တာ၊ အေးအေးဆေးဆေး နေချင်တာပါ”

“အေးအေးဆေးဆေး နေချင်ကာမှ မိုးညိုကိုရလာခဲ့သေး တယ်နော်၊ ခစ် ... ခစ် ... မာမိုကို မိုးညိုသိပ်ချစ်တာပဲ၊ သိပ်လည်း သနားတာပဲ”

“သိပ်ချစ်တာက ထားပါတော့၊ သနားတာက ဘာများ သနားစရာရှိနေလို့လဲ မိုးညိုရဲ့၊ ကျုပ်ဟာကျုပ် ပျော်ရွှင် နေတာပါအေ၊ သနားစရာတစ်ကွက်မှ မရှိပါဘူး”

ဒေါ်သင်းသင်းလှိုင်က ရှေ့နားကို လက်ညှိုးလေး ထိုးကာညွှန်ရင်း ...

“သမီး ဟိုရှေ့မှာ ဆက်သွယ်ရေးစာတိုက်ရုံးဝင်းလေးရှိ တယ် တွေ့လား၊ ဆိုင်းဘုတ်အစိမ်းရောင်ထောင်ထားတယ် လေ၊ အေး ... အဲဒီမရောက်ခင် အဲဒီဝင်းနဲ့ကပ်လျက် ညာ ဘက်လမ်းထဲ ချိုးကွေ့လိုက်နော်”

“ဟုတ်ကဲ့ မာမိ”



www.burmeseclassic.com

www.burmeseclassic.com



မိုးညိုက မာမီညွှန်ပြတဲ့ လမ်းသွယ်ထဲ ကားကိုချိုးကွေ့လိုက်ပါသည်။ လမ်းသွယ်ဆိုပေမယ့် ကျဉ်းကျဉ်းမဟုတ်။ အနီရောင်မြေသားမာမာနှင့် လမ်းသွယ်က ကျယ်ကျယ်လွင့်လွင့်။ မြေကွက်လွတ်ကွေ့ ကွင်းပြင်လေးတွေနှင့် မြင်ကွင်းက ရှင်းနေကာ ဘယ်နေရာမှ မျက်စိထဲ ရှုပ်ရှုပ်ယှက်ယှက် ရှိမနေပါ။

"ကုန်းလေးက ပြေပြေလေး မြင့်တက်လာတယ်တွေ့လား၊ ရှေ့က ညာဘက်ကခြံကြီးက အရင်က ဒီမြို့က အကြီးဆုံး ရွှေဆိုင်ကြီးပိုင်ရှင်သူဌေး အန်တီမိ ဆိုတာရဲ့ခြံကြီး၊ ခုတော့ သူ့သားသမီးမြေးတွေ ရွှေဆိုင်လုပ်ငန်း လုပ်သေးသလား မသိဘူး၊ ဟိုးကုန်းမြင့်လေးပေါ်က အိမ်ကတော့ အရင်က တရားသူကြီးဦးအေးဖေခြံ၊ အခုလည်း အဲဒီမှာပဲနေလိမ့်ဦးမယ် ထင်ပါရဲ့"

"တစ်မြို့လုံးလိုလို အန်တီ သိမှာပဲနော်"

"အားလုံးတော့ မသိဘူးပေါ့ သားရဲ့၊ နာမည်ကြီးလူသိများတဲ့သူတွေ အိမ်တွေကိုပဲ သိတာပါ"

"အိမ်တွေ တိုက်တွေက ဟိုတုန်းကပုံစံတွေပေမယ့် ဆောက်ကတည်းက ခေတ်ပေါ်ပုံစံကို မလိုက်ဘဲ ရိုးရိုးခန့်ခန့်ပုံတွေ ဆောက်ထားတော့ ခုထိ ပုံတုံးမသွားဘူးနော် မာမီ"





"ဟုတ်တယ်၊ သမီး ဘယ်ဘက်က ကုန်းမြင့်လေးထိပ်မှာ တွေ့နေရပြီ၊ ဟိုးက နီညိုရောင်တိုက်ပြာပြာလေးပဲ၊ အဲဒီအိမ်ပဲ၊ သမီးရှေ့က ပိတောက်ပင်လွန်ရင် ကွေ့တက်လိုက်တော့"

"ဟုတ်ကဲ့ မာမီ"

မြက်ခင်းတချို့ သပ်ရပ်လှပသော ချုံပင်ပုတချို့နှင့် ကျယ်ဝန်းသော ခြံကွက်လေးရဲ့ အလယ်ကောင်ကျကျနေရာမှာ တည်ရှိသော နီညိုရောင်အုတ်ကွက် တိုက်ပြာပြာလေးဟာ ချစ်စဖွယ်။ ပေါ်တီကိုပြာပြာလေးအောက် မိုးညိုက ကားကိုထိုးရပ်လိုက်ကာ ခပ်သွက်သွက်ဆင်းပြီး နောက်ခန်းတံခါးကို အပြင်မှ ဖွင့်ပေးလိုက်ပါသည်။

ထွက်လာသော သွင်သစ်က မိုးညိုရဲ့ပခုံးလေးကို တစ်ချက်ဖျစ်ညှစ်လိုက်ရင်း ...

"ရပါတယ် မိုးညိုရယ်၊ ကိုယ့်ကို ဒီလောက် ဂရုမစိုက်ပါနဲ့၊ ကိုယ်မနေတတ်ပါဘူး၊ မိုးညိုကို သနားတယ်"

မိုးညိုက သွင့်ကို ချစ်စဖွယ်လေး ပြုံးပြလိုက်ပါသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးကလေးတွေနှင့် ကန်းထရီးဆန်ဆန် ချစ်စဖွယ် တန်ဆာဆင်ထားသော စားသောက်ဆိုင်လေးရဲ့ခြံအဝင်ဝမှာ ရော ဆိုင်ရဲ့နဖူးစည်းထိပ်မှာပါ၊ ထင်းရှူးသားပေါ် မီးနှင့်ထွင်းထားသော ဆိုင်အမည်ကလေးကို ဆိုင်းဘုတ်ချိတ်ဆွဲထားပါသည်။

"ရွှေမိုးညို"

ညနေပိုင်းမှ လူစတင်စည်ကားသော ဤဆိုင်ကလေးမှာ စန္ဒရားတစ်လုံး ဂစ်တာတစ်လက်နှင့် Live သီချင်း သီဆိုဖျော်ဖြေမှုလည်း ပါဝင်သည်ဖြစ်၍ ဤမြို့ကလေးအတွက်တော့ ထူးခြားသလို ဖြစ်နေပါသည်။ အစားအသောက်လည်း ကောင်းတဲ့ ဤဆိုင်ကလေးဟာ ညနေဆို လူအတော်စည်ကားပါသည်။

စီးပွားရေးအဆင်ပြေကြတဲ့မြို့လည်းဖြစ်၍ ဖွင့်တာ မကြာလှသေးသော သူ့ဆိုင်ကလေးက လူကျကာ ရောင်းကောင်းသည်။ မမျှော်လင့်ဘဲ သူထင်တာထက် ဝင်ငွေကောင်းနေပါသည်။

တိုးမင်းဆက်က မွန်းလွဲနှစ်နာရီရှိပြီမို့ အနောက်ဘက်တိုက်ပုကလေးမှ ခြံရှေ့ဘက်နား ဘေးခြံစည်းရိုးနှင့် အလျားလိုက်ယှဉ်ဆောက်ထားတဲ့ ဆိုင်လေးဆီ ဆင်းလာခဲ့သည်။ ဆိုင်ထဲမှာတော့ သူ့တပည့်ကျော်ညီတွေဖြစ်တဲ့ ဖော်လေး၊ ဗလ၊ စတီဗင်တို့





အပြင် ဒီမြို့ကလေးက မြို့သားဝန်ထမ်းလေးတွေဖြစ်တဲ့ ဆိုင်အလုပ်သမားလေးတွေပါ ရောက်နေကြပါပြီ။

ဖော်လေးက အလုပ်သမားတွေနှင့်အတူ ပန်းကန်ခွက်ယောက်ဖန်ခွက်တွေကို သုတ်နေပြီဖြစ်ကာ ဗလကတော့ သူ့လက်ထောက်ကောင်လေးနှင့် မီးဖိုဘက်မှာ ဆီအိုး၊ ရေနွေးအိုးတွေ ပြင်နေပါပြီ။ စတီဗင်က ဂစ်တာကို အသံစမ်းကာ မိုက်ကရိုဖုန်း ဆောင့်ဘောက်စ်တို့ကို အသံညှိချိန်နေသည်။

သူဝင်လာလျှင် သူ့ကိုအားလုံးလှမ်းကြည့်ကြကာ ခုနက ဆူညံပွက်ညံငြင်းခုန် ပြောဆိုနေကြတဲ့ စကားသံတွေ အတန်ငယ် တိုးတိတ်ဆိတ်ငြိမ်သွားပါသည်။

"ဟေ့ကောင်တွေ ... ဘာတွေပြောနေကြတာလဲကွ"

တိုးမင်းဆက်က ခပ်ပြုံးပြုံး မေးလိုက်ပါသည်။

"ဖော်လေးလေ ဟိုတစ်နေ့ကလာတဲ့ ကောင်မလေးအုပ်စုအကြောင်း ဖိုးသက်ကို မေးနေတာ ကိုတိုး"

"ဟုတ်လို့လား၊ ဒါ မနေ့ကတည်းက မေးပြီးသားမဟုတ်လား၊ အဟောင်းကြီးပါ၊ ငါ ဒီရှေ့က ဝင်မလာခင် ကိုတိုးကိုတိုးနဲ့ ကြားလိုက်တယ်နော်"

တိုးမင်းဆက် စကားကြောင့် ဆံပင်ရှည်ရှည်ကို နောက်မှာစုစည်းထားတဲ့ စတီဗင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ကျွန်တော် ပြောနေတာ"

"ဘာတွေပြောနေတာလဲကွ၊ မင်းဆိုရင်တော့ ငါ့ကိုမကျေနပ်တာတွေချည်း ပြောမှာသေချာတယ် စတီဗင်"

စတီဗင်က မှုန်ကုပ်ကုပ်လေးနှင့် ...

"မဟုတ်ပါဘူးဗျာ ကိုတိုးကလည်း၊ မနေ့ကလာတဲ့ ကောင်မလေးတစ်ယောက်အကြောင်း ပြောနေတာပါ၊ အဲဒီကောင်မလေးက ရက်ခြား တစ်ပတ်တစ်ခါလောက် လာနေတာ၊ သုံးခါရှိပြီ၊ တစ်ခါလာရင် အဖော်တစ်ယောက်နဲ့၊ အဖော်တွေက ပြောင်းသွားတယ်၊ သူပဲ ဒိုင်ခံပင်တိုင်ပါတာ"

"ဟင် ... အဲဒီကောင်မလေးအကြောင်းပြောတာ ငါ့နာမည်က ဘယ်လိုဖြစ်လို့ ပါရတာတုံးကွ"

"အဲဒီကောင်မလေးက ကိုတိုးကိုပဲ တစ်ချိန်လုံးရှိုးနေတာလေ"

"ဟင် ... ဟား ဟား ဟား ... မင်းကလည်းကွာ"

"ဟုတ်တယ် ကိုတိုးကလည်း၊ ကိုတိုး တစ်ခါတစ်ရံ သီချင်းဆိုရင်လည်း စိုက်ပြီးငေးနေတာ၊ ကျွန်တော်ဆိုရင် သူက သိပ်စိတ်မဝင်စားဘူး၊ စကားများနေတာ"

"ဟုတ်လို့လားကွာ၊ ဟား ဟား ဟား"





"ဟုတ်ပါတယ်ဆို၊ ကိုတိုးက သီချင်းမဆိုရင်လည်း ဘားကောင်တာနောက်မှာ ထိုင်နေတာ မဟုတ်လား၊ အဲဒါဆိုရင်လည်း ကိုတိုးကို သူ တစ်ချိန်လုံး လှမ်းလှမ်းကြည့်နေတာ၊ ကျွန်တော် သေချာကြည့်ထားတယ်၊ ဖော်လေးလည်း သိတယ်"

"ဟုတ်လား ဖော်လေး"

"ဟုတ်တယ်ဗျ ကိုတိုး၊ ခပ်ငယ်ငယ်ပဲ ရှိသေးတာ၊ နှစ်ဆယ်ကျော်လောက်ပဲ ရှိမှာထင်တယ်၊ မိတယ်ဗျ၊ အမိုက်စားလေးဗျ၊ ကျွန်တော်လည်း သတိထားမိတယ်၊ သူ ကိုတိုးကို လှမ်းလှမ်းကြည့်နေတာ"

"မင်းတို့ကောင်တွေ ဟား ဟား ဟား၊ ငါ့ကိုကြည့်တယ် မကြည့်ဘူးသိဖို့ လှမ်းကြည့်ရသလိုလိုနဲ့ ဒီကောင်မလေးကို မင်းတို့ပဲ ဝိုင်းကြည့်နေကြတာ ထင်ပါရဲ့ကွာ၊ ကဲ ... ပြော ... ပြော ... မင်းလား စတီဗင်လား ဒီကောင်မလေးကို ဘယ်သူစိတ်ဝင်စားတာလဲ၊ ဗလကြီးတော့ မဖြစ်လောက်ဘူး၊ ဗလ ခမျာ နောက်ထဲပဲ နေနေရတာ၊ ရှေ့ကကိစ္စတွေ သိပ်သိတာမဟုတ်ဘူး"

ဗလက မီးဖိုဘက်မှ ကောင်တာဘက်အကူး တံခါးဆီလာရပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေ နှစ်ကောင်စလုံးပဲ ထင်တယ် အစ်ကို၊ ဖော်လေးက စတီဗင် လွဲချ၊ စတီဗင်က ဖော်လေး လွဲချ၊ ကိုတိုးကို ကြည့်တယ် ကြည့်တယ်နဲ့ သူတို့နှစ်ယောက်လုံး ကြည့်နေကြတာ"

"အေး ... ငါလည်း ဒီလိုပဲ ထင်ပါတယ်"

"ကျွန်တော် မဟုတ်ဘူး ကိုတိုး၊ ဒီကောင် စတီဗင် စိတ်ဝင်စားတာဖြစ်မယ်"

"ဟော့ကောင် ... ငါက ကိုတိုးကိုကြည့်တဲ့အကြောင်း ပြောနေတာလေ"

"ဘယ်သူ့ကိုကြည့်ကြည့်လေ၊ မင်း စိတ်ဝင်စားတယ် မဟုတ်လား"

"ဟော့ကောင် ဖော်လေး၊ ငါစိတ်ဝင်စားတာက ကိုတိုး အတွက် စိတ်ဝင်စားတာလေ၊ မင်းလည်းသိသားပဲဟာ၊ ကိုတိုးကိုလည်း စိတ်ဝင်စားပုံရ၊ ရုပ်လေးကလည်း မဆိုး၊ ခပ်မိမိလေးမို့လို့ စောင့်ကြည့်နေတာ"

တိုးမင်းဆက်က လေသံမှုနှင့် ရယ်မောလိုက်ရင်း ...

"စောင့်ကြည့်ပြီး မင်းက ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး၊ ကိုတိုးလုပ်ရမှာ၊ ကိုတိုးအတွက်ကြည့်ပေးတာ"





"မင်းနဲ့ကွာ အပိုအလုပ်တွေ၊ ငါက ဘာလုပ်ရမှာလဲ"

"ကိုတိုးအတွက် ချစ်သူတစ်ယောက် ရအောင်ကူရှာပေးနေတာဗျာ"

စတီဗင်၊ ဗလနှင့် ဖော်လေး၊ သူ့ရဲ့ညီတပည့်ရင်း သုံးယောက်ထဲမှာ စတီဗင်ဟာ ဂျစ်တီဂျစ်ကန်လေး။ အနုပညာသမား ဘေးသမားလေးပီပီ သူတစ်ပါးထက်ကို သူကထိရှခံစားလွယ်တာဖြစ်သည်။ ဒီတပည့်လေးတွေဟာ သူ ရန်ကုန်မှာဆိုင်ဖွင့်ထားကတည်းက သူနှင့်အတူ နေလာခဲ့ကြတာ ငါးနှစ်လောက်တောင်ရှိနေပါပြီ။

စတီဗင်က မိုးကုတ်က။ ဖော်လေးက ပုသိမ်ကဖြစ်ကာ ဗလကတော့ ရန်ကုန်သားပဲဖြစ်သည်။ သူတို့လေးတွေဟာ တစ်ယောက်တစ်မျိုး အိမ်မှာမပြေလည်တဲ့ပြဿနာရှိကြကာ ကိုယ့်အိမ်ကိုယ်မပြန်ကြဘဲ တိုးမင်းဆက်နဲ့ပဲ နေနေကြတာပါ။ မိစုံဖစုံမရှိကြတဲ့ ကလေးတွေဖြစ်ကာ-မိထွေးတို့ ပထွေးတို့နှင့် အသီးသီး။ တစ်ဖက်ကပါလာတဲ့ ကလေးတို့ ထပ်မံမွေးဖွားတဲ့ အငယ်တို့နှင့် အိမ်မှာ မပြေမလည်ပြဿနာရှိကြတဲ့ နောက်ကြောင်းခံတွေချင်း မတိမ်းမယိမ်းတူကြတဲ့ လူငယ်လေးတွေပင်။

သူ့ကို အစ်ကိုတစ်ယောက်လို သံယောဇဉ်ကြီးကြကာ သူကလည်း သူ့ညီလေးတွေသဖွယ် ချစ်ခင်သံယောဇဉ်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးမင်းဆက်ထံမှ အသံတိတ်သွား၍ တိုးမင်းဆက်များ စိတ်ဆိုးသွားပြီလားဟု ဇော်လေးက စတီဗင့်ကို မျက်လုံးပြူး၍ ပါးစပ်လှုပ်ရုံ အသံတိတ်လှမ်းဆူဆဲလိုက်ပါသည်။ စတီဗင်ကတော့ ဇော်လေးကို မျက်စောင်းထိုးသလိုလိုနှင့် စူပုပ်ပုပ် မှုန်တေတေသာရှိနေသည်။

တိုးမင်းဆက်က ကောင်တာနေရာမှာ ဝင်ထိုင်ကာ အတွင်းဘက်အံဆွဲတစ်ခုထဲမှ ဘောက်ချာစာအုပ် စာရင်းစာအုပ်တို့ ဆွဲထုတ်နေရင်းက ...

"ဟေ့ကောင် စတီဗင်၊ ငါက မင်းရှာပေးမှ ရည်းစားရမယ့်ကောင်လားကွ၊ မင်းတော့နော် နာတော့မှာပဲ"

"ရမှမရတာ"

စတီဗင်က မပွင့်တပွင့်နှင့် ခံပြောလိုက်ပါသည်။

"ငါမလိုချင်လို့ပေါ့ကွ"

"မလိုချင်တာက တစ်မျိုးကြီး ဖြစ်နေတာကိုး"

"မင်းရော ရည်းစားရှိလို့လား ဟေ့ကောင်၊ ဇော်လေးရော ရှိလို့လား၊ ငါတို့ထဲမှာ ဗလတစ်ယောက်ပဲ ဟုတ်ဟုတ်ငြားငြားလေး ရည်းစားလေး တစ်ယောက်ရှိတာ၊ မင်းလည်း မရှိဘဲနဲ့ မထားဘဲနဲ့ ငါမထားချင်တာကိုပဲ လာခလုတ်တိုက်နေတယ်၊ တကယ့်ကောင်ပဲ"





"ကျွန်တော်တို့က ငယ်သေးတယ်"

"ဟေ့ကောင် ... ဟား ဟား ဟား"

"ကျွန်တော်ဆို နှစ်ဆယ့်လေးနှစ်ပဲ ရှိသေးတာပဲဟာ ကိုတိုးကလည်း၊ ဇော်လေးလည်း မတိမ်းမယိမ်းပဲ၊ ဗလတစ်ယောက်ပဲ နှစ်ဆယ်ခြောက်၊ ကိုတိုးက အသက်သုံးဆယ်ကျော်ပြီလေ"

"ဟေ့ကောင် ... ငါ သုံးဆယ်ကျော်တာ ဘယ်လောက်မှ မကြာသေးဘူး"

"သုံးဆယ့်တစ်ပဲဟာ"

"အဲဒါ ဘာဖြစ်လဲကွ"

စတီဗင်က ဘာမှထပ်မပြောတော့ပါ။ ဂစ်တာကိုကောက်ယူဖက်လိုက်ကာ သီချင်းတစ်ပုဒ်ကို အသံစမ်းတီးခတ်ကြည့်လိုက်ပါသည်။ တိုးမင်းဆက်က စတီဗင့် ဂျစ်တီးဂျစ်ကန်ပုံစံကိုကြည့်ကာ ကျိတ်ပြုံးမိပါသည်။ ဖွင့်တော့ မပြုံးရဲ။ ဖွင့်ပြုံးရင် ဒီကောင်တွေ သူ့ကိုမိန်းမတစ်ယောက်ပြီးတစ်ယောက်နှင့် စပ်ဟပ်အောင်သွယ်ကြတော့မှာကို သူသိနေသည်။

ဒီချာတိတ်တွေ စိတ်ထဲမှာ သူတို့ဆရာအစ်ကို တိုးမင်းဆက်ဟာ အသည်းကွဲနေတဲ့ သူတစ်ယောက်လို့ အစွဲကြီးစွဲနေကြတာလေ။ သူတို့နဲ့ဆိုင်ဆိုင် မဆိုင်ဆိုင် သူတို့ချစ်ခင်အစ်ကိုတိုးမင်းဆက် တစ်ယောက် နောက်ထပ်ချစ်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မရမချင်း အသည်းကွဲဝေဒနာပျောက်ပျက်မှာ မဟုတ်ဘူးထင်ကာ ရောက်ရာအရပ်မှာ တိုးမင်းဆက် ရင်ခုန်လောက်စရာလေးများ တွေ့ရင် သူတို့ လှုပ်စိလှုပ်ရွ တက်ကြွကြလေသည်။

ကိုယ်ကအသည်းမကွဲဘူးလားဆိုတော့ ကွဲခဲ့ပါသည်။

လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကွဲခဲ့တဲ့အသည်းဟာ ခုထိလည်း ပြန်ဆက်ပြီလို့တော့ မဆိုသာပါ။ အနာကျက်ပြီး အနာဖေးတက်ပြီလို့တောင်မှ မဆိုသာပါ။ ဒီကောင်တွေ ကောင်းကောင်းသိခဲ့ကြတာပဲ။

"ဧော်လေး ... မင်း မနက်က ဈေးစာရင်းတွေ မသွင်းရသေးဘူးနော်"

"ဟုတ်ကဲ့ ကိုတိုး၊ ကျွန်တော် အခုပဲ လုပ်မလို့ပါ၊ အဲဒီမှာ ဘောက်ချာတွေတော့ အဆင်သင့်တွဲထားပြီးပြီ"

"ဗလရေ ... ငါ ကိုစံနဲ့ စကားပြောထားပြီးပြီနော်၊ ဝက်နဲ့ ပတ်သက်တာတွေ ဒီတစ်ပတ်ကစပြီး သူတို့ကားနဲ့ပဲလာချလိမ့်မယ်၊ ငွေကိုလည်း တစ်ပတ်တစ်ကြိမ်ရှင်းစနစ်ပဲ ပြောထားပြီး၊ မင်းက မနက်စောစော သူတို့ဝက်သားကားလာရင် ကိုယ့်ဆိုင်အတွက်ချပေးတာကိုစစ်ပြီး ကြိုက်တာမကြိုက်တာ ကိုယ်လိုချင်တဲ့ အနေအထားပြောဖို့ပဲ၊ နောက်နေ့အတွက် လိုချင်တာ တစ်ရက်ကြိုမှာလိုက်ဖို့ပဲ သိလား"

"ဟုတ်ကဲ့ ကိုတိုး"





တိုးမင်းဆက် စကားလွဲကာ စာရင်းတွေကြည့်ရှုစစ်ဆေးနေတာကို စတီဗင်က ရှုသိုးသိုးလေး လှမ်းကြည့်နေရင်းက ...

"ဒီနေ့ သောကြာညဆိုတော့ ဦးလှမင်းတို့လူစု လာမှာပဲ၊ အဲဒီဦးလှမင်းက ကိုတိုးကို 'အသက်တမျှ' သီချင်းဆိုဖို့ အမြဲတောင်းခိုင်းနေတာဗျ၊ သူက ရန်ကုန်ဆိုင်မှာကတည်းက ကိုတိုးရဲ့'အသက်တမျှ'ကို ကြိုက်လွန်းလို့ လာလာနားထောင်နေတာ၊ အဲဒါ ဒီည ဆိုပြလိုက်ပါလား ကိုတိုး"

သွေးတိုးစမ်းသလိုပြောသော စတီဗင့်စကားကြောင့် ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး လုပ်နေတဲ့ တိုးမင်းဆက် ဒီတစ်ကြိမ်တော့ ရင်ထဲ ခပ်နင့်နင့် တကယ်ထိသွားကာ မျက်နှာပါသိသိသာသာ ပျက်သွားပြီး စတီဗင့်ကို လှမ်းကြည့်လိုက်ပါသည်။

"စတီဗင် ... ငါ ဒီသီချင်းကို ဘယ်တော့မှ မဆိုတော့ဘူး၊ သေတဲ့အထိ မဆိုတော့ဘူးဆိုတာ မင်းတို့သိပြီးသား၊ သီချင်းတောင်းတဲ့လူကို ကြည့်ငြင်းဖို့က မင်းတာဝန်ပဲ၊ နောက် ဘယ်တော့မှ ထပ်မပြောနဲ့တော့၊ ကြားလား"

တိုးမင်းဆက်ရဲ့လေသံတင်းတင်းကြောင့် အားလုံး တိတ်ဆိတ်သွားကြပါသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၂

"သွင် ... ထ,တော့"

နံနက်တိုင်း သွင်သစ်ရဲ့အိပ်ခန်းတံခါးကို မိုးညို သို့မဟုတ် မာမီ ခေါက်ကာနှိုးရသည်။ ဤမြို့ကလေးရဲ့အရုဏ်ဦးက လက်လွှတ်မခံသင့်လောက်အောင်ကို လှပလွန်းအားကြီးပါသည်။

မှုန်ဖျဖျမှ တဖြည်းဖြည်း လင်းပလာတာကို ကန်ပတ်လမ်းတစ်လျှောက် လမ်းလျှောက်ရင်း ခံစားကြည့်နူးလို့ကောင်းလှသည်။ ဆရာဝန်ကလည်း သွင့်ကိုမပင်ပန်းတဲ့ ကိုယ်လက်လှုပ်ရှားမှုတော့ ရှိရမည်ဆို၍ မနက်စောစော လမ်းထလျှောက်ဖို့ကိုပဲ မိုးညိုတို့ ရွေးချယ်ကြသည်။

ကန်အတိုင်းပတ်ကာ ဆေးရုံကြီးဘက် ကွေ့ချင်ကွေ့၊ ဈေးဘက်ချိုးချင်ချိုး၊ ဈေးနားတစ်ဝိုက်မှာ မုန့်ဆိုင်လေးတွေရှိတဲ့





ဆီဝင်ပြီး ကောင်းနိုးရာရာ စားချင်တာလေးရွေးဝယ်၊ အိမ်ပြန်။ အိမ်ကျ မာမီနှင့်တူတူ ဘရိတ်ဖတ်စ်စားကြ။ တစ်ခါတစ်ရံလည်း အပြင်ကမုန့်မဝယ်ဘဲ မာမီအိမ်မှာစီစဉ်ပေးထားတာကိုပဲ ပြန်စားကြပါသည်။

"ဒီနေ့ မိုးများရွာမလားပဲ သမီးတို့ရေ "

"ဟုတ် ... မာမီ၊ သွင်ရေ ခေါင်းဆောင်းပါတဲ့ မိုးကာဂျာကင်ဝတ်ခဲ့"

"ထီးလည်းယူ မိုးညိုရေ"

"ဟုတ်ကဲ့ မာမီ"

ထီးကတော့ နေ့တိုင်းလို ယူနေကျပါ။ အသွားမှာ မိုးညိုက လက်ကိုင်အရိုးကောက်နှင့် ထီးရှည်ကို ကိုင်သွားကာ လမ်းလျှောက်ရင်း သွင်သစ် နည်းနည်းပါးပါး ပင်ပန်းလာမည့်အချိန်လောက်တွင် ထီးကို သွင်သစ်ရဲ့တုတ်ကောက်ကဲ့သို့ပုံစံမျိုး အသုံးပြုလို့ရသည်လေ။

"လမ်းလျှောက်ပြီလား သမီးတို့"

"ဟုတ်ကဲ့ အဘ၊ သွားပြီ"

ခြံရဲ့ဟိုးနောက်ဘက်ထဲမှာ အိမ်သေးသေးလေးတစ်လုံးနှင့်နေသော ဤခြံဤအိမ်ရဲ့အစောင့်ဘကြီးဟာ တစ်နေကုန်လိုလို ချုံပင်မြက်ပင်များကို သပ်ရပ်လှပအောင် ရှင်းလင်းနုတ်



www.burmeseclassic.com

www.burmeseclassic.com



ထွင်နေလေ့ရှိသည်။ အလုပ်နှင့်လက်နှင့် မပြတ်။ မိုးညိုတို့ရောက်နေတော့ သူလည်း ထမင်းဟင်းကို ဖြစ်ကတတ်ဆန်း မဟုတ်ဘဲ ကောင်းကောင်းမွန်မွန် စားရရှာပေသည်။

ညာကိချိုးကျွေ့ကာ လမ်းကူး၍ ကန်ဘက်ဆီလျှောက်ခဲ့ကြပါသည်။ သွင်သစ်က မိုးညိုရဲ့လက်ဖျားလေးကို ဆုပ်ကိုင်လာသည်။ နှစ်ဦးသားစကားမပြောဖြစ်။

ရုတ်တရက် မိုးညိုသည် အင်းလျားကန်ပေါင်ပေါ်က ညနေခင်းကလေးတစ်ခုကို ဖျတ်ခနဲ အမှတ်ရသွားပါသည်။ အို ... ရင်ထဲမှာ တစ်မျိုးကလေးကို ဘောင်ဘင်လှုပ်ခတ်သွားတော့တာပဲ။ နင့်ခနဲနဲ့ ဝမ်းနည်းသွားမိတော့တာပဲ။

အဲဒီအင်းလျားကန်ပေါင် ညနေခင်းကလေးတချို့ဟာ လက်ချိုးရေတွက်လို့ ရပါသည်။ များများစားစားမရှိခဲ့ပါ။ သို့ပေမဲ့ အမှတ်ရလိုက်တိုင်း ရင်ထဲပူနွေးလာအောင် အမှတ်တရရှိခဲ့လှသည်။ မိုးညိုရဲ့လက်ဖျားကလေးကို သူ ဆုပ်ကိုင်ထားတိုင်း မိုးညိုရဲ့လက်ချောင်းထိပ် လက်သည်းကလေးတွေကို သူကဖိညှစ်ကစားနေလေ့ရှိသည်။

"မိုးညိုရဲ့လက်ချောင်းလေးတွေက သွယ်သွယ်ကော့ကော့လေးတွေ သိပ်လှတာပဲ၊ ဒါ ကိုယ်ပိုင်တဲ့လက်ချောင်းကလေးတွေနော်"





သူ အပိုင်ဦးထားတဲ့ စကားမျိုးလေး အမြဲပြောတတ်ခဲ့တာ။

"မိုးညို ဆံပင်လေးတွေက မွှေးနေတာပဲနော်၊ ခေါင်းလေးလှုပ်လိုက်တိုင်းလည်း ဝဲခနဲဖြစ်နေတာ၊ ဒါ ကိုယ်ပိုင်တဲ့ဆံပင်လေးတွေနော်"

"မိုးညိုရဲ့ပါးကလေးက နူးညံ့နွေးအိနေတာပဲ၊ ကိုယ့်ပါးနဲ့ကပ်ထားရရင် မိုးညိုပါးလေးကိုတောင် အားနာမိတယ်၊ ဟောဒီ နှင်းဆီနုရောင်ပြေးနေတဲ့ ပါးကလေးတွေက ကိုယ်ပိုင်တဲ့ပါးကလေးတွေနော်၊ ကိုယ်တစ်ယောက်တည်းပိုင်မှာ၊ ဘယ်သူမှ မပိုင်ရဘူး"

စကားသံလေးတွေသည် အခုပင် မိုးညိုနားနားကပ်၍ တိုးတိုးဖွဖွပြောနေတာလို မိုးညိုတစ်ကိုယ်လုံးကို ကြက်သီးမွေးညင်းထ၍ နွေးသိမ့်ဖိုလှိုက်ခြင်းတစ်မျိုးကို ခံစားရစေပါသည်။

"မိုးညို"

"........."

"မိုးညို"

"အင် ... တိုး ..."

"........."



www.burmeseclassic.com

www.burmeseclassic.com



လွတ်ခနဲ တုံ့ပြန်လိုက်မိတဲ့ စကားလုံးကို နှုတ်ဖျားက ထွက်ထွက်ချင်း မှားမှန်းသိပေမယ့် ပြန်သိမ်းယူလို့မရတော့။ မိုးညိုသည် ချက်ချင်းပဲ ကောက်ကာင်ကာ ဟန်ဆည်ကာ ...

"အင် ... သွင်က တိုးတိုးလေးပြောတော့ မကြားလိုက်ဘူး၊ ဘာလဲဟင် သွင်"

တိုး ...။

တိုး ...။

တိုး ...။

အဲဒီစကားလုံးလေးကိုအသံထွက်၍ မခေါ်ငင်ရတာ နှစ်နဲ့ချီပြီး ကြာခဲ့ပြီဖြစ်လျက် နှုတ်ခမ်းများ၌ ဘာကြောင့်အသင့် ရှိနေပါလိမ့်။ မသိစိတ်က အချိန်ပြည့်မဟုတ်တောင် အချိန်တော်တော်များများမှာ လွမ်းဆွတ်သတိရနေတာ ဘယ်သူ့ကိုမှ ဖွင့်မပြောဘဲသာနေမည်။ ကိုယ့်ဟာကိုယ်တော့ အသိဆုံးပဲ မဟုတ်လား။

အမှန်တိုင်း ဝန်ခံရရင် တိုးနဲ့အတူရှိနေဆဲကာလတွေတုန်းက "သွင့်"ကို မကြာခဏ အမှတ်ရခဲ့ပါသည်။ အခု သွင်နဲ့ အတူရှိနေစဉ် ကာလတွေမှာတော့ "တိုး"ကိုအလွန်အမင်း သတိရအောက်မေ့နေတာ ဘယ်လိုအလွဲအချော်ပါလိမ့်။

ကိုယ့်ရင်ထဲက သတိရတမ်းတမှုတို့ကို နံဘေးမှာရှိတဲ့သူ မရိပ်မိအောင် ထိန်းချုပ်ဟန်ဆောင်ရလွန်း၍ ကိုယ့်ကိုယ်





ကိုယ်ပင် မာယာများသော ကောက်ကွေ့သော မိန်းမတစ်ယောက်သဖွယ် မိုးညို မှန်းနေမိလေပြီ။ တမင်တကာ မာယာများချင် ကောက်ကွေ့ချင်တယ် မဟုတ်ပေမယ့် အဖြစ်အပျက် အခြေအနေတို့က ဤအတိုင်းပဲ ပြဋ္ဌာန်းလာခဲ့သည်။

"ဩော် ... ကိုယ်က ဒီနေ့ မုန့်ဟင်းခါးစားရရင် ကောင်းမယ်လို့ ပြောတာပါ၊ စားလို့ရတယ် မဟုတ်လား မိုးညို"

သွင် ရိပ်မိပုံမပေါ်။ ရိပ်မိရအောင်လည်း "တိုး"ဆိုတဲ့ စကားလုံးတစ်လုံးကို သွင့်ထံမှာ တစ်ကြိမ်တစ်ခါမှတောင် မိတ်ဆက်ဖော်ပြခြင်းမျိုး မပြုခဲ့ဖူးဘူးပဲလေ။

"အင်း ... ရပါတယ်၊ မုန့်ဟင်းခါးစားလို့ ရပါတယ်၊ ဒီက မုန့်ဟင်းခါးက ရန်ကုန်မုန့်ဟင်းခါးနဲ့ တူ,မတူသာ မိုးညို မသိတာ"

"စားလို့ကောင်းမှာပါ၊ ပြောရင်းနဲ့တောင် အရမ်းစားချင်လာပြီ"

"အင်း ... ဒါဖြင့် အပြန်ကျ ဈေးဘက်ကိုချိုးပြီးလျှောက်မယ်၊ ဈေးဘက်မှာဆိုရင် မုန့်ဟင်းခါးဆိုင် ရှိမှာပဲ သွင်"

"အပြန်ကျ အန်တီဖို့ရော ဘကြီးဖို့ရော ဝယ်သွားမယ်နော်"

"အင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မိုးညို"

"သွင်"

"မိုးညို မပျင်းဘူးလား"

"မပျင်းပါဘူး၊ ဘာဖြစ်လို့လဲ သွင်"

သွင်သစ်က မိုးညိုဘက် ငုံ့ငုံ့လေးကြည့်ရင်း ...

"သြော် ... ကိုယ်ပြောတာက အခု ဒီမှာ ဘာမှလုပ်စရာ မရှိဘဲ ကိုယ့်ကိုအဖော်လုပ်ပြီး လိုက်နေပေးရတာ၊ မိုးညို မပျင်းဘူးလားလို့ မေးတာပါ"

"သြော် ... မပျင်းပါဘူး သွင်ရယ်၊ နေ့လယ်ဘက် သွင် အိပ်နေတုန်းဆိုရင် မိုးညို ခြံထဲဆင်းပြီး ကုန်းထိပ်ကနေ မြင်ရတဲ့ရှုခင်းကို ပန်းချီဆွဲတယ်လေ၊ မာမီကို အိမ်မှုကိစ္စ ကူလုပ်ရတာနဲ့ ဘာနဲ့ ပျင်းစရာအချိန်မရှိပါဘူး၊ အခု ဒီရောက်တာ ရက်ပေါင်းဘယ်လောက်ရှိသေးလို့လဲ၊ မိုးညို ပန်းချီကားလေးနှစ်ချပ်တောင် အကြမ်းပြီးနေပြီ"

"မိုးညိုက အံ့သြဖို့ကောင်းတယ်နော်"

"ဟင်"

"တကယ်တမ်း မိုးညို သင်ထားတဲ့ပညာက သူနာပြု၊ ဝါသနာပါတာက ပန်းချီအနုပညာ၊ လုံးဝမအပ်မစပ်ဘူး"





"အင်း ... ဟုတ်တယ်နော်၊ တကယ်တမ်း ပြောရရင် သူနာပြုတက္ကသိုလ်တက်လိုက်တာက မာမီဆန္ဒလေ သွင်၊ မာမီက သူကိုယ်တိုင် သူနာပြုဆရာမကြီးဆိုတော့ မိုးညို ကိုလည်း ဒီလောကထဲ ဝင်စေချင်တဲ့ဆန္ဒ ရှိခဲ့တယ်၊ တကယ်တမ်းတော့ မိုးညိုက ဒီပညာရပ်သာ သင်ယူပြီးသွား တယ် ဘာမှ သေချာမလုပ်ဖြစ်ဘူး"

"မလုပ်တာပဲ ကောင်းတယ်၊ မိုးညို သူများတကာတွေကို သူနာပြုလေးအဖြစ် ပြုစုနေတာ ကိုယ်မမြင်ချင်ဘူး၊ မိုးညို က ကိုယ့်သူနာပြုပဲလုပ်၊ ကိုယ့်ကိုပဲ တစ်သက်လုံးပြုစုသွား နော်၊ ကိုယ်ပိုင်တဲ့ တစ်ဦးတည်းပိုင် သူနာပြုလေး"

အဲဒီစကားက မိုးညိုရင်ကို ဒိတ်ခနဲ လှုပ်ရှားသွားစေ ပြန်သည်။ "ကိုယ်ပိုင်တဲ့သူနာပြု"ဆိုတဲ့ စကားက မိုးညိုရဲ့တစ် ကိုယ်လုံး အင်္ဂါအစိတ်အပိုင်းလေးတွေကို တစ်ခုချင်း သူပိုင်တယ် လို့ အထူးပြုပြီး ပြောတတ်တဲ့ "တိုး"ကို သတိရစရာဖြစ်စေပြန် ပါရောလား။

"ကိုယ် တစ်ကိုယ်ကောင်းဆန်နေပြီ ထင်တယ်"

သွင်သစ်က တီးတိုးညည်းတွားလိုက်ပါသည်။

"မဆန်ပါဘူး သွင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မိုးညိုအပေါ် တရားရဲ့လားလို့ အမြဲတမ်းတွေးမိပါတယ်၊ ဟိုတုန်းကလည်း အဲဒီအတွေးနဲ့ပဲ ကိုယ်ထင်ရာမြင်ရာ လုပ်မိတာပါ"

သွင်သစ်အသံက ညည်းညူသံလို ကြေကွဲနေသည်။ ဒါကိုကြားရတော့လည်း မိုးညိုသွင့်ကို ကရုဏာသက်ရပြန်သည်။

"သွင်နဲ့ မိုးညိုက လက်ထပ်ဖို့ ရည်ရွယ်ခဲ့တဲ့ ချစ်သူတွေပဲ သွင်၊ လက်ထပ်ဖြစ်ပြီဆိုရင် ကိုယ့်ခင်ပွန်းကို ဇနီးလုပ်သူက တစ်သက်လုံး ပြုစုသွားတယ်ဆိုတဲ့ကိစ္စဟာ ခင်ပွန်းသည်ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ သိမ်းပိုက်မှု ဖြစ်နိုင်ပါတော့မလား၊ ထုံးတမ်းစဉ်လာ သဘာဝကျကျ ဖြစ်ရပ်လေးတစ်ခုပါပဲ၊ အဲသလိုတွေ ခဏခဏ မတွေးပါနဲ့ သွင်"

သွင်သစ်ကပြုံးရင်း မိုးညိုလက်ဖျားလေးကိုဖိ၍ ဆုပ်ညှစ်လိုက်ကာ ...

"မုန့်ဟင်းခါးစားချင်ပြီကွာ၊ ပြန်ကွေ့ကြစို့"

"အင်း"

ကန်ပတ်လမ်းမှ နောက်ကြောင်းပြန်လှည့်ကာ သူတို့လျှောက်ခဲ့ကြပြီး လမ်းဆုံအရောက်မှာ ဈေးဘက်ကိုချိုးလိုက်ကြပါသည်။ နောက်ဘက်ဈေးရုံထဲမှာ ပစ္စည်းအစုံအလင်ရသောဆိုင်တန်းတွေရှိပြီး ဈေးမျက်နှာစာတန်းလမ်းမပေါ်တစ်လျှောက်





မှာတော့ ခုလိုမနက်စောစောဆို သားငါးဟင်းသီးဟင်းရွက် စားသောက်ဖွယ်ရာများ ရောင်းချနေသော ဈေးတန်းကလေးရှိပါသည်။

နေမြင့်လာလျှင် ဤဈေးတန်းကလေး ဈေးကွဲကာသိမ်းဆည်းရှင်းလင်းသွားပြီး ညနေစောင်းလောက်မှာ နံနက်ကထက် တစ်ဝက်လောက်သာရှိသော ဈေးတန်းကလေး ခေတ္တခဏပြန်စည်လာတတ်ပြန်သည်။ ဒီလမ်းမပေါ်မှာပဲ စားသောက်ဆိုင်ခပ်သေးသေးတချို့လည်းရှိသည်။ တိုလီမိုလီဆိုင်လေးတွေ စတိုးဆိုင်သေးသေးတွေလည်းရှိသည်။

ဆိုက်ကားဂိတ်၊ ဆံပင်ညှပ်ဆိုင်၊ ဆေးခန်း၊ စာအုပ်ငှားဆိုင်၊ အခွေငှားဆိုင်၊ ဗီဒီယိုရုံ၊ အင်တာနက်ကဖေး၊ တော်တော်စုံစုံလင်လင်ရှိသော ဤဈေးလမ်းကလေးပေါ်မှာ စက်ဘီးတွေကတော့ များပန်းခတ် ရှုပ်ထွေးလှသည်။ လမ်းမပေါ်မှာ စက်ဘီးတွေလူတွေရှောင်ကာ ဟိုကြည့်ဒီကြည့် လျှောက်လာကြရင်း မုန့်ဟင်းခါးဆိုင် ရှာလာကြပါသည်။

"ဟိုမှာ ... မိုးညို"

"ဟင့်အင်း ... အဲဒါ အသုပ်ဆိုင် သွင်"

"ဟုတ်သားပဲ၊ မုန့်ဟင်းခါးဆိုင် ရှိရဲ့လား မသိဘူး"

"မုန့်ဟင်းခါးဆိုင် တစ်ဆိုင်မှမရှိတဲ့ မြို့ရယ်လို့တော့ မိုးညိုတို့ဆီ မရှိလောက်ဘူး ထင်ပါရဲ့ သွင်ရယ် ... ဟင်းတော်း၊



www.burmeseclassic.com

www.burmeseclassic.com



ရှိမှာပါ၊ မတွေ့ရင် ဆိုက်ကားဂိတ်မှာ မေးကြည့်မယ်၊ ဒီနားမရှိတောင် တစ်နေရာရာတော့ ရှိမှာပဲလေ၊ နည်းနည်း လှမ်းရင် ဆိုက်ကားစီးသွားကြတာပေါ့"

သို့သော် သူတို့ ဆိုက်ကားဂိတ်ဆီ မမေးလိုက်ရပါ။ မလှမ်းမကမ်းမှာ လှမ်းတွေ့လိုက်ရပါသည်။ ဈေးဝင်းစည်းရိုးကို ကျောကပ်ကာ ဝါးတိုင်ထောင် တာလပတ်စမိုးထားတဲ့ မုန့်ဟင်းခါးဆိုင်လေးတစ်ဆိုင်။ အဝေးကပင် အငွေ့တထောင်းထောင်းထွက်နေတဲ့ ဟင်းရည်အိုးလုံးလုံးကြီးကို မြင်နေရပါသည်။

"ဟိုမှာ သွင်"

နှစ်ယောက်သား လက်ချင်းချိတ်တွဲကာ မုန့်ဟင်းခါးဆိုင်ဆီ ရောက်လာပါသည်။ စားပွဲရှည်ခုံတန်းလျားရှည်လေးတွေခပ်များများနှင့် လမ်းဘေးဆိုင်လေးပေမယ့် သပ်ရပ်သန့်ပြန့်မှုရှိပါသည်။ ဒီနားတစ်ဝိုက် ဒီတစ်ဆိုင်ပဲ ရှိပုံပင်။ လူတွေက ဆိုင်ထဲအပြည့်။ ယောကျ်ားမိန်းမ သားတွေသမီးတွေပါ မိသားစုလိုက်ရောင်းနေပုံရသည်။ ဒါတောင် လက်မလည်နိုင်ပုံပင်။

"စားကောင်းမှာ သေချာနေပြီ မိုးညို၊ လူဒီလောက်များတာ"

"သွင် ဘာနဲ့စားမလဲ၊ ဘူးသီးကြော် မဟုတ်လား"

"အင်း ... ငှက်ပျောအူများများ နံနံပင်မပါ"





"အစ်မရေ ... ဘူးသီးကြော်နဲ့ ငှက်ပျောအူများများ နံနံပင်မပါတာ နှစ်ပွဲပေးပါ"

အမှန်တော့ မိုးညိုက ပဲကြော်နံနံပင် ကြိုက်ပေမယ့် လူကလည်းများနေချိန်မှာ အမျိုးမျိုးခွဲမှာမနေချင်တော့တာမို့ သွင်နှင့်ဆင်တူပဲ မှာလိုက်တော့တာဖြစ်သည်။ ပဲကြော်ကိုကြိုက်တာဖြစ်ပေမယ့် ဘူးသီးကြော်ကိုလည်း မစားနိုင်လောက်အောင်မဟုတ်။ တကယ်တော့ ဤသည်မှာ မိုးညို၏အခြေခံပင်ကိုစိတ်မျိုးတည်း။

"သွင် ... ဒီနားမှာထိုင်"

"မိုးညိုလည်း လာလေ"

လစ်လပ်နေတဲ့ နေရာကျပ်ကျပ်ကလေးမှာ နှစ်ယောက်စာဝင်ထိုင်နိုင်ဖို့ လက်ချိတ်တွဲမဖြုတ် သူတို့တိုးကပ်လာခိုက် မိုးညိုရဲ့ခြေလှမ်းလေးတွေ တုံ့ခနဲ ရပ်သွားရပါသည်။

မိုးညိုသည် သူတို့ထိုင်မယ်ကြံတဲ့နေရာနှင့် မျက်နှာချင်းဆိုင်မှာ မုန့်ဟင်းခါးထိုင်စားလက်စ ကောင်ကလေးတစ်အုပ်စုကို ထိတ်လန့်တုန်လှုပ်ဝိုင်းစက်သော မျက်ဝန်းတို့နှင့် အငိုက်မိစိုက်ကြည့် ကြက်သေ သေနေပါသည်။

"ဘာဖြစ်လို့လဲ မိုးညို"

"ဒီ ... ဒီနေရာက ကျဉ်းတယ်၊ နှစ်ယောက်စာကျပ်တယ် သွင်၊ ခဏစောင့်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



“လာ ... ဒီဘက်မှာ လူတွေထပြီ”

သွင်သစ်က မိုးညိုလက်ဖျားလေးကိုဆွဲကာ ခေါ်လိုက်သည်။ သွင်သစ်ပြောတဲ့ နေရာက လူလေးယောက်တောင် ထ, သွားတာမို့ လုံလုံလောက်လောက် ချောင်ချောင်ချိချိ။ မိုးညိုက သွင်သစ်နှင့်အတူ ယှဉ်တွဲထိုင်လိုက်ရသည်၊ ဒီနေရာကလည်း ဟိုလူရွယ်တစ်သိုက်နှင့် မျက်နှာချင်းဆိုင်ပဲ ဖြစ်နေပြန်ပါသည်။

ဖော်လေး၊ စတီဗင်၊ နောက်ထပ် မိုးညိုမသိတဲ့ လူငယ်နှစ်ယောက်။ ဖော်လေးနှင့် စတီဗင် ဘာကြောင့် ဒီမြို့လေးကို ရောက်နေကြတာပါလိမ့်။

မိုးညိုရင်တွေ တထိတ်ထိတ် ခုန်လာသည်။ ကိုယ်လည်း သူတို့ကိုတွေ့၊ ကိုယ့်ကိုလည်း သူတို့တွေ့တာ သေချာတာမို့ မမြင်ချင်ယောင်ဆောင်ဖို့က မဖြစ်နိုင်တော့။ နှုတ်မဆက်ဘဲမသိချင်ဟန်ဆောင်ဖို့ဆိုတာကလည်း သူတို့နှင့် မိုးညို ရင်းနှီးခဲ့တာက နည်းနည်းပါးပါးလေး အပေါ်ယံမှ မဟုတ်ဘဲ။

မနေနိုင်တဲ့ မလုံခြုံသောစိတ်ကတွန်း၍ မိုးညိုက ဖျတ်ခနဲ တစ်ချက်ထပ်ကြည့်လိုက်မိသည်တွင် ရင်ထဲဒိန်းခနဲ လန့်တောင်သွားမိအောင် စတီဗင်က သူ့ထံ စူးစူးဝါးဝါး ပြင်းပြင်းတောက်တောက် လှမ်းကြည့်နေလေသည်။ အစိမ်းလိုက်ဖွဲ့လိုးဝါးစားချင်သော အကြည့်များ။





မိုးညိုက မျက်လွှာချလိုက်ပါသည်။

နှုတ်ဆက်မယ် မဆက်ဘူး သိပောင်းကျွမ်းပောင်းတွေလိုနေမယ် မနေဘူး ဆိုတာတွေ ရုတ်တရက် မဆုံးဖြတ်နိုင်။ ဘယ်လိုနေလိုက်တာဟာ ကိုယ့်အတွက် သူ့အတွက် အားလုံးအတွက် အကောင်းဆုံးဖြစ်မလဲ ဆိုတာ ကြိုတင်တွေးတောစဉ်းစားထားမိဖူးခြင်းမရှိ။

စတီဗင်က တိုးရဲ့တပည့်တွေထဲမှာ ကြွပ်ဆတ်ဆတ်အဖြစ်ဆုံး၊ ဂျစ်ကန်ကန်အနိုင်ဆုံး။ တိုးကိုလည်း တော်တော်ချစ်ပါသည်။ တိုးကိုချစ်တဲ့အတွက် မိုးညိုကိုလည်း သူတို့ချစ်ခင်ခဲ့ကြတာ။

“မိုးညို” “မမိုးညို”ဆိုတဲ့ တရင်းတနှီး ချစ်ခင်ဦးစားပေးသော အသံတွေဟာ အမြဲတမ်း တလှိုင်လှိုင် မြိုင်ဆိုင်နေခဲ့သည်။ မောင်နှမတွေအလား ခင်မင်ရင်းနှီးခဲ့ကြပါသည်။ ယောက်ျားလေးတွေချည်းဖြစ်သော သူတို့အသိုက်အဝန်းလေးထဲ ရောက်လာခဲ့တဲ့ “ရွှေမိုးညို”ဆိုတဲ့ တစ်ဦးတည်းသော အရင်းချာဆုံး မိန်းကလေးကို အားလုံးက ချထားစရာ နေရာမရှိအောင် တယုတယ တမြတ်တနိုး ဖူးဖူးမှုတ် အရေးထားခဲ့ကြတာပါ။

“မိုးညို ... ဘာဖြစ်နေလဲ”

“အင် ... ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး သွင်”



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာပျက်ပြီး ဂနာမငြိမ် ဖြစ်နေလားလို့"

"ဟင့်အင်းပါ ... မဟုတ်ပါဘူး"

"လူများလို့လား"

"အင်း ..."

"မိုးညို ထိုင်ချင်ရဲ့လား"

"ရပါတယ် သွင်၊ သွင် ဒီလောက်စားချင်နေတာ၊ မိုးညို ထိုင်ချင်ပါတယ်၊ ဘာမှမဖြစ်ပါဘူး"

သွင်သစ်က မိုးညိုရဲ့ချွေးစေးပျံ့စိမ့်သော နဖူးပြင်ဝင်းဝင်းလေးမှာ စိုကပ်နေတဲ့ ဆံပင်မျှင်လေးတစ်စုကို သူ့လက်နှင့် ဆွဲယူပင့်ဖယ်ပေးလိုက်ပါသည်။ ဤကြင်နာဂရုစိုက်သော အပြုအမူကလေးကြောင့် မိုးညိုက ပို၍ပင်မလုံမလဲ ဖြစ်သွားရရင်း ဖျတ်ခနဲ ရှေ့ကိုကြည့်မိပြန်သည်။

"ဒုန်း"

ရေနွေးကြမ်းခွက်ကို တန်းလျားစားပွဲပေါ် ဆောင့်ချလိုက်သော စတီဗင်အပြုအမူကြောင့် မိုးညိုမှာ တုန်ခနဲပင်ဖြစ်မတတ်။ ကမန်းတန်း ခေါင်းလေးငုံ့လိုက်ရပါသည်။

"ဟေ့ကောင်ကွာ ... မင်းကကွာ၊ ရတ်ရတ်သဲသဲ မလုပ်စမ်းပါနဲ့ စတီဗင်ရာ"

"ဟေ့ကောင် ဖော်လေး၊ ဟိုလူက သူ့နဖူးကဆံပင်ကို လူရှေ့သူရှေ့ သပ်တင်ပေးနေတာ မင်းမြင်ရဲ့လား"



"မြင်တယ်လေ၊ ဒါပေမဲ့ ..."

"ရွှံလိုက်တာကွာ ထင်ကိုမထင်တာ၊ အဲသလိုလို့ကို မမိုးညိုကို လုံးဝထင်မထားခဲ့တာ"

"ခုသိပြီမလား၊ ပြီးရောပေါ့"

"ဟေ့ကောင် ... ဖော်လေး၊ ပြီးစရာလားကွ"

"ကျွတ် ... မပြီးတော့ မင်းက ဘာလုပ်ချင်လို့လဲ ... ကဲ"

"ဟာ ... သူလုပ်လို့ ကိုတိုး ဘယ်လောက်အသည်းကွဲခဲ့လဲ၊ ဘယ်လောက် ဗုန်းဗုန်းလဲခဲ့လဲ၊ ဘယ်လောက်မူးခဲ့ရူးခဲ့လဲ၊ သူက ကိုတိုးရဲ့ဘဝ၊ ကိုတိုးရဲ့အသက်၊ ကိုတိုးရဲ့မျှော်လင့်ချက်၊ ကိုတိုးရဲ့ဖြစ်တည်ချက်ဆိုတာ မင်းမသိဘူးလား"

"သိတယ်လေ၊ အဲဒါ ငါတို့ဘာတတ်နိုင်မှာလဲ"

"ခုလိုလူတစ်ယောက်ကို ဘလိုင်းကြီး အစိမ်းလိုက်အသည်းခွဲပြီး ပစ်ချထားခဲ့တာကို မသိလိုက်မသိဘာသာနေလို့ ဖြစ်မလားကွ၊ ခင်ဗျား ဘယ်လိုလုပ်သွားတာလဲဆိုတာ မေးရမှာပေါ့"

"မေးတော့ ဘာအကျိုးထူးလဲ"

"အဖြေသိရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းမေးတာကို တစ်ထိုင်တည်း စိမ်ပြေနပြေရှင်းပြပါလိမ့်မယ်လို့ မင်းကို ဘယ်သူပြောလဲ၊ မင်းမေးတိုင်း ဖြေမလား"

"ဖြေတာ မဖြေတာ သူ့ကိစ္စ။ ငါသိချင်တာမေးဖို့က ငါ့ကိစ္စလေ"

"ဘေးမှာ သူ့လူလည်း ပါနေသေးတယ်"

"ပါပါလေ"

"ဟ ... ဒီလိုပြဿနာ မင်းသွားရှင်းတာက သူ့ကို ဒီလူနဲ့ပြဿနာတက်အောင် ရှာပေးတာနဲ့ တူတူပဲလေ"

"တက်ပစေ၊ ဒီလောက်တော့ သူ ပြဿနာတက်ခံထိုက်တယ်၊ ကိုတိုးမှာ ဘယ်လောက်တောင်မှ အလူးအလဲထိခိုက်ခံစားခဲ့ရလဲ၊ ခုထိနလံထူလား၊ ခုထိ ကိုတိုးပျော်ရတော့သလား၊ ယစ်ထုပ်ဖြစ်မသွားအောင်တောင် ငါတို့ ဘယ်လောက်တောင် ဝိုင်းဖျောင်းဖျဖေးမခဲ့ရသလဲ"

"ဒါတွေ ငါလည်း သိတာပဲဟာကွာ"

"သိရက်နဲ့ မင်း ဘာလို့မခံချင်မဖြစ်တာလဲ၊ မင်း ဘာလို့ကိုတိုးဘက်က မနာတာလဲ၊ မင်းနဲ့မဆိုင်သလို ဘာလို့နေနိုင်တာလဲ"





"မင်း ရုတ်တရက် မမိုးညိုကို တွေ့လိုက်တာ သွေးဆူသွားတယ် စတီဗင်၊ စိတ်ကို ထိန်းစမ်းပါ၊ ကိုတိုးကို မင်းချစ်သလောက်တော့ ငါချစ်တယ်၊ ကိုတိုး အလူးအလဲခံစားခဲ့ရတာလည်း ငါ စိတ်မကောင်းဖြစ်ခဲ့တယ်၊ ခုလည်း ကိုတိုးပျော်ရွှင်အောင် လုပ်ပေးချင်တဲ့ဆန္ဒ ငါ့မှာရှိတယ်၊ ဒါပေမဲ့ မင်း အခုလုပ်မယ့် ကိစ္စကတော့ အကျိုးမရှိဘူး၊ မမှန်ဘူး စတီဗင်၊ မင်း အဲလောက်တော့ တွေးတတ်"

"မသိဘူးကွာ၊ ငါသွားချဲချင်တာပဲ သိတယ်"

"မင်း အဲလိုသွားချဲခဲ့တယ်ဆိုတာ ကိုတိုး သိရင်လည်း လုံးဝကြိုက်မှာ မဟုတ်ဘူး"

"တောက်"

"ကဲ ... ကဲ ... စားကွာ၊ စားမှာစား"

"မစားတော့ဘူးကွာ၊ အရသာလည်း မတွေ့တော့ဘူး"

စတီဗင်နှင့် ဇော်လေး စကားတွေကို မြို့ခံဆိုင်အလုပ်သမားလေးနှစ်ယောက်က စိတ်ဝင်တစား နားထောင်နေပါသည်။

ဒီမနက် သူတို့ ဈေးဝယ်ထွက်ခဲ့ကြတာဖြစ်သည်။ လိုအပ်တဲ့ ဟင်းရံတွေကတော့ ဝယ်ခြမ်းပြီးကာ ကားပေါ်တင်ထားပြီးပါပြီ။ ဈေးဝယ်အပြီးမှာ မုန့်ဟင်းခါးဝင်စားနေကြတာဖြစ်ပြီး ဆိုင်ကကျန်တဲ့လူတွေအတွက်လည်း ပါဆယ်မှာထားပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com

"မြန်မြန်စားကြ၊ သွားမယ်ကွာ၊ ကျက်သရေမရှိဘူး"

"ပါဆယ်တွေ မရသေးဘူးကွ"

"ဗျို့ ... ဒီကပါဆယ်မှာထားတာတွေ မြန်မြန်ပေးပါဗျို့၊ ပိုက်ဆံရှင်းမယ်"

စတီဗင်က ဒေါ်ပွပွနှင့် ဆိုင်ရှင်ဘက်လှည့်အော်သည်။ စုပုပ်ပုပ် မှုန်တေတေနှင့် လူအများအပြားကြား အော်ကြီးဟစ်ကျယ် လုပ်နေသော စတီဗင်ကို သွင်သစ်က သတိပြုမိကာ ...

"ဟိုကောင် တစ်ယောက်ကလည်း ဘာတွေဖြစ်နေပါလိမ့်၊ မိုးညို ... စားတော့လေ၊ ပွကုန်တော့မယ်၊ ဘာလုပ်နေတာလဲ"

"အင်း ... ပူလို့ပါ"

မိုးညိုက ရှေ့ရောက်နေတာပင် သတိမပြုမိသော မုန့်ဟင်းခါးပန်းကန်ကို မြန်မြန်ကောက်ကာ မွှေနေလိုက်ပါသည်။ ရင်တွေတဒိတ်ဒိတ်ခုန်ကာ စိတ်လှုပ်ရှားမှုအရှိန်ကြောင့် လူကမူးနောက်နောက်ပင် ဖြစ်လာပြီ။

စတီဗင် ဒေါ်ကန်နေတာဟာ မိုးညိုကိုတွေ့လို့ဆိုတာ သိနေ၍ အလန့်တကြားလည်း ဖြစ်နေမိပါသည်။ ကမ္ဘာကြီးကကျဉ်းလှပါလား။ စတီဗင်ရော ဖော်လေးရောကို ဒီမှာအတူတကွတွေ့ရတယ်ဆိုတော့ တိုးရော ဒီမြို့လေးကို ရောက်နေပါသလား။ တိုးလည်း ဒီမှာပဲ ရှိနေလေသလား။





မုန့်ဟင်းခါးမြန်မြန်ငုံ့စားနေရင်း စတီဗင်တို့ ထ,လာတာကို မြင်လိုက်၍ လက်ဖျားတွေပင် အေးစက်သွားပါသည်။ မိုးညိုတို့နံဘေးက ဖြတ်သွားကြရမှာလေ။ ထင်တဲ့အတိုင်းပင် ဟင်းရည်ချိုင့်ဆွဲကိုင်လာသော စတီဗင်က မိုးညိုဘေးက ဖြတ်လျှောက်ရာမှ ခြေလှမ်းတုံ့ရပ်လိုက်ကာ ...

"မမိုးညို"

မိုးညို မျက်နှာအပျက်ပျက်နှင့် မော့ကြည့်လိုက်မိပါသည်။

"နေကောင်းတယ်နော် ... ဟင်း ဟင်း"

စတီဗင့် နှုတ်ခမ်းမှာ မထိတထိအပြုံးက တွဲခိုနေလေသည်။

❤ ○ ❤


www.burmeseclassic.com

www.burmeseclassic.com



## ၃

သူရှိနေရာ ကုက္ကိုပင်ရိပ်ရဲ့ မလှမ်းမကမ်းက ပိတောက်ပင်ကြီးရဲ့ ပင်စည်ရင်းနားကပ်၍ ရပ်လိုက်သော စက်ဘီး တစ်စင်းကို တိုးမင်းဆက် မျက်ဝန်းထောင့်စွန်းမှ လှမ်းတွေ့လိုက် ရပါသည်။

ဒီတစ်ကြိမ်ပါနဲ့ဆို သုံးကြိမ်။ နံနက်ခင်းတချို့တွေမှာ သူ ဒီနေရာနားလာ၍ ပန်းချီဆွဲတတ်တာကို ဒီကောင်မလေး ကောင်းကောင်းသိနေပြီပဲ။ ဘယ်နေ့ သူ လာမယ်ကိုတော့ မသိနိုင်၍ ကြည့်ရတာ မနက်တိုင်း စက်ဘီးတစ်ပတ်စီးပြီးများ လာလာရှာလေရော့သလား။

ပထမတစ်ကြိမ်ကတော့ ခပ်လှမ်းလှမ်းမှာပဲ ပင်စည်ခြေရင်းနားထိုင်၍ ဝတ္ထုတစ်အုပ် ထိုင်ဖတ်နေသည်။ ဝတ္ထုသာ





ဖတ်နေတယ် အာရုံက ကိုယ့်ဘက်မှာဆိုတာ တိုးမင်းဆက် ရိပ်မိနေပါသည်။

မင်း ငယ်ပါသေးတယ် ကလေးရယ်၊ ခုမှ နှစ်ဆယ် နှစ်ဆယ့်တစ်ပေါ့။ ကိုယ့်ထက် ဆယ်နှစ်လောက်ငယ်မှာ။ မင်းထက် အသက်ဆယ်နှစ်လောက်ကြီးမယ့် ယောကျ်ားတစ်ယောက်အပေါ် ရူးရူးနှမ်းနှမ်း စိတ်မကစားချင်စမ်းပါနဲ့။ ကိုယ့်နှလုံးသားတို့က နီးထလှုပ်ရှားဖို့ရာ သိပ်ကိုငြီးငွေ့ပျင်းရိထုံထိုင်းနေခဲ့ပြီမို့ပါ။

ဒုတိယတစ်ကြိမ်ဆုံတော့ ဝတ္ထုထိုင်ဖတ်နေရုံမကတော့။ အညောင်းဆန့်သလိုလို အပျင်းဆန့်သလိုလို ဟိုဘက်နားလျှောက်လိုက် ဒီဘက်နားလျှောက်လိုက်လုပ်ရင်း တစ်ချက်မှာတော့ နယ်ကျွံလာသလိုလိုနှင့် တိုးမင်းဆက် ပန်းချီဆွဲနေရာ အနောက်ဘက်နားထိ ရောက်လာသည်။

မသိကျိုးကျွံနေရာမှ နောက်ဘက်မှာ ဒီကောင်မလေး ရှိနေတာလည်းသိ၊ အသံကလည်း တိတ်ဆိတ်နေရာ ပန်းချီဆွဲရတာ စိတ်လွတ်လပ် လုံခြုံပေါ့ပါးမှု မရှိတော့ဘဲ တိုးမင်းဆက် ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်လိုက်ခဲ့မိလေသည်။

လှစ်ခနဲ ပြုံးစိစိလေး လုပ်ပြလိုက်တာကို သူကပြန် မပြုံးဘဲ ခပ်အေးအေးသာ ကျောပြန်ခိုင်းလိုက်တော့ ကောင်မလေး ငေါင်စင်းစင်းနှင့် ဟိုဘက်ကို ပြန်လျှောက်ထွက်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကဲ ... အခုက တတိယအကြိမ်။

နောက်နေ့တွေကျ မြို့အနောက်ဘက်အထွက်နားက မြို့ဦးစေတီကုန်းအနား သွားဆွဲမှပါပဲ။ နေရာပြောင်းမှပါပဲ။ အဲဒီနေရာနားလည်းပဲ ရှုခင်းတွေလှပသည်ပဲလေ။ ဒီနေရာမှာလာဆွဲနေတဲ့ကားကလည်း ကိုယ့်ဟာကိုယ် အိမ်မှာလက်စသတ်လို့ရနေပါပြီ။

သူ အတွေးနှင့် ပန်းချီကားထဲ အာရုံပြန်စိုက်ထားဆဲ ကောင်မလေးက ဒီဘက်လျှောက်လာနေပြန်သည်။ ဒီနေ့တော့ လက်ထဲမှာ ဝတ္ထုစာအုပ်ပင် ပါမလာတော့။ ကိုယ်လွတ်လက်ကျတ်နှင့် တိုးမင်းဆက်ဆီသာ သီးသန့်လာတဲ့သဘောကို ပေါ်တင်ဖော်ဆောင်နေတော့ပုံပင်။

နောက်နားမှာ ဟိုဟိုဒီဒီ လျှောက်နေပြန်ပြီ။ တိုးမင်းဆက်က ဒီနေ့တော့ လှည့်မကြည့်ဘူးကွာလို့ပဲ စိတ်ပိုင်းဖြတ်ကာ ခပ်အေးအေးပဲ ဆက်ဆွဲနေပါသည်။ ကိုယ်တစ်ယောက်တည်း မဟုတ်ဘဲ အနားမှ သူစိမ်းလူရှိနေတော့ သိပ်တော့စိတ်ကမရှင်းတော့ပါ။

သူ ပန်းချီဆွဲနေတုန်း အနားမှာလူရှိရင် တိုးမင်းဆက် မကြိုက်ပါ။ အာရုံပျံ့လွင့်သည်။ စိတ်ကို တလွတ်တလပ် မကွန့်မြူးနိုင်။ သူ ပန်းချီဆွဲနေခိုက် အနားမှာထိုင်နေခွင့် ပြုနိုင်ခဲ့သူဟာ တစ်လောကလုံးမှာ တစ်ဦးတည်းသာ ရှိခဲ့ပါသည်။





သူမကိုတော့ အနားမှာရှိနေတာ သူ ကြိုက်သည်။ ဘယ်အချိန်မဆို အချိန်မရွေး သူ့အနားမှာ မိုးညို ရှိနေတာကို သူ နှစ်သက်ပါသည်။ ဘယ်သောအခါမှ စိတ်အနှောင့်အယှက်မဖြစ်ခဲ့။ သူကိုယ်၌ကိုက ရှိကိုရှိစေချင်ပဲဟာဖြစ်၍ သူမ ရှိနေခြင်းကို သူ စိတ်ချမ်းသာပါသည်။

"အဟမ်း"

နောက်က ချောင်းဟန့်သံလေး ထွက်လာသည်။ တိုးမင်းဆက် သက်ပြင်းတစ်ချက်ရှိုက်ရင်း အနည်းငယ်စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ ဒီကောင်မလေးနဲ့တော့ ခက်နေပြီ။

"အဟမ်း ... အဟွတ် ... အဟွတ်"

ကဲ ... လုပ်ချောင်းကြီးဟန့်ရင်း တံတွေးသီးသွားပြီ။ တကယ်ပဲ ချောင်းတဟွတ်ဟွတ် ဆိုးနေပြီ။ တယ်ခက်ပါလား ဒီကောင်မလေးတော့။ အေးအေးချမ်းချမ်း ပန်းချီဆွဲနေပါတယ်ဆိုမှ အနားမှာ ချောင်းတဟွတ်ဟွတ်ဆိုးနေတဲ့သူက ရှိနေပြန်သေး၍ တိုးမင်းဆက် စိတ်ပျက်လက်ပျက် သက်ပြင်းမှုတ်ထုတ်မိသည်။

ခြေသံတဖွဖွက သူ့ကျောနားနီးကပ်လာ၏။ တစ်ခဏချင်းပင် အနီးခပ်ကပ်ကပ်မှ ငုံ့ကိုင်းကာ သူ့ပန်းချီကားကို ငုံ့ကြည့်လိုက်တာကို လှည့်မကြည့်ဘဲ မြင်ရနိုင်လောက်တဲ့အထိ နီးကပ်နေပြီလေ။


www.burmeseclassic.com

www.burmeseclassic.com



"လှတယ်နော် ... အဟင်း"

ပန်းချီကားတစ်ချပ်ကို "လှတယ်နော်"လို့ ပြောလိုက်တာက သူ့ကို ရယ်ရမလို ငိုရမလို ကိုးရိုးကားရား ခံစားရစေသည်။ အီလည်လည် ဖြစ်စေသည်။ လှတယ် ... တဲ့။ အလှဆွဲထားတာ ကျနေတာပဲ။ ဒီလောက် သိသိသာသာ စကားစ,နေမှတော့ မကြားချင်ယောင်ဆောင်နေခြင်းဟာ မိန်းကလေးတစ်ယောက်ကို တင်စီးစော်ကားရာကျမည်စိုး၍ တိုးမင်းဆက်က ခပ်အေးအေး တစ်ချက်လှည့်ကြည့်လိုက်ပါသည်။

ကောင်မလေးက ပြုံးစိစိမျက်နှာချိုချိုလေးနှင့် သူ့ကို မိတ်ဆက်သလိုကြည့်ရင်း ...

"အစ်ကိုကြီးက ရွှေမိုးညိုဆိုင်က အစ်ကိုကြီး မဟုတ်လား"

မင်း သိပြီးသားပဲ မဟုတ်လား။ ဖြေနေစရာလိုလို့လား။ တိုးမင်းဆက်က မဖြေပါ။

"ဟိုနေ့တွေကလည်း တွေ့တယ်၊ အစ်ကိုကြီးပန်းချီဆွဲတာ လာကြည့်ချင်တာ၊ မကြည့်ရဲလို့ ... အဟီး"

"........."

"အဲဒါ ဟိုးနားလေးကို ဆွဲထားတာ မဟုတ်လား၊ သစ်ပင်အုပ်အုပ်တွေကြားက အမိုးနီနီပဲ မြင်နေရတဲ့ အဲဒီနှစ်ထပ်တိုက်က မီးတို့အိမ်လေ"





ရော ...။ သူ့အိမ်ကို လှမ်းကြည့်ဆွဲမိနေသလို ဖြစ်နေပါပေါ့လား။ အဲဒီအိမ်က သူ့အိမ်ဆိုလျှင် ဆေးရုံနားမှာ။ ပြီးတော့ ဆေးရုံနှင့်ကပ်ရပ် အဲဒီခြံဝင်းဟာ မြို့နယ်ဆရာဝန်ကြီးရဲ့ အိမ်လို့ သိထားပါသည်။ တိုးမင်းဆက်က ကောင်မလေးကိုတစ်ချက်လှည့်ကြည့်လိုက်မိကာ ...

"မင်းက မြို့နယ်ဆရာဝန်ကြီးနဲ့ ဘာတော်လဲ"

"မီးက သမီးလေ၊ သမီးအငယ်ဆုံး၊ ဖေကြီးက ဆရာဝန်ကြီး ဦးမြင့်မွန်လေ"

"ဪ"

"အစ်ကိုကြီးဆိုင်ကို မီးပထမဆုံး လာတုန်းက ဖေကြီးရယ် မေကြီးရယ်နဲ့ တူတူလာစားတာလေ၊ အစ်ကိုကြီးဆိုင်က ရန်ကုန်လက်ရာမို့ဆိုပြီး ဖေကြီးကကြိုက်တယ်၊ တစ်ခါတလေ ဖေကြီးက သူ့တပည့်ကို ပါဆယ်လည်းလာဝယ်ခိုင်းတတ်တယ်"

"ဪ"

ကိုယ့်ဆိုင်ကို အားပေးတဲ့ဖောက်သည်ဖြစ်ကာ ချိုးမွှမ်းစကားဆိုနေ၍ သူ နှုတ်ပိတ်နေလို့မကောင်းပြန်။ သို့ပေမဲ့ တိုးမင်းဆက်က မျက်နှာကို ပြုံးရိပ်မထားမိအောင်တော့ တမင်တကာပဲ တည်ထားပါသည်။

"အစ်ကိုကြီး လုပ်ပုံတူရော ဆွဲလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်ဟာလေးပါလိမ့်။ ဘာတွေသျှောက်မေးနေရောပါလိမ့်။

"ကိုယ် ရှခင်းပုံတွေပဲ ဆွဲတယ်"

သူသိအောင် နားလည်အောင်ကတော့ ဒီလောက်ပဲ ပြောလို့ရမည်။ လှုပုံ၊ ရှုခင်းပုံ ဒီလိုရည်ညွှန်းလို့သာရပေမည်။

"မီးပုံတူလေး လိုချင်လို့"

"ပုံတူ ... ပို့ထရိတ်ဆွဲတဲ့ ပန်းချီဆရာနာမည်ကျော်တွေ ရှိပါတယ်"

"မီးမှမသိတာ၊ ပန်းချီဆရာဆိုလို့ မီးက အစ်ကိုကြီးတစ်ယောက်တည်းပဲ အနီးကပ်တွေ့ဖူးတာ၊ ဘယ်သူ့မှမသိဘူး"

"ကိုယ်ကလည်း ပန်းချီဆရာကြီးရယ်လို့တော့ မဟုတ်ပါဘူး၊ ဝါသနာအလျှောက် ဆွဲနေတာပါ"

"အစ်ကို့နာမည်က ဦးတိုးမင်းဆက်၊ ဟုတ်တယ်နော်"

"အင်း"

"မီးနာမည်က မွန်နုခ"

"ဘယ်လို"

"မွန်နုခ"

နာမည်လေးက တစ်မျိုးလေးပါလား။ ဖြူဖြူသွယ်သွယ်လုံးလုံး သူမမျက်နှာကလေးနှင့် သူမနာမည်လေးက လိုက်ဖက်သလိုပင်။





"မီးပုံဆွဲပေးပါလားဟင်"

တိုးမင်းဆက်က ပြုံးလိုက်မိရင်း ...

"ကိုယ် လူပုံတူမဆွဲလို့ပါ"

မွန်နုခက နှုတ်ခမ်းလေး စူတူတူနှင့် ဘာမှဆက်မပြောဝံ့ဘဲ တိတ်နေပါသည်။ ဒီအစ်ကိုကြီးက မျက်နှာကတဆိတ်တင်းလွန်းတာလေ။ ပထမဦးဆုံး စကားလာစပြောဖြစ်ခြင်းမှာ သူ့စိတ်ငြိုငြင်စရာ ဖြစ်သွားမှာကိုလည်း စိုးရိမ်ပါသေးသည်။

"ဆိုင်မှာ အစ်ကိုကြီးက ဘာလို့ သီချင်းသိပ်မဆိုတာလဲဟင်"

"ဆိုင်မှာ ဖျော်ဖြေရေးအတွက် တာဝန်ယူတာက စတီဗင်လေ၊ ကိုယ်က တစ်ခါတလေ စိတ်ပါမှဆိုတာ၊ အမြဲတမ်းမဆိုပါဘူး"

"ဖေကြီးမိတ်ဆွေ ဦးလှမင်း ဆိုတာရှိတယ်၊ သူကပြောတယ်၊ အစ်ကိုကြီးဆိုင်က ရန်ကုန်မှာလည်း ဖွင့်ဖူးတယ်တဲ့၊ အဲဒီမှာတုန်းက အစ်ကိုကြီး နေ့တိုင်းသီချင်းဆိုတယ်လို့ပြောတယ်"

တိုးမင်းဆက်ထံမှ စကားမပြန်တော့၍ မွန်နုခက မှိုတိုးရှန့်တန့်လေး အနေခက်လာရင်း ...

"မီး သွားတော့မယ်၊ နောက်နေ့တွေလည်း အစ်ကိုကြီး ပန်းချီဆွဲတာ လာကြည့်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကန်ကြီးနားကို ဒီမြို့မှာရှိတဲ့ ဘယ်သူမဆို လာလို့ရတာပဲလေ၊ မင်းလာတာ မလာတာအတွက် ကိုယ့်ကိုခွင့်တောင်းဖို့ မလိုပါဘူး"

❤ ○ ❤

မြို့ထဲကစာအုပ်ဆိုင်ကအထွက် ဝယ်လာတဲ့စာအုပ်တွေကို ကားနောက်ခန်းထဲ ထည့်နေဆဲ တိုးမင်းဆက်သည် သူ့ကို ဆဋ္ဌမအာရုံနှင့် တစ်စုံတစ်ရာ သတိပေးခြင်းခံလိုက်ရသလို တစ်နေရာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိပါသည်။

သူကအကြည့် ... ဆိုင်တစ်ဆိုင်မှာ တစ်ခုခုဝယ်လို့ အပြီး လှည့်ထွက်ကျောခိုင်းလိုက်တဲ့ အမျိုးသမီးတစ်ယောက်က သူနှင့် ဆန့်ကျင်ဘက်ကိုအလျှောက် ...။

မိုးညို ...။

သူ့ရဲ့နှလုံးသားကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်ပြီး ခပ်ကြမ်းကြမ်းဆွဲခါလှုပ်လိုက်သလို ပရမ်းပတာ ခုန်လှုပ်သွားပါသည်။ ဒီနွှာကိုယ်နောက်ပိုင်း၊ ဒီဆံပင်၊ ဒီလမ်းလျှောက်ဟန်။ မိုးညိုနဲ့ တူလိုက်တာ။ ဟင့်အင်း ... မိုးညိုနဲ့တူတာမဟုတ်ဘူး၊ အဲဒါ ... အဲဒါ မိုးညိုပဲ မဟုတ်ဘူးလား။





တိုးမင်းဆက်သည် မျက်လုံးတွေပြာသလိုလိုဖြစ်ကာ လမ်းတစ်ဖက်ခြမ်းကို ကူးဖို့ပြင်သည်။ ဘာပဲဖြစ်ဖြစ် သူလိုက်ကြည့်ကိုကြည့်ရမည်လို့ ချက်ချင်းဆုံးဖြတ်ချက်ချကာ ချက်ချင်းလှုပ်ရှားတာဖြစ်ပေမယ့် အဲဒီအချိန်မှာ လမ်းပေါ်မှာ ကားအသွားအလာက ရှိနေ၍ သူ ခဏလေး ဖင့်သွားပါသည်။

သူ လမ်းတစ်ဖက်ကမ်းကို ရောက်ချိန်တွင် ထိုအမျိုးသမီးကို သူ့မတွေ့ရတော့။ ဟိုဟိုဒီဒီမျှော်ကြည့်ရှာဖွေပေမယ့် လမ်းဘေးပလက်ဖောင်းပေါ် လျှောက်နေကြတဲ့ လူစုစုကြား ထိုနောက်ကျောလေးကို မတွေ့ရတော့ပါ။ တိုးမင်းဆက်သည် အမောတကော အလောသုံးဆယ် ရှေ့ကိုအပြေးတိုးလျှောက်ကာ ပျားပန်းခတ် ရှာမိပါသည်။

သူ့ရဲ့ပျားပန်းခတ်သော ကျီးကန်းတောင်းမှောက်သော မျက်လုံးများက ဟိုးအရှေ့နားက ကားတစ်စင်း လမ်းဘေးကပ်ရပ်ထားရာမှ ရုတ်တရက် မောင်းထွက်သွားတာကို တွေ့လိုက်ရ၍ ကားရဲ့နောက်ဖက်မှန်ချပ်ကြီးမှ ထွင်းဖောက်ကာ ကားထဲ စူးစူးစမ်းစမ်း လှမ်းကြည့်မိသည်။ ကားမောင်းသွားတာဟာ အမျိုးသမီးတစ်ယောက်ဆိုတာကိုတော့ သူ သိလိုက်ကာ အဲဒါဟာ မိုးညိုနှင့်တူတဲ့ နောက်ကျောပိုင်ရှင်လေး ဟုတ်မဟုတ်ကိုတော့ သူ မသေချာနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တိုးမင်းဆက်က နှစ်လှမ်း သုံးလှမ်းမျှ အပြေးလှမ်းလာကာ ကားနောက်ဘက်သို့ လိုက်မိသေးသည်။ သို့သော် ချက်ချင်းပဲ သူ အသိဝင်ကာ သူ့ခြေလှမ်းတို့ကို ရုံ့ရပ်လိုက်ပါသည်။ ရုတ်တရက် မရည်ရွယ်ဘဲ ဖြစ်ပျက်သွားတဲ့ သူ့အပြုအမူများကို သူ သေချာပြန်စဉ်းစားကာ ဘယ်သူမှ မသိလိုက် မရိပ်မိလိုက်နိုင်စေကာမူ သူ့ဟာသူ တစ်ယောက်တည်း မျက်နှာတွေထူပူအမ်းကာ ရှက်သွားမိပါသည်။

သူ ဘာလုပ်မိတာပါလိမ့်။

သူ့အသည်းကို သစ်စိမ်းချိုး ချိုးဖဲ့ခွဲဖြတ်သွားခဲ့တဲ့ မိုးညိုကို သူ နာကြည်းနေတယ် မဟုတ်လား။ မိုးညိုနဲ့ဆင်တူတဲ့ မိုးညိုလို့ထင်မိတဲ့ မိန်းမတစ်ယောက်နောက်ကို မြင်မြင်ချင်း သူ့စိတ်သူ ချုပ်မအုပ်နိုင်ဘဲ ဘာကြောင့် ရုပ်ပျက်ဆင်းပျက်ပြေးလိုက်မိတာပါလိမ့်။

ရှက်ဖို့ကောင်းလိုက်တာ။

သူ့ရင်ထဲမှာ တနစ်နစ်ဆို့ကာ ခေါင်းကိုငိုက်စိုက်ချလိုက်ပြီး နောက်ကြောင်းလှည့်၍ သူ့ကားရှိရာဆီ သူ ပြန်လာခဲ့မိပါသည်။ ကားပေါ်ပြန်တက်ကာ မောင်းထွက်လာခဲ့သည်။ သူ အိမ်ပြန်ရောက်တော့ မွန်းလွဲနှစ်နာရီ။ သူ ဆိုင်ဘက်ဆီမသွားဖြစ်တော့ပါ။ အိမ်ထဲကနေပဲ ဆိုင်က ကလေးတစ်ယောက်ကို ဘဲလ်တီးခေါ်ကာ သူ့အတွက် အမြည်းစီစဉ်ခိုင်းလိုက်ပါသည်။





တစ်ညနေခင်းလုံး သူ ဆိုင်ဘက်မသွားဖြစ်။ ဆိုင်ကို သူ မသွားလည်း သူ့တပည့်လေးတွေက အနုဆင်ပြေပြေ စီမံခန့်ခွဲနိုင်သည့် အတွေ့အကြုံရှိကြပြီးသားပင်။ ဆိုင်ဘက်ဆီက စတီဗင်ဖျော်ဖြေနေတဲ့ တေးသံတို့ကို နားစွင့်ရင်း အိမ်ပြင်ဘက်ခြံထဲအမှောင်တွင်းတစ်နေရာမှာ စားပွဲတစ်လုံး ခုံတစ်လုံးနှင့်တစ်ယောက်တည်း သူ သောက်နေမိသည်မှာ အချိန်ရှည်ကြာစွာတစိမ့်စိမ့်နှင့် သူ တော်တော်ပင် မူးနေပါပြီ။

"ကိုတိုး"

"........."

"ကိုတိုး"

"အစ်ကို"

ခေါ်သံတချို့ကြောင့် မေးစင်းနေသော မျက်ဝန်းများကို တိုးမင်းဆက် မျက်ခွံလှန်ကာ မော်ကြည့်လိုက်ရင်း ...

"ဟေ ... အေး ... ပြော"

"အစ်ကို တစ်ခုခု စားဦးမလား"

"ထမင်း··· မစားတော့ပါဘူး၊ ဟော့ကောင် ... ငါ့ကို နည်းနည်းထပ်ထည့်ပေးစမ်းပါ၊ ငါ့ပုလင်း ဘယ်ရောက်သွားလဲ"

"ပုလင်းသိမ်းလိုက်ပြီ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ယောကျာင်တွေ ဘာလို့သိမ်းလိုက်တာလဲ၊ ငါမပြီးသေးဘူးလေ"

"ကိုတိုး ... အစ်ကို နေ့လယ်တည်းက ထိုင်သောက်နေတာ၊ ကြာလှပြီ၊ မူးလည်း အရမ်းမူးနေပြီ၊ တော်ပါတော့ အစ်ကိုရ၊ အိပ်ကြစို့ပါဗျာ"

"ဟောကောင် ... အိပ်စရာလားကွ ဒီအချိန်"

"ဒီအချိန်က ညဉ့်နက်လှပြီလေ အစ်ကို၊ ကျွန်တော်တို့ ဆိုင်တောင် ပိတ်ပြီးသွားပြီ၊ ဆယ့်နှစ်နာရီတောင် ထိုးခါနီးနေပြီ၊ တော်ပါတော့ အစ်ကိုရာ"

"ဟုတ်တယ် အစ်ကို၊ အစ်ကို အရမ်းမူးနေပြီ"

"ငါ မမူးပါဘူးကွာ"

"အစ်ကို ခေါင်းတောင်မမတ်တော့ဘူး မူးနေပြီဗျ၊ ဒီလောက်မသောက်တာတောင် ကြာလှပြီ၊ အစ်ကိုကလည်းဗျာ"

"အစ်ကို ... တော်လိုက်ပါ အစ်ကိုရာ၊ ကျွန်တော်တို့အစ်ကို့ကို ဘယ်လောက်ထိ စိုးရိမ်တကြီးနဲ့ နလန်ပြန်ထူအောင် လုပ်ခဲ့ရတယ်ဆိုတာ အစ်ကိုအသိဆုံးပါ၊ အဲဒီတုန်းက အစ်ကို လေး,ငါးလဆက်တိုက် မိုးလင်းက မိုးချုပ် အရက်ထဲနှစ်ပြီး အသည်းတောင်ထိလာတဲ့အထိ ဘဝပျက်ခဲ့တာဗျ၊ အစ်ကို့အသည်း ဒီတိုင်းဆို လုံးဝမကောင်းတော့ဘူး၊ ဒုက္ခရောက်မယ်ဆိုလို့ ကျွန်တော်တို့ ဘယ်လောက်ငိုခဲ့ကြရလဲ





အစ်ကို၊ ကျွန်တော်တို့ ငိုငိုပြီးတောင်းပန်ကြလွန်းလို့ အစ်ကိုဖြတ်ပါ့မယ်လို့ ကတိပေးခဲ့တာလေ"

"ဟုတ်တယ် ကိုတိုး၊ အဲဒီတုန်းက အစ်ကို့အသည်းက တော်တော်အခြေအနေ ဆိုးလာပြီလို့ ဒေါက်တာဇော်ဝင်း ပြောခဲ့တာ မေ့ပြီလား၊ အခုလည်း သိပ်ကောင်းတာမဟုတ်ဘူး၊ ခုလို ပြန်မသောက်သင့်ပါဘူး အစ်ကိုရာ၊ အခု အစ်ကို့ပုံစံက အဲဒီတုန်းကလို မိုးလင်းကမိုးချုပ် အိပ်ချိန်ကလွဲပြီး တစ်ချိန်လုံး သောက်ခဲ့တဲ့စံချိန်မျိုး ပြန်ဖြစ်တော့မယ့်ပုံ ဖြစ်နေပြီ"

"မဟုတ်ပါဘူးကွာ"

"တော်လိုက်ပါ အစ်ကိုရာ၊ အရမ်းမူးနေပါပြီ"

ဇော်လေးတို့သုံးယောက်သား တိုးမင်းဆက်ကို စိတ်လည်းညစ်၊ အံ့လည်းသြစွာ ကြည့်နေမိကြသည်။ လွန်ခဲ့တဲ့တစ်နှစ်က သူတို့အစ်ကိုကဲ့သို့ချစ်သော တိုးမင်းဆက် တစ်ယောက် နေ့ဆက်ညဆက်မူးအောင်သောက်ကာ ယစ်ထုပ်ကြီးလုံးလုံးဖြစ်တော့လုနီးဆဲဆဲမှ သူ့ကို မနည်းဖျောင်းဖျချော့မော့ပြီး ပြန်လည်အဖတ်ဆည်ထားခဲ့ကြရတာ မဟုတ်လား။

လေးငါးလဆက်၌ အလူးအလဲ မူးပြဲနေသော တိုးမင်းဆက်ကို သူတို့ပဲ ချော့တစ်ခါ ခြောက်တစ်လှည့် တောင်းပန်တစ်လှည့်၊ တိုးလျှိုးတစ်လှည့် နည်းမျိုးစုံနှင့် အရက်ချိုးကြီးမ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်အောင် ကြိုးပမ်းခဲ့ရသည်။ ဆေးလည်းကုခဲ့ရသည်။ တိုးမင်းဆက်မှာလည်း သူ့ကိုကြိုးကိုင်နှားချနိုင်သော လူကြီးသူမအုပ်ထိန်းသူရယ်လို့ ရှိတာမှ မဟုတ်ဘဲ။

တိုးမင်းဆက်ဟာ ငယ်ငယ်ကတည်းက အဖေရော အမေပါ စောစောစီးစီး ကွယ်လွန်ခဲ့တဲ့ မိဘမဲ့။ အဘွားနှင့်ကြီးပြင်းလာပြီး အဲဒီအဘွားက တိုးမင်းဆက် အသက်နှစ်ဆယ်ကျော်လောက်မှာ ကွယ်လွန်ပြန်ပါသည်။ ငွေရေးကြေးရေးအားဖြင့် ပြည့်စုံလို့သာ သောင်ပြင်လွှတ်တဲ့ခွေးလို မဖြစ်ခဲ့ပေမယ့် တိုးမင်းဆက်ဟာ ငယ်ငယ်ကတည်းက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဘဝကိုယ်ဆုံးဖြတ်ရင်ဆိုင်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရတဲ့ အထီးကျန်တစ်ကောင်ကြွက် ဖြစ်လေသည်။

● "ရွှေမိုးညို"ဆိုတဲ့ ချစ်သူတစ်ယောက်သာ သူ့ဘဝမှာ ယံယောဇဉ်ကြီးကြီးမားမား နှောင်တွယ်ခဲ့ဖူးပြီး ရွှေမိုးညို သူ့ဘဝထဲက ရုတ်တရက် ပျောက်ကွယ်သွားတဲ့အခါ ရင်ကွဲပက်လက် ခံသည်းဟက်တက်ကွဲခဲ့တဲ့သူပါ။

"မမှူးပါဘူးကွာ"

"ကိုတိုး"

"အင်း"

"ကိုတိုး ... နေ့လယ်က အပြင်သွားရင်း ဘာဖြစ်ခဲ့လဲဟင်"





စတီဗင်က တွေးဆဆမေးမိသည်။ တစ်ခုခုတော့ တစ်ခုခုပဲ မဟုတ်လား။ အစ်ကို ဒီလောက်မသောက်တာ ကြာလှပြီပဲ။ တစ်ခါတစ်ရံ အပန်းဖြေသဘော အပျော်သဘော ဘီယာလောက်သာသောက်တာ။

စတီဗင်တို့ကိုယ်တိုင် ရွှေမိုးညို ဒီမြို့ကလေးမှာ ရောက်နေတာ တိုက်တိုက်ဆိုင်ဆိုင် မျက်ဝါးထင်ထင် ကြုံခဲ့ရပြီးပြီမို့ ကိုတိုးတစ်ယောက်လည်း ရွှေမိုးညိုနှင့်များ မတော်တဆတွေ့ခဲ့ပြီလားလို့ပဲ- သူတို့တွေးမိသည်။

"မင်း ဘာမေးတာလဲ"

"ဟိုလေ ... အစ်ကို နေ့လယ်က အပြင်သွားတုန်း ဘာဖြစ်သေးလဲ၊ ဘယ်သူနဲ့ တွေ့ ... တွေ့ ..."

"ဟောကောင် စတီဗင်"

"ဗျာ"

"ဘယ်သူနဲ့တွေ့လဲဆိုတဲ့ မေးခွန်းရဲ့အဓိပ္ပာယ်က ဘာလဲ"

"ဟိုဟာပါ၊ အစ်ကိုက အရက်တွေ ပြန်သောက်တော့ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်စရာတစ်ခုခုတော့ ကြုံခဲ့ပြီလို့ တွေးမိလို့ ... အဲဒါ"

"အဲဒီတော့ ..."

"အစ်ကို့ဘဝမှာ စိတ်အနှောင့်အယှက် အကြီးအမားဆိုလို့ ..."


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ"

"………"

"စတီဗင်"

"ဗျာ … ကိုတိုး"

"မင်း သို့မဟုတ် မင်းတို့လည်း တစ်ခုခုနဲ့ ကြုံခဲ့တွေ့ခဲ့ပြီးပြီ မဟုတ်လား ပြောစမ်း ဟောကောင်တွေ"

"………"

"ဟိုးတစ်ရက်က မင်းတို့ မနက်ဈေးဝယ်က ပြန်လာတော့ ပွစိပွစိ ဗျစ်တောက် ဗျစ်တောက်နဲ့ တစ်ယောက်နဲ့ တစ်ယောက် ငြင်းလိုက်ခုန်လိုက် တီးတိုးတီးတိုးပြောလိုက်၊ ငါ ရောက်လာရင် နှုတ်ဆိတ်လိုက်၊ မျက်နှာတွေလည်း မကောင်းမရောင်း ပျက်လို့၊ အဲဒီတုန်းက ဘာဖြစ်လာကြတာလဲ"

အင်း … တိုးမင်းဆက်ဟာ အင်မတန်ပါးနပ် လှုကဲ ခတ်ကောင်းတဲ့အပြင် သူ့ရဲ့တပည့်ကလေးတွေ ခံစားချက်ကိုအမြဲတမ်း တိတိကျကျ ဖတ်ရှုနားလည်တတ်သူတစ်ယောက်ဆိုတာ သူတို့အားလုံး သိကြတာပဲလေ။

"ဟောကောင်တွေ … ပြောကြစမ်းကွာ"

"………"





"ငါ မူးနေတယ်ဆိုပေမယ့် ဘာမှမသိနိုင် နားမလည်နိုင်အောင် မဟုတ်ဘူး၊ ပါးစပ်ပိတ်မနေကြနဲ့၊ ငါ့ကိုအမှန်အတိုင်းပြောကြစမ်း"

"………"

အားလုံး သုံးယောက်သား တုတ်တုတ်လည်းမလှုပ်၊ ဘာသံမှလဲမထွက်၊ ငြိမ်သက်နေကြပါသည်။ တိုးမင်းဆက်ကိုတကယ်တမ်း တော့တော့ဆိုင်ဆိုင်ဆိုရင် သူတို့ညာလည်းမညာရဲ၊ ထိန်လည်းမထိန်ချန်ရဲပါ။ အခုမပေါ်လည်း နောက်တစ်နေ့ပေါ်နိုင်တဲ့ကိစ္စ၊ လိမ်ညာဖုံးဖိထားလို့လည်း အကျိုးမရှိ အကြောင်းမထူးတဲ့ကိစ္စ။ ဒါကြောင့် ပြောလည်းမပြောရဲဘဲ ငြိမ်သက်တိတ်ဆိတ်နေကြတာပင်။

ဒီနာမည်ကို ဆိုင်နာမည်အဖြစ် ဆိုင်းဘုတ်တပ်ထားတာကလွဲရင် သူတို့အကြားမှာ စကားထဲထည့်မပြောဖြစ်ခဲ့တာကြာပြီမဟုတ်လား။

"စတီဗင် … ဇော်လေး … ဇလ"

"………"

"မင်းတို့ မိုးညို ဒီမှာရောက်နေတာ သိကြတယ် မဟုတ်လား"

"………"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … မင်းတို့တွေ့ခဲ့ကြတယ် မဟုတ်လား မိုးညိုကို"

"ကျွန်တော် မတွေ့ခဲ့ဘူး ကိုတိုး၊ ကျွန်တော် မပါသွားဘူး"

ဗလအသံက အရင်ထွက်လာသည်။

"စတီဗင်နဲ့ ဖော်ဗလပဲ တွေ့ခဲ့တာပေါ့"

"………"

"ဟော့ကောင်တွေ၊ ငါမေးနေတယ် မဟုတ်လား"

"ဟုတ် … အစ်ကို"

"ဘာဟုတ်လဲ"

"တွေ့ခဲ့ပါတယ်"

"ဘယ်မှာလဲ"

"ဈေးရှေ့က မုန့်ဟင်းခါးဆိုင်မှာ"

"ဩော် … အဲဒီနေ့က မင်းတို့ မုန့်ဟင်းခါးဝယ်လာတာပဲ၊ ဟုတ်တယ်"

"………"

"သူ တစ်ယောက်တည်းလား"

"………"

"ဘယ်သူနဲ့လဲ ဟော့ကောင်တွေ၊ ပြောကြစမ်းကွာ၊ ငါစိတ်တိုလာပြီ"

"ဟို … နှစ်ယောက် ကိုတိုး၊ ယောကျ်ားတစ်ယောက်ပါတယ်"





"အဲဒီယောကျ်ားနဲ့က ဘယ်လိုပတ်သက်တဲ့ပုံစံလဲ၊ မသိဘူး မဖြေနဲ့၊ မင်းတို့ ငအတွေမဟုတ်ဘူး"

"သူ့ယောကျ်ား ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် သူ့ရည်းစားပဲ အစ်ကို၊ ဒါပေမဲ့ သူတို့က မနက်စောစောလမ်းထလျှောက်တဲ့ဝတ်စုံမျိုးတွေနဲ့၊ ဒီလိုအချိန်မျိုး အတူတူလမ်းလျှောက်ထွက်တာဆိုတော့ သူ့ယောကျ်ားဖြစ်ဖို့တော့ ပိုများတယ် ကိုတိုး"

စတီဗင်က အတိအကျ ဖြေလိုက်ပါသည်။

"ဩော်"

တိုးမင်းဆက်က ခပ်တိုးတိုး ရယ်လိုက်ပါသည်။ အဲဒီနောက် ရယ်ရှိန်ကို သူ မသတ်နိုင်ဘဲ ခေါင်းကိုမော့လှန်၍ ဟက်ဟက်ပက်ပက် အူလှိုက်သည်းလှိုက် ရယ်မိသည်။ ဘာကြောင့် ရယ်မိတာလည်း သူ မသိ။ သို့ပေမဲ့ ရယ်မောရင်းက ရယ်သံထဲမှာ ရှိုက်သံပါလာကာ သူ့မျက်ဝန်းအိမ်မှာပါ မျက်ရည်တွေပြည့်လျှံလာခဲ့လေသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၄

ခြံထဲက နေရိပ်တစ်နေရာမှာ ပန်းချီဆွဲတဲ့ဒေါက်ချကာ ပန်းချီရေးဆွဲနေသော မိုးညိုထံ ဖုန်းသွားပေးပြီး ပြန်လှည့်လျှောက်လာသော ဒေါ်သင်းသင့်လှိုင်က အိမ်တံခါးအဝမှာ သွင်သစ်ကို တွေ့လိုက်ရ၍ ပြုံးပြလိုက်ရင်း ...

"သား နိုးပြီလား"

"ဟုတ်ကဲ့ အန်တီ"

"အန်တီ သခွားမွှေးသီးဖျော်ထားတယ် သား၊ ဖရစ်ချ်ထဲကြိုထည့်ထားလို့ ခုလောက်ဆို အေးအေးမွှေးမွှေးချိုချိုလေး နေမှာ၊ သောက်လိုက်ဦး အန်တီယူပေးမယ်"

"အန်တီ"

"အင်း ... သား၊ ပြောလေ သွင်"

"မိုးညိုဖုန်းလား"





"အင်းလေ"

"ရန်ကုန်ကလား"

"ဟုတ်တယ် သွင်"

"ဘယ်သူလဲဟင်"

"မိုးညိုသူငယ်ချင်းလေ၊ နန္ဒာတဲ့"

"နန္ဒာ ဆိုတော့ ယောကျ်ားလား မိန်းမလားဟင်"

"နန္ဒာဆိုတော့ မိန်းမပေါ့ သွင်ရဲ့၊ ယောကျ်ားလေးဆိုရင် နန္ဒဖြစ်နေမှာပေါ့ ... ဟင်း ဟင်း"

"ကျွန်တော် အဲဒီနာမည် မကြားဖူးလို့"

"သူက မိုးညို အထက်တန်းကျောင်းတုန်းက သူငယ်ချင်းလေ၊ ဆယ်တန်းအောင်ပြီးတဲ့နောက် ဘာသာရပ်မတူတော့ မတွေ့မိကြတော့ဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်ပတ်လည်လောက်ကမှ ပြန်တွေ့ကြတယ်လေ၊ နန္ဒာလေးကလည်း ပန်းချီဆရာမလေးပဲ ဖြစ်နေတာ၊ သူတို့ချင်း ပြပွဲတစ်ခုမှာ ပြန်ဆုံကြတယ်၊ ပြီးတော့ ပြန်တွဲမိကြတယ် ...

လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က နန္ဒက အိမ်ထောင်ပြုတယ်လေ၊ အဲဒီနောက်တော့ မကြာခင် သူ့ယောက်ျားလေးနဲ့ စင်ကာပူကို လိုက်သွားတာ၊ နန္ဒာနဲ့ ပြန်ဆုံဖြစ်တွဲဖြစ်တဲ့ အချိန်ပိုင်းက သားမရှိတဲ့အချိန်ပိုင်း ဖြစ်နေတော့ သား မသိဘူး ဖြစ်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"အန်တီ ဖျော်ရည်သွားယူလိုက်ဦးမယ်"

သွင်သစ်က အိမ်ပေါက်ဝခြင်ဆန်ခါတံခါးနောက်မှ မိုးညိုထံ လှမ်းကြည့်နေမိသည်။ ရင်ဘတ်လေးဖိကာ တအံ့တဩ ဝမ်းသာအယ်လဲဖြစ်နေသော မိုးညို မျက်နှာလေးက ပြုံးချိုကြည်နူးနေပါသည်။ ဒါကို သူ ငေးကြည့်နေမိသည်။

မိုးညိုကတော့ သွင်သစ် လှမ်းကြည့်နေတာကိုမသိပေ။ ထိုင်နေရာမှ ခုန်ထလိုက်မိတဲ့အထိ သူ ဝမ်းပမ်းတသာဖြစ်သွားမိတာပင်။

နန္ဒာ့ဆီကဖုန်းကို မမျှော်လင့်ထားမိပေ။ ရန်ကုန်ပြန်ရောက်လာသည်ဆိုတဲ့ အတွက်လည်း ဝမ်းသာသည်။

ဒါ့အပြင် နန္ဒာ ... ဆိုတဲ့ သူတစ်ယောက်ကို ခေါင်းထဲထည့်လိုက်မိသည်နှင့် တတွဲတည်းတွဲလျက် အရိပ်ထင်လာတဲ့ "တိုးမင်းဆက်"ကိုလည်း ရင်ထဲလှုပ်လှုပ်ရှားရှား အမှတ်သွားမိပါသေးသည်။

"ဝမ်းသာလိုက်တာ နန္ဒာရယ်၊ နင် ရန်ကုန်မှာပဲ နေတော့မှာလားဟင်"

"မဟုတ်ဘူး မိုးညို၊ ငါတို့ ကိုဥက္ကာမြို့ကိုပြန်မှာ၊ ကိုဥက္ကာက ခွင့်နှစ်လယူလာတယ်၊ သူ့အမေလည်း သိပ်နေမကောင်း





လို့လေ၊ ငါ ရန်ကုန်ရောက်ရောက်ရောက်ချင်းပဲ နင့်အိမ်ဆက်သွယ်တော့ အန်တီနှင်းနဲ့ပဲ အဆက်အသွယ်ရတယ်လေ"

"အင်း"

"အန်တီနှင်းကပြောတယ်၊ နင် '...ဖ...'မြို့မှာတဲ့"

"ဟုတ်တယ် နန္ဒာ၊ ငါ အဲဒီမှာ ရောက်နေတာ"

"အန်တီနှင်းလည်း အဲလိုပြောလိုက်ရော ငါ အံ့ဩပြီးပျော်လိုက်တာ၊ ထ,တောင်ခုန်မိတယ်"

"ဟင်"

"အဲဒါ ကိုဥက္ကာဇာတိမြို့လေ"

"ဟင် ... ဟုတ်လား၊ တကယ်"

"တကယ်ပေါ့၊ အစစ်ပေါ့ မိုးညိုရယ်၊ ငါတို့ အဲဒီမှာနှစ်လလောက် လာနေကြမှာ"

"ဟယ် ... ဝမ်းသာလိုက်တာ နန္ဒာရယ်"

"အေးဟယ် ... တိုက်ဆိုင်တာ အရမ်းပဲ၊ ပထမငါက သူ့မြို့မှာ ငါပျင်းနေတော့မှာပဲထင်တာ၊ ယောက္ခမက သိပ်မကျန်းမာတော့ မလိုက်လို့ကလည်း မကောင်းဘူးလေ၊ နေနိုင်သလောက်နေပြီး ရန်ကုန်မှာ မေမေတို့ဆီပဲ ငါတစ်ယောက်တည်းပြန်နေမလားလို့လေ၊ ခုတော့ နင် အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုတော့ နှစ်လမကလို့ ဘယ်နှလဖြစ်ဖြစ် ငါ အရမ်းပျော်နေပြီ"

"ငါလည်း ပျော်လိုက်တာ နန္ဒာရယ်၊ ငါ ဒီမှာ ဘယ်သူနဲ့မှ သိတာမဟုတ်ဘူးလေ"

"မိုးညို"

"နန္ဒာ"

"ငါကြားတဲ့သတင်းတွေ အဟုတ်လားဟင်"

မိုးညိုရဲ့အပျော်လေးတွေ ရုတ်တရက် အရှိန်တန့်ကာ အသံကလည်း တိခနဲရပ်သွားရပါသည်။

"နင် ကိုတိုးနဲ့ ပြတ်သွားတယ်ဆို"

"နန္ဒာ ... ငါ နင့်ကိုတွေ့မှ အေးအေးဆေးဆေးပြောပြပါ့မယ်ဟာ၊ ခုတော့ ပြောဖို့အဆင်မပြေဘူး"

"အေးပါ ... ငါကလည်း ဖုန်းထဲက နားထောင်ရမှာ အားမရပါဘူး၊ ပြောနေတဲ့ နင့်မျက်နှာကို ကြည့်ချင်မြင်ချင်သေးတာ၊ တစ်ခုခုတော့ ရှိလိမ့်မယ်လို့ ငါထင်တယ်၊ ငါ မယုံနိုင်အောင် ဖြစ်နေတာ၊ အန်တီနှင်းကိုလည်း မမေးရဲဘူးလေ၊ အစကတည်းက နင်က ကိုတိုးနဲ့ကိစ္စကို အန်တီနှင်း သိရင် ကြိုက်မှာမဟုတ်ဘူးဆိုပြီး တိတ်တိတ်လေး လျှို့ဝှက်ထားတာ ငါသိနေတာပဲဟာ"





"ဟုတ်တယ် နန္ဒာ"

"အခု ... ဟို ... ကိုတိုးရောဟင်"

"ငါလည်းမသိဘူး နန္ဒာ"

"ဟင် ... ဘယ်လိုမသိတာလဲ၊ အရင်အိမ် အရင်ဆိုင်မှာပဲ လားလို့"

"........"

"ဟင် ... မိုးညို ပြောလေ"

"အရင်ဆိုင်ကို သူ ပိတ်လိုက်တယ်၊ သူ့အိမ်ကိုလည်း အိမ်ငှားတင်လိုက်တယ် နန္ဒာ"

"အဲဒီတော့ ... သူက ..."

"ပြီးတော့ ... သူပျောက်သွားတယ် နန္ဒာ၊ သူ ဘယ်ရောက်နေလဲ ငါမသိဘူး"

"ဟယ်"

နန္ဒာ့အသံက တအံ့တသြ။

နန္ဒာနှင့် မမျှော်လင့်ဘဲ စကားပြောရတဲ့အတွက် မိုးညိုရင်ထဲမှာ ဆွေးဆွေးနင့်နင့် ဖြစ်ရသည်။ တိုးနဲ့ပတ်သက်နေခဲ့တဲ့ တစ်ချိန်လုံးမှာ မိုးညိုတွဲခဲ့တာ နန္ဒာ။ တိုးနှင့် မိုးညိုရဲ့အဖြစ်အပျက်တို့ကို အလုံးစုံနီးပါး သိထားတဲ့သူဟာ နန္ဒာမဟုတ်လား။ နန္ဒာနှင့် စကားပြောဖြစ်တဲ့အခါ တိုးကို မိုးညို လွမ်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသလို လွှမ်းဆွတ်မိတဲ့အခါ တစ်ပြိုင်နက် နောက်ဆက်တွဲအဖြစ်လည်း သွင့်အပေါ် အားနာအပြစ်မကင်းစိတ်ကို မိုးညို ခံစားရပါသည်။

“အံ့သြစရာကြီးပါဟယ်၊ ကိုတိုးက ရန်ကုန်ဇာတိပဲဟာ၊ ဘယ်ကိုရောက်သွားတာလဲ၊ နိုင်ငံခြားများ ထွက်သွားတာလား”

“တိုး ဘယ်ရောက်သွားလဲ ငါမသိပေမယ့် တိုးရဲ့တပည့် စတီဗင်တို့ ဇော်လေးတို့ကိုတော့ ငါအခု ဒီမြို့မှာ မမျှော်လင့်ဘဲ လာတွေ့နေတယ် နန္ဒာ”

“ဟင် … သူတို့မှန်း သေချာလား”

“သေချာတာပေါ့ နန္ဒာရယ်၊ သူတို့ ငါ့ကို ရီတီတီနဲ့တောင် နှုတ်ဆက်ကြပါသေးတယ်၊ သူတို့ပုံစံတွေက လုံးဝမကျေနပ်ကြတဲ့ပုံတွေနဲ့လေ”

“သူတို့ အဲလို မကျေမနပ်ဖြစ်ရအောင် နင် ကိုတိုးကို ဘာများလုပ်လိုက်လို့လဲဟင် မိုးညို၊ ဒီလိုကြီး ခြေရာဖျောက်သွားတဲ့အထိဆိုတော့ ရှိုးရှိုးလေးပြတ်သွားကြတာရော ဟုတ်ရဲ့လား၊ ဘာဖြစ်ကြသေးလဲဟင်”

“ငါ နောက်မှပြောပြပါ့မယ် နန္ဒာရယ်”





“အေးလေ … အေးပါ၊ နင် စိတ်ပါမှပြောပါ မိုးညို၊ နောက်တစ်ခုက အန်တီနှင်းကတော့ဝ် ပြောလိုက်သေးတယ်”

“ဘာတဲ့လဲ နန္ဒာ”

“မိုးညို လက်ထပ်တော့မယ်တဲ့၊ အဲဒါရော ဟုတ်လား”

“………”

“ဟင် … မိုးညို၊ နင်လက်ထပ်တော့မှာ တကယ်လား၊ ကိုတိုးက ပျောက်နေတယ်ဆိုတော့ နင် လက်ထပ်မှာတခြားတစ်ယောက်လား၊ ဘယ်သူလဲ”

“………”

“အင်းလေ … နင် အခုဖြေချင်ပုံ မပေါ်ပါဘူး ထားလိုက်ပါ၊ လူချင်းတွေ့မှပဲ အကြောင်းစုံ ပြောပြတော့နော်၊ ဒါနဲ့ နင်အခု အဲဒီကို ဘာသွားလုပ်နေတာလဲ”

“အန်တီနှင်း မပြောဘူးလား”

“အန်တီနှင်းက နင် … နင့်မာမိနဲ့ ‘……’မြို့ကို လိုက်သွားတယ်ပဲပြောတာ၊ ဘာသွားလုပ်လဲလို့ ငါလည်းမမေးမိတော့ဘူးလေ”

“ငါတို့နဲ့အတူ ကျန်းမာရေးမကောင်းတဲ့ လူမမာတစ်ယောက်ပါလာတယ် နန္ဒာ”



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အဲဒီလူမမာကို နင်တို့ Nursing လိုက်လုပ်ပေးရတာပေါ့၊ ဟုတ်လား ဘယ်လောက်ကြာမှာလဲ"

"ဘယ်လောက်ကြာမယ် ငါ အတိအကျ မပြောနိုင်ပေမယ့် နင် ဒီမှာရှိနေမယ့် နှစ်လလုံးတော့ ငါရှိနေဦးမှာပါ"

"အဲဒါပြီးတာပဲ၊ နင်ရော ငါရော မပျင်းရတော့ဘူးပေါ့"

"ငါ မျှော်နေမယ် နော်၊ နင်လာမယ်ဆိုတာ သိရတာ ငါ အရမ်းပျော်သွားတာပဲ"

"နင်က ဒီအရင်က စိတ်ညစ်နေလို့လား"

"ဟုတ်တယ် ... ငါမပျော်ဘူး နှော၊ နင် စင်ကာပူထွက်သွားပြီး မကြာခင် ငါ့ရဲ့မပျော်ရွှင်မှုတွေစတာပဲ၊ ခုဆိုတစ်နှစ်ရှိပြီလေ၊ နင်နဲ့ပြန်တွေ့ရရင် ငါ အရမ်းပျော်မှာပဲ နှော"

"အေးပါဟယ်၊ ငါ ရောက်လာတော့မှာပဲဟာ၊ နင်စကားပြောတာ နားထောင်ရတာ ပဟေဠိတွေ အရမ်းဖြစ်တယ်ဟာ၊ နင်ပြောပုံအရဆိုရင် နင် ကိုတိုးနဲ့ ကွဲပြီးတဲ့နောက်မပျော်တော့တာပဲ ဖြစ်မှာပဲလေ၊ အဲဒီကတည်းက ကိုတိုးနဲ့ကွဲရတာ နင့်ဆန္ဒမပါဘူးလို့ ငါမှန်းဆကြည့်မိတယ်၊ ပြီးတော့ နင် အခုလက်ထပ်တော့မယ့်ကိစ္စမှာလည်း နင့်ဆန္ဒမပါနိုင်ဘူးပေါ့၊ နင့်ကို ငါ သနားလိုက်တာ မိုးညိုရယ်၊ ငါ အမြန်ဆုံးရောက်လာခဲ့မယ်၊ နှစ်ရက် သုံးရက်အတွင်းပဲ သိလား မိုးညို"





"အေး ... ငါ မျှော်နေမယ်နော်"

"နင့်လိပ်စာ ပြောဦး"

"ခြံအမှတ်(--)၊ ...... လမ်း နှော"

"ဒါဆိုရင်ဒါပဲ မိုးညိုရေ၊ ငါ ဖုန်းချတော့မယ်၊ တာ့တာ နော်"

"တာ့တာ နှော"

မိုးညိုက ဖုန်းလေးကို ပိတ်လိုက်ပါသည်။ ဖုန်းကိုရင်ဘတ်ပေါ်ကပ်ကာကိုင်ရင်း တခဏတာ ငြိမ်သက်ငေးငိုင်နေမိသည်။ ခဏနေမှ သက်ပြင်းရှည်ရှည် မှုတ်ထုတ်လျက် အိမ်ဘက်လှည့်လျှောက်လာပါသည်။ ပန်းချီဆက်ဆွဲလိုစိတ်လည်း လတ်တလောမှာ မရှိတော့ပါ။ ပစ္စည်းတွေ နောက်မှပြန်လာသိမ်းယူတော့မည်။

အိမ်တံခါးမှ လှမ်းဝင်လိုက်တဲ့ မိုးညိုသည် ခြင်ဆန်ကာတံခါးနောက်မှာ ဖျော့ရည်ခွက်ကိုင်ကာ ရပ်နေသည့် သွင့်ကို မြင်လျှင် မျက်ခုံးလေးပင့်လျက် ...

"ဟင် ... သွင် နိုးနေတယ်လား"

သွင်သစ်က မိုးညိုကို တမြဲဟ်တနိုး ချစ်စနိုးပြုံးကြည့်ရင်း ...

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီလား"

"မိုးညို ဖုန်းတစ်ပြောပဲ"

"ဩော် ... မိုးညိုက သွင်နိုးနေတာ မသိတော့ အေးအေးဆေးဆေး ပြောနေတာ"

"ကိုယ်နိုးနေလည်းပဲ အေးအေးဆေးဆေး ပြောလို့ရပါတယ် မိုးညိုရယ်၊ ကိုယ့်နားမှာပဲ အချိန်ပြည့်ကြီးနေပေးဖို့မှ မလိုအပ်တာ၊ မိုးညို စိတ်ချမ်းသာတာ မိုးညို ပျော်တာလေးတွေ လုပ်ပါဦး၊ ကိုယ့်အတွက်သက်သက် မိုးညိုအချိန်တွေ ပေးနေရတာ ကိုယ် မိုးညိုကို သနားတယ် အားနာတယ်"

"သွင်ကလည်း အဲသလို ပြောပြန်ပြီ"

"နန္ဒာဆိုတာ ရန်ကုန်ကလား"

"နန္ဒာ... ! ဩော် ... မာမီပြောတာလား၊ အင်း ... ရန်ကုန်က၊ လက်ထပ်ပြီး သူက စင်ကာပူလိုက်သွားတယ်၊ အရမ်းအံ့ဩဖို့ကောင်းတာပဲ သွင်၊ သူက အခု သူ့ယောက်ျားမသိပ်နေမကောင်းလို့ ယောက်ျားနဲ့အတူတူ လာပြန်ကြည့်တာ၊ သူ့ယောက်ျားက ဘယ်မြို့ကဖြစ်နေလဲ သိလား"

"ဒီမြို့ကလား"

"ဟင် ... သွင်က သိနေတယ်"

"ဩော် ... မိုးညို ဒီလိုစကားစမှတော့ ဒါပဲဖြစ်ဖို့ရှိတာပဲဟာ မိုးညိုရယ်၊ သိနိုင်တာပေါ့"





"အဟင်း ... ဟုတ်တယ် သွင်၊ နှစ်ရက် သုံးရက်နေရင် သူ ဒီကိုရောက်လာလိမ့်မယ်"

"မိုးညို အဖော်ရတာပေါ့၊ မိုးညို မပျင်းရတော့ဘူးပေါ့"

"ခုလည်း မိုးညို ပျင်းမနေပါဘူး သွင်ရယ်"

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတစ်ယောက် ရောက်လာမယ်ဆိုတော့ မိုးညို ပျော်မှာပေါ့၊ ဒီမှာ မိုးညိုအသိမိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းလည်း ရှိတာမဟုတ်ဘူးမလား၊ နန္ဒာရောက်လာရင် ပိုပျော်မှာပေါ့"

မိုးညိုက အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်ပါသည်။ မိုးညို တကယ်လည်း ပျော်နေပါသည်။ ရင်တွေတောင် ခုန်နေမိတာပါ။ နန္ဒာ ရောက်လာရင် ပြောမိမည့်စကားတွေထဲမှာ ဘယ်နည်းနှင့်မဆို တိုးအကြောင်း ပါမှာမလွဲ။

မိုးညိုက မာမီ့ထံသွားကာ နန္ဒာရောက်လာမည့်အကြောင်းကို တအံ့တဩ ဝမ်းပန်းတသာ ပြောပြနေမိသည်။ မိုးညိုကို သွင်သစ်က ငေးကြည့်နေမိသည်။ မိုးညို မျက်နှာကိုကြည့်လျှင် မိုးညို စိတ်တွေ လှုပ်ရှားနေတာ သွင်သစ် ရိပ်မိသည်။ ထူးခြားမှုတစ်ခုရှိနေတာကိုလည်း အလိုအလျောက် သိနေမိပါသည်။

နန္ဒာဆိုတာ သူ မရှိတဲ့အချိန်ပိုင်းမှာ ရှိနေခဲ့တဲ့ မိုးညိုရဲ့အပေါင်းအသင်း။ သူ မရှိစဉ်က မိုးညို ကြုံတွေ့ဖြစ်ပျက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အဖြစ်အပျက်တွေထဲမှာ နန္ဒာလည်း အနည်းနှင့်အများပါဝင် ပတ်သက်နေခဲ့လိမ့်မည်။

အဓိက,ကတော့ ...။

အဓိက,ကတော့ မိုးညိုရဲ့နှလုံးသားရေးရာ။ မိုးညိုရဲ့ အချစ်ရေး။ ဒီလိုကိစ္စမျိုးကို မိန်းကလေးတွေဟာ ရင်းနှီးခင်မင်တဲ့ သူငယ်ချင်းကို အလုံးစုံဖွင့်ဟတိုင်ပင်လေ့ရှိစမြဲပဲ မဟုတ်လား။ သူ မရှိစဉ်အခိုက်မှာ မိုးညို၌ နှလုံးသားရေးရာ အရေးအခင်းတစ်ခု ရှိခဲ့တာ သွင်သစ် သိခဲ့ပြီးပြီပဲ။

သူ သိခဲ့ရတာကလည်း မိုးညိုကိုယ်တိုင် ဖွင့်ဟပြော ပြခဲ့လို့။ မိုးညို သူ့ကို ပြောစဉ်က လူတစ်ယောက်ရဲ့ချစ်ခွင့်ပန်မှု ကို သူ လက်ခံစဉ်းစားခဲ့ကြောင်း၊ သူကိုယ်တိုင်လည်း စိတ်လှုပ် ရှားယိမ်းယိုင်မှု ရှိခဲ့မိတဲ့အကြောင်း၊ ပြန်လည်တုံ့ပြန်ဖို့အထိလည်း စိတ်ကူးမိခဲ့တဲ့အကြောင်း၊ ဒါပေမဲ့ လေးလေးနက်နက် ခိုင်ခိုင်မြဲမြဲ အနေအထားတစ်ခုထိ ရောက်အောင်တော့ ငြိတွယ်မိတဲ့အထိမဖြစ် ခဲ့ရသေးကြောင်း။

ဒါတွေက မိုးညိုရဲ့ဝန်ခံစကားတွေပင်။

ဒါတွေကို တိတိကျကျ ယုံကြည်တယ်လို့ သွင်သစ် ဝန်မခံချင်ပါ။ သူ့စိတ်ထဲမှာ သံသယတော့ ရှိခဲ့သည်။ ရှိခဲ့ပေမယ့် သူက မိုးညိုပြောသမျှကို လက်ခံယုံကြည်တဲ့ အနေအထားမျိုးနှင့်





ပဲ နားလည်ကြည်ဖြူပေးခဲ့ပါသည်။ တကယ်တော့လည်း သူ မကြည်ဖြူနိုင်ဘူးလို့ ဗွေယူဖို့ သူ့မှာ အခွင့်အရေးမရှိ။

သူ မရှိတော့တဲ့အတွက် မိုးညို လူတစ်ယောက်အပေါ် စိတ်ကူးယဉ်တာ၊ စိတ်လှုပ်ရှား တိမ်းညွတ်တာ၊ ချည်နှောင် တွယ်တာ,တာကို သူ ဘယ်လိုများ အပြစ်ယူနိုင်ပါမတဲ့လဲ။ သူက ဘယ်လောက်ကြာရင် ပြန်လာပါမည်ရယ်လို့ အသိပေးထွက်ခွာ သွားခဲ့တာမှ မဟုတ်တာ။

မိုးညိုကိုလည်းကောင်း၊ သူ့မိသားစုကိုလည်းကောင်း ဘာတစ်ခွန်းမှ ကြိုတင်အသိမပေး တိုင်ပင်ဖွင့်ပြောခြင်းမရှိဘဲ သူ က ရုတ်တရက် ကောက်ကာငင်ကာ ပျောက်ကွယ်သွားခဲ့တာလေ။ သူ စုတ်စမြုပ်စပျောက်သွားခဲ့တဲ့နောက် နှစ်နှစ်ကျော် သုံးနှစ်ကြာ မှ မိုးညို လူတစ်ယောက်ကို စိတ်လှုပ်ရှား ယိမ်းယိုင်တဲ့ကိစ္စကို သူ ဘယ်လိုများ ဗွေယူခွင့်ရှိမှာတဲ့လဲ။

ဘာပဲဖြစ်ဖြစ် သူ ခံတော့ခံစားရသည်။ ခံစားရတဲ့ အထဲမှာ မိုးညိုကို အရမ်းသနားနေမိတာလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ပြန်ပါသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



— ၁ —

"ကိုတိုး"

"ဟေ ... ဘာလဲ"

"အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်"

တိုးမင်းဆက်က ပန်းချီကားတစ်ချပ်ကိုဆောင်ကျက် တပ်ဆင်နေရာမှ စတီဗင့်ကို အံ့အားတသင့် မော့ကြည့်လိုက်ရင်း ...

"ဘယ်ကဧည့်သည်လဲ"

"ဟိုကောင်မလေး အစ်ကို"

"ဘယ်ကောင်မလေးလဲ"

"ဆိုင်လာလာနေတဲ့ ကောင်မလေးလေ"

"ဟ ... ဆိုင်လာလာနေတဲ့ ကောင်မလေးတွေက အများကြီးရှိတာပဲ၊ ဘယ်သူ့ကို ပြောနေတာလဲ ငါ ဘယ့်နှယ် လုပ်သိမှာတုံး"





"ဟိုတစ်ခါ ပြောဖြစ်သေးတယ်လေ အစ်ကိုရာ၊ ကျွန်တော်တို့ သူ့ကိုကြည့်တိုင်း သူက အစ်ကို့ကိုချည်း ကြည့်နေတယ် ဆိုတဲ့ တစ်ယောက်လေ၊ ကျွန်တော်တို့ သူ့ကြည့်တယ် ငါ့ကြည့်တယ် လွဲချနေကြတဲ့ ..."

"သြော် ... ဆရာဝန်ကြီး သမီးလား"

"ဟုတ်တယ် ... ဟုတ်တယ် ကိုတိုး၊ ဆရာဝန်ကြီးသမီး"

တိုးမင်းဆက်က အမှတ်တမဲ့ မေးလိုက်မိပြီးမှ စတီဗင့် အဖြေကိုကြားလျှင် ပြုံးဖျဖျအံ့သြသွားရင်း ...

"ဆရာဝန်ကြီးသမီးမှန်း မင်းက ဘယ်လိုလုပ်သိလဲ"

စတီဗင်က တစ်မျိုးလေး ဖြစ်သွားပြီးမှ ...

"ကိုတိုးရော ... ဘယ်လိုလုပ်သိလဲ"

"ငါသိတာက သူ့ဘာသာသူ လာပြောနေလို့လေ၊ ဟိုးရှာလောက ငါ ပန်းချီသွားသွားဆွဲတဲ့ ကန်စပ်ကို စက်ဘီးနဲ့ရောက်ရောက်လာပြီး စကားရောဖွဲရော လာလာလုပ်တာလေ"

စတီဗင်က မျက်ခုံးမြင့်တက်ကာ ...

"ဟုတ်လား ... သူက အဲလိုမျိုး အစ်ကို့ဆီလာစကားပြောတယ် ဟုတ်လား"

"အေးလေ"



www.burmeseclassic.com

www.burmeseclassic.com



စတီဗင့်မျက်နှာက မကျေမနပ် မှုန်တေတေဖြစ်သွားရင်း ...

"ကျွတ် ... ဘယ်လိုကောင်မလေးပါလိမ့်၊ မလွယ်ပါလား"

"မင်းရော ဘယ်လိုသိလဲ၊ သူ ပြောတာပဲလား"

"သူ မပြောပါဘူး၊ သူနဲ့မှမသိတာ၊ ကျွန်တော့်ဘာသာ တခြားက သိထားတာပါ"

တိုးမင်းဆက်က စတီဗင့်မျက်နှာကို အကဲခတ်ကာ ခပ်တိုးတိုးရယ်မောရင်း ...

"အဲဒါကြောင့် ငါ ခုနောက်ပိုင်း ကန်စပ်သွားမဆွဲတော့ဘဲ စေတီကုန်းဘက် ဘုန်းကြီးကျောင်းဘက် သွားသွားနေတာပေါ့ကွ"

"ဪ ... ဟုတ်လား၊ အဲဒီတော့ သူ ရောက်မလာဘူးလား"

"ငါ ဘယ်နေရာပြောင်းဆွဲနေလဲ သူ ဘယ်လိုလုပ်သိဦးမလဲ၊ အဲဒီတော့ ရောက်မလာဘူးပေါ့"

"ဪ ... ကိုတိုး ရှောင်ပုန်းနေသလို ဖြစ်နေလို့ သူ လိုက်လာလားမှ မသိတာ"

တိုးမင်းဆက်က ရှုံ့မဲ့ရင်း ...

"အား ... ငါ့ကို မတွေ့လို့ အိမ်ထိလိုက်လာရအောင် သူနဲ့ငါက ဘာများရင်းနှီးလို့လဲ၊ ဘာမှလဲ မပတ်သက်၊ ရင်း





လည်းမရင်းနှီး၊ မတွေ့တာနဲ့ပဲ လိုက်လာစရာလား၊ ငါလည်း သူ့ကိုတွေ့စရာအကြောင်း မရှိဘူး၊ မင်း ဘာကိစ္စလဲ မေးပြီး ကြည့်ကျက်ရှင်းလိုက်ပေါ့ကွ၊ ငါ သူ့ကိုစကားထိုင်လက်ခံပြောပြီး ဧည့်ထောက်ခံနေဖို့ အချိန်မရှိဘူး၊ ဒီမှာလည်း မြင်တဲ့အတိုင်း သောက်လက်စနဲ့"

ခုနောက်ပိုင်း နေ့ရယ် ညရယ်မရွေး အရက်ပြန်သောက်ဖြစ်နေတဲ့ တိုးမင်းဆက်ဟာ အခုလည်း အလုပ်လုပ်နေရင်းတန်းလန်း နံဘေးမှာ ပုလင်းရော ဖန်ခွက်ရော လက်စနှင့်ပါ။

"ဟုတ်"

သူ့ထံမှစကားရသည်နှင့် စတီဗင်က ခပ်သွက်သွက်လှည့်ထွက်သွားပါသည်။ စတီဗင့်ကိုကြည့်ရင်း တိုးမင်းဆက်ပြုံးမိသည်။ ဒီကောင်မလေးနှင့် ပတ်သက်ပြီး စတီဗင်တစ်ယောက် နည်းနည်းလေးများ ပိုပိုသာသာ လှုပ်လှုပ်ခတ်ခတ် ဖြစ်သလားလို့။

စတီဗင်က ခြံဝင်းထဲက မဖွင့်သေးတဲ့စားသောက်ဆိုင်နားမှာ စက်ဘီးလေးတွေထိုးပြီး ရပ်စောင့်နေတဲ့ ကောင်မလေးနှစ်ယောက်နား ပြန်ရောက်လာသည်။ ကောင်မလေးက သူ့ကို မျှော်လင့်တကြီး လှမ်းကြည့်နေသည်။

စတီဗင်က မှုန်တေတေနှင့်ပင် ...

"ကိုတိုး မအားဘူး"



www.burmeseclassic.com

www.burmeseclassic.com



မွန်နုခက မျက်နှာပျက်သွားကာ ...

"ဟင် ... ဘာလို့ မအားတာလဲ"

"အလုပ်ရှိလို့ပေါ့"

"ဟင် ... ညည့်သည်လာတာကို မအားဘူး အလုပ်ရှိတယ်လို့တော့ ပြောလွှတ်မယ် မထင်ပါဘူးနော်၊ မအားရင်တောင် ညည့်သည်ကိုတွေ့ပြီးမှ အလုပ်ရှိသေးကြောင်း ပြောမှာပေါ့၊ ခုလိုတော့ ပြောမယ်မထင်ပါဘူး"

"ဟာ ... ခုလိုပြောလို့ ခုလို လာပြန်ပြောတာပေါ့၊ အစ်ကိုက အဲလိုမပြောဘဲ ကျွန်တော်တို့က ကြားကနေ ပြောရဲပါ့မလား"

"ရှင် ... သူကို ကောင်းကောင်းမပြောပြလို့ နေမှာပေါ့"

"ဘယ်လိုကောင်းကောင်းပြောရမှာလဲ"

"အစ်ကိုကြီးကို မီးက ပန်းတွေလက်ဆောင်လာပေးတာဆိုတာ ရှင် ကောင်းကောင်းပြောပေးပေါ့၊ ပန်းတွေက အိမ်မှာ မေကြီးကိုယ်တိုင် စိုက်ထားတာတွေ၊ အစ်ကိုကြီးအတွက် ယူလာတာ"

"အစ်ကိုကြီး ဆိုတာ ကိုတိုးကို ပြောနေတာလား"

"အင်းလေ ... ဘယ်သူရှိလို့လဲ၊ မီးထက်အများကြီးကြီးတာ အစ်ကိုကြီးပေါ့"





စတီဗင်က မွန်နုခကို မျက်ခုံးတွန့်တွန့်နှင့် ကြည့်နေမိသည်။ စိတ်ထဲကလည်း "ရှုပ်စိန်မ"လို့ ပစ်ပစ်နှစ်နှစ် ကင်ပွန်းတပ်မိသည်။

"နေပါဦး ... ကိုတိုးက ယောက်ျားကြီးတစ်ယောက်ဆိုတာ ခင်ဗျား သိရဲ့လား"

"ဘာပြောတယ် ... ရှင် ရူးနေလား"

"မရူးပါဘူး"

"ဘာတွေ လာမေးနေတာလဲ"

"ခင်ဗျားက ကိုတိုးဖို့ ပန်းတွေယူလာတယ် ဆိုလို့လေ၊ အဲလိုပန်းတွေ ဘာတွေဆိုတာ မိန်းကလေးတွေကို ပေးရတာမဟုတ်လား၊ ယောက်ျားနဲ့ပန်း ဘာများအပ်စပ်လို့လဲ၊ ယောက်ျားလေးက မိန်းကလေးကို ပန်းပေးတယ်ဆိုတာပဲ ကြားဖူးပါတယ်၊ ခင်ဗျားလက်ထက်ကျမှပဲ မိန်းကလေးက ယောက်ျားကြီးကို ပန်းပေးရတယ်လို့ ...

ခင်ဗျားလက်ထဲ ပန်းတွေတွေ့ပေမယ့် ကိုတိုးဖို့လို့ ဘယ်ထင်မှာလဲ၊ ထုံးစံမှမရှိတာ၊ အဲဒါကြောင့် ကိုတိုးကို ညည့်သည်လာတယ်ပဲ ပြောခဲ့တယ်၊ ပန်းတွေ ဘာတွေ ဘာမှထည့်မပြောဘူးပေါ့ဗျ"

"ယောက်ျားလည်း ဘာဖြစ်လဲ၊ ရှင်တို့အိမ်မှာ ဘုရားစင် မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့"

"ဘုရားစင်ရှိရင် ဘုရားပန်းအိုးလည်း ရှိမှာပေါ့"

"ရှိတာပေါ့"

"ဘုရားပန်းအိုးထိုးပေါ့၊ အိမ်မှာ ပန်းအိုးရှိလည်း ထိုးလို့ရတယ်၊ မရှိရင်လည်း အနည်းဆုံး ဘုရားတော့ ကပ်လို့ရတယ်၊ ပန်းပေးတာပဲ ပန်ခိုင်းတယ်များ ထင်နေလား မသိပါဘူး"

"မသိဘူးလေ"

"အခု သိပြီပဲ၊ သွားပြန်ပြောပေး"

"ဟာ... မပြောနိုင်ပါဘူးဗျာ၊ အလုပ်ရှိသေးတယ်၊ အလကား အားနေတာမဟုတ်ဘူး၊ ကိုတိုးကလည်း ပြောလိုက်ပြီးသား၊ အကျိုးအကြောင်းကိစ္စဝိစ္စမေးပြီး ကြည့်လုပ်လိုက်တဲ့၊ သူ တော့ မအားဘူးတဲ့"

"သူက ဘာလုပ်နေလို့လဲ"

"ဟာ ... ခင်ဗျားနဲ့ ဘာဆိုင်လဲ"

"ဟင် ... ဒီလိုပဲ ဘာလုပ်နေလဲ မေးတာပဲဟာ၊ မမေးရဘူးလား၊ ရှင်တို့ကိုက လိုတာထက်ပိုပြီး လျှို့ဝှက်ဖုံးကွယ်နေသလိုလို၊ ဘာလုပ်နေလဲဆိုတာ မေးတာ ဘယ်လောက်ပြစ်မှုကြီးသွားလဲ၊ ထမင်းစားနေတယ်၊ ရေချိုးနေတယ်လို့ ရှင်ဖြေလိုက်ရင် ပြီးတာပဲ မဟုတ်လား"





"ကျွတ်"

"ကဲပါ ... သွားပြန်ပြောလိုက်ပါ၊ ပန်းလာပို့တာလို့"

"ခင်ဗျားပန်း ဒီမှာပဲ ထားခဲ့လေ၊ ကျွန်တော် နောက်တော့ ကိုတိုးဆီသွားပေးလိုက်မယ်၊ ပြီးရောမဟုတ်လား၊ ခင်ဗျားပန်းတွေလည်း ကျွန်တော် ကြားကနေ ဖြတ်စားလာဘ်စားလုပ်စရာ ဘာမှအကြောင်းမရှိဘူး၊ ဆက်ဆက်ပေးလိုက်မယ်၊ ထားခဲ့ပြီး ပြန်လိုက်တော့"

"မထားခဲ့နိုင်ပါဘူး၊ မီးကိုယ်တိုင် ပေးမလို့ဟာကို၊ အစ်ကိုကြီးကိုလည်း တွေ့ချင်သေးတာ"

"ဟား ... ရောဂါပဲ"

စတီဗင်က ကောင်မလေးကို တော်တော်ချဉ်လာပါသည်။ ကိုတိုးကြီး ပန်းချီဆွဲတဲ့ဆီလိုက်၊ အိမ်လာပန်းပို့နဲ့ ဘယ်လိုများ ဖြစ်နေရတာလဲ။ ကိုတိုးကြီးကဖြင့် လုံးဝစိတ်မဝင်စားတာ သေချာသည်။ ရိုက်ချင်စိတ်တောင် ပေါက်လာပြီ။

"ရိုက်ထုတ်လိုက်ရ ရွာမှထွက်လေ တောမှာသေသည် ကောင်သေငှင်းတကျ၏တည်း"တော့ ဖြစ်တော့မှာပဲ ဒီကောင်မလေးတော့။

"ကဲပါ ... သွားပြောပေးပါ"

"မပြောဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလို့ စိတ်ပုပ်နေတာလဲ"

"ဘာ"

ဗလက ဆိုင်လေးဘက်မှ ထွက်လာကာ ...

"ကဲ ... ကဲ ... ကျွန်တော် သွားပေးပေးမယ်၊ ပန်းတော့ တစ်ခါတည်းပေးလိုက်၊ အစ်ကိုကလည်း ထွက်လာမယ်တော့ မထင်ဘူး၊ ခင်ဗျား ပေးသွားတာ သေသေချာချာ ပြောပြပါ့မယ်၊ ခင်ဗျားလည်း ပြန်လိုက်တော့ပေါ့ဗျာ ... နော်"

"ဟင့်အင်း ... မပြန်သေးဘူး၊ အစ်ကို ပန်းသွားပေးရင်းနဲ့ မီးစောင့်နေတာ ပြောပြလိုက်လေ၊ အစ်ကိုကြီးကို မီးမေးချင်တာတွေလည်း ရှိသေးတယ်"

ဗလက မွန်နုခ လက်ထဲက ပန်းစည်းကြီးကိုယူကာ အိမ်ဘက်ကို လျှောက်လာခဲ့ပါသည်။ သူအိမ်ထဲဝင်လာတာမြင်လျှင် တိုးမင်းဆက်က အရင်ဦးစွာ ...

"ဟိုကောင်မလေး မပြန်သေးဘူးလား"

"ဟင့်အင်း ကိုတိုး၊ မပြန်သေးဘူး"

"ပြန်ခိုင်းလိုက်လေ၊ ငါမအားဘူးလို့"

"မပြန်ဘူး အစ်ကို၊ အခုလည်း ပန်းယူသွားပြီး သူစောင့်နေတာ ပြောခိုင်းနေတယ်"





"ပန်းတွေက ဘာလုပ်ဖို့လဲ"

"ဘုရားပန်းအိုးထိုးတဲ့ သူ့အမေကိုယ်တိုင် စိုက်တာတဲ့"

"ကျွတ် ... ဒီကောင်မလေးကလည်း အရှုပ်ထုပ်ပဲကွာ၊ ငါက စတီဗင်ကြည့်ရှင်းနိုင်မယ် ထင်တာ၊ ကဲ ... ကဲ ... မတွေ့မချင်း မပြီးဘူးနေမှာ ခေါ်လိုက်ကွာ၊ မင်းပါပြန်လိုက်လာခဲ့ဦး"

"ဟုတ်ကဲ့ ကိုတိုး"

တိုးမင်းဆက်က စိတ်ရှုပ်ရှုပ်နှင့် ပါးစပ်က ပွစိပွစိ ရေရွတ်ကာ သူ့ရဲ့ပုလင်းနှင့် ဖန်ခွက်ကို အလွယ်တကူ မတွေ့အောင် ထဖွက်ရပါသည်။ ကိုယ်က ဘယ်သူတွေ့တွေ့သိသိ ဂရုမစိုက်ဘူး ဆိုပေမယ့် မိန်းကလေးတွေအတွက် သူတို့သိက္ခာကို အားနာထောက်ထားသောအားဖြင့် သိသာသိစေ မမြင်စေနဲ့ပေါ့။

သိတာကတော့ သိနိုင်မှာပါ။ သူ့အနားက ယမကာရနံ့က တလှူလှူ လွင့်ပျံ့နေတာပဲလေ။

ဗလပြန်ထွက်သွားပြီး မကြာခင်ပင် ဗလနှင့်အတူ ကောင်မလေးနှစ်ယောက် ပါလာပသည်။ တိုးမင်းဆက်က ပန်းချီကားချပ်များ ဘောင်များနှင့် ကြမ်းပေါ်နှာပဲ ထိုင်နေတာမို့ မွန်နုခနှင့် သူ့သူငယ်ချင်းမလေးကလည်း သူနှင့်မလှမ်းမကမ်း ကြမ်းပေါ်မှာ လာထိုင်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး"

တိုးမင်းဆက်က ခပ်တည်တည်လေသံနှင့် မေးလိုက်ပါသည်။

"အဟီး ... အစ်ကိုကြီးကို ဘုရားပန်းတင်ဖို့ လာပို့ပေးတာ"

"အဲဒါ ထားခဲ့လည်း ရတာပဲ မဟုတ်လား"

"အစ်ကိုကြီးကိုလည်း ခုတလော မတွေ့လို့"

"အဲဒီတော့"

"ဖေကြီးက တစ်ချိန်လုံး ဆိုင်မှာခဏခဏ ထွက်စားနေတာ ပိုက်ဆံကုန်တယ်ဆိုပြီး မီးကို မုန့်ဖိုးသိပ်မပေးတော့ ဆိုင်မှာလည်း သိပ်လာမစားနိုင်၊ ကန်စပ်မှာလည်း အစ်ကိုကြီးကို မတွေ့တော့ နေရောကောင်းရဲ့လားလို့ပေါ့"

"နေကောင်းတယ်၊ ကဲ ... အခုသိရပြီပေါ့"

"အစ်ကိုကြီး အလုပ်ရှုပ်နေတာလား"

"အင်း"

"အဲဒါ ဘာလုပ်နေတာလဲ"

"ဟာ ...၊ ညည်း မေးခွန်းကလည်းပဲ၊ ဒီခွေးလေးတွေက ဘာကောင်လေးတွေလဲဟင် ဆိုတာ ကျနေတာပဲ၊ မင်းတွေ့နေသားပဲလေ၊ ပန်းချီကားတွေ ဘောင်မှာတပ်နေတာ"

"အဲဒါ ရောင်းဖို့လား"





"မရောင်းဘူး"

"ဟင် ... ဆွဲပြီးသိမ်းထားတာလား အမြဲတမ်း၊ ဆွဲထားသမျှတွေကိုလေ"

"ရောင်းရင်လည်း ရန်ကုန်မှာ ကိုယ်တို့အုပ်စု ပြပွဲရှိမှ၊ ပြပွဲမှာ တင်ရောင်းမှာ"

"အစ်ကိုကြီး အခု ကန်စပ်မှာ လာမဆွဲတော့ဘူးလား"

"ဟင့်အင်း"

"အခု ဘယ်နားသွားဆွဲနေလဲဟင်"

"ဒီလိုပါပဲ၊ စိတ်ကူးရရာပေါ့၊ ဟိုနားသွားဆွဲ ဒီနားသွားဆွဲ တစ်နေရာတည်းမှာ ပုံမှန်မဟုတ်ဘူးလေ"

မွန်နုခက ဒူးလေးထောက်၍ ငုံ့ကိုင်းကာ တိုးမင်းဆက် ဘောင်တပ်နေတဲ့ကားကို ကြည့်နေပါသည်။ ကြည့်ရင်းက ပြုံးစိစိဖြစ်လာကာ ...

"ခစ် ခစ် ခစ် ... မီးသိပြီ"

"ဘာသိတာလဲ"

တိုးမင်းဆက်က မွန်နုခကို ငုံ့ကြည့်လိုက်သည်။ ရယ်ဖပ်ဖပ်မျက်နှာကလေးဟာ ကလေးဆန်ဆန် ချစ်စရာကလေး။ သူပါရောပြုံးချင်သလို ဖြစ်လာကာ ...

"မင်း ဘာသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ဘယ်နားသွား ပန်းချီဆွဲနေလဲဆိုတာလေ။ ဒီမှာ ကြည့်လေ ... ဒါ မြို့ဦးစေတီကုန်းလေ၊ ဟိုးနောက်ဘက်မှာ တောင်ခြေရှိတယ်၊ ရှုခင်းက ဒီအနေအထားနဲ့ ပေါ်နေတယ်ဆိုရင် အစ်ကိုကြီး မြို့ဦးကျောင်းဆရာတော်ရဲ့ ကျောင်းဘေးဘက်နားက ဆွဲနေတာလေ ... ဟီး ဟီး"

တိုးမင်းဆက်က မနေနိုင်တော့ဘဲ လှစ်ခနဲ ပြုံးရယ်လိုက်မိပါတော့သည်။

"မင်း တစ်မြို့လုံး တော်တော်ကို အနှံ့လျှောက်သွားထားတာပဲ၊ ပုံကိုကြည့်လိုက်တာနဲ့တောင် ဘယ်နားကဆွဲတယ်ဆိုတာ တန်းသိနေတယ်"

"အဟီး ... အယ်"

"ဘာတုန်း"

"အစ်ကိုကြီး ရယ်နေတာတွေ့လို့ပါ"

"ဩော် ... ဘာများလဲလို့ကွာ"

"အစ်ကိုကြီး ရယ်နေတာ အရမ်းချောတာပဲ ... အဟီးဟီး"

တိုးမင်းဆက်မှာ ရှက်သလိုလိုပင် ဖြစ်သွားရရင်း ...

"မင်းကတော့ အရှူးမဟုတ် အကောင်းမဟုတ်ဘဲ၊ မင်းနဲ့ ပေါင်းလို့ကတော့ ပေါင်းတဲ့လူပါ အရူးအပေါ ဖြစ်လိမ့်မယ်၊ ကဲ ... ကဲ ... ကိစ္စပြီးရင် ပြန်တော့၊ ကိုယ်လည်း ဒီမှာ အလုပ်ရှိသေးတယ်"





"ဟုတ်"

သူ ခပ်တည်တည် ပြန်ပြောလိုက်တော့လည်း မွန်နုခက စကားနားထောင်ရှာသည်။ ခေါင်းလေးညိတ်၍ သူ့ကိုနှုတ်ဆက်ကာ ပြန်ပါတော့သည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဒီမှာတော့ ရှုပါမားကက် ဒီတစ်ခုပဲရှိတယ်၊ ပစ္စည်းတော့ တော်တော်စုံစုံရှိပါတယ်"

"အဟင်း … နင်က ငါ့ထက် လနဲ့ချီပြီး စောရောက်နေတော့ ဒီမြို့မှာ နံ့နံ့စပ်စပ် သိနေပြီပေါ့"

"နံ့နံ့စပ်စပ်လို့တော့ ပြောလို့မရဘူးပေါ့ဟယ်၊ ဒါပေမဲ့ နေရာတော်တော်များများတော့ ရောက်ပြီးပါပြီ။ မြို့ကွက်ကလည်း အရမ်းကြီးကျယ်တာမှ မဟုတ်တာလေ"

"ကော်ဖီသောက်ရအောင်"

"အင်း"

မိုးညိုနှင့် နန္ဒာ ရှုပါမားကက်ကြီးထဲက ကော်ဖီဆိုင်လေးမှာထိုင်ကာ ကော်ဖီအေးနှစ်ခွက် မှာလိုက်ပါသည်။





"နင် မုန့်မစားဘူးလား နန္ဒာ၊ နင်က ဒီလိုမုန့်မျိုးတွေ ကြိုက်တယ်လေ"

"ဟင့်အင်း … မစားတော့ဘူး"

"ဘာလို့လဲ၊ အိမ်မှာ စကားပြောတုန်းက ငါမွဲနေတယ်လို့ ငါပြောလို့လား"

"မဟုတ်ပါဘူးဟဲ့ ဗိုက်မဆာလို့ပါ၊ နင် မွဲနေလည်း ငါကျွေးလို့ရတာပဲဟာ၊ နင်တို့အိမ်မှာလည်း နင့်မာမီက အသီးတွေရော လက်ဖက်တွေရော ကျွေးလိုက်သေးတာ"

"နင်စဉ်းစားကြည့်လေ၊ ငါ့မှာ ဘာဝင်ငွေရှိလို့တုန်း နန္ဒာ၊ နင်နဲ့ငါ တွဲနေကြတဲ့ ဟိုးတစ်နှစ်တုန်းက ငါက ဟုမ်းမ်စပါယ်ရှယ်လ်နာ့စ်လည်း ရံဖန်ရံခါ လိုက်လုပ်ဖြစ်တယ်လေ၊ အဲဒါလည်း ဝင်ငွေကောင်းတာပဲ၊ ငါ့ပန်းချီကားတွေ တစ်ခါတလေ ရောင်းရတာလည်း ရှိတယ်လေ၊ ဒီတော့ အဆင်ပြေတာပေါ့ဟ …

လွန်ခဲ့တဲ့ တစ်နှစ်ကတည်းက ငါ စပါယ်ရှယ်လ်နာ့စ်လည်း မလုပ်ဖြစ်တော့ဘူး၊ ပန်းချီအုပ်စုတွေနဲ့လည်း အဆက်ပြတ်တယ်၊ အဲဒီကတည်းက ဝင်ငွေမရှိတာလေ၊ ငါ့မှာစုထားတဲ့ပိုက်ဆံ နည်းနည်းရှိတော့ အဲဒါပဲ နည်းနည်းပါးပါး ထုတ်သုံးနေတာပေါ့၊ ပိုက်ဆံသုံးစရာလည်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိဘူးလေ၊ မာမီကလည်း ငါ့ကိုလတိုင်းသုံးဖို့ မုန့်ဖိုးပေးပါတယ်၊ ဒါပေမဲ့ ငါအားနာတယ်လေ၊ အသက်ပဲ ကြီးလှပြီ၊ မာမီဆီက မုန့်ဖိုးယူသုံးနေရမှာ ငါသဘောမကျဘူး”

“ဒါပေမဲ့လည်းဟာယ် သားအမိပဲ၊ မုန့်ဖိုးပေးတာ ယူတာ ဘာဖြစ်လဲ”

“သားအမိဆိုပေမယ့်ဟာယ် ငါသိတတ်ရမှာပေါ့၊ နင်အားလုံး သိတာပဲ၊ မာမီက ငါ့ကို လသမီးကတည်းက မွေးစားခဲ့ တာဝန်ယူခဲ့ရတာလေ၊ ခုထိ တာဝန်ယူရတုန်းလို ဖြစ်နေတာပေါ့၊ မာမီလည်း အသက်ကြီးပြီလေ၊ သူလည်းဝင်ငွေ ရှိတာ မဟုတ်ဘူးလေ”

“ဒါပေမဲ့ နင့်မာမီက ပိုက်ဆံရှိတာပဲဟာ ဘာဖြစ်လဲဟ”

“ငါ ပန်းချီကားတချို့တောင် ရန်ကုန်မှာရောင်းဖို့သွားအပ်မလားလို့”

“အဲဒါလည်း ကောင်းသားပဲ”

“ကိုမျိုးအောင်တို့နဲ့လည်း အဆက်အသွယ် ပြတ်နေတာကြာပြီ၊ ဖုန်းနံပါတ်တော့ သိပါတယ်၊ ဖုန်းအရင်ဆက်ကြည့်ဦးမယ်၊ နံပါတ်မပြောင်းရင်တော့ စကားပြောလို့ရမှာပေါ့”





နန္ဒာရော မိုးညိုရော ငယ်ငယ်ကတည်းက ပန်းချီဝါသနာပါကာ ကိုယ့်ဟာကိုယ် ဆွဲနေကြရင်းက အထက်တန်းမှာ တိုက်တိုက်ဆိုင်ဆိုင် ဝါသနာတူချင်း ရင်းနှီးခင်မင်ကြတာပါ။ ဟိုးတစ်နှစ် ပြန်ဆုံကြတဲ့အခါမှာ လည်ဝယ်နှံ့စပ်တဲ့ နန္ဒာ့ကြောင့် ကိုမျိုးအောင်တို့လို ဂယ်လာရီလေးဖွင့် ပြပွဲမကြာမကြာလုပ်နေတဲ့ ပန်းချီအုပ်စုတွေနှင့် ရင်းနှီးခင်မင်ခွင့်ရခဲ့သည်။

ပြပွဲလေးတွေမှာ ပါခွင့်ရကာ ပန်းချီကားလေးတွေ ရောင်းခွင့်ရခဲ့သည်။ တကယ်တော့ တိုးနှင့်ရင်းနှီးမှုစတင်ခဲ့တာဟာလည်း နန္ဒာ့ကြောင့်ပါပင်။ နန္ဒာက တိုးမင်းဆက်နှင့်လည်း အနည်းငယ် သိကျွမ်းခင်မင်သည်။

တိုးနှင့် မိုးညို ပထမဦးဆုံး ဆုံစည်းဖြစ်ခဲ့သည်မှာ သူတို့ပန်းချီဆွဲသူတွေ တစ်အုပ်ကြီး ကားသုံးစီးတူတူထွက်၍ မြို့ပြင်မှာ ပန်းချီထွက်ဆွဲဖြစ်ကြတဲ့ နေ့ကလေးတစ်နေ့ပင်။ ထိုနေ့မှာ တိုးနှင့် မိုးညို တစ်ယောက်ကိုတစ်ယောက် စတင်မြင်ဖူးကာ ထိုနေ့မှာပဲ မျက်ဝန်းတွေချင်းအားဖြင့် စိတ်လှုပ်ရှားခြင်းကိုဆက်သွယ်ခဲ့မိကြပါသည်။

“မိုးညို ... သွင်သစ်ဆိုတဲ့သူအကြောင်း ပြောပါဦး၊ ငါ အခု နင့်အိမ်မှာ သူ့ကိုတွေ့ခဲ့တာ၊ နင်တို့သားအမိပြုစုစောင့်ရှောက်နေကြတဲ့ လူနာတစ်ယောက်ပုံစံတော့ မကဘူး၊ ကျန်တာ ငါသေချာမသိပေမယ့် အဲဒီလူရဲ့မျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ချစ်နေတာ ငါသိတယ်၊ နင့်ကိုကြည့်တဲ့အကြည့်တွေက မြတ်နိုးသိမ်မွေ့လွန်းတယ်၊ ရတနာလေးတစ်ပွင့်ကို ကြည့်သလိုပဲ”

မိုးညို မျက်နှာကလေးက ပြိုတော့မည့်မိုးလို အုံ့ညိုလာပါသည်။ နဂိုမရွှင်ပျသော မျက်နှာကလေးက အုံ့မှိုင်းကာ ကြေကြေကွဲကွဲ ဖြစ်လာသည်။

“နန္ဒာ”

“ဟင်”

“တိုး ငါ့ကိုချစ်ရေးဆိုတော့ နင်က အရမ်းသဘောတူပြီး တိုက်တွန်းခဲ့တုန်းက ငါ နင့်ကိုပြောဖူးပါတယ်၊ ငါ့မှာ ငယ်ချစ်ဦးတစ်ယောက်ရှိတယ်၊ ငါ ရည်းစားထားဖူးတယ်၊ အခုသာ မရှိတော့တာ ဆိုတာလေ”

“အင်း ... အဲဒါ ...”

“အေး ... အဲဒါ သွင်ပဲ”

“ဟင် ... ဒါဖြင့် နင်နဲ့သူ ပြန်ဆုံကြတာပေါ့”

“ဟုတ်တယ်၊ သွင်က အန်တီနှင်းသားလေ”

“ဟင် ... ဘယ်လိုလဲ၊ ငါ မျက်စိတွေ လည်ကုန်ပြီ။ နေပါဦး ... နင်က သွင်သစ်နဲ့ပြတ်ပြီးမှ ကိုတိုးနဲ့ ချစ်ကြတာပဲ၊ အဲဒီတုန်းမှာ သွင်သစ်က ပြန်ချဉ်းကပ်လာတော့ ကိုတိုးကို နင် ထားခဲ့တယ်၊ အဲသလိုလား”





“အပေါ်ယံကြည့်ရင်တော့ အဲသလိုပဲ ဖြစ်နေတယ် နန္ဒာ”

“ဒါဖြင့် အတွင်းရေးက ဘာမို့လို့လဲ”

မိုးညိုက ခေါင်းကလေးငုံ့လျှိုးကာ စကားစဖို့ အဖြစ်အပျက်တွေရဲ့ ဟိုးအရှေ့ဆုံးကာလတွေဆီ အတွေးတွေ ပျံ့လွင့်သွားပါသည်။

အန်တီနှင်းနှင့် မာမီက ညီအစ်မတစ်ဝမ်းကွဲ။ ဘိုးဘွားပိုင်ခြံမြေကို အမွေဆက်ခံခွဲစိတ်ကာ နေထိုင်ကြတဲ့အတွက် မြေကြီးတစ်ဆက်တစ်စပ်တည်းကပ်လျက်မှာ မိုးညိုတို့ ကြီးပြင်းခဲ့ကြသည်။

ဘိုးဘွားတွေရဲ့ခြံမြေတွေကို ဆက်ခံခွဲစိတ်တာဖြစ်ပေမယ့် သူ့အဖေထံမှာ တစ်ဦးတည်းသောသမီးဖြစ်တဲ့ အန်တီနှင်းက မြေကွက်ခြံကွက်ကျယ်ကျယ် အမွေခံရကာ မောင်နှမသုံးယောက်ရှိတဲ့ မာမီတို့ကတော့ ထိုမြေပမာဏကိုပင် သုံးပုံခွဲစိတ်ကြရတဲ့အခါ တစ်ဦးစီ ခပ်ကျဉ်းကျဉ်းသာ လက်ခံရပါသည်။ မာမီ့အစ်ကိုရော မောင်ရောက ဆရာဝန်တွေဖြစ်ကာ မကြာခင်ပဲ သူတို့ပိုင်ဆိုင်တဲ့ ခြံမြေတွေကို ရောင်းချကာ နိုင်ငံခြားထွက်ခွာကုန်ကြတာမို့ မာမီနှင့် အန်တီနှင်းသာ နီးနီးကပ်ကပ်ကျန်သည်။

မာမီက တစ်ယောက်တည်း ရပ်တည်ရှန်းကန်ရသူ။ ငွေကြေးအထိုက်အလျောက် အမွေခံရရှိပေမယ့် ဝင်ငွေကတော့ ပုံမှန်မျှသာ။ အန်တီနှင်းကတော့ ယောက်ျားရက်ကောင်းက ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေနိုင်သော ခင်ပွန်းသည်ကြောင့် ချမ်းသာကြွယ်ဝပါသည်။ တစ်ဦးတည်းသော သမီးဖြစ်တဲ့ အန်တီနှင်းက တစ်ဦးတည်းသော သားကလေး သွင်သစ်ကိုသာ မွေးဖွားခဲ့ရာ သွင်သစ်နှင့် မိုးညိုဟာ ငယ်ငယ်ကတည်းက ကစားဖော်သူငယ်ချင်း။

တောက်လျှောက် ချစ်ခင်ရင်းနှီးလာတဲ့ သွင်သစ်နှင့် မိုးညိုဟာ အားလုံးမျှော်လင့်ယူဆကြတဲ့အတိုင်း ဆယ်တန်းတွေ အောင်အပြီးနောက်မှာတော့ ချစ်သူတွေ ဖြစ်ခဲ့ကြပါသည်။

တိုတိုပြောရရင်တော့ မမျှော်လင့်တဲ့ တစ်နေ့သော အခါမှာ သွင်သစ်မှာ Acute Myeloid Leukemia ခေါ် သွေးကင်ဆာရောဂါဝေဒနာ ဖြစ်နေပြီလို့ သိရှိလိုက်ရတဲ့အချိန်ဟာ သွင်သစ်ရဲ့ဖခင် သွေးကင်ဆာနှင့် ကွယ်လွန်အပြီး တစ်နှစ်ခွဲအကြာမှာ ဖြစ်ပါသည်။ သွင်သစ်ရဲ့ဖခင် အန်ကယ်ဦးသာဦးဟာ သွေးကင်ဆာအဖြစ် ရောဂါသတ်မှတ်ပြီး ဆရာဝန်များက ခြောက်လမှ တစ်နှစ်ခန့်မှန်းထားချိန်မှာ အချိန်တစ်နှစ်မပြည့်ခင် Chemotherapy ကုထုံးနှင့် ဆေးသွင်းကုသနေဆဲမှာပင် ကွယ်လွန်ခဲ့တာဖြစ်သည်။

သွင်သစ်ကို ဖုံးကွယ်ထားခဲ့ကြပေမယ့် သွင်သစ်သိသွားပါသည်။ အဲဒီကတည်းက သွင်သစ်တစ်ယောက် ရောဂါဝေဒနာထက် စိတ်ရဲ့ဖိစီးမှုကို ခံစားခဲ့ရတာပင်။ သွေးကင်ဆာရဲ့ လက္ခဏာတွေဖြစ်တဲ့ မောပန်းခြင်း၊ အရိုးအဆစ်များ နာကျင်ခြင်း၊





ခန္ဓာကိုယ်မှာ အလွယ်တကူသွေးထွက်လွယ် သွေးခြေဥခြင်း၊ သွေးအားနည်းကာ ဖျော့တော့နေခြင်းတို့ကို ခံစားနေရတာနှင့် တစ်ပြိုင်နက် လိုအပ်သလို စစ်ဆေးကုသနေတုန်းပင် စိတ်ဓာတ်ကျကာ အိပ်ရာထဲ ဗုန်းဗုန်းလဲတဲ့ သွင်သစ်ကို အန်တီနှင်း၊ မာမီ၊ မိုးညိုတို့ ဝိုင်းဝန်းအားပေး ဂရုစိုက်နေရစဉ် သွင်သစ်က အိပ်ရာထဲကထွက်ကာ ဟိုဟိုဒီဒီ ပြန်လည်သွားလာ လှုပ်ရှားစပြုတဲ့အခါ မိုးညိုတို့က သွင်သစ်ကို အနည်းငယ်စိတ်ဓာတ်ကြံ့ခိုင်လာနိုင်တယ်လို့ ကျေနပ်နေခဲ့တာပါ။

သို့ပေမဲ့ သွင်သစ်က သူ့အကြံနှင့်သူ သူလုပ်စရာရှိတာတွေ အပြင်ထွက်လုပ်ကိုင်နေတာဖြစ်ပြီး မကြာခင်ကာလတစ်ခုမှာတော့ သူ့အမေ အန်တီနှင်းနှင့် မိုးညိုတို့အတွက် စာရှည်ကြီး တစ်စောင်စီရေးထားရစ်ခဲ့ပြီး ဘယ်သူ့ကိုမှ ဘာမှမပြောမဆို အိမ်မှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ပါတော့သည်။

သူ့စာရှည်ကြီးတွေရဲ့ အဓိပ္ပာယ်ကို တစ်ခွန်းတည်း တိုတိုတုတ်တုတ် အနှစ်ချုပ်၍ ပြောရလျှင်တော့ သူချစ်မြတ်နိုးသူများရဲ့ရှေ့မှောက်မှာ သူ အသက်မထွက်လိုတဲ့ဆန္ဒကြောင့် ခုလိုထွက်ခွာသွားခဲ့တာဖြစ်ပြီး သူ့ကို မရှာဖွေဖို့ မပူပန်ဖို့ နောက်ထပ် လအနည်းငယ်ကြာ တစ်ချိန်ချိန်မှာတော့ သူ မရှိလောက်တော့ဘူးဖြစ်၍ သူ့အတွက်ရည်စူး ဆွမ်းသွပ်ဖို့။ ဒါတွေသာပါ။



www.burmeseclassic.com

www.burmeseclassic.com



အန်တီနှင်း မပြောနှင့် မိုးညိုပါ ရင်ကွဲပက်လက် ခံစားရပါသည်။ အတန်ကြာ ရှာဖွေစုံစမ်းပေမယ့် ဘာသတင်းအစ အနမှ ထွက်မလာခဲ့။ ဘာအဆက်အသွယ်မှ မရခဲ့။ စိတ်ထောင်း ကိုယ်ကြေ အိပ်ရာထဲ လဲခဲ့တဲ့ အန်တီနှင်းကို မာမီနှင့် မိုးညို အရိပ်တကြည့်ကြည့် ဂရုစိုက် ပြုစုစောင့်ရှောက်ခဲ့ရသည်။

နှစ်နဲ့ချီ ကြာလာအပြီးမှာတော့ မိုးညို စိတ်ထဲသာ မက အန်တီနှင်းကိုယ်တိုင်ကပါ သွင်သစ်တစ်ယောက် အရပ်ဒေသ တစ်နေရာရာမှာ လူမသိသူမသိ ဘဝတစ်ပါး ကူးပြောင်းသွား လောက်ပြီလို့ ထင်မြင်ယူဆစိတ် ဒုံးဒုံးချမိခဲ့ကြတာပင်။ စိတ်ဒုံးဒုံး ချတယ်ဆိုပေမဲ့ ပူဆွေးတမ်းတမှု လျော့ပါးခဲ့တာတော့လည်းမဟုတ် ပါ။ မျှော်လင့်ချက်ဆိုတာလေးကတော့ ရင်ထဲမှာ အညွန့်အညှောက် အခက်လေး ရှင်သန်လူးလွန့်နေခဲ့တာပင်။

သွင်သစ်မရှိတော့တဲ့နောက် မိုးညို ပန်းချီတွေပိုဆွဲ ဖြစ်ခဲ့ကာ အဲဒါကြောင့်ပဲ နန္ဒာနှင့် ပြန်လည်ဆက်စပ်ဆုံစည်းခဲ့ကြ တာ။ စိတ်ချင်းသဘောချင်းတူညီကြတဲ့ သူတို့နှစ်ယောက် ဝမ်းသာ အားရပြန်တွဲမိခဲ့ကြပါသည်။ အဲဒီကတစ်ဆင့် နန္ဒာနှင့် ခင်မင်တဲ့ ပန်းချီဆရာအဖွဲ့တွေနှင့် မိုးညိုလည်း ခင်မင်ခွင့်ရခဲ့ကာ တိုးမင်း ဆက်နှင့် စတင်ဆုံစည်းခဲ့တာက သွင်သစ် ပျောက်ကွယ်ခဲ့ပြီးနောက် နှစ်နှစ်ခွဲလောက်အကြာမှာဖြစ်ပါသည်။





နှစ်ဦးလုံး မြင်မြင်ချင်း ရင်ခုန်စိတ်လှုပ်ရှားကြကာ မျက်ဝန်းတွေကတစ်ဆင့် တစ်ဦးရဲ့ရင်ခုန်သံကို တစ်ဦးကြားနာနား လည်ခဲ့ကြပါသည်။ မမျှော်လင့်ဘဲ အချိန်တိုအတွင်း အရူးအမူးချစ် မိခဲ့ကြသည်မှာ နှစ်ဦးလုံးဟာ ကိုယ့်နည်းကိုယ့်ဟန်နှင့်ကိုယ် အထီးကျန် အဖော်မဲ့ တစ်ကောင်ကြွက်များ ဖြစ်ခဲ့လို့လည်းပါပါမည်။

တိုးကလည်း မိဘတွေ ငယ်ငယ်ရွယ်ရွယ် ကွယ်လွန် ခဲ့တဲ့မိဘမဲ့။ မိုးညိုကတော့ မိဘရင်း ဘယ်သူဘယ်ဝါဆိုတာတောင် အသေအချာသိခွင့်မရ၊ ဆေးရုံမှာ စွန့်ပစ်ခံခဲ့ရတဲ့ မိဘမဲ့။

တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာ ကြင်နာကရုဏာ သက်မှုကလည်း သူတို့အကြားက ချည်နှောင်ခြင်းကို တင်းကျပ် ခိုင်မြဲစေပါသည်။ သွင့်ကိုချစ်ခဲ့ရပုံနှင့် တိုးကိုချစ်ခဲ့ရပုံက မတူညီ ပါ။ ဘယ်သူ့ကိုပိုတယ်လို့ မိုးညို သရုပ်မခွဲတတ်။ တိုးကိုတော့ တစ်ချိန်က ငယ်ချစ်ဦးရှိခဲ့ဖူးပြီး ခုချိန်မှာ သူ မရှိတော့ဘူး၊ ကွယ် လွန်ပြီဆိုတာ မိုးညို အသိပေးခဲ့ဖူးပါသည်။

လွန်ခဲ့တဲ့ တစ်နှစ်။

သဲသဲမဲမဲရွာသွန်းနေတဲ့ မိုးမှောင်ကြားမှာ သွင်သစ် တစ်ယောက် အိမ်ကိုပြန်ရောက်လာတဲ့အခါ Shock အဖြစ်ရဆုံးက မိုးညိုပင်။ အန်တီနှင်းထက်ပင် တုန်လှုပ်ခဲ့ရပါသည်။ ဝမ်းနည်း ဝမ်းသာဆိုတာ ထိုအရာပင်။ ဝမ်းလည်းနည်း တစ်ပြိုင်နက်ဝမ်းလည်း သာ နေမိသည်ကို ကိုယ်တိုင်ကိုယ်ကျ ခံစားဖူးတော့သည်တည်း။



www.burmeseclassic.com

www.burmeseclassic.com



သွင်သစ် ရောက်လာခဲ့တဲ့နေ့ဟာ တိုက်တိုက်ဆိုင်ဆိုင် တိုးနှင့်မိုးညို တစ်နေရာကို ခိုးပြေးကြဖို့ စီစဉ်တဲ့နေ့ရက်ရဲ့ မနက်ပင်။

အဲဒီနေ့က မွန်းလွဲနေ့ခင်းပိုင်းမှာ တိုးနှင့် မိုးညိုအဝေး တစ်နေရာကိုထွက်ပြေးကြဖို့ ကြိုတင်စီစဉ်ခဲ့ပြီးသား ဖြစ်ပါသည်။

ထိုသို့ တိတ်တဆိတ်ထွက်ပြေးဖို့ ကြံစည်ကြရတာက တော့ အန်တီနှင်းကြောင့်ပင်။ တိုးနှင့် မိုးညိုကိစ္စကို မာမီသိပါသည်။ မာမီ့ကို မိုးညို ဖွင့်ပြောတိုင်ပင်ခဲ့ပါသည်။ မာမီကနားလည်မှုကြီးကြီးနှင့် ခွင့်ပြုကြည်ဖြူခဲ့ပေမယ့် အန်တီနှင်းက လုံးဝမကြည်ဖြူနိုင်ပါ။

တိုးကို မိုးညိုအပေါ် ချစ်ကျွမ်းဝင်နေသူအဖြစ် ရံဖန်ရံခါ အိမ်အလည်လာတာတွေ့ရုံနှင့်ပင် အန်တီနှင်းက မျက်မုန်ကျိုး ခါးသီးခဲ့တာပါ။

"မိုးညို ... စိတ်ပုပ်တယ်" ပြောချင်ပြော၊ လူကြီးမဆန်ဘူး ပြောချင်ပြော အန်တီနှင်း မိုးညိုကို တခြားယောကျ်ားတစ်ယောက်ယောက် ဘယ်သူနဲ့မှ မကြည်ဖြူ သဘောမတူနိုင်ဘူး၊ ငါ့သားလေး မရှိလို့ မသိနိုင်လို့သာ ရှိများရှိ သိများ သိရင် သူ ဘယ်လောက် ရင်ကွဲပက်လက်ဖြစ်မလဲ ညည်းကိုယ်ချင်းစာကြည့်စမ်း ...





ညည်း နောက်ထပ်ယောကျ်ားတစ်ယောက်ကိုချစ်ရင် သွင် ကြည်ဖြူနိုင်ပါ့မလား မိုးညို၊ ကြည်ဖြူမှာမဟုတ်ဘူး၊ သွင်က ညည်းကို သိပ်ချစ်ရှာတာ၊ ငါ့အမေ အသိဆုံးပါအေ၊ ညည်းလည်း အသိပါ ...

ပြီးတော့ ... သွင် မရှိတော့ချိန်မှာ အန်တီနှင်းအဖို့ မိုးညိုက သမီးပဲ၊ သိရဲ့လား၊ သွင့်အစား ညည်းကိုအစားထိုးချစ်ရမှာ၊ ညည်းဘေးမှာ သွင်မဟုတ်တဲ့ ဘယ်ယောကျ်ားကိုမှလဲ မမြင်နိုင်ဘူး၊ မကြည်ဖြူဘူး၊ ညည်းမာမီလိုပဲ တစ်ယောက်တည်းနေစမ်းပါ မိုးညိုရယ် ... နော် ... သမီး"

ချော့ခြင်း ခြောက်ခြင်း အကျပ်ကိုင်ခြင်းတွေ နစ်မြုပ်နေတဲ့ ဤစကားကို မျက်နှာပြောင်ပြောင်နှင့် ဆန့်ကျင်ရမှာလည်း မိုးညို မပြုရက်။ တိုးကို အိမ်လာလည်ခြင်းမပြုဖို့ တားခဲ့ရပါသည်။ မိုးညိုကသာ တိုးထံ ဝင်ထွက်သွားလာခြင်းအားဖြင့် တိုးတပည့်လေးတွေနှင့်ပါ မောင်နှမတွေလို ရင်းနှီးလို့။

သို့ပေမဲ့ အန်တီနှင်းက မိုးညိုခြေလှမ်းပျက်မှုကို စုံစမ်းထောက်လှမ်းလာပါသည်။ မိုးညိုနှင့် တိုးရဲ့တွေ့ဆုံရမှုတိုင်းဟာ ခိုးကြောင်ခိုးဝှက် ဖြစ်လာသည်။ ဒါတောင် တိုးက အန်တီနှင်းကို မာမီ့ညီမ မိုးညိုရဲ့အဒေါ်၊ အုပ်ထိန်းသူတစ်ဦးတစ်ယောက်အဖြစ် သိထားလို့ ဖွတ်တရွတ် ကလန်ကဆန် မလုပ်ရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ သူလည်း ကလေကချေ အနိမ့်အပါးတော့ မဟုတ်တဲ့အတွက် တိုးက သူ့ရဲ့ပုန်းလျှိုးကွယ်လျှိုး ခိုးကြောင် ခိုးဝှက် လှုပ်ရှားရမှုကို စိတ်ပျက်ခဲ့ပါသည်။ အဲဒီအချက်တွေကပဲ တိုးနှင့် မိုးညို အဝေးတစ်နေရာကို ခိုးပြေးကြဖို့အတွက် ဖန်တီး တွန်းပို့ခဲ့တာ။

အမှန်တိုင်းပြောရရင် မာမီကိုယ်တိုင်က အန်တီနှင်းကို ပြတ်ပြတ်သားသား မလွန်ဆန်သာ။ မာမီက အနည်းငယ် အသက်ပိုကြီးပေမယ့် ဆွေမျိုးထဲမှာ စီးပွားဥစ္စာပြည့်စုံကြွယ်ဝမှုကလည်း ဩဇာတိက္ကမကို တည်ဆောက်ဖန်တီးပါသေးသည်။

မာမီက အန်တီနှင်းကို မျက်နှာပျက်မခံရဲတဲ့အတွက် မိုးညိုကို မကန့်ကွက်လိုသော်လည်း အတိအလင်း အားပေးအားမြှောက်မပြုရဲရှာ။ သို့ပေမဲ့ တိုးရဲ့နောက်ကို လိုက်သွားတော့မည်ဟု မိုးညို ဆုံးဖြတ်တဲ့အခါ မာမီ့ကို ခံစားချက်မျိုးစုံပြွန်းသော မျက်ရည်လည်ရွဲနှင့် ဖွင့်ပြောအသိပေး ခွင့်တောင်းခဲ့ပါသည်။

"မိုးညို ... သမီးဘဝကို သမီးစိတ်ချမ်းသာမယ့်နည်းနဲ့ ဖန်တီးထူထောင်ပါ၊ ဘကယ်တမ်းက မာမီတို့ အန်တီနှင်းတို့ဆိုတာ နောက်ထပ်နေရလှ ဆယ်နှစ် ဆယ့်ငါးနှစ် အလွန်ဆုံးပေါ့သမီး၊ သက်တမ်းနဲ့တွက်ရရင် သမီးက ဘဝကို ရှေ့လျှောက်ဖို့ လူလုပ်ဖို့ နှစ်တွေအများကြီးရှိသေး





တာ၊ မာမီတို့ မရှိတော့တဲ့အခါ သမီးတစ်ယောက်တည်း ကျန်ရစ်ခဲ့မှာ၊ သမီးဘဝလေး အခြေတကျ စိတ်ချမ်းချမ်းသာသာနဲ့ ကျန်ခဲ့ဖို့ လိုအပ်တယ် ...

သမီးဘဝ သမီးဆုံးဖြတ်တာကို မာမီမတားဘူး၊ မကန့်ကွက်ဘူး၊ သမီးမှာ ဦးနှောက်နဲ့ ဆင်ခြင်ဉာဏ်လည်း ရှိတယ်၊ ပြီးတော့ တိုးမင်းဆက်နဲ့ ချစ်ခဲ့တာဟာ အပျော်သဘော ပေါ့တီးပေါ့ဆမဟုတ်တာလည်း မာမီနားလည်တယ်၊ သမီးက ယောကျ်ားသနာကိစ္စ လျှပ်ပေါ်လော်လီတဲ့ မိန်းကလေးမျိုးလည်း မဟုတ်ဘူးဆိုတာ မာမီအသိဆုံးပဲ ...

သမီး ဘာပဲလုပ်လုပ် မာမီ သမီးဘက်က အမြဲရပ်တည်မယ် မိုးညို၊ အမြဲတမ်း သမီးဟာ မာမီ့အမွေစားအမွေခံတစ်ဦးတည်းသောသမီးပဲ၊ မာမီ ဘယ်တော့မှ ပစ်မထားဘူး၊ အမြဲအဆက်အသွယ်မပြတ် စောင့်ရှောက်မယ်၊ လိုအပ်တာအားလုံး မာမီကူညီပံ့ပိုးမယ်၊ ငါ့သမီးလေး စိတ်ချမ်းသာသလို ဆုံးဖြတ်ပါကွယ်"

မာမီ့ကိုဖက်၍ မိုးညို ငိုခဲ့ရသည်။ တိုးနောက်လိုက်ဖို့ အစီအစဉ်တွေအားလုံးလုပ်ပြီးမှ အဲဒီမနက်စောစော မိုးထဲလေထဲ မမျှော်လင့်ဘဲ ပြန်ရောက်လာခဲ့တဲ့ သွင်သစ်ကိုအတွေ့မှာ ဆုံးဖြတ်ထားတာတွေအားလုံးပြိုလဲခဲ့ရသည်။ ပိန်ချုံးအားနည်းနေတဲ့ သွင်သစ်



www.burmeseclassic.com

www.burmeseclassic.com



ကို နေ့တွင်းချင်း ထားရစ်၍ ချစ်သူသစ်နောက် သစ်စိမ်းချိုးလိုက်သွားဖို့ များစွာဝန်လေးခဲ့ပါသည်။

အဲဒါအပြင် သွင်သစ် ပြန်ရောက်လာတယ်ဆိုမှတော့ မာမီ တစ်ယောက်တည်း ကျန်ရစ်ရမယ့်အရေးဟာ သွင်သစ်မရှိဘဲ ကျန်ရစ်ရမယ့်အရေးနှင့် လုံးဝအခြေအနေ မတူတော့ပါ။ မာမီကို အန်တီနှင်းတို့သားအမိထံမှာ မျက်နှာငယ်အောက်ချ၍ မိုးညိုမထားခဲ့နိုင်တော့ပါ။ တစ်ကိုယ်တည်း ကိုယ်လွတ်ရုန်းပြီး ဆန္ဒအလျောက် ပြုမူသွားရက်တဲ့ နှလုံးသားမျိုးလည်း မိုးညိုထံမှာ မရှိခဲ့ပါတည်း။

မိုးညိုစကားတွေ ကြားထဲမှာ မိုးညို ကိုယ်တိုင်လည်း မျက်ရည်မထိန်းနိုင်ခဲ့သလို နန္ဒာတစ်ယောက်လည်း သူ့မျက်ဝန်းကို တစ်ချိန်လုံး တစ်ရှူးစနှင့် တို့ဖိနေရသည်။ မိုးညိုထံမှစကားသံ တိတ်သွားလျှင် နန္ဒာ့လက်တစ်ဖက်က အေးစက်နေတဲ့ မိုးညို လက်ဖျားလေးကို လာရောက်ဆုပ်ကိုင် ဆုပ်ညှစ်သည်။

"မိုးညို"

"………"

"မိုးညိုရယ် … ငါ စိတ်မကောင်းလိုက်တာဟယ်၊ နင့်အဖြစ်ကလည်း"

"ငါ ဘာမှမတတ်နိုင်ဘူး နန္ဒာ၊ ငါ အကောင်းဆုံးဖြစ်မလားထင်တာကို ဆုံးဖြတ်ခဲ့တယ်၊ ညာတာထောက်ထားသင့်





တယ်ထင်တဲ့လူတွေကို ညာတာထောက်ထားရတဲ့အခါ တခြားသောသူဘက်ကို ရက်စက်ခဲ့ရတာမျိုး ဖြစ်သွားခဲ့တယ်၊ ငါ တို့အတွက် အရမ်းခံစားရပါတယ် …

သူ့ကို သနားတယ်၊ အားနာတယ်၊ ဒါပေမဲ့ သူနဲ့ ဖွတ်လိုက်သွားရလောက်တဲ့အထိ ရက်စက်ပြတ်သားတဲ့ နှလုံးသား ငါ့မှာမရှိဘူး နန္ဒာရယ်"

"နင့် ကိုတိုးကို ရှင်းမပြဘူးလားဟယ်"

"ဟင့်အင်း နန္ဒာ၊ အခုဆိုရင် သူ ငါ့ကို စိတ်နာသွားမှာလေ၊ စိတ်နာတယ်ဆိုတာက ပိုပြီးစိတ်ပြတ်ပါတယ်၊ သူ ငါ့ကို သနားပြီး သူ့အတွက်ရော ငါ့အတွက်ပါ နှစ်မျိုးခံစားရရင် သူ ယူကျုံးမရဖြစ်နေမှာလေ၊ ဒီ့ထက်ဆိုးမှာလေ၊ စိတ်နာသွားတာက ပိုကောင်းတယ်လို့ ငါယူဆတယ်"

"အဲဒါ မှန်ရဲ့လားဟယ်"

"ငါလည်း မှန်တယ်ထင်လို့ လုပ်မိတာပါပဲ၊ ခုလိုလုပ်ခဲ့မိပြီးမှတော့ ခုအတိုင်းပဲ ထားလိုက်ချင်ပါတော့တယ်၊ တစ်နှစ်တောင်ကြာပြီဆိုတော့ သူလည်း သွေးအေးနေလောက်ပါပြီ၊ အနည်ထိုင်လောက်ပါပြီ"

"သူ စိတ်နာနေမှာရော သေချာရဲ့လား၊ နားမလည်ဘဲဖြစ်နေမလား"



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း ဘာမှမမေးမြန်း မစုံစမ်းဘဲတော့နေမှာမဟုတ်ဘူးလေ၊ ပြီးတော့ အဲဒီလို သွင်သစ် ပြန်ရောက်အပြီး နှစ်ပတ်လောက်အကြာမှာ ငါ သူနဲ့တစ်ကြိမ်တွေ့ပါတယ်"

"ဟင်"

"ငါက သွင်သစ်နဲ့တွဲရက်ပေါ့၊ သူနဲ့တည့်တည့်တိုးတာပဲ၊ သွင်နဲ့ ငါက လက်တွဲထားတယ်၊ သူ့မျက်နှာ ငါ့ကိုစားမတတ် ဝါးမတတ် ရူးရူးဝါးဝါး ပျက်သွားပုံက အရမ်းဆိုးပါတယ်၊ ချက်ချင်း အမှုန့်ခြေသတ်ပစ်ချင်တဲ့ မျက်လုံးတွေပါ၊ ရှိပါစေတော့ နန္ဒာရယ်"

"ဒါပေမဲ့ဟာယ် ... ငါကတော့ အဖြစ်မှန်ဆိုတာ တချို့က သိခွင့်ရ တချို့ကသိခွင့်မရ မမျှမတဖြစ်ရမယ့် အရာမျိုးလို့ မယူဆဘူး၊ အဖြစ်မှန်တစ်ခုကို ဒီအဖြစ်အပျက်နဲ့ ဆက်စပ်နေတဲ့ လူအားလုံး သိခွင့်ရသင့်တယ်၊ သိဖို့အခွင့်အရေးရှိရမယ်"

"သူ ပိုခံစားရမှာလေ"

"မိုးညို"

"နန္ဒာ"

"ငါ မမေးသင့်ဘူးလို့တော့ ထင်ပါတယ်၊ ဒါပေမဲ့ နင်နဲ့ ငါက စိတ်တူကိုယ်တူ သူငယ်ချင်းအရင်းပဲ၊ ငါမေးခွင့်ရှိတယ်လို့ ထင်ပြန်တယ်"





"မေးပါ နန္ဒာ၊ နင် ငါ့ကိုဘာမေးမေး ငါစိတ်ဆိုးစရာအကြောင်းမရှိဘူး"

"နင် ကိုတိုးနဲ့ သွင်သစ်၊ ဘယ်သူ့ကို ပိုချစ်တာလဲ"

"........."

မိုးညို ရင်ထဲ ဆွေးနင့်သွားရသည်။ ဆို့သွားရသည်။ သူ ဘယ်လိုများ ဖြေရမှာပါလဲ။ ဖြေရောဖြေသင့်သလား။ ပြီးတော့ ဖြေရောဖြေတတ်သလား။ ဖြေနိုင်လောက်တဲ့ ရေရာကွဲပြားမှုရော သူ့အသိစိတ်မှာ ရှိသလား။

"သွင်သစ်နဲ့က ငယ်ငယ်လေးတည်းက ခိုင်မာတဲ့သံယောဇဉ်ဆိုတော့ သွင်သစ်ကို နင် ပိုခဲ့တာလားဟင်"

"တကယ်တော့ အချစ်ဆိုတာ အချိန်ကာလကြာမြင့်မှုနဲ့တော့ တိုင်းတာတန်ဖိုးဖြတ်လို့ မရဘူးထင်တယ် နန္ဒာရယ်"

"ဒါဖြင့် ကိုတိုးကို နင် ပိုချစ်တာလား"

"အဲလိုလည်း ငါရဲရဲတင်းတင်း မဖြေနိုင်ဘူး၊ ငါ့စိတ်ထဲက အဖြေက ဘာဆိုတာတောင် ငါကိုယ်တိုင် ရေရေရာရာရော သိရဲ့လား မသိပါဘူး နန္ဒာရယ်၊ ဒါကိုတွေးကြည့်တိုင်း အဖြေက ဝေဝါးနေတယ်၊ ငါ့စိတ်ကို ငါဝေခွဲမရဘူး၊ ဒါကိုဖြစ်ချင်တာလား၊ ဟိုဟာကို ဖြစ်ချင်တာလား ဆိုတာတောင် ငါ မရေရာပါဘူး၊ ဖြစ်သင့်တယ်ထင်တာကိုပဲ ငါ လုပ်ခဲ့တာ၊ နင့်ကို တစ်ခုတော့ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"တကယ်လို့များ မတော်တဆ၊ နင် တိုးနဲ့တွေ့ခဲ့ ဆုံခဲ့မိရင်တောင် ငါ့ရဲ့အဖြစ်အပျက်တွေကို ရှင်းမပြလိုက်ပါနဲ့"

"ဘာဖြစ်လို့လဲ မိုးညိုရယ်"

မိုးညိုက ပါးပေါ်စီးလိမ့်ကျလာသော မျက်ရည်ပေါက်လေးကို ဖြည်းဖြည်းပဲ သုတ်ဖယ်လိုက်ပါသည်။

❤ ○ ❤





၇

ကိုဉက္ကာအမေက ကိုဉက္ကာရောက်လာအပြီး သုံးလေးရက်အကြာမှာပင် ထူထူထောင်ထောင် ဖြစ်လာတဲ့အတွက် အားလုံးဝမ်းသာကြရသည်။ သူတွေ့ချင်တဲ့သားကို တွေ့ရ၍ အစာတွေဘာတွေလဲဝင်ကာ အားပြည့်လာသည်။ ဒီတော့ ကိုဉက္ကာလည်း စိတ်ချမ်းသာရတဲ့အပြင် ဇနီးဖြစ်သူ နန္ဒာကလည်း ဒီမြို့မှာ မိုးညိုတစ်ယောက်လုံး ရှိနေတဲ့အတွက် ပျော်ရွှင်စရာ လည်ပတ်စရာနည်းပါးလှတဲ့မြို့ကလေးမှာ ညည်းညည်းညူညူ မရွှင်မလန်းမဖြစ်ဘဲ လိုလိုလားလား ပျော်ပျော်ပါးပါး ဖြစ်နေလေရာ ကိုဉက္ကာလည်း ကျေနပ်နေပါသည်။

"ဒီနေ့ မေမေလည်း ရွှင်ရွှင်လန်းလန်းနဲ့ဆိုတော့ ညနေကျနင်တို့လင်မယားကို အပြင်မှာ ထမင်းလိုက်ကျွေးဦးမယ်။ အပြင်ထွက်စားကြရအောင် ဉက္ကာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ မကြီးရဲ့၊ ဆိုင်ကောင်းကောင်း ရှိလို့လား"

"ကောင်းတယ် ... ကောင်းတယ်၊ နင်သိတဲ့ စိုးမိုးတို့ Sweet dream တို့လို စားသောက်ဆိုင်တွေ မဟုတ်ဘူး၊ နင် အဲဒါလောက်ပဲ သိတာလေ၊ ဟုတ်တယ် မဟုတ်လား"

"ဆိုင်သစ်လား"

"အေး ... ဆိုင်သစ်၊ အရင်က ဒီဆိုင်ပိုင်ရှင်က ရန်ကုန်မှာပဲ နာမည်ကြီးရက်စ်တောရင့် ဖွင့်ထားတာပဲ၊ အခု ရန်ကုန်ကဆိုင်ကိုပိတ်ခဲ့ပြီး ဒီမှာလာဖွင့်တာ"

"ဟင် ... ရန်ကုန်က နာမည်ကြီးဆိုင်ကိုပိတ်ပြီး ဒီမြို့မှာ လာဖွင့်တယ် ! "

"အေးလေ"

"ဟာ ... မကြီးကလည်း၊ ဒီကတည်းက တစ်ခုခုပဲပေါ့၊ ရန်ကုန်မှာ နာမည်ကြီးနေတာကိုပိတ်ပြီး ဒီမှာလာဖွင့်တာ အဓိပ္ပာယ်မှမရှိတာ၊ ရန်ကုန်တုန်းက နာမည်မကြီးတာ၊ မရောင်းရတာဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ်ရင် ဘာပြဿနာဖြစ်ပြီး ပိတ်ခဲ့ရတာမျိုးလဲမှ မသိတာ"

"နင်ကလည်းဟယ်"

"ဟုတ်တယ်လေ၊ ဥပမာ ... Food poison တွေ ဘာတွေ အစုအပြုံလိုက်ဖြစ်လို့ အမှုဖြစ်ပြီး အပိတ်ခံရတာ မဟုတ်ရင် ကံကောင်း"





"နင်ကလည်းလေ၊ မဟုတ်လောက်ပါဘူးဟဲ့၊ ကောင်းတာတော့ တကယ်ကို လက်ရာကောင်းတာ၊ အခု ဒီမှာနာမည်အကြီးဆုံးပဲလေ၊ ဖွင့်တာ တစ်နှစ်တောင်မပြည့်သေးဘူး၊ ရန်ကုန်ကဧည့်သည်တွေ ဘာတွေလာရင်လည်း အဲဒီပဲလိုက်ကျွေးကြတာပဲ၊ နောက် ဌာနဆိုင်ရာလူကြီးတွေ ဘာတွေလာလို့ ကျွေးမွေးဧည့်ခံဖို့ လိုအပ်ရင်လည်း အဲဒီဆိုင်ပဲသွားကြရတာ"

အဲဒီညနေမှာ ကိုဥက္ကာရဲ့အစ်မလင်မယားက နန္ဒာတို့ခုံတွဲကို အပြင်မှာလိုက်ကျွေးဖို့ ခေါ်သွားတဲ့အတွက် နန္ဒာတို့ "ရွှေမိုးညို"ဆိုင်လေးဆီ ရောက်လာခဲ့ကြပါသည်။

ခြံအဝင်ဝက သစ်သားပေါ် မီးနှင့်ထွင်းကာ စာလုံးဖော်ထားသော "ရွှေမိုးညို"ဆိုတဲ့ စာလုံးကိုမြင်လျှင် နန္ဒာက အံ့အားတသင့် အပြုံးလေးနှင့် ...

"ဟင် ... ကိုရေ၊ ဆိုင်နာမည်ကလည်း ရွှေမိုးညိုတဲ့ ... ဟင်း ဟင်း"

"ဘာဖြစ်လို့လဲ နန္ဒာ"

"ရွှေမိုးညိုဆိုတာ သူ့အချစ်ဆုံးသူငယ်ချင်းနာမည် မကြီးရဲ့၊ အဲဒီမိန်းကလေးတောင် အခု ဒီမြို့ရောက်နေတာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာ နေရာယူပြီး ဟင်းလျာတချို့မှာပြီးတဲ့အခါမှာတော့ နန္ဒာက ခုနကတည်းက ထွက်ပေါ်နေတဲ့ ဂစ်တာဆိုလိုတီးခတ်ဖျော်ဖြေနေသံကလေးမှာ အတူတွဲပါလာသော သီချင်းသံလေးကြောင့် အသံလာရာဘက် အာရုံစိုက်၍ ကြည့်လိုက်မိသည်။

"ဟင်"

ရုတ်တရက် နန္ဒာက အံ့သြတကြီး ဖြစ်သွားမိသည်။

ဂစ်တာတီးပြီး သီချင်းဆိုနေတဲ့ ကောင်ကလေးကို နန္ဒာ ကောင်းကောင်းသိတယ်လေ။ ဒါ အရင် ကိုတိုးဆိုင်မှာ တုန်းကလည်း သီချင်းဆိုဖျော်ဖြေနေကျ ကောင်ကလေးပဲ။ ကိုတိုးနဲ့အတူနေတဲ့ တပည့်ရင်းလေးလေ။ မိုးညိုနှင့်အတူ ကိုတိုးအိမ်ကို နှစ်ကြိမ်လောက် ပါသွားဖူးတာမို့ အဲဒီကောင်လေးကို ကောင်းကောင်းသိပါသည်။

နေပါဦး ... နာမည်က စတီဗင် ... စတီဗင်။

"ဘာလဲ နန္ဒာ"

"သူ့ကို နန္ဒာသိလို့"

"သီချင်းဆိုတဲ့ ကောင်လေးလား"

"အင်း ... အဲဒါ မိုးညိုရဲ့ချစ်သူ ကိုတိုးရဲ့ဆိုင်မှာဆိုတဲ့ ကောင်လေးပဲ၊ ကိုတိုးနဲ့လည်း အတူနေတာ"

"သေချာလား"





"သေချာတာပေါ့"

"ဒါဆို ... ဒါ အဲဒီလူ့ရဲ့ ဆိုင်များလား၊ ရန်ကုန်ကလာဖွင့်ထားတာ ဆိုတော့လေ"

"အင်းနော် ... နန္ဒာလည်း အဲဒါပဲ တွေးနေမိတာ ကို"

မိုးညိုကိုယ်တိုင်လည်း စတီဗင်တို့ ဖော်လေးတို့ကို တွေ့ပြီးပြီဆိုတော့ ဒါဟာ စတီဗင်ဆိုတာ သေချာပါသည်။ နန္ဒာက ဟိုဟိုဒီဒီ ကျိုးကန်းတောင်းမှောက် ကြည့်ရှုရှာဖွေမိသည်။

"ဟယ်"

"ဘာဖြစ်ပြန်လဲ"

"ဟို ... ဟိုမှာ ... ကိုတိုး"

ကိုဉက္ကာက နန္ဒာ ကြည့်နေရာဆီ လှည့်ကြည့်လိုက်ပါသည်။ အရက်ပုလင်း ဗီရိုနောက်ခံနှင့် ကောင်တာနောက်မှာ ခုံမြင့်တစ်လုံးနှင့် ထိုင်နေသူကိုတွေ့လျှင် ...

"နှုတ်ဆက်ရင် ဆက်လိုက်လေ"

"နန္ဒာ စကားသွားပြောရမလား"

"သွားပြောပေါ့၊ အသိပဲဟာ"

"ဒါပေမဲ့"

နန္ဒာက ခဏငြိမ်နေပြီးမှ ...

"အခု မိုးညိုနဲ့ ကိုတိုးက ကွဲသွားပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား၊ အဲဒါကြောင့်များ ဒီလူက ဒီမြို့ကို ရွှေ့လာတာလား"

"ဟုတ်မှာ ကိုရဲ့၊ ပြီးတော့ မိုးညိုက သစ္စာဖောက်တာတော့ မဟုတ်ပေမယ့် မိုးညိုက ဖြတ်လိုက်တာလေ၊ သွားနှုတ်ဆက်ရင်း ကိုတိုးက နန္ဒာ့ကိုတောင် သေချာစကားပြောချင်ပါ့မလားလို့"

"အာ ... ယောကျ်ားပဲကွာ၊ ဒီလောက်တော့ သဘောထားမသေးပါဘူး နန္ဒာကလည်း၊ ရည်းစားနဲ့ကွဲလို့ ရည်းစားသူငယ်ချင်းကိုပါ မခေါ်တော့ဘူး ဆိုရင်တော့ ဒီလူယောကျ်ားဘယ်ပီသမလဲ"

နန္ဒာက နှုတ်လည်းဆက်ချင်။ ကြောက်လည်းကြောက်။ တိုးမင်းဆက်ဟာ အရင်ကတည်းက တည်တံ့လှတဲ့လူတစ်ယောက်ပါ။ နန္ဒာတို့အပေါ် ပြုံးပြုံးချိုချိုဆက်ဆံတဲ့အခါ သူ့အပြုံးဟာ နူးညံ့ပြီး သူ့မျက်နှာကို နုဖပ်ချိုမြစေလှပေမယ့် သူခပ်တည်တည်နေတဲ့အခါ ရုတ်တရက် မခေါ်ရဲအောင် ကြန့်ကြီးတဲ့သူပါ။

"ဒါပေမဲ့"

နန္ဒာက စကားကို တစ်ဝက်တစ်ပျက် ရပ်လိုက်ပါသည်။ သူ စကားသွားပြောဖို့ မဝံ့ရဲသလို ဝန်လေးနေပေမယ့်





ပြောလိုစိတ်ကလည်း ရှိနေသည်။ နောက်ဆုံးတော့ စိတ်ကိုဒုံးဒုံးချကာ ယောကျ်ားနှင့်ယောက်မကို ခဏနော်လို့ ပြောရစ်ခဲ့ပြီး နန္ဒာက တိုးမင်းဆက်ရှိရာ ကောင်တာအနား ထွက်လာခဲ့ပါသည်။

"ကိုတိုးမင်းဆက်"

လှည့်ကြည့်လိုက်တဲ့ တိုးမင်းဆက် မျက်နှာက နန္ဒာ့ကိုမြင်လျှင် ချက်ချင်းပြောင်းလဲသွားပါသည်။ နန္ဒာက တိုးမင်းဆက်ရှေ့က အရက်ဖန်ခွက်ကို တစ်ချက်ကြည့်မိပြီးမှ ...

"ကိုတိုးမင်းဆက် ... ကျွန်မ နန္ဒာပါ၊ မှတ်တော့မှတ်မိပါတယ်နော်"

"မမှတ်မိစရာ ဘာအကြောင်းရှိလဲဗျာ၊ ခင်ဗျားကအပိုတွေပြောနေပြန်ပြီ"

"ဒါ ကိုတိုးမင်းဆက် ဆိုင်ပေါ့နော်၊ နန္ဒာ ... စတီဗင့်ကိုတွေ့တာနဲ့ အံ့သြသွားတာ"

တိုးမင်းဆက်က ပြုံးရင်း ...

"နန္ဒာ ... ဘယ်သူနဲ့လာလဲ၊ နန္ဒာတို့ စင်ကာပူထွက်သွားတာ မဟုတ်လား"

"ဒါ နန္ဒာ့အမျိုးသားရဲ့မြို့ပါ၊ သူ့အမေ နေမကောင်းလို့ ခဏပြန်လာကြတာ၊ အခု ယောက်မတွေက ဒီဆိုင်ခေါ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဘာလိုလဲ နန္ဒာ၊ လိုတာပြောလေ"

"ဘာမှမလိုပါဘူး၊ ခုလည်း ဟင်းပွဲတွေမှာထားတာ၊ ကိုတိုးမင်းဆက်ကိုတွေ့လို့ လာနှုတ်ဆက်တာ"

"ရောက်တာကြာပြီလား၊ မြို့ကိုလေ"

"တစ်ပတ်ကျော်ကျော်ပဲ ရှိသေးတာပါ"

"အင်း ... ဒီမြို့လေးကို ကျွန်တော် သဘောကျတယ်ဗျ၊ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ ကျွန်တော် လွန်ခဲ့တဲ့ လေးငါးနှစ်တုန်းကတည်းက ပန်းချီဆွဲဖို့ရောက်ဖူးသေးတယ်လေ၊ ဒါကြောင့် အခုလည်း ဒီမှာပန်းချီဆွဲလို့လည်းကောင်းတာနဲ့ ဒီကိုရွှေ့လာကြည့်တာ"

"ကြာကြာနေမလို့လား"

"အဲဒါတော့ မသေချာသေးဘူးလေ၊ ဒီခြံ ဒီအိမ်နဲ့ဆိုင်ကိုတော့ သုံးနှစ်ငှားထားတယ်"

"ရန်ကုန်ကဆိုင်က အရမ်းအောင်မြင်နေတာရပ်ပြီး ပိတ်ခဲ့တော့ နမြောစရာကြီး ကိုတိုးမင်းဆက်ရယ်"

"မနမြောနေနိုင်ပါဘူး နန္ဒာရယ်၊ ဘယ်အရာမှ တည်မြဲတာမှ မဟုတ်တာ၊ ကိုယ်စိတ်ချမ်းသာဖို့ အရေးကြီးပါတယ်"

နန္ဒာက တိုးမင်းဆက်ကို ခပ်ငေးငေးကြည့်နေမိသည်။ ပြောချင်သော စကားလုံးများ လည်ချောင်းဝသို့ အစီအရီ





ခုန်တက်တစ်ဆို့နေကြပါသည်။ တိုးမင်းဆက်က ပြတ်သွားတဲ့ စကားစကို ပြန်ကောက်ကာ ...

"နန္ဒာ ပန်းချီဆွဲဖြစ်သေးလား"

"သိပ်မဆွဲဖြစ်တော့ပါဘူး၊ ဟိုမှာနေတော့လည်း ဆွဲချင်တဲ့ Mood က သိပ်မလာဘူး၊ မဆွဲဖြစ်တာတောင်ကြာပြီ၊ ကိုတိုးမင်းဆက်တော့ တောက်လျှောက်ဆွဲဖြစ်တယ်ထင်တယ်"

"ဒီမှာ တော်တော်ဆွဲဖြစ်တယ်"

နန္ဒာက ဆိုင်နံရံတွေမှာ ချိတ်ဆွဲအလှဆင်ထားတဲ့ ပန်းချီကားတွေကို ဝေ့ဝဲကြည့်ရင်း ...

"အားလုံး ကိုတိုးမင်းဆက် ကားတွေပဲ မဟုတ်လား၊ အရမ်းကောင်းတာပဲ"

"ဒီကရှုခင်းတွေအားလုံးက မနက်စောစော သိပ်လှတယ်ဗျ"

"ဟိုက အငွေ့တွေနဲ့ပုံက ကောင်းလိုက်တာ"

"အဲဒါကတော့ ကိုယ့်ခြံထဲတင် ကိုယ်ဖြစ်သွားတာ၊ အိမ်ကကောင်တွေ စောစောစီးစီး မြူတွေလည်းကျတုန်း အမှိုက်မီးရှို့ကြတာ ထိုင်ကြည့်ရင်း ဆွဲထားလိုက်တာလေ"

"နန္ဒာတို့က အစကတည်းက ကိုတိုးမင်းဆက်ကားတွေ အရမ်းသဘောကျတဲ့သူတွေလေ"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာတို့ရယ်လို့ အများကိန်း ထည့်သုံးလိုက်မိသည်မှာ မိုးညိုသည်လည်းပဲ တိုးမင်းဆက်ရဲ့လက်ရာကားတွေကို အစဉ်အမြဲ မြတ်နိုးနှစ်ခြိုက်သူမို့ပင်။ သူတို့စကားကြောက တစ်စုံတစ်ရာကို မေ့လျော့ရှောင်ကွင်းထားမှန်း သိသာစွာ တစ်မျိုးကြီးအသက်ကင်းမဲ့နေသည်။

နန္ဒာက ရင်ထဲကလိကလိ ဖြစ်တာကို မအောင့်နိုင်ဘဲ နည်းနည်းကလေးဖြစ်ဖြစ်တော့ စကားဆက်စပ်လိုက်ချင်ကာ...

"ဆိုင်နာမည် မြင်ကတည်းက နန္ဒာ သိဖို့ကောင်းတာ"

"ဘာကိုသိဖို့ကောင်းတာလဲ၊ ဒီနာမည်တွေက နေရာတော်တော်များများမှာ ရှိတာပဲ၊ သိပ်ရှားပါးတဲ့နာမည်မှမဟုတ်တာ"

"ဒါပေမဲ့ စားသောက်ဆိုင်နာမည်ပေးဖို့တော့ တကူးတကလိုက်ဖက်မနေဘူးလေ၊ တမင်ပေးမှ ဖြစ်မှာလေ"

"ဟင်း ... ဟင်း ... ဟင်း"

"ဘာရယ်တာလဲရှင့်"

"ရှိပါတယ်ဗျ၊ ဒီလိုနာမည်မျိုး စားသောက်ဆိုင်တွေ၊ မြစ္စက်ညိုတို့ ရွှေမိုးသည်းတို့ စသည်ဖြင့်"

"အခုဟာက ရွှေမိုးညိုလေ၊ တည့်တည့်ကြီးဟာ"

တိုးမင်းဆက်က ပြုံးရုံပြုံးနေပါသည်။





"ကိုတိုးမင်းဆက် ... မိုးညိုနဲ့ တွေ့သေးလားဟင်"

"........"

"ဆောရီး ... မဖြေချင်လည်း နေပါလေ"

"ခင်ဗျား ဒီလိုမေးပြီး Sorry လုပ်ကတည်းက ကျွန်တော်တို့ဘာတွေဖြစ်ကြတယ်ဆိုတာ ကြားပြီးလောက်ပြီ၊ ပြဿနာတစ်ခုခုရှိတာ သိပြီးပြီပဲ၊ ဒါဆိုရင် အခုစင်ကာပူကပြန်လာပြီးမှ ခင်ဗျား မိုးညိုနဲ့တွေ့ပြီးလောက်ပြီလို့ ခန့်မှန်းနိုင်တာပေါ့"

"ဟုတ်ကဲ့ ... တွေ့ပြီးပါပြီ"

"ဘယ်မှာတွေ့တာလဲတောင် မှန်းလို့ရပါတယ်၊ ရန်ကုန်မှာ မဖြစ်နိုင်ဘူး ထင်တယ်"

နန္ဒာက တိုးမင်းဆက်ကို စေ့စေ့ကြည့်ကာ ...

"ကိုတိုးမင်းဆက် ... မိုးညို ဒီကိုရောက်နေတာ ရှင်သိတယ်ပေါ့၊ သိတယ် မဟုတ်လားဟင်"

"........"

"မိုးညိုကို တွေ့ပြီးပြီလားဟင်"

"ကျွန်တော့်ချာတိတ်တွေ တွေ့လာတာပါ၊ ခင်ဗျားကို သူမပြောဘူးလား နန္ဒာ"

"ဟုတ် ... ပြောပါတယ်၊ ကိုတိုးမင်းဆက်ရော တွေ့သေးလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမြို့ကျဥ်းကျဥ်းကလေးမှာ သူ့ကို ကျွန်တော်တွေ့ချင်ရင် အလွယ်လေးပေါ့ နန္ဒာ၊ ဒါပေမဲ့ ကျွန်တော်မတွေ့ချင်ဘူး လေ၊ တွေ့ဖို့မကြိုးစားဘူး"

နန္ဒာက ခေါင်းကလေးတစ်ချက် ညိတ်လိုက်ရင်း ...

"အင်းလေ ... အဲဒါပဲ ကောင်းပါတယ်"

"ဒါပေမဲ့ ခင်ဗျားကို ကျွန်တော် တစ်ခုတော့ မေးချင်ပါတယ်"

"မေးလေ ကိုတိုးမင်းဆက်"

"အမှန်တော့ မမေးရင် ကောင်းပါတယ်"

"မေးတာ မမေးတာ ကိုတိုးမင်းဆက် သဘောပါ၊ ဒါပေမဲ့ မေးခဲ့ရင်တော့ ကျွန်မ အမှန်အတိုင်း သိသမျှဖြေပါ့မယ်"

တကယ်တော့ နန္ဒာ့ရင်ထဲမှာ ပြောချင်တာတွေက အပြည့်အသိပ်။ မိုးညိုက မပြောဖို့ ပိတ်ထား၍ ကသိကအောက် မျိုသိပ်နေရတာပင်။ တိုးမင်းဆက်ကများသာ ဖွင့်မေးလာလျှင်တော့ ဒီအဖြစ်အပျက်မှာ အပြစ်မရှိသူတစ်ယောက်ကမေးတဲ့ အမေးစကားကို လျစ်လျူမရှုသင့်ဆိုတဲ့ ကိုယ့်အကြောင်းပြချက် ကိုယ့်ဟာကိုယ် ပြဋ္ဌာန်းလျက် ဖြေပစ်လိုက်ချင်တာပင်။

"အမှန်အတိုင်း မဖြေနိုင်စရာလည်းမရှိတဲ့ အကြောင်းပါဗျာ"





"မေးပါ ကိုတိုးမင်းဆက်"

"သူ အိမ်ထောင်ကျသွားတာလား ကျွန်တော် သိချင်တာပါ"

"ဟင့်အင်း ... သူ အိမ်ထောင်မကျသေးပါဘူး ကိုတိုးမင်းဆက်"

"ဪ"

တိုးမင်းဆက်က ခေါင်းတညိတ်ညိတ်နှင့် တိတ်ဆိတ်သွားပါသည်။

ထိုညက နန္ဒာတို့ဝိုင်းတွင် ဆိုင်ပိုင်ရှင် တိုးမင်းဆက်က မေတ္တာဖြင့် တည်ခင်းသော လက်ဆောင်ဟင်းပွဲအပိုနှစ်ပွဲ ပါဝင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ကိုတိုး ... ကိုတိုး ... ဗလလက်ကို ဓားထိသွားလို့"

"ဟင်"

တိုးမင်းဆက်က ကမန်းကတန်း နေရာမှထကာ စားသောက်ဆိုင်ဘက်သို့ အပြေးလိုက်ခဲ့ပါသည်။ မီးဖိုခန်းဘက် ပြေးဝင်လိုက်လျှင် ဗလနားမှာ အားလုံးလူအုံနေကာ ကြွေပြားခင်း ကြမ်းဖြူဖြူပေါ်မှာတော့ သွေးစက်သွေးကွက်တွေက မြင်မကောင်းတော့အောင်ပင်။

"ဟာ ... ဘယ်လိုဖြစ်တာလဲကွာ"

"ဓား ... ဓားခုတ်မိတာ အစ်ကို"

"ဓားခုတ်မိတာ ! ဘယ်လိုခုတ်မိတာလဲကွာ"

"ဒီကကြက်သားကိုခုတ်နေတာ အစ်ကို၊ အဲဒါ ဒီဘက်လှည့် စကားပြောရင်း ခုတ်ချလိုက်တာ"





ဗလကတော့ မျက်နှာပျက်နေကာ စကားမပြောနိုင်။ ဘားကချာတိတ်လေးတွေက ဝင်ဖြေသည်။

"ဟာကွာ ... မင်းကလည်း ဗလရာ၊ စကားလှည့်ပြောရတယ် လို့ကွာ၊ အခု ဘယ်ထိသွားတာလဲ"

"လက်ညှိုး အစ်ကို၊ ဘယ်ဘက်လက်ညှိုး ပြတ်လုမတတ် ပဲ"

"ကျုတ် ... ဖြစ်မှဖြစ်ရလေ၊ အဝတ်သန့်သန့်နဲ့ သေချာပတ်ပြီး ဖိအုပ်ထား၊ ရေခဲထုပ်ခြေပြီး အဝတ်ပေါ်ကနေ တစ်ထပ်အုပ်၊ နောက်အဝတ်တစ်ခုနဲ့ ထပ်ပတ်ထားလိုက်၊ ငါကားသွားထုတ်မယ်၊ ဆေးရုံချက်ချင်းသွားရမှာပေါ့"

တိုးမင်းဆက်က အပြေးအလွှား ကားသွားထုတ်ကာ အိမ်ရှေ့ဘက် မောင်းအလာ ဗလနှင့် ကောင်လေးတွေက အိမ်ရှေ့ကစောင့်နေကြပြီး ကားပေါ်တက်ဖို့ပြင်သည်။

"တစ်ယောက်ပဲ လိုက်ခဲ့လိုက်၊ မီးဖိုကကောင်တွေမလိုက်နဲ့၊ လုပ်စရာရှိတာ လုပ်ပြီးနေခဲ့ကြ၊ စိုးဝင်း ... မင်းခါတိုင်း ဗလနဲ့တူတူ လုပ်နေကြပဲ၊ ဘာတွေလုပ်ရမလဲ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်းပဲ အားလုံးကြည့်လုပ်ထား၊ ကျန်တဲ့ကောင်တွေ စိုးဝင်းကို ကူကြဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အစ်ကို ကျွန်တော် လိုက်ခဲ့မယ်"

စတီဗင့်အပြောကြောင့် ...

"အေး ... လာ၊ လိုက်ခဲ့"

"ကျွန်တော် မောင်းရမလား အစ်ကို"

"ဘာဖြစ်လို့လဲ"

"ဟို ... အစ်ကိုက ဟိုဒင်း ... သောက်နေတာဆိုတော့"

"ရပါတယ်"

စတီဗင်ကတော့ နဂိုတည်းက ဖျော်ဖြေရေးပိုင်းနဲ့ပဲ ဆိုင်တာမို့ မီးဖိုချောင်ကိစ္စ ဘာမှလဲ နားလည်သူမဟုတ်ပါ။ တိုးမင်းဆက် ကားမောင်း၍ စတီဗင်နှင့် ဗလ နောက်ကပါလာသည်။

"လက်ကို ကျပ်ကျပ်ညှစ်ထား ဗလ၊ သိပ်နာလား"

"ရေခဲနဲ့အုံထားတော့ သိပ်မနာပါဘူး ကိုတိုး"

"မင်း ချုပ်ရမှာတော့ သေချာတယ်၊ ဒဏ်ရာများတယ်၊ ဖြစ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ဖြစ်ရမှာပေါ့ အစ်ကိုရာ၊ ဒီညနေတော့ ဒုက္ခပဲ၊ ကျွန်တော်သက်သာပါစေပဲ ဆုတောင်းရတယ်"

"မင်း သက်သာသာ မသက်သာသာ မင်းတော့ဝင်ချက်လို့ မဖြစ်ဘူးလေ၊ အနာတစ်ဖက်နဲ့ ညှော်မိဘာမိဖြစ်မယ်၊





ရပါတယ်၊ ဆိုင်ရှေ့မှာ ကြော်ငြာဘုတ် ထုတ်ထားလိုက်မယ်၊ စားဖိုမှူး ထိခိုက်ဒဏ်ရာရလို့ ဒီညနေအတွက်တော့ ဟင်းတွေကို သည်းခံအားပေးဖို့ပေါ့"

"ဖြစ်ပါ့မလား အစ်ကို"

"ဖြစ်ရမှာပေါ့ကွ၊ မဖြစ်လို့ ရမလား၊ ငါလည်း နည်းနည်းပါးပါး ချက်တတ်ပါသေးတယ်၊ စိုးဝင်းလေးလည်း နည်းနည်းပါးပါးတော့ ရပါတယ်"

ဆေးရုံဝင်းထဲ ကားမောင်းဝင်ခဲ့ကာ သူတို့ဆင်းကာ ဝင်သွားကြချိန်မှာ လက်ထောက်ဆရာဝန်မငယ်လေးသာ ရှိပြီး ဆရာဝန်ကြီးကမရှိ။ နေ့လယ်တစ်နာရီဖြစ်၍ ဘေးကပ်လျက်က သူ့အိမ်သို့ ထမင်းစားပြန်နေပါသည်။

ဆရာဝန်မငယ်ငယ်လေးဟာ ဗလရဲ့ဒဏ်ရာကိုစစ်ဆေးပြီးလျှင် သူပါမျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေရှာသည်။

"ဆရာကြီးခေါ်မှ ဖြစ်မယ်ရှင့်၊ ဒဏ်ရာနည်းနည်းများတယ်၊ အရိုးလည်းထိသွားတယ်၊ ခဏနော် ကျွန်မ ဖုန်းလည်းဆက်ဒီကလည်း လူရှာလွှတ်လိုက်ဦးမယ်၊ ဆရာကြီးလိုတာလေး ယူလာနိုင်အောင်"

"ကျွန်တော် သွားပြောပေးပါ့မယ်"

စတီဗင့်ကို ဆရာဝန်မလေးက ခေါင်းညိတ်ပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ကောင်းတယ်၊ ရှင်သွားခေါ်ပေးပါ၊ ဒီက ကောင်လေးက ဘယ်ရောက်နေလဲ ရှာရဦးမယ်၊ အချိန်မင့် မှာစိုးလို့"

စတီဗင်က တစ်ဖက်ခြံကိုထွက်လာပါသည်။ ဒီအချိန်ဟာ ဆရာဝန်ကြီး ထမင်းစားပြန်ချိန်ဆိုတာ စတီဗင် သိပြီးသား။ တစ်ခါတစ်ရံ ဟင်းတစ်ပွဲနှစ်ပွဲ မနက်ကတည်းက ကြိုတင်အော်ဒါလုပ်ထားတတ်ကာ နေ့လယ်ဆယ့်နှစ်နာရီ ဆယ့်နှစ်နာရီခွဲမှာ ဆရာဝန်ကြီးရဲ့တပည့် လာယူလေ့ရှိသည်လေ။

ဆရာဝန်ကြီးကို အိမ်ကနေ သွားပင့်ခေါ်ရလျှင် မွန်နုခနှင့်လည်း တွေ့ရနိုင်တာ စတီဗင် သိပြီးသား။ စတီဗင်က ခြံထဲအပြေးအလွှား ဝင်သွားသောအခါ အိမ်ထဲဘက်က ခွေးဟောင်သံတွေ ထွက်လာသည်။

"ဟဲ့ ... ရန်လုံ ... ရန်လုံ"

သာသာယာယာ အော်ဟန့်လိုက်တဲ့အသံဟာ မွန်နုခအသံမှန်း စတီဗင် သိသည်။ ပေါ်တီကိုအောက် ခြေစုံရပ်ကာ သံဆန်ခါကွက်များမှတစ်ဆင့် အိမ်ထဲဘက်ကြည့်လိုက်လျှင် အိမ်ရှေ့ပြေးထွက်လာတဲ့ ခွေးနောက်က တဖျပ်ဖျပ်ပြေးလိုက်လာတဲ့ မွန်နုခကို တွေ့ရပါသည်။

"ဟင် ... ရှင်"





"မွန်နုခ ... ဆရာကြီးရှိလား"

"ဟုတ် ... ရှိတယ်၊ ဖေကြီး ထမင်းစားနေတယ်၊ ပြီးတော့ ပြီးလောက်ပြီထင်တယ်၊ ဘာကိစ္စရှိလို့လဲဟင်"

"ဆရာကြီးနဲ့ တွေ့ချင်လို့ လူနာပါလာလို့ပါ"

"ဟင် ... ဘယ်သူဘာဖြစ်လို့လဲဟင်၊ အစ်ကိုကြီး ဘာဖြစ်လဲဟင်"

စတီဗင့်မျက်နှာက မွန်နုခရဲ့စိုးရိမ်တကြီး အရိပ်အယောင်စကားသံကြောင့် စူပုပ်ပုပ် ဖြစ်သွားကာ ...

"ကိုတိုး မဟုတ်ဘူး ဗလ"

"ဩော် ... ကိုဗလလား၊ ကိုဗလ ဘာဖြစ်လို့လဲ"

"လက်ကို ဓားနဲ့ခုတ်မိလို့"

"ဘုရားရေ ... နှ ဆေးရုံဘက်မှာလား"

"အင်း"

"ခဏနော် ... ဖေကြီးကို ပြောလိုက်မယ်၊ အိမ်ထဲဝင်လေ၊ ခွေးကမကိုက်ပါဘူး၊ ဟောင်ပဲဟောင်တာ"

စတီဗင်က အပြေးအလွှားဝင်သွားသော မွန်နုခ ပုံရိပ်လေးကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။ အိမ်ထဲတော့ မဝင်တော့ပါ။

ခဏအတွင်း ဆရာဝန်ကြီးဦးမြင့်မွန်က ထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ ဟိုဘက်ကဖုန်းဆက်ပြောတယ်၊ လိုအပ်တယ်ထင်တာတွေ တစ်ခါတည်း ယူခဲ့ပြီ၊ အရိုးတောင် ထိပုံရတယ်ဆိုတော့ ဒဏ်ရာများတာပဲ၊ ကဲ ... လာ ... လာ"

"ဆရာကြီး ပစ္စည်းတွေ ကျွန်တော့်ကိုပေးပါ ခင်ဗျာ"

"အေး ... ရော့ ... ရော့ ... သွားကြစို့"

"ဖေကြီး ... မီးလည်း လိုက်ချင်တယ်"

"ဘာလိုက်လုပ်မှာတုန်း သမီးက"

"သူတို့တွေနဲ့ သမီး ခင်တယ်၊ အဲဒီဆိုင်ရှင်အစ်ကိုကြီးနဲ့ မီးနဲ့ ခင်တယ် ဖေကြီးရဲ့၊ လိုက်ကြည့်ချင်တယ်"

"ကဲ ... လာ ... လာ"

သူတို့အားလုံး ဆေးရုံဘက် ချက်ချင်းပြန်ရောက်လာကြပါသည်။ ဗလရဲ့လက်ကို ဆရာဝန်ကြီးက စစ်ဆေးကာ ချုပ်လည်းချုပ်၊ လိုအပ်သမျှလည်း လုပ်ကိုင်ရသည်မှာ အချိန်အတန်ကြာသည်။

"ဒဏ်ရာက နည်းနည်းများတယ်၊ ကောင်းတော့ကောင်းသွားမှာပေမယ့် အချိန်နည်းနည်းယူရမယ်ဗျ၊ လက်ကိုမသုံးဘဲ အနားပေးထားရမယ်၊ ဆေးရုံကို နေ့တိုင်းမှန်မှန်လာပြီး ဆေးထည့်ဒရက်စင်လုပ်ရမယ်"

"ဟုတ်ကဲ့ ... လာပါ့မယ် ဆရာကြီး"





"သူက ဆိုင်မှာ အဓိကစားဖိုမှူးလား"

"ဟုတ်ကဲ့ခင်ဗျ"

"ချက်ပြုတ်နိုင်ဖို့တော့ စောင့်ရလိမ့်ဦးမှာ၊ ဆိုင်မှာအဆင်ပြေပါ့မလား"

"ပြေအောင် လုပ်ရမှာပေါ့ ဆရာကြီး၊ ကျွန်တော်လည်း အချက်အပြုတ်သင်တန်း တက်ထားပြီး လက်မှတ်ရထားပါတယ်၊ မချက်တာကြာပေမယ့် ကျွန်တော် ချက်လို့ရပါတယ်ခင်ဗျ"

"ဟင် ... ဟုတ်လား၊ အစ်ကိုကြီးချက်မှာဆိုရင် မီးလာစားချင်သေးတယ်၊ လာစားဦးမှာ"

"လာပါ ... လာစားပါ ညီမ၊ ဆရာကြီးတို့မိသားစုအားတဲ့ တစ်ညနေခင်း ဆိုင်ကိုထမင်းစားကြွပါဦးခင်ဗျာ၊ ကျွန်တော့်လက်ရာနဲ့ ဧည့်ခံပါ့မယ်"

"ဟေး ... တကယ်နော်"

မွန်နုခဟာ ဖခင်ဖြစ်သူခါးကိုဖက်ကာ ကလေးငယ်တစ်ယောက်လိုပင် ရယ်မောပျော်ရွှင်နေသည်။ ဆရာဝန်ကြီးက တရင်းတနှီး ဖော်ဖော်ရွေရွေ ရှိလှ၍ ခဏတဖြုတ် စကားလက်ဆုံကျရင်း တိုးမင်းဆက်နှင့် အပြန်အလှန် ခဏချင်း ရင်းနှီးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး ... အစ်ကိုကြီးက ပန်းချီလည်းဆွဲတယ်၊ ပန်းချီဆရာ"

"ဟုတ်လား"

"ပန်းချီဆရာရယ်လို့တော့ မဟုတ်ပါဘူး ဆရာကြီး၊ ဝါသနာအလျောက် ပန်းချီဆွဲတာပါ"

"ဟာ ... ဒါဆိုရင်တော့ ဒီမြို့နဲ့အံကိုက်ပေါ့၊ ဒီမြို့က သာသာယာယာနဲ့ ရှုခင်းရှုကွက် အင်မတန်လှတာ၊ မြို့တည်ပုံလည်း ကဗျာဆန်တယ်၊ ကုန်းကမူလေးတွေနဲ့၊ ဒီမြို့ကို ပန်းချီဆရာတွေ ရောက်ရောက်လာသလိုတော့ ဖြစ်နေပြီ၊ ခုတလော ကျွန်တော် ကြည့်ပေးနေတဲ့ ပေးရှင့်တစ်ယောက်ရဲ့အမျိုးသမီးလေးကလည်း ပန်းချီဆွဲသတဲ့၊ ဒီမြို့ကပန်းချီဆွဲလို့ကောင်းကြောင်း ချီးမွမ်းနေတယ်ဗျ"

❤ ○ ❤

"မာမီ ... မိုးညို ဘာကူရဦးမလဲ၊ အဝတ်တွေလျှော်လို့ပြီးပြီ"

မိုးညိုက မီးဖိုထဲဝင်လာကာ မေးလိုက်ပါသည်။ ဒေါ်သင်းသင်းလှိုင်က တစ်ချက်ငုံကြည့်လိုက်ရင်း ...





"မလိုတော့ဘူး သမီး၊ ပြီးသလောက်ရှိပြီ"

"မာမီ ဟင်းရည်ပဲ ပြီးသေးတာ မဟုတ်လား၊ ဒီနေ့က ဈေးဝယ်တဲ့နေ့ဆိုတော့ သားငါးတွေ တုံးတစ်သိမ်းဆည်းနဲ့ အလုပ်များတဲ့နေ့လေ၊ ငါးဖယ်က ဘယ်လိုချက်မှာလဲ မာမီ၊ မထောင်းရသေးဘူး မဟုတ်လား"

"အင်း"

"မိုးညို ထောင်းလိုက်မယ်နော်၊ ကြက်သွန်ဖြူနဲ့ ချင်းလေးနဲ့ မဟုတ်လား မာမီ"

"အင်း"

မိုးညိုက ရေတွတ်ဆုံမှာ ငါးဖယ်ထောင်းဖို့လုပ်သည်။ အစိမ်းကြော်ကြော်ရန် ဟင်းသီးဟင်းရွက်တချို့သင်နေတဲ့ မာမီက ခါတိုင်းကဲ့သို့ သီချင်းတညည်းညည်းမရှိဘဲ တိတ်ဆိတ်နေလေသည်။

"မာမီ"

"အင်း"

"ဆားတို့ နနွင်းတို့ အရောင်တင်မှုန့်တို့ ထည့်ထောင်းရမလား"

"အင်း ... နည်းနည်းစီထည့်"

"မာမီ နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် မိုးညိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ့မျက်နှာ မရွှင်လန်းဘူး ဒီနေ့၊ မုန့်ဟင်းခါးတို့ အုန်းနို့ခေါက်ဆွဲတို့ စားလာသေးလား၊ သွေးများတိုးလားဟင်"

"မစားပါဘူး မိုးညိုရယ်၊ မာမီ ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့် သိပ်နေလို့မကောင်းဘူးလား၊ မနေ့က ခေါင်းလျှော်လိုက်တာ၊ အအေးများပတ်ချင်လားဟင်"

"မာမီ ဘာမှမဖြစ်ဘူး သမီး၊ သွင်ရော"

"သွင် အိပ်ရာထဲမှာ မာမီ၊ အဖျားနွေးနွေးတော့ ရှိသေးတယ်"

သွင်သစ်က မနေ့က ရာသီကူးပြောင်းဖြစ်တတ်တဲ့ တုပ်ကွေးဆန်ဆန်မျိုး ဖျားပါသည်။ သွင်သစ် တစ်ခုခုဖြစ်လျှင် ခေါင်းကိုက် ဗိုက်အောင့်လေးကအစ ဆရာဝန်ကြီးဆီသွားပြနေကျမို့ မနေ့ကလည်း ဆရာဝန်ကြီးအိမ်ကို သွားပြပါသည်။ တုပ်ကွေးဖျားဟုဆိုကာ ဆေးပေးလိုက်၍ ထိုဆေးသောက်ကာ ဒီမနက်တော့ ကိုယ်သိပ်မပူတော့။

"အိပ်နေတာလား"

"တီဗီကြည့်နေတာ မာမီ၊ ဒါပေမဲ့ ခဏနေရင်တော့ ငိုက်ပြီး ပြန်မှိန်းသွားမယ်ထင်တယ်၊ ဆရာကြီးကပြောတယ်၊ အိပ်ရာထဲပဲ နားနားနေနေ နေတဲ့၊ ဆေးတွေမှာ ငိုက်မြည်းစေတာ နည်းနည်းပါတယ်လေ"





"အင်း"

"မာမီလည်း သွားနားလိုက်ပါလား၊ ဒီနေ့ မိုးညို အစားလုံး ချက်လိုက်မယ်လေ၊ မာမီက တစ်နေ့တစ်နေ့ လှုပ်လှုပ် လှုပ်လှုပ်နဲ့ မီးဖိုထဲကကို မထွက်ဘူး၊ လူကကျန်းမာရေး ကောင်းပေလို့သာ၊ အသက်ကြီးပြီ မဟုတ်လား မာမီရဲ့၊ ကျန်းမာရေးအခံ ဘယ်လောက်ပဲကောင်းကောင်း သိပ်တော့ အပင်ပန်းခံလို့ မကောင်းဘူး၊ သွားနားလိုက်ပါနော်"

"မိုးညို"

"ရှင်"

"မာမီ ဈေးမှာ တိုးမင်းဆက်နဲ့ တွေ့ခဲ့တယ်"

"ဟင်"

ငရုတ်ဆုံထဲက ငါးဖယ်တွေကို တခွပ်ခွပ် ထောင်းနေသော မိုးညိုလက်တွေ ရုတ်တရက် ရပ်တန့်သွားပါသည်။

"သူ ဒီမြို့မှာ ရှိနေတယ်"

"………"

"အဲဒါ သမီး သိလား"

"မိုး … မိုးညို … သူ့တပည့်လေးတွေ စတီဗင်တို့နဲ့တော့ တွေ့ပြီးပြီ မာမီ"

"သူနဲ့ရော"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့တော့ မဆုံသေးပါဘူး"

"ကမ္ဘာကြီးက ဘာဖြစ်လို့ ဒီလောက်ကျဉ်းရပါလိမ့်မလဲ"

မာမီက ညည်းတွားသလို ပြောနေပါသည်။ မိုးညိုက ခေါင်းကိုငုံ့ကာ စိတ်လှုပ်ရှားစွာ ငါးဖယ်ကိုသာ အငြိုးတကြီး ထုထောင်းနေမိပါသည်။

"ဒီမြို့က ကျဉ်းကျဉ်းလေး သမီး"

"………"

"တစ်နေ့မဆုံ တစ်နေ့ဆုံကြမှာပဲ"

"………"

"အဲဒီအခါကျရင် ဘာတွေဘယ်လိုဖြစ်လာမလဲဆိုတာ မာမီ စဉ်းစားနေမိတာ ခေါင်းတွေကိုပူနေတာပဲ"

"စိတ်မပူပါနဲ့ မာမီ၊ မိုးညို သူ့ကို သေသေချာချာဆုံးဖြတ်ပြီး အဆက်အသွယ် ဖြတ်ခဲ့ပြီပဲ"

"ဒါတော့ ဒါပေါ့ မိုးညိုရယ်"

မာမီက သက်ပြင်းတစ်ချက်ချသည်။

"တိုးမင်းဆက် ရင်ထဲမှာ သမီးမပျောက်ကွယ်သေးဘူး"

"မာမီကို ဘယ်သူပြောလဲ"

"တစ်ယောက်ယောက်က ပြောစရာလား မိုးညိုရယ်၊ မာမီ သိတာပေါ့၊ မာမီနဲ့ တိုးမင်းဆက် တည့်တည့်ကြီး မျက်နှာ





ချင်းဆိုင်တိုးတာလေ၊ နှစ်ယောက်သား ကြက်သေတွေသေပြီး ဆက်မသွားဘဲ ရပ်နေကြတာ"

မိုးညို ရင်တွေတဒိတ်ဒိတ် တုန်လာသည်။

"တိုးက မာမီ့ကို နှုတ်ဆက်လား"

"အင်း … နှုတ်ဆက်တယ်"

"ဘာပြောသေးလဲဟင်"

"သူ ဒီမြို့မှာ စားသောက်ဆိုင်ပဲ ပြန်ဖွင့်ထားတယ်၊ ခါတိုင်းတော့ ဈေးမလာဘူးတဲ့၊ ဒါကြောင့် မာမီနဲ့တစ်ခါမှ မတွေ့တာ၊ အခုရက်ပိုင်းက သူ့ဆိုင်က စားဖိုမှူးကောင်လေး ဒဏ်ရာရထားလို့ သူပဲ ဝင်စီစဉ်ချက်ပြုတ်နေတော့ သူကိုယ်တိုင် ဈေးပါလာဝယ်တယ်တဲ့"

"………"

"သူလည်း တော်တော် ကိုယ်ရေစစ်သွားပြီး လူကနည်းနည်းရုပ်ကျသွားသလိုပဲ၊ တစ်နှစ်လောက်နဲ့ လူကြီးပုံစံဝင်သွားသလိုပဲ၊ အသားတွေလည်း ပိုညိုသွားတယ်၊ စကားနည်းပြီး တော်တော် တည်ငြိမ်ရင့်ကျက်သွားတယ်"

"………"

"မာမီ ဒီမြို့ကိုပါလာမှန်းတော့ သူ မသိပေမယ့် သမီးရောက်နေတာတော့ ကြားတယ်တဲ့၊ သူ့တပည့်လေးတွေလည်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နန္ဒာလည်း သူ့ဆိုင်မှာ တစ်ခါလာစားရင်း ပြောပြတယ်တဲ့”

“သူ မာမိုကို အေးအေးဆေးဆေး စကားပြောနိုင်သားပဲနော်”

“မပြောနိုင်စရာ ဘာရှိလဲ၊ မာမိကသာ နည်းနည်းမျက်နှာပူတာ”

“သူ နာကြည်းနေမယ် ထင်လို့ပါ”

“နာကြည်းပုံတော့ရတယ် မိုးညို”

“.........”

“မာမိက ပြောတယ်လေ၊ အစစအရာရာဟာ ကံကြမ္မာကပြဋ္ဌာန်းစေစားသလို ဖြစ်သွားကြရတာပဲလို့၊ မိုးညိုကို ခွင့်လွှတ်လိုက်ပါလို့”

“ဘာလို့ပြောရတာလဲ မာမိရယ်၊ သူ ခွင့်မလွှတ်လည်းနေပါစေ၊ သူ ခွင့်လွှတ်နိုင်မယ်လည်း မထင်ပါဘူး”

“သူကပြောတယ်၊ ဒီအကြောင်းတွေ မပြောပါနဲ့ မာမိတဲ့”

တိုးက မိဘမဲ့မို့ မာမိုကို မိုးညိုခေါ်သလို မာမိဟုသာ လိုက်ခေါ်ခဲ့သူပင်။

“မာမိကလည်း အကြောင်းစုံ အဖြစ်စုံတော့ ပြောဖို့မရည်ရွယ်ပါဘူးလေ၊ ဒါပေမဲ့ တိုးမင်းဆက်က တားတယ်၊





မပြောပါနဲ့တဲ့၊ သူ မသိချင်ဘူးတဲ့၊ ခွင့်လည်းမလွှတ်နိုင်းပါနဲ့တဲ့၊ သူလည်း သိပ်ပြီးပါရမီရင့်ကျက်တဲ့သူတော့ မဟုတ်ဘူးတဲ့၊ သူ့ဘဝကိုမပျက်အောင် သူ မနည်းထိန်းမတ်ခဲ့ရတယ်တဲ့”

မိုးညိုရဲ့ငုံ့ထားတဲ့မျက်နှာ ပါးပြင်ပေါ် မျက်ရည်တစ်စက် လိမ့်ကျလာသည်။

“မာမိ စိတ်မကောင်းဖြစ်မိတယ် မိုးညို”

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



# ၉

သွင်သစ်က ဗိုလ်ချုပ်လမ်းမကြီးပေါ်ကနေ ညာဘက် လမ်းတစ်ခုကို ချိုးချလိုက်ပါသည်။ ဒီလမ်းဆို သူမရောက်ဖူးသေးတဲ့လမ်း။ မရောက်ဖူးဆို သူဟာ ကန်ပတ်လမ်းနှင့် ဈေးဘက်တစ်ဝိုက်ကလွဲရင် တခြားဘယ်လမ်းကိုမှ သေချာမရောက်ဖူးတာပါ။

ဒီကိုရောက်ပြီးမှ သူ သွားဖြစ်တာ ဆေးရုံ၊ ဆရာဝန်ကြီးအိမ်၊ ဘုန်းကြီးကျောင်း၊ ဘုရား၊ မြို့ရဲ့အတင်ကရကျောက်တိုင်ရှိသောပန်းခြံ။ ဒါလောက်ပင်။ ဆေးရုံနှင့် ဆရာဝန်ကြီးအိမ်ကလွဲရင် ကျန်တဲ့နေရာတွေကိုလည်း တစ်ခေါက်လောက်စီသာရောက်ဖူးတာဖြစ်သည်။ သွားတိုင်းလည်း ကားနှင့်သွားဖြစ်ခဲ့တာချည်းပင်။

အခု သူချိုးလာတဲ့လမ်းပေါ်မှာ လမ်းမနှင့်ကပ်လျက်ခြံဝင်းကျဉ်းလေးတွေနှင့် သပ်သပ်ရပ်ရပ်အိမ်ကလေးတွေ တိုက်တာကလေးတွေ ရှိသည်။ ဒီမြို့က အိမ်တိုင်းနီးပါးကတော့ ခြံဝင်းလေးတွေ ပိုင်ဆိုင်ကြတာပင်။ အကျဉ်းအကျယ်သာကွာသည်။ ရန်ကုန်မှာလို အထပ်မြင့်တိုက်တွေတော့ ခုထိမတွေ့ရသေး။





ဒါကြောင့် မြင်ကွင်းတွေက မပိတ်ဆည်းဘဲ သစ်ပင်ဆိုလည်း ဟိုးထိပ်ဖျားပိုင်းတွေ စိမ်းစိမ်းနုနု စီရီမြင်နေနိုင်တာ။ ဒါကြောင့်လည်း မြင်ကွင်းလှပတာ။ အမြင့်ဆုံးအိမ်က သုံးထပ်အထိပဲ တွေ့ဖူးသည်။ ဒါတောင် ဈေးဟိုးဘက်နားက တည်းခိုခန်းမို့လို့။ နာမည်ရှိတဲ့ သပ်ရပ်သော တည်းခိုခန်းကတော့ ကန်ပတ်လမ်းပေါ်မှာ ခြံကြီးဝင်းကြီးနှင့် နှစ်ထပ်ဘန်ဂလိုလေးတွေ လုံးချင်းသေးသေးလေးတွေနှင့် တွေ့ရသည်။

"ရွှေဝါဂန္ဓမာ ဖိနပ်လုပ်ငန်း"

"စကြာရွှေရည်မုန့်တိုက်"

"ကျိန်လီတရုတ်တိုင်းရင်းသွားဆေးကုခန်း"

လမ်းမှာတွေ့လာတဲ့ ဆိုင်းဘုတ်တချို့ကို ပျင်းပျင်းနှင့် သွင်သစ်က လျှောက်ဖတ်လာသည်။ ခပ်ဝေးဝေး လျှောက်လာတော့ မောသားပင်။ အသက်ရှူနှုန်း နှလုံးခုန်နှုန်းတို့က အစကတည်းက စိတ်လှုပ်ရှားမှုကြောင့် မြန်ဆန်မြည်ဟည်းနေခါမှ အခုပိုဆိုးနေပြီပေါ့။

ရှေ့နားမှာ စတိုးဆိုင်ခပ်သေးသေးတစ်ခု တွေ့ရကာ ဝင်ပေါက်ဝနားမှာတင် ရေခဲသေတ္တာ ဖရီဇာတို့ကို မြင်နေရသောမို့



www.burmeseclassic.com

www.burmeseclassic.com



သွင်သစ်ကဝင်ကာ အအေးသံဘူးတစ်ဘူး ဝယ်လိုက်ပါသည်။ အနားက သစ်ပင်ရိပ်ခိုကာ အအေးဘူးကို မော့နေရင်း ဘယ်ဆက်သွား ဘာဆက်လုပ်ရကောင်းမလဲ စဉ်းစားနေမိသည်။

အိမ်ကထွက်လာတုန်းက စိတ်ရှုပ်ရှုပ် စိတ်လေလေနှင့် တစ်ယောက်တည်း စိတ်ပြေလက်ပျောက် သွားချင်၍ ထွက်လာခဲ့ပေမယ့် တကယ်တမ်းက ဘယ်မှလဲမသွားတတ် ဘာမှလဲလုပ်စရာမရှိတဲ့ဟာ။

အိမ်ကနေ သူ့ကိုတွန်းထုတ်လိုက်တဲ့ နောက်ခံတွန်းအားဆိုးကြီးကတော့ သူ မကြားချင်ဘဲ ကြားလိုက်ရတဲ့စကားအချို့ပင်။ အန်တီဒေါ်သင်းသင်းလှိုင်နှင့် မိုးညိုတို့ ပြောနေတဲ့စကားတချို့ကို သူ မမျှော်လင့်ဘဲ ကြားခဲ့ပါသည်။

အဲဒီထဲက အချို့စကားအခွန်းတွေဟာ သူ့နားထဲက ခုထိမထွက်ဘဲ ပဲ့တင်ထပ်နေဆဲ။ ၄

"ကမ္ဘာကြီးက ဘာဖြစ်လို့ ဒီလောက် ကျဉ်းရပါလိမ့်မလဲ"

"ဒီမြို့က ကျဉ်းကျဉ်းလေး သမီး၊ တစ်နေ့မဆုံ တစ်နေ့ဆုံကြမှာပဲ"

"အဲဒါအခါကျရင် ဘာတွေဘယ်လိုဖြစ်လာမလဲ ဆိုတာ မာမီ စဉ်းစားနေမိတာ ခေါင်းတွေကို ပူနေတာပဲ"





"စိတ်မပူပါနဲ့ မာမီ၊ မိုးညို သူ့ကို သေသေချာချာ ဆုံးဖြတ်ပြီး အဆက်အသွယ် ဖြတ်ခဲ့ပြီပဲ"

"ဒါတော့ ဒါပေါ့ မိုးညိုရယ်၊ တိုးမင်းဆက် ရင်ထဲမှာ သမီးမပျောက်ကွယ်သေးဘူး"

"မာမီကို ဘယ်သူပြောလဲ"

"တစ်ယောက်ယောက်က ပြောစရာလား မိုးညိုရယ်၊ မာမီ သိတာပေါ့"

"သူ မာမီ့ကို အေးအေးဆေးဆေး စကားပြောနိုင်သားပဲနော်"

"မပြောနိုင်စရာ ဘာရှိလဲ၊ မာမီကသာ နည်းနည်းမျက်နှာပူတာ"

"သူ နာကြည်းနေမယ် ထင်လို့ပါ"

"နာကြည်းပုံတော့ရတယ် မိုးညို၊ မာမီကပြောတယ်လေ၊ အစစအရာရာဟာ ကံကြမ္မာက စေစားပြဋ္ဌာန်းသလို ဖြစ်သွားကြရတာပဲလို့၊ မိုးညိုကို ခွင့်လွှတ်လိုက်ပါလို့"

"ဘာလို့ပြောရတာလဲ မာမီရယ်၊ သူ ခွင့်မလွှတ်လည်းနေပါစေ၊ သူ ခွင့်လွှတ်နိုင်မယ်လည်း မထင်ပါဘူး"

"သူကပြောတယ်၊ ဒီအကြောင်းတွေ မပြောပါနဲ့ မာမီတဲ့၊ သူ့ဘဝကို မပျက်အောင် သူ မနည်းပြန်ထိန်းမတ်ခဲ့ရတယ်တဲ့"

......... ။



www.burmeseclassic.com

www.burmeseclassic.com



စကားသံတွေဟာ နီးလိုက် ဝေးလိုက်။ သွင်သစ် နားထဲမှာ လေသံတွေလိုလိုနှင့်ရောကာ ဝူးဝူးဝေါဝေါနှင့် ပဲ့တင်ထပ်နေသည်။

မိုးညို သူ့ကြောင့် ချစ်သူနှင့်လမ်းခွဲခဲ့ရတယ်ပေါ့။ မိုးညိုပြောတော့ ချစ်သူတွေမဖြစ်ခဲ့သလိုပင်။ ခုတော့ ထိုလူက ဘဝမပျက်အောင်တောင် မနည်းထိန်းမတ်ခဲ့ရသည်ဆိုတော့အသည်းဟက်တက်ကွဲကာ ကျန်ရစ်ခဲ့တဲ့ အခြေအနေမျိုးပင်။

ချစ်သူပါ ... ဒီလူဟာ မိုးညိုချစ်သူပါ။ သူ မရှိခိုက် မိုးညိုချစ်ခဲ့တဲ့ ချစ်သူ။ မိုးညိုအဖို့ စိတ်လှုပ်ရှား ယိမ်းယိုင်ခဲ့ရုံသူ ပြောသလို ဟုတ်ပါ့မလား။ သွင်သစ်ဆိုတာ လောကကြီးမှာမရှိတော့ဘူးလို့ မိုးညိုသာမက မေမေပါ ယူဆယုံကြည်ခဲ့တာလေ။ သူ မရှိတော့ဘူးလို့ ထင်တဲ့နောက်မှာတော့ မိုးညို ဒီလူကိုသေသေချာချာ ချစ်ခဲ့မှာပဲပေါ့။

မိုးညိုက ပေါ့တီးပေါ့ဆ အပျော်သဘော ရည်းစားထားမည့် မိန်းကလေးမျိုးမှ မဟုတ်တာပဲ။ ဒီကိစ္စအတွက် သူ မိုးညိုကို ခွင့်မလွှတ်လို့လည်းမရ။ ခွင့်မလွှတ်ဘူးပြောဖို့လည်း သူ စိတ်မသန့်သလို လုံးဝဉသုံခွင့်လွှတ်ဖို့လည်း ရင်ထဲနင့်နေသည်။ ဘယ်သူ့ကို မကျေမနပ်ဖြစ်ရမယ် စိတ်ဆိုးရမယ် မသိဘဲ သူ့စိတ်တွေ ဆူပွက်လာတာ။ ပေါက်ကွဲချင်လာတာ။





အဲဒါကြောင့် သူ ဦးတည်ရာမဲ့ အိမ်ကနေခဏထွက်လာခဲ့သည်။

ဘယ်သူ့ကိုမှလဲ မပြောခဲ့။

သွင်သစ်က ရှေ့ဆက်လျှောက်လာရင်း ရှေ့နားက ဗီဒီယိုခွေငှားဆိုင်ကိုတွေ့လျှင် ဝင်လာခဲ့ပါသည်။ ဘာမှလုပ်စရာမရှိတာ။ တစ်နေ့ တစ်နေ့ တီဗီကြည့် ဗီဒီယိုခွေကြည့်နှင့်သာ သူ့အချိန်တွေကို သုံးဖြုန်းနေတာ။ ခါတိုင်းတော့ မိုးညို သွားငှားလာတတ်သည်။ ဘယ်ကငှားတယ် သူမသိ။

အခုတော့ သွင်သစ်က မြန်မာကားတစ်ကား အင်္ဂလိပ်ကားနှစ်ကား ငှားလိုက်ပါသည်။

“ဒါ ယူမယ် ခင်ဗျ”

“ဟုတ်ကဲ့ ... နာမည်လေး”

“သွင်သစ်”

“လိပ်စာရော”

“ခြံအမှတ်(...)၊ ........ လမ်း”

“ဟုတ်ကဲ့ အစ်ကို၊ စပေါ်ခြောက်ထောင်ပေးခဲ့ပါ”

“ခင်ဗျာ”

“စပေါ်ခြောက်ထောင်ပါ”

“စပေါ် ... ! စပေါ်က ဘာကြောင့်လဲ မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ အစ်ကို၊ အစ်ကိုက ဒီမြို့သားမဟုတ်ဘူး၊ ညှော်သည်လူစိမ်းလည်း ဖြစ်နေတော့ ကျွန်တော်တို့ မသိတဲ့သူဆိုရင် ဒီလိုပဲ စပေါ်ယူထားလိုက်ပါတယ် အစ်ကို၊ နက်ဖြန် အစ်ကို ပြန်အပ်တော့ ငှားရမ်းခ တစ်ခွေသုံးရာပဲယူပြီး ကျန်တာပြန်ပေးလိုက်မှာပါ ခင်ဗျ"

"ကျွန်တော်က ဒီမြို့မှာ ကြာကြာနေဦးမယ့်သူပါ"

"ဟုတ်ကဲ့ပါ အစ်ကို၊ အစ်ကို ဘယ်လောက်နေမယ် မနေဘူးဆိုတာတော့ ကျွန်တော်တို့လည်း မသိပါဘူးခင်ဗျ"

သွင်သစ်က ဒေါသနည်းနည်း ထွက်ချင်လာကာ...

"ခင်ဗျားပြောတဲ့သဘောက စပေါ်တောင်းတယ်ဆိုတာ မယုံကြည်ရမှုကြောင့်ဆိုတဲ့ သဘောပဲ"

"အဲလိုလည်း မဟုတ်ပါဘူး အစ်ကို"

"ဟုတ်တာပေါ့၊ လူစိမ်းဆိုတော့ လာပြန်မအပ်ရင် အခွေကို ခိုးထားလိုက်ရင် ခွေဖိုးကာမိအောင်ဆိုတဲ့ သဘောပဲလေ"

"ထုံးစံအရမို့လို့ပါ အစ်ကို"

"မပေးချင်လို့ ငြင်းခုန်နေတာ မဟုတ်ဘူးဗျ၊ ကျွန်တော်လည်း ဒီနားဟိုနားဆိုပြီး ထွက်လာတာ ပိုက်ဆံအဲလောက်မပါဘူး၊ နှစ်ထောင် သုံးထောင်ပဲပါတယ်"

"အစ်ကို ... အဲဒါဆိုရင်တော့ တစ်ခွေလောက်ပဲ ယူသွားလိုက်ပါ"





"ကျွတ် ... မယူဘူးကွာ၊ မငှားတော့ဘူး၊ မင်းတို့ကလူတစ်ယောက်လုံးကို ဗီဒီယိုခွေ နှစ်ခွေ သုံးခွေလောက်တောင် တန်တယ်မထင်တဲ့ပုံနဲ့ ... တောက်"

သွင်သစ်က ဒေါသဖြစ်ဖြစ်နှင့် ဆိုင်ထဲက ထွက်လာပါသည်။

ရှေ့ကိုခပ်သွက်သွက် ဆက်လျှောက်လာရင်း လူကမှုးရိပ်မှုးရိပ်ဖြစ်လာသည်။ ဟိုးရှေ့မှာဖြတ်တဲ့ ကားလမ်းတစ်ခုခြားပြီးလွန်လျှင် ခြံကြီးဝင်းကျယ်တွေသာ ရှိတော့တဲ့ ကုန်းမြင့်ပိုင်း။ အဲဒီဘက်က ကွေ့ပြန်လျှင် အိမ်နှင့်ပိုနီးနိုင်သည်။ နောက်ကြောင်းပြန်လှည့်လျှင် တော်တော်ဝေးဝေး လျှောက်ရနိုင်သည်။

ထိုလမ်းမပေါ် သွင်သစ်အရောက်မှာ တစ်နေရာကဘွားခနဲ ပေါ်ထွက်လာတဲ့ ကားတစ်စီးနှင့် ရင်ဆိုင်တိုးသွားပါသည်။ ကားက အရှိန်လျှော့လိုက်ပေမယ့် သွင်သစ်က အရှိန်လွန်နေတာ။ မှုးယိုင် မှုးယိုင်နှင့် သွင်သစ်က လမ်းဘေးမကပ်နိုင်ဘဲ ကားရှေ့တည့်တည့်ခွေခနဲ လဲကျသွားပါသည်။

"ဟာ ... ဘာဖြစ်တာတုံး"

"သူ့ဟာသူလဲတာ အစ်ကို"

"မောင်ချမ်း ... ဆင်းကြည့်စမ်း၊ ဘာဖြစ်တာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



မောင်ချမ်းသာမက ဗလပါ ကားပေါ်ကဆင်းကြည့်ကြသည်။ ဗလလက်ကို ဒရက်စင်လုပ်ဖို့ ဆေးရုံထွက်လာတာဖြစ်ပြီး အဖော်အဖြစ် မောင်ချမ်း ပါလာတာပါ။ တိုးမင်းဆက်က ကားရှေ့မှန်ချပ်မှကျော်ပြီး မြင်အောင်လှမ်းကြည့်နေသည်။

"အစ်ကို ... သတိမရဘူး"

"ဟေ"

"သတိလစ်နေတာ အစ်ကို"

"ဟာ ... ဘယ်လိုဖြစ်တာလဲကွာ"

"အစ်ကို့ကားနဲ့မှ မထိတာ၊ သူ့ဟာသူ မူးလဲကျသွားတာပဲဟာ"

"အရက်မူးနေတာလား ဗလ"

"မဟုတ်လောက်ဘူး အစ်ကို၊ အရက်နံ့တော့ မရဘူး၊ နေမကောင်းတာများလား မသိဘူး၊ လက်တွေလည်း အေးစက်နေတယ်"

"ဟာ ... ဒါဆို လာကွာ ပွေ့တင်၊ တစ်ခါတည်း ဆေးရုံခေါ်သွားမယ်၊ ဗလ ... မင်း နေနေ၊ ငါလာပွေ့မယ်"

"အစ်ကို နေပါ၊ ရရဲ့လား အစ်ကိုက"

"ရပါတယ်ကွ၊ မင်းကလည်း"

"ပြုတ်ပျက်ကျနေပါဦးမယ်ဗျာ အစ်ကိုရာ"





ဗလက တိုးမင်းဆက် အနည်းငယ်မူးနေတာကို ရည်ညွှန်းပြောနေတာ ဖြစ်ပါသည်။

"အေးကွာ ... ငါ့ဆီက အနံ့ကထွက်နေတော့ တော်ကြာ ငါမူးပြီး ကားနဲ့ဝင်တိုးမိတယ် ထင်နေရင် ပြဿနာ"

"တိုးမှမတိုးမိတာပဲဟာ၊ ဒဏ်ရာလည်းမရှိဘူးပဲဟာ အစ်ကိုရ"

သူတို့သုံးယောက်သား လူစိမ်းကို ကိုးရိုးကားရားမ၊ ကာကားထဲသွင်းကြပြီး ကားကိုဆေးရုံသို့ဆက်မောင်းလာခဲ့ပါသည်။

"မောင်ချမ်း ... သူ ဘယ်သူလဲသိလား၊ မင်းကဒီမြို့ခံဆိုတော့"

"မသိဘူး အစ်ကို၊ တစ်ခါမှ မမြင်ဖူးဘူး"

"သေချာရဲ့လားကွ၊ သတိလစ်နေလို့ ရုပ်မဖမ်းမိတာလည်း ဖြစ်ရင်ဖြစ်မှာ"

"ဟင့်အင်း အစ်ကို၊ သေချာပါတယ်၊ ကျွန်တော်ကနေရာအနှံ့ရောက်နေတဲ့ကောင်ပဲ၊ မမြင်ဖူးပါဘူး၊ ဧည့်သည်ပဲဖြစ်လိမ့်မယ်ဗျ"

"အေးလေ ... ဆေးရုံကျမှ သတိရမှ မေးမြန်းကြည့်ရမှာပဲ၊ ခုလောလောဆယ်တော့ ဘယ်မှအကြောင်းမကြားပေးတတ်တော့ဘူး၊ ဘယ်သူမှန်းမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com

သူတို့ ဆေးရုံရောက်တဲ့အခါ ဗလကိစ္စထက် သတိလစ်လူနာကို အရင်ဦးစားပေးရပါသည်။ ဆရာဝန်ကြီးက လူနာကို တွေ့သည်နှင့် ...

"ဟင် ... ခင်ဗျားတို့ ဘယ်လိုဆုံလာကြတာလဲ"

"လမ်းမှာ ကားရှေ့မှူးလဲကျလို့ ဆရာ၊ ဘယ်သူမှန်းလဲ မသိဘူး"

"သူ့ကို ကျွန်တော် သိပါတယ်၊ ကျွန်တော် ကြည့်ပေးနေတဲ့ ပေးရှိုင့်ပါပဲ၊ ရန်ကုန်ကဗျ၊ ကျန်းမာရေး သိပ်မကောင်းလို့ပါ၊ ကိစ္စမရှိပါဘူး၊ အကြောင်းကြားရမယ့်ဖုန်းနံပါတ် ကျွန်တော် သိပါတယ်"

ဆရာဝန်ကြီးက ဖုန်းနံပါတ်တစ်ခု နာ့စ်တစ်ယောက်ကို ရေရွတ်ပြရင်း ဖုန်းသွားဆက်ပြီး လူနာအိမ်ကို အကြောင်းကြားဖို့ ပြောလိုက်ပါသည်။

❤ ○ ❤

ပေနှစ်ဆယ်ခန့်မျှ အကွာအဝေးလောက်သာ ရှိမည်ထင်သည်။

နှစ်ဦးစလုံးဟာ ခြေစုံရပ်၍ ကြက်သေ,သေပြီး တစ်ယောက်ကိုတစ်ယောက် စိုက်ငေးကြည့်နေကြပါသည်။ မျက်နှာ





ပြင်နှစ်ခုစလုံးဟာ ခံစားချက်မျိုးစုံနှင့် အရိပ်အမျိုးမျိုး တဖျပ်ဖျပ်ပြောင်းလဲထင်ဟပ်နေသည်။ ခန္ဓာကိုယ်တွေ တောင့်တင်းအေးစက်ပြီး တဆတ်ဆတ်တုန်ခါနေတဲ့အထိ စိတ်အတွင်းထဲမှာ လှုပ်ခါနေကြသည်။

တစ်နေ့နေ့ တစ်ချိန်ချိန် တွေ့နိုင်ဆုံနိုင်တယ်လို့ မျှော်လင့်ထားပြီး ဖြစ်ပေမယ့် တွေ့ရတဲ့အချိန်ကာလ၊ တွေ့ရတဲ့အဖြစ်အပျက်၊ တွေ့ရတဲ့နေရာတို့က မျှော်လင့်မထားဘဲ ဖြစ်ပျက်လာတာမို့ပင်။

တစ်ဦးကိုတစ်ဦး ကြည့်နေမိတဲ့အကြည့်တွေချင်းကတော့ အမျိုးအစားမတူပါ။ တိုးမင်းဆက် အကြည့်တို့က နာကြည်းပူပြင်းလောင်မြိုက်လှပြီး မိုးညိုရဲ့အကြည့်တို့က တုန်လှုပ်ချောက်ချားမှု ရောစွက်နေသည်။ အဲဒီထဲမှာ ထပ်တူထပ်မျှ ပါဝင်နေတဲ့ ခံစားချက်ကတော့ တမ်းတလွမ်းဆွတ်မှုပင်။

နှစ်ဦးလုံးရဲ့အကြည့်တွေထဲမှာ မတွေ့တာကြာလှတဲ့ အခြားတစ်ဦးအပေါ် အငမ်းမရ တမ်းတသောခံစားချက် ပါဝင်နေခဲ့ပါသည်။

သူ ပိန်သွားတယ်။ အရင်လိုတော့ စွဲမက်ဖွယ်ကောင်းနေသေးကာ ကိုယ့်နှလုံးသားကို ယူကျုံးဆွဲငင်နိုင်တုန်းပဲ။ စိတ်ကို လှုပ်ရှားစေတုန်းပဲ။ နှလုံးခုန်သံကို မြန်ဆန်ကျယ်လောင်စေတုန်းပဲ။


www.burmeseclassic.com

www.burmeseclassic.com



မိုးညိုက အရင်စတင်လှုပ်ရှားလိုက်ပါသည်။ သွင်သစ်ဘာဖြစ်တာလဲ သိလိုသေးသည်။ မာမိနှင့် နှစ်ယောက်အတူလာတာဖြစ်ကာ မိုးညိုက ရုတ်တရက် တိုးကိုအတွေ့ အံ့အားသင့်တုန်လှုပ်ကြောင်တက် ကြက်သေ,သေနေခဲ့ချိန်မှာ မာမိကသီးသန့်လူနာခန်းငယ်ထဲ ဝင်သွားနှင့်ပြီ။

အခန်းဝမှာ မာမိ ပြန်ပေါ်လာမှပင် မိုးညို သတိဝင်ကာ လှုပ်ရှားဖို့ အားမွေးရတာဖြစ်သည်။ အနီးမှာ သူတို့နှစ်ယောက်ကို အကဲခတ်နေတဲ့ ဗလနှင့် နောက်ထပ်လူရွယ်လေးတစ်ယောက်ရဲ့အကြည့်တို့ကလည်း မိုးညိုကို သေးကျုံ့စေသည်။

"မိုးညို"

"မာမိ ... သွင် ဘာဖြစ်သွားသေးလဲ"

"သွင် နေကောင်းနေပါပြီ၊ သတိရနေပြီ"

မာမိက မိုးညိုအနား လျှောက်လာကာ တုန်လှုပ်မျက်နှာပျက်နေသော မိုးညိုလက်ကိုဆွဲ၍ အနီးဆုံးခုံတန်းလျားတစ်ခုမှာ ဆွဲထိုင်စေလိုက်သည်။

မိုးညိုက မာမိကိုမော့ကြည့်ကာ ...

"မာမိ ... သွင့်ကို ကား ... ကားနဲ့တိုက်မိတာလား"

ဒေါသင်းသင်းလှိုင်က သူလည်း မသေချာမရေရာသလို တိုးမင်းဆက်ဘက် လှည့်ကြည့်လိုက်ပါသည်။ တိုးမင်းဆက်က ပခုံးတစ်ဖက်ကို အောင့်သက်သက်မျက်နှာနှင့် တွန့်လိုက်ရင်း ...





"ကားနဲ့တစ်ချက်လေးမှ မထိပါဘူး မာမီ၊ ကျွန်တော့်ကားရှေ့မှာ သူ အလိုအလျောက် လဲကျသွားလို့ ကူညီတဲ့အနေနဲ့ ဆေးရုံကို ခေါ်လာခဲ့ပေးတာပါ"

"မတိုက်မိဘူးတဲ့ မိုးညိုရဲ့၊ သွင့်ဘာသွင် လဲကျသွားတာတဲ့"

မာမိက စကားပြန် လုပ်နေပါသည်။ မိုးညိုက တိုးမင်းဆက်ကို စေ့စေ့မကြည့်ဘဲ ...

"ဘယ်နားမှာ ဖြစ်တာလဲ မသိဘူး"

"သားရေ ... တိုး၊ ဘယ်နားမှာ သူ့ကိုတွေ့တာလဲ"

"ကျွန်တော်တို့ ခြံအထွက်နားမှာ၊ မနော်သုခလမ်းနဲ့ ဗဟို (၃)လမ်းထောင့်နားမှာ မာမိ"

"အဲဒီနားကို သွင်က ဘယ်လိုလုပ်ပြီး"

မျက်မှောင်တွန့်တွန့်လေးနှင့် ပြောနေသော ရွှေမိုးညိုကို တိုးမင်းဆက်က အောင့်သက်သက်နှင့်လှမ်းကာ ...

"ဒီမှာ ရွှေမိုးညို၊ ခင်ဗျားအမျိုးသား ဘယ်လိုလုပ်ပြီး ဘယ်နားရောက်နေတယ် ဆိုတာက ကျွန်တော်တို့ကိစ္စမဟုတ်ဘူး၊ ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ကိစ္စက မောင်းလာနေတဲ့ကားရှေ့တည့်တည့်ကို ဒီလူဝင်ပြီး လဲကျတဲ့ကိစ္စပဲ၊ အမှုပတ်မှာ မကြောက်နိုင်ဘဲ လူလူချင်း ကူညီစောင့်ရှောက်ရမယ့် အသိစိတ်နဲ့ ဆေးရုံကိုကောက်တင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ၊ သူ ဘာဖြစ်တယ် မဖြစ်ဘူး၊ အဲဒါတွေ ကျွန်တော်တို့နဲ့ မပတ်သက်တော့ဘူး၊ သူ ဘာဖြစ်သွားသွားလဲ ကျွန်တော်တို့နဲ့ မဆိုင်ဘူး ...

ခင်ဗျားက ကျွန်တော့်ဆီက အရက်နံ့ရနေတယ်ဆိုပြီး ကျွန်တော်များ ကားနဲ့ဝင်တိုးသလား မယုံသင်္ကာဖြစ်နေသလား ... ဟုတ်လား၊ တစ်ချက်ကလေးမှကို မထိမိဘူး ...

စေတနာသန့်သန့်နဲ့ ကူညီခေါ်တင်လာတာကို ဟိုလိုလား ဒီလိုလား ဘာလို့လဲဆိုတဲ့ အစစ်အဆေးတွေ မလာပါနဲ့၊ ကျေးဇူးတင်စရာလည်း မလိုဘူး၊ ပြဿနာရှာစရာလည်း မလိုဘူး"

မိုးညိုက မျက်နှာလေးပျက်ကာ ...

"မိုးညို ဒီလိုသဘောမျိုးနဲ့ ပြောနေတာ မဟုတ်ပါဘူး တိုး၊ သိချင်တာ သက်သက်ပါ"

မိုးညိုသည် ဘယ်လိုကြိုးစားကြိုးစား "ကျွန်မ"တို့ "ကိုတိုးမင်းဆက်"တို့ ပြောမထွက်လိုက်ပေ။

"ကျွန်တော်တို့ သိတာလည်း ဒါအကုန်ပဲ"

တိုးမင်းဆက်က ဗလဘက်လှည့်ရင်း ...

"ကဲ ... ဗလ၊ မင်းကိစ္စ ပြီးပြီလား"





"ဟုတ် ... အစ်ကို"

"ပြီးရင်သွားမယ်"

တိုးမင်းဆက်က ဆရာဝန်ကြီးကိုတောင် ဝင်နှုတ်မဆက်တော့ပါ။ ဆရာဝန်ကြီးက သွင်သစ်အနားမှာ မဟုတ်လား။ ဗလကို ဒရက်စင်လုပ်ပေးတဲ့ သူနာပြုဆရာမကိုသာ ခေါင်းတစ်ချက်ညိတ် နှုတ်ဆက်ရင်း ရှေ့ကထွက်ကာ မာမီ့နားကအဖြတ်တွင်တော့ ...

"သွားမယ် မာမီ"

"အေး ... အေး သား၊ ကျေးဇူးပါပဲ"

ဘာမှလှည့်မကြည့်ဘဲ ခြေလှမ်းကျဲနှင့် ဆေးရုံထဲကထွက်သွားတဲ့ တိုးမင်းဆက်နောက် ဗလနှင့် ကောင်ကလေးတို့အပြေးပါသွားတာကို လှမ်းငေးကြည့်ရင်းက မိုးညို ရင်ထဲနင့်တင့်တင့် ဖြစ်လာကာ ဖျတ်ခနဲ အပြေးထ,လိုက်သွားမိလေသည်။

ဆေးရုံပြင်မှာ သူတို့ကားနှစ်စီးသာ ယှဉ်ရပ်ထားလျက်သား။ မိုးညိုက ကားပေါ်တက်နေတဲ့ တိုးမင်းဆက်နှင့် မလှမ်းမကမ်းအထိ လိုက်သွားကာ ခြေစုံရပ်ရင်း ...

"တိုး"

အသံတုန်တုန်လေးနှင့် ခေါ်လိုက်ပါသည်။

"ကျေးဇူးအများကြီးတင်ပါတယ် တိုး"



www.burmeseclassic.com

www.burmeseclassic.com



တိုးမင်းဆက်က မိုးညိုကို ဒဏ်ရာရိပ်နှင့် နာကျင်သော မျက်ဝန်းများနှင့် စေ့စေ့စိုက်ကြည့်ကာ ဘာမှမပြောဘဲ ကားတံခါးဆွဲပိတ်လိုက်သည်။

❤ ○ ❤





## ၁၀

ဖုန်းချလိုက်တဲ့ သွင်သစ်က မိုးညိုနှင့် မာမီဘက် လှည့်လိုက်ကာ ...

"မနက်ပိုင်း ဘာဟင်းမှ မရဘူးတဲ့"

"ဩော် ... ညနေဘက်မှဖွင့်တဲ့ဆိုင်ထင်တယ် သားရဲ့"

"ကျွန်တော့်ကို ဆရာဝန်ကြီးက သေချာပြောပြတာပါ၊ သူတို့မနက်ပိုင်းလည်း အဲဒီကနေ ပါဆယ်ဝယ်စားဖူးတယ်တဲ့"

မိုးညိုရော မာမီပါ ဘာပြောရမည်မသိဘဲ တိတ်နေပါသည်။

"အဲဒီနေ့က ကျွန်တော့်ကို ကူညီပြီး ကားနဲ့ခေါ်လာပို့တဲ့ သူက ရွှေမိုးညို စားသောက်ဆိုင်ပိုင်ရှင် ဆိုတာရော ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



က ဟင်းတွေက တော်တော်လက်ရာကောင်းတယ် ဆိုတာ ရော့ အရင်က ရန်ကုန်မှာ ဆိုင်ဖွင့်ရာကနေ ဒီကိုပြောင်း လာတာ မကြာသေးဘူး၊ ရန်ကုန်ကရက်စ်တောရင့်တွေ လက်ရာစစ်စစ်ပဲ ဆိုတာရော သူလည်း လက်ရာကြိုက်လို့ မကြာခဏ ပါဆယ်လည်း ဝယ်စားဖြစ်တာရော"

"အဲဒါဆိုလည်း ညနေဘက်မှ မှာစားတာဖြစ်မှာပေါ့ သွင်ရဲ့"

"မဟုတ်ပါဘူး မိုးညိုရယ်၊ ဆရာဝန်ကြီးက ဟိုတစ်နေ့ မနက်က သူမှာစားတဲ့ ကြက်သားရယ်၊ မှျစ်ချဥ်ရယ်၊ ဆူး ပုပ်ရယ် ဟင်းဆိုရင် အရမ်းကောင်းတဲ့အကြောင်းပြောတာ"

"အမယ်လေး ... တက်စာချည်းပဲ၊ တက်လိုက်မယ့်ဟင်း"

"သူတို့မနက်ပိုင်း ပါဆယ်မှာဖူးတာ သေချာတယ်၊ တစ်ခါ တလေလည်း သူ့တပည့်လေး သွားယူတယ်၊ တစ်ခါတလေ ကျ လာပို့ပေးပါဆိုရင် စက်ဘီးနဲ့တောင် အိမ်အထိလာပို့ ပေးတယ်တဲ့၊ အဲဒါ ... အခု ကိုယ်လှမ်းဖုန်းဆက်မှာတော့ မနက်ပိုင်းပါဆယ်ဟင်း မပို့ပါဘူးတဲ့၊ စကားပြောပုံကလည်း ဒီလူမူးနေလား မသိပါဘူး"

မိုးညိုက စကားမပြန်တော့ဘဲ နှုတ်ဆိတ်၍သာ နေ လိုက်ပါသည်။ သွင်မို့လို့များလား၊ အဲသလိုလည်း မဖြစ်နိုင်ပါ။ စားသောက်ဆိုင်တစ်ဆိုင်ကတော့ ဘယ်သူမို့လို့ ဘယ်ဝါမို့လို့ဆို





ပြီး ဟင်းမချက်ပေးဘူးရယ်လို့ ရှိနိုင်ပါ့မလား။ သို့ပေမဲ့ သွင်က ဒီကိစ္စကို လိုတာထက်ပိုပြီး Serious ဖြစ်နေသည်။

"အဲဒါ ဘာဖြစ်လို့လဲ မိုးညို ... ဟင်"

မိုးညိုက မျက်နှာမပျက်အောင်ထိန်းရင်း ...

"မိုးညိုလည်း ဘယ်သိပါ့မလဲ သွင်ရယ်"

"မိုးညို ဖုန်းတစ်ချက်လောက် ဆက်ကြည့်စမ်းပါ"

"ဟင့်"

"နောက်တစ်ယောက် ထပ်ဆက်ရင် ဘယ်လိုတုံ့ပြန်လဲ သိချင်လို့"

"အတူတူပဲ အဖြေရမှာပေါ့ သွင်၊ သူ့တစ်မျိုး ကိုယ့်တစ်မျိုး တော့ သူတို့ ဘာလို့လုပ်ရမှာလဲ"

"အခုပဲ ဆရာဝန်ကြီးကိုတစ်မျိုး၊ ကိုယ့်ကိုတစ်မျိုးလေ"

"........."

"ကဲပါ ... မိုးညို ဆက်ကြည့်စမ်းပါ"

"သွင် ... အဲ ... အဲဒီဖုန်းနံပါတ် ဘယ်ကရလဲဟင်"

"ဆရာဝန်ကြီးဆီကလေ"

ဆရာဝန်ကြီးကို သွင်က အပတ်စဉ်မှန်မှန် ပြနေ ကျမို့ ဆရာဝန်ကြီးနှင့်သာမက သူ့မိသားစုနှင့်ပါ သွင်တို့ မိုးညို တို့ ခင်မင်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တောင်းလို့ ဆရာဝန်ကြီးက ပေးလိုက်တာလေ၊ အဲဒီရက်စ်တောရဲ့ပိုင်ရှင် ကိုတိုးမင်းဆက်ဆိုတဲ့သူရဲ့ဖုန်းပဲ၊ ကဲပါ ... မိုးညို ထပ်ဆက်ပေးကြည့်လိုက်စမ်းပါ။ မိုးညို ဟန်းဖုန်းနဲ့ဆက်"

မိုးညို နဖူးစပ်မှာ ချွေးစို့လာကာ ရင်တဒိတ်ဒိတ်ခုန်လာပါသည်။ သွင့်လုပ်ရပ်က တစ်မျိုးကြီးမို့ပင်။ မိုးညိုအဖို့ကတော့ ကိုယ့်အကြောင်းနှင့်ကိုယ် စိတ်မလုံခြုံသူမို့ ဒါဟာသွေးရိုးသားရိုးမှ ဟုတ်ရဲ့လားလို့ အလိုလိုပင် ထိတ်လန့်မိသည်။

ဒေါ်သင်းသင်းလှိုင်က မိုးညိုကို ဖျတ်ခနဲကြည့်ရင်း ...

"ပေး ... ပေး သား၊ အန်တီ ဆက်ကြည့်လိုက်မယ်"

"အန်တီ မဆက်ပါနဲ့ မိုးညိုပဲ ဆက်ပါ ခုပဲဆက်လိုက်၊ လုပ်ပါ မိုးညိုကလည်း၊ လှမ်းမေးကြည့်တဲ့ သဘောပဲဟာ၊ လူချင်းလည်း တွေ့ရတာမှ မဟုတ်ဘဲ၊ ဘာဝန်လေးနေစရာရှိလဲ"

ဖွတ်တရွတ်ဆန်လာတဲ့ သွင့်လေသံကြောင့် မာမီက ဘာမှဆက်မပြောတော့ပါ။ မိုးညိုကိုသာ မသိမသာကြည့်သည်။ သွင့်ဟန်ပန်အပြုအမူတို့ကြောင့် ဒါဟာ တစ်ခုခုပဲလို့ မိုးညိုယုံကြည်လာမိသလိုရှိသည်။ မာမီက အနည်းငယ်တုန်လှုပ်မှုပျက်ချင်သလိုရှိတဲ့ မိုးညိုကို အားပေးတဲ့အနေနှင့် ...





"ကဲ ... မိုးညို၊ ဆက်မှာဖြင့်လည်း ဆက်လိုက်၊ သူတို့ဆီက သွင်စားချင်တဲ့ဟင်း မှာလို့မရတာ သေချာရင် အိမ်မှာချက်တဲ့ဟင်းပဲနွှေးပြီး ထမင်းခူးတော့မယ်"

မိုးညိုက အိမ်ဖုန်းရှိရာ ထ,လာမည်ပြုလျှင် ...

"မိုးညို ဟန်းဒ်ဖုန်းနဲ့ပဲ ဆက်လိုက်ပါ"

သွင် တစ်မျိုးပါလား။

မိုးညိုက ဘာမှငြင်းဆို ဆန့်ကျင်မနေတော့ဘဲ ...

"ဖုန်းနံပါတ်က ဘယ်လောက်လဲ သွင်"

"09........."

မိုးညိုသည် ငြင်းမဖြစ်တဲ့အဆုံး စိတ်ရှုပ်ရှုပ်ထွေးထွေးနှင့်ပင် ထိုဂဏန်းတွေကိုနှိပ်ကာ ခေါ်လိုက်ပါသည်။ နှာတံရင်းမှာ တွန့်ဆက်မိသည့် မျက်ခုံးကို ငြူစူရိပ်မပေါက်အောင် ဖြေဖြန့်ရသည်။

"ဟယ်လို"

"ဟယ်လို"

မိုးညိုသည်ဖုန်းထဲက တိုးအသံကြားလျှင် ရုတ်တရက် ခြေဖျားလက်ဖျားများ အေးစက်ကာ စကားသံက တုန်ယင်သွားပါသည်။

"ဟယ်လို ... ပြောပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ ... ရွှေမိုးညို စားသောက်ဆိုင်ကလား"

"ဟုတ်ပါတယ်"

"တိုး ... ကိုတိုးမင်းဆက်လား"

"........."

တစ်ဖက်ကမဖြေဘဲ တိတ်သွား၍ မိုးညို ရင်တွေ တဒိတ်ဒိတ် ခုန်လာပါသည်။ တိုး သိသွားပြီ။ အခုဆက်နေတာ မိုးညို ဆိုတာ တိုးသိသွားတာ သေချာပါသည်။

"ဟိုလေ ... ကျွန် ... ကျွန်မ တစ်ခုလောက် မေးချင်လို့ ပါ"

"........."

"ဟင်းပွဲများ ပါဆယ်လ်အော်ဒါလုပ်လို့ ရလားမသိဘူး"

"........."

တစ်ဖက်က တိတ်နေဆဲဖြစ်၍ မိုးညိုက ဘာဆက် ပြောရမည်မသိ။ ဒီကြားထဲ မိုးညိုသည် သူ့ကို သွင်စိုက်ကြည့်နေ သည်ဆိုတာ အလိုလိုသိနေလေသည်။ သွင် ဘာတွေသိနေပါလိမ့်။ ဘာသဘောပါလိမ့်။ စိတ်တွေကျဉ်းကျပ်လိုက်တာ။

"ဟယ်လို"

မိုးညိုက လည်ချောင်းတစ်ချက်ရှင်း၍ အားယူကာ ထပ်၍ "ဟယ်လို"သံပေးရသည်။ တစ်ဖက်က ဘာမှမပြောတော့ ဘဲ တိတ်နေတာကိုး။





"ဒီမှာ ရွှေမိုးညို"

တစ်ဖက်က တိုးအသံက ရေခဲတုံးတွေကြားက ဖြတ်စီးလာသော လျှပ်စစ်လို အေးစက်ကျင်ရှနေသည်။

"မင်းတို့ ဘာလုပ်နေတာလဲ"

"ရှင်"

"ဘာလုပ်နေကြတာလဲ တမင်တကာ လှမ်းနှောက်ပြောင် နေတာလား၊ ခုနလည်း သွင်သစ်ဆိုတဲ့လူ ဖုန်းဆက်ပြီးပြီ၊ ခုလေးတင် ဖုန်းချတာ၊အခု မင်းကတစ်ခါ၊ ခုနကတည်းက မရပါဘူးဆိုတာ ပြောလိုက်ပြီးသား မဟုတ်လား"

"ဟို ... ဒီလိုပါ၊ ဘာဖြစ်လို့ မရတာလဲ သိချင်လို့"

"ဟက် ဟက် ဟက်"

တိုးမင်းဆက်က မခိုးမခန့် ရိသဲ့သဲ့ရယ်မောလိုက် ပြီးမှ ...

"ဘာလဲ ... မင်းဏ၊ မင်းတို့ကိုမို့ ငါကမရောင်းဘူးထင် နေတာလား ... ဟက် ဟက်"

"ဒါ ... ဒါဖြင့် ဘာဖြစ်လို့ မှာလို့မရတာလဲ"

"မင်း ပြောရတယ်ခက်ပါလား၊ မရတာဟာ မရလို့ပဲပေါ့၊ ဘယ်လိုရှင်းအောင် ပြောရဦးမလဲ၊ ခုန သူ့ကို သေချာပြော ပြီးသား၊ မနက်ပိုင်း ဟင်းပွဲမရဘူး၊ ပါဆယ်လ်လည်း မရဘူး၊ ဒီမှာလာစားလည်း မရောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လို့လဲ"

ပြောရင်းက စကားအခွန်းရေ များလာတဲ့အခါ မိုးညိုသည် တုန်လှုပ်တာတွေ လက်ဖျားအေးစက်တာတွေ လျော့ပါးလာပြီး အနည်းငယ် ပြောနိုင်လာသည်။ ခုချိန်မှာ မိုးညိုရင်ထဲ၌ မမျှော်လင့်ဘဲ တိုးနှင့် စကားပြောဖြစ်နေတာပါလား ဆိုတဲ့ အိပ်မက်ဆန်တဲ့ အသိတစ်ခုထဲမှာ ယစ်မူးရီဝေလာလေသည်။ ကြည်နူးနှစ်သိမ့်လာလေသည်။ လန့်ထိတ်မှုကြောင့်ခုန်တဲ့ ရင်ခုန်သံမဟုတ်ဘဲ ကြည်နူးဆွတ်ပျံ့မှုကြောင့်ခုန်တဲ့ ရင်ခုန်သံတစ်မျိုးက တီးတိုးတိတ်ဆိတ်စွာ အစားထိုးဝင်လာပါသည်။

"ဟာ … မရတာ မရလို့ပဲလေ၊ ဘယ်လိုပြောရမလဲ"

"မိုးညို … ကျွန်မ သိချင်တာက မနက်ပိုင်းဆိုင်ပိတ်တာလား"

"ဆိုင်ပိတ်တာ မဟုတ်ဘူး၊ ဆိုင်မဖွင့်တာ၊ နေ့လယ်သုံးနာရီလောက်မှ ဆိုင်စဖွင့်တာ၊ မနက်ပိုင်း မဖွင့်ဘူး၊ ဘာဟင်းမှမရဘူး၊ ကဲ … ရှင်းပြီမဟုတ်လား၊ ဒါပဲမဟုတ်လား"

"ခဏနေပါဦး"

"………"





"ကျွန်မ ဆရာဝန်ကြီးဆီက ကြားဖူးတာတော့ သူတို့မနက်ပိုင်း ရှင့်ဆိုင်က အိမ်ကိုပါဆယ်ဝယ်လာခဲ့ပြီး စားနေကျတဲ့၊ တစ်ခါတလေ ရှင်တို့ဆီကတောင်မှ လာပို့ပေးသေးတယ်လို့ပြောတယ်"

"ဟုတ်တယ်လေ"

"ဟင် … ဒါဖြင့် ကျွန်မတို့ကို သက်သက်မဲ့ မရောင်းတာပေါ့"

"ဘယ်သူ့ကိုမှ မရောင်းတာ၊ ဆရာဝန်ကြီး မှာတယ်ဆိုတာက မနက်စောကတည်းက သူက လှမ်းအော်ဒါလုပ်ထားတာ၊ လေးငါးနာရီ ကြိုမှာထားတာ၊ ဒါကြောင့် ချက်ပေးနိုင်တာ၊ ပြီးတော့ အဲဒါ ဆရာဝန်ကြီးလည်းဖြစ်လို့။ ဆရာဝန်ကြီးဆီက လိုအပ်တဲ့အကူအညီ တောင်းနေရယူနေရလို့၊ ဒီလောက်ဆို ရှင်းပြီလား"

"သြော်"

"နေပါဦး … ခင်ဗျားတို့မို့ရွေးပြီး မရောင်းဘူးလို့ ထင်ရအောင် ခင်ဗျားတို့စုံတွဲကို ကျွန်တော်က ဘယ်လိုများသီးခြားခွဲခြားပြီး ဆက်ဆံလိမ့်မယ်လို့ ထင်နေလို့လဲ၊ ခင်ဗျားတို့ကို သီးခြားဆက်ဆံရမယ့် လူတွေလို့ကို တကူးတက တွေးမနေမိပါဘူး၊ ခင်ဗျားတို့ သိထားဖို့က ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ ကျွန်တော့်အတွက် ဒီမြို့မှာရှိနေတဲ့ သာမန်တခြား လူတွေနဲ့ ဘာမှမထူးဘူး ဘာမှမပိုဘူး၊ သူများတွေထက် ထူးနေတဲ့သူတွေလို့ ထင်နေရင် အဲဒီအထင်ကို ကျေးဇူးပြု ပြီး ဖျောက်ပစ်လိုက်ပါ၊ ဟုတ်ပြီလား"

ဟိုတစ်ဖက်က တီခနဲ ပြတ်တောက်သွားတဲ့လိုင်း ကြောင့် မိုးညိုက ဖုန်းကိုယောင်ယမ်းယမ်းလေး အတန်ကြာနား မှာအပ်၊ ဝမ်းနည်းငြိမ်သက်နေမိပြီးမှ ...

"ဟုတ်ကဲ့"

တစ်ဖက်မှာမရှိတော့တာ သိသိနှင့် ခပ်တိုးတိုးစိတ် မကောင်းစွာ ရေရွတ်လိုက်မိပြီး ဖုန်းကို နားမှဖြည်းညင်းစွာခွာလျက် ပိတ်လိုက်ပါသည်။

"ဘာတဲ့လဲ မိုးညို"

မိုးညိုက သွင့်ကို စိုက်ကြည့်လိုက်ပါသည်။

ဖွတ်တရွတ် ဆက်ခိုင်းခဲ့တဲ့ သွင့်ရင်ထဲက အရာတွေ ကိုလည်း သူ ထွင်းဖောက်မမြင်နိုင်တတ်။ စိတ်ထိခိုက်မိတဲ့အတွက် တော့ သွင့်ကိုပါ အဖျားခတ်နာကြည်းမိလေသည်။ တစ်ခုခုသံသယ ဝင်နေတယ် ဆိုရင်လည်း အဲဒီသံသယကြောင့်တော့ မိုးညိုကို ကျဉ်းထဲကျပ်ထဲရောက်အောင် တွန်းမသွင်းသင့်ပါဘူး သွင်ရယ်။

"မရဘူးတဲ့"





"ဘယ်လိုမရတာလဲ"

"မနက်ပိုင်း ပါဆယ်မှာလို့မရဘူး၊ သူတို့ မနက်ပိုင်းဘာမှ မချက်ဘူး၊ မစီစဉ်ဘူး၊ မွန်းလွဲသုံးနာရီမှ စ,ရမယ်"

မိုးညိုအသံက အေးစက်စက်။

"ဟာ ... ဆရာဝန်ကြီးမှာတော့ ရတယ်လေ၊ အဲဒါ မင်း လည်း ထည့်ပြောသားပဲ မိုးညို၊ ဒီတော့ သူဘာပြောလဲ သိချင်တယ်"

"........."

မိုးညိုက သွင့်ကို စိုက်ကြည့်နေပါသည်။

"ကိုယ်တို့ကိုမှထူးပြီး ဘာကြောင့် မှာလို့မရဘူးပြောတာ လဲ၊ ဒါကို သိချင်တယ်၊ ကိုယ်တို့ကို သူက သူတို့ဆိုင်က ဘယ်လိုထူးခြားမှုရှိလို့ ဘာကြောင့် သီးခြားခွဲခြားပြီးဆက်ဆံ ချင်တာလဲ၊ ဒါကိုသိချင်တယ်"

သြော် ...။

သွင် သိနေပြီပဲ။ ဒီစကားတွေအားဖြင့် သွင် တစ်စုံ တစ်ရာကို ရိပ်မိသိရှိနေပြီဆိုတာ မိုးညို ကောင်းကောင်းသိနိုင် သည်။ ဟိုးငယ်ငယ်လေးကတည်းက အတူကြီးပြင်းခဲ့တာပဲ သွင် ရယ်။ သွင့်ပါးစပ်ဟလိုက်ရင် ဘာကိုရည်ရွယ်ပြီး ဘာပြောတော့ မှာဆိုတာ မိုးညို ကောင်းကောင်းမှန်းနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကဲ ... သူက ခွဲခြားဆက်ဆံတယ် ဆိုပါစို့။

အဲဒီအတွက် မိုးညိုမှာ အပြစ်ရှိခဲ့သလား။

"ပြောလေ မိုးညို၊ ဘာလို့ ပါးစပ်ပိတ်နေတာလဲ"

"တစ်အချက်က ဆရာဝန်ကြီးက မနက်ကတည်းက လေးငါးနာရီကြိုပြီး လှမ်းအော်ဒါလုပ်လို့၊ နှစ်အချက်က ဆရာဝန်ကြီးမို့လို့ သူတို့လည်း ကျန်းမာရေးအကူအညီ ယူရတတ်လို့ သူများကိုလုပ်မပေးတဲ့ဝန်ဆောင်မှု သီးသန့်လုပ်ပေးတာ"

"သြော် ... ဒီလူက မင်းကိုကျတော့ အဲဒီလို ရေရေရာရာ ဂဃနဏ ရှင်းပြသားပဲနော် မိုးညို၊ ကိုယ့်ကိုကျ မရှင်းပြဘူး"

"........."

မိုးညိုက စိတ်ကိုချုပ်တီးပြီး ထိုင်နေရာမှထ,၍ ထိုနေရာမှ ရှောင်ထွက်လာခဲ့ဖို့ပြင်သည်။

"မိုးညို ... နေပါဦး၊ မင်းလေသံက ဘာဖြစ်နေတာလဲ"

သွင်သစ်က ခပ်ဆတ်ဆတ် အော်လိုက်ပါသည်။ သူ့ရင်ထဲမှာ ဗလောင်ဆူနေပြီ။ ဟိုတစ်နေ့က သူတို့စကားတွေထဲက "တိုး"ဆိုတဲ့နာမည်။ နောက် သူ့ကို ကားနဲ့ခေါ်လာတဲ့သူရဲ့ "တိုးမင်းဆက်"ဆိုတဲ့နာမည်။ မိုးညို ချစ်သူဟောင်း တိုးဒီမြို့ရောက်နေတယ်ဆိုတဲ့ မာမီ့စကားထဲက ကြားသိရတဲ့အချက်။ တိုးမင်းဆက်ဆိုသူရဲ့ စားသောက်ဆိုင်အမည် "ရွှေမိုးညို"။





ဒီအချက်အလက်တွေက သွင်သစ်ရင်ခွင်တစ်ခုလုံးကို ဗလောင်ဆူနေစေသည်။ သူ့အသည်းနှလုံးတွေကို ကွဲကြေနာကျင်စေသည်။ မနာလို သဝန်တိုခြင်းမီးကို အလျှံတငြီးငြီး တောက်လောင်စေသည်။

သွင်သစ် သိသည်။ ဘယ်သူ့မှ အတိအလင်း ဝန်ခံနေဖို့မလိုအပ်။ စကားတစ်လုံးမှ မလိုအပ်ဘဲ သူတို့နှစ်ယောက်ပတ်သက်ခဲ့မှုတာ၊ တိုးမင်းဆက်ဟာ မိုးညိုချစ်သူဟောင်းပဲဆိုတာ သွင်သစ် သေချာသိနေပြီ။ မိုးညိုမျက်နှာ အဲဒီနေ့ကစပြီး မရွှင်ပျတော့တာလေ။

ပြုံးစရာရှိရင် ဟန်ဆောင်ပြုံးတဲ့ အပြုံးတု။ စကားပြောစရာရှိရင် ဟန်ဆောင်စိတ်ပါတဲ့ စကားလုံးအတု။ အပြုအမူတိုင်းဟာ အသက်မဲ့တဲ့ အမူအရာအတုတွေ။

"မိုးညို ... ကိုယ်မေးနေတယ်လေ၊ မင်းလေသံက ဘာဖြစ်လို့ အဲသလိုဖြစ်နေတာလဲ၊ ပြီးတော့ မျက်နှာကကော ဘာအတွက် အဲသလောက် ဖြစ်နေရတာလဲ၊ ဒီကိစ္စက မင်းအတွက် ဘာများထိခိုက်စေတာလဲ မိုးညို"

မိုးညိုက အခန်းထဲဝင်မည်ပြုရာမှ သွင်သစ်ဘက်သို့ ချာခနဲလှည့်ကြည့်လိုက်မိသည်။ မိုးညို မျက်နှာကပျက်ကာ အေးစက်နေသည်။ မျက်ဝန်းအစုံက နာကျင်ဒဏ်ရာရနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သွင်ကကော ဒီဟင်းတစ်ခွက် မှာမရတဲ့ကိစ္စအပေါ် ဘာဖြစ်လို့ ဒီလောက်အကြီးအကျယ် ပုံကြီးချဲ့နေတာလဲ"

မိုးညို စကားတစ်လုံးချင်းက တုန်ခိုက်ကာ အေးစက်ပြတ်တောက်နေသည်။ မိုးညိုထံမှ ထိုအမူအရာ ထိုစကားသံမျိုး တစ်သက်နှင့်တစ်ကိုယ် မရဖူးခဲ့တဲ့ သွင်သစ်သည် ဤစကား၌ အငိုက်မိပြီး ရုတ်တရက် နှုတ်ဆွံ့သွားရပါသည်။

"ဘာအတွက် မိုးညိုကို ပြဿနာရှာတာလဲ"

"………"

"ဒီဟင်းတစ်ခွက်ကို ဒီမနက် မှာမရရင် ညနေကျမှာပြီး စားနိုင်တယ်၊ ဒီဆိုင်က သွင့်ကို တစ်သက်လုံးချက်မပေးမှာလည်း မဟုတ်ဘူး၊ ဒါကို ပြဿနာရှာနေတာ ဘာကြောင့်လဲ"

နာကျင်ပြီး တုန်ခါနေတဲ့ မိုးညို အသံကြောင့် သွင်သစ်က မိုးညိုကို ငေးကြည့်နေမိပါသည်။

"သွင်ကိုယ်တိုင် လှမ်းမှာလို့မရတာ သေချာနေတာတောင်မှ မိုးညိုကို မရမက ဖုန်းအတင်းထပ်ဆက်ခိုင်းတယ်၊ အဲဒါကိုက အရမ်းထူးဆန်းတဲ့ နားလည်ရခက်တဲ့ အပြုအမူဆိုတာ သွင့်ကိုယ်သွင် သိသလား၊ ဘာအရေးမှမပါတဲ့ ကိစ္စတစ်ခုအတွက် မိုးညိုကို အတင်းအကျပ် Push လုပ်နေတာ ဘာသဘောလဲ၊ ဘာအတွက်လဲ"





"………"

"ဒီဆိုင်က မိုးညိုနဲ့ သွင့်ကိုမှ ဘာဖြစ်လို့ ထူးခြားခွဲခြားပြီး ဆက်ဆံနေတာလဲဆိုတဲ့ မေးခွန်းကကော ဘာသဘောလဲ၊ တကယ်လို့ တကယ်ပဲ ထူးခြားခွဲခြားပြီး ဆက်ဆံတယ်ဆိုရင် အဲဒါ မိုးညိုအပြစ်လား"

"………"

"မိုးညို … သမီးလေး"

ဒေါ်သင်းသင်းလှိုင်က ထမင်းစားခန်းမှ အပြေးထွက်လာပါသည်။ တစ်စတစ်စ မျက်ရည်လည်းလည်လာ၊ အသံတွေလည်း တုန်သထက်တုန်ယင် ရှိုက်သံစွက်လာ၊ ကိုယ်ခန္ဓာကလေးပါ တဆတ်ဆတ်တုန်ခါလာတဲ့ မိုးညိုရဲ့အသွင်သဏ္ဌာန်က အောင့်အည်းမျိုသိပ်ထားသမျှ ပေါက်ကွဲတွန်းကန်ထွက်ဖို့ အားယူတာရှူနေပြီ။

"ဘာမဟုတ်တာလေးနဲ့ကွယ်၊ မင်းတို့နှစ်ယောက်ကလည်း"

"ခုချိန်ထိ မိုးညို လုပ်ခဲ့သမျှ ဆုံးဖြတ်ခဲ့သမျှ ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက် တစ်ခုလုံးမှာ မိုးညို အပြစ်တစ်ခုရှိတယ်ဆိုရင် အဲဒီအပြစ်ကို သွင် ပြောပါ၊ အခုဖွင့်ပြောပါ။ မိုးညို ဘာအပြစ်ရှိခဲ့သလဲ"

"………"



www.burmeseclassic.com

www.burmeseclassic.com

မိုးညိုရဲ့ရကားတစ်လုံးတိုင်းအောက်မှာ သွင့်မျက်နှာက ပျက်ပျက်လာပြီး မျက်ခွံနှာသီးဖျားတွေပါ နီမြန်းလာခဲ့ပါသည်။ သွင့်ဦးခေါင်းကလည်း တဖြည်းဖြည်း အောက်သို့စိုက်၍ ငုံ့လျိုးလာသည်။

"မိုးညိုမှာ အပြစ်တစ်ခုခုရှိခဲ့ရင် သွင် ခုချက်ချင်း မိုးညိုကို သတ်ပစ်လိုက်လို့ရတယ်"

သွင့်မျက်ဝန်းအိမ်မှာ မျက်ရည်ရစ်လည်လာသည်။

"ကိုယ် တောင်းပန်ပါတယ် မိုးညို၊ ကိုယ်မှားသွားပါတယ်"

သွင်သစ်အသံက ဆို့နင့်နေသည်။

❤ ○ ❤





## ၁၁

ဆိုင်ကယ်လေးနှင့် နန္ဒာ ရောက်လာချိန်တွင် သွင်သစ်က ခြံထဲမှာ ခြံစောင့်အဘနှင့် ပန်းအိုးလေးတချို့ ပြုပြင်နေဆဲဖြစ်သည်။

"ဒါက ဘာပန်းခေါ်လဲ အဘ"

"ဒီမှာတော့ အလွယ်တကူ ခြောက်လပန်း ခေါ်ကြတာပဲ ငါ့တူရဲ့၊ ခြောက်လပွင့်တယ်၊ ခြောက်လမပွင့်ဘူး၊ အဲဒီလိုပေါ့။ တခြားနာမည်တော့ ရှိနိုင်သေးတယ်၊ ဒါပေမဲ့ အဘလည်း မသိဘူး၊ တန်ဖိုးကြီးလှတယ်တော့ မဟုတ်ပါဘူးလေ၊ ကြာကြာပွင့်တဲ့ ပန်းကလေးတွေဆိုတော့ စိုက်ထားရင် အပွင့်ကြာကြာမြင်နေရတော့ မျက်စိပသာဒဖြစ်တာပေါ့ကွယ်"


www.burmeseclassic.com

www.burmeseclassic.com



"တန်ဖိုးမကြီးဘူးဆိုတာက ဈေးပေါတာကို ပြောတာလား အဘ"

"ဈေးပေါရအောင်တောင် ဘယ်သူမှ ခူးကြရောင်းကြတယ်မှ မရှိဘဲ၊ ဒီလိုအဆုပ်လိုက်ပန်းမျိုး ဘယ်သူမှလဲ မပန်ကြဘူး၊ အဘတော့ ဘယ်သူမှပန်တာ မတွေ့ဖူးပါဘူး၊ ဒီပန်းက ဒီမှာဆို အိမ်တိုင်း ခြံတိုင်းလိုလို ဖောဖောသီသီ ပွင့်နေတာပဲ ငါ့တူရဲ့။ ခြံလှစေတော့ ဒီလိုပဲ စိုက်ထားကြတယ်ထင်ပါရဲ့၊ လူတွေမပန်တဲ့အပြင် ပန်းအိုးတောင် ခူးထိုးကြတာ မတွေ့မိပါဘူး၊ လူတွေက ပန်းအိုးဆို နှင်းဆီတို့ ဂန္ဓမာတို့ ထိုးချင်ကြတာကလား"

အဘကြီးရဲ့ပန်းဒဿနကို သွင်သစ် ငြိမ်ပြီးနား ထောင်နေမိသည်။

"ဟော ... ညှိသည်လာတယ်ထင်တယ် လူလေးရေ"

သွင်သစ်က လှည့်ကြည့်လိုက်တဲ့အခါ ဆိုင်ကယ်စီးလာတဲ့ နန္ဒာက သွင်သစ်တို့ဘေးနား အရှိန်လျှော့ ခြေထောက်ကာ ရပ်ရင်း ...

"ကိုသွင် နေကောင်းလား"

သွင်သစ်က ပြုံးလိုက်ရင်း ...

"ကောင်းပါတယ်ဗျ မနန္ဒာ"





"မိုးညို ပျင်းနေတယ်ထင်တယ်၊ နန္ဒာ့ကို လာခေါ်ပါတဲ့၊ တစ်နေ့ရာရာသွားရအောင်တဲ့ ဆိုလို့ နန္ဒာ လာခေါ်တာ"

သွင်သစ်က အဘနားကထ,ကာ အိမ်ဘက်သို့ နန္ဒာနှင့်တူတူ လိုက်လျှောက်လာသည်။ နန္ဒာက ဆိုင်ကယ်ကို တွန်းလာရင်း ...

"နန္ဒာက နောက်မှသာရောက်တယ် ပျင်းရင်တစ်မြို့လုံးပတ်မွှေနေတာ၊ ခုဆို မသွားရသေးတဲ့နေရာ တစ်လက်မပတ်လည်တောင် မကျန်တော့ဘူး ... ဟီး ဟီး"

"ဟုတ်တယ်ဗျ၊ ကျွန်တော်ကလည်း နေရာအနှံ့ လျှောက်သွားရလောက်အောင် ပင်ပန်းမခံနိုင်ဆိုတော့ မိုးညိုလည်း ဘယ်မှသိပ်မရောက်ပါဘူး၊ သူ့မာမိကလည်း သိပ်အပြင်ထွက်ချင်တာ မဟုတ်ဘူး၊ ချက်စရာ ပြုတ်စရာ ဝယ်တာလောက်ပဲ စိတ်ဝင်စားတာလေ၊ ဒီတော့ သူတစ်ယောက်တည်း အဖော်မရှိဘူးပေါ့၊ အိမ်ထဲမှာပဲ အားရင်ပန်းချီဆွဲနေရှာတာပါပဲ"

သူတို့ အိမ်ပေါက်ဝရောက်လျှင် အိမ်အဝင်ဒေါ်သင်းသင်းလှိုင် ပေါ်လာကာ ...

"သမီးရေ ... ခဏစောင့်ပါကွယ် ... နော်၊ မိုးညိုက ခုမှ ရေချိုးဖို့ ဝင်သွားတာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အန်တီ၊ သူနောက်ကျတာ မဟုတ်ဘူး၊ နန္ဒာ စောနေတာပါ၊ နန္ဒာက ပြောထားတဲ့အချိန်ထက် စောထွက်လာမိတာ"

"လာလေ ... သမီး၊ ထိုင်"

နန္ဒာက အိမ်ထဲဝင်မည်ပြုကာ ဆိုင်ကယ်ထောင်နေစဉ် ...

"မနန္ဒာ ... အပန်းမကြီးရင် ခြံထဲမှာ ခဏထိုင်ပါလား"

"ရှင်"

"ဟိုနားလေး နေရိပ်ပါတယ်"

"ဟုတ်ကဲ့"

နန္ဒာကအုတ်ကြောင်ကြောင်လေးနှင့် သွင်သစ် ဦးဆောင်ရာ ပါလာပါသည်။ သွင်သစ်နှင့် ဒီရောက်မှ သိကြတွေ့ဖူးကြတာဖြစ်၍ သိပ်မရင်းနှီးလှပါ။

နေရိပ်သော မြက်ခင်းလယ်က သံထိုင်ခုံစားပွဲလေးတွေဆီမှာ သူတို့ဝင်ထိုင်လိုက်ကြပါသည်။

"မနန္ဒာ"

"ဟုတ်ကဲ့"

"တကယ်တော့ ဒီနေ့က မနန္ဒာကို လာခေါ်ပါဆိုတာ သုပျင်းလို့ ဟုတ်မယ်မထင်ပါဘူး"

"ရှင်"





"သူ စိတ်ပြေလက်ပျောက် တစ်နေရာရာ သွားချင်တာ ဖြစ်ပါလိမ့်မယ်"

"ရှင်"

"အဟင်း ... မနန္ဒာ အံ့သြနေတယ်၊ ဟုတ်တယ်ဗျ၊ မနေ့က ကျွန်တော်နဲ့ သူနဲ့ ကတောက်ကဆဖြစ်တယ်"

"သြော်"

"ကျွန်တော် မှားတာ"

"........."

"ကျွန်တော်က မှားတဲ့အပြင် ကျွန်တော်ကပဲ သူ့ကိုလေသံ စ,မာမိတယ်၊ သူစိတ်ကျဉ်းကျပ်အောင် လုပ်မိတယ်"

နန္ဒာက သွင်သစ်ကို တအံ့တသြလေး ကြည့်နေမိရင်း ...

"ကိုသွင်က ဘာများ သူ စိတ်ကျဉ်းကျပ်အောင် လုပ်မိလို့လဲဟင်"

"ကျွန်တော် သူ့ကို ကျွန်တော့်ရှေ့မှာပဲ ကိုတိုးမင်းဆက်ဆီ ဖုန်းဆက်ခိုင်းမိတယ်"

"ရှင်"

နန္ဒာသည် ဘယ်လိုစကားထောက်ရမှန်း မသိအောင် မျက်လုံးပြူးသွားရပါသည်။ သူတို့အကြား ဘာတွေ ဘယ်လိုသိထား



www.burmeseclassic.com

www.burmeseclassic.com



သည်ထားကြသည်လဲ မသိ၍ စကားမဆက်ရဲအောင် လန့်သွား ပါသည်။

"ဟင်းမှာတာပါ၊ မနက်ပိုင်း မှာလို့မရမှန်းသိရက်နဲ့ သူ့ကို ကိုတိုးမင်းဆက်ဆီ ဖုန်းထပ်ဆက်ခိုင်းမိတယ်၊ ရုတ်တရက် စိတ်ရိုင်းထဲမှာ သူနဲ့ ကိုတိုးမင်းဆက် စကားပြောတဲ့အခါ သူ့မှာရှိနေမယ့် မျက်နှာကို ကျွန်တော်ကြည့်ချင်တာ၊ မိုးညို ရင်ထဲမှာ ကိုတိုးမင်းဆက်အပေါ် ဘယ်လိုခံစားချက် ရှိနေလဲဆိုတာ သူ့မျက်နှာကိုကြည့်ပြီး ကျွန်တော်အကဲခတ် ချင်တာ ...

အဲဒါ မတရားဘူး၊ အဲဒါ မကောင်းတဲ့အပြုအမူပါဗျာ၊ ကျွန်တော်မှားတာပါ၊ ဒါပေမဲ့ ကျွန်တော် အဲလိုမှားမိတာ ကျွန်တော် သူ့ကိုချစ်လွန်းလို့ပါ၊ သိပ်ချစ်လို့ပါ"

နန္ဒာက ခပ်ငိုင်ငိုင်လေး ငြိမ်နေပါသည်။ တိုးမင်းဆက်ကို သွင်သစ် ဘယ်လိုများ သိသွားပါလိမ့်။ မိုးညိုကတော့ သွင်သစ်ကို သူ ပြောပြခဲ့တုန်းက နာမည်တောင်ထည့်မပြောဘူးလို့ ပြောခဲ့ဖူးတာပဲ။ တနည်းနည်းနှင့် သွင်သစ် သိသွားတာဖြစ်မည်။ သွင်သစ် ခုလိုပြောတဲ့အခါ သွင်သစ် စိတ်ထဲမှာရှိမယ့် ခံစားချက်ကို နန္ဒာ မှန်းဆကြည့်မိနိုင်ပါသည်။ နားလည်ပေးနိုင်ပါသည်။





"မနန္ဒာ အားလုံးမဟုတ်တောင် အတော်များများကိုသိလိမ့်မယ်လို့ ထင်ပါတယ်"

"..........."

"ကျွန်တော် ပြန်ရောက်လာတဲ့အခါ မိုးညို ရင်ထဲမှာ ပဋိပက္ခ လွန်ဆွဲမှုတွေအများကြီး ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော် ခန့်မှန်းနိုင်တယ်၊ အဲဒီနောက်မှာ ဘာအကြောင်းပြချက်ကြောင့်ဖြစ်ဖြစ်ပါ၊ မိုးညိုက ကျွန်တော့်ကိုရွေးချယ်ခဲ့တယ်၊ မိုးညိုအနေနဲ့ အလွယ်ကလေး ဆုံးဖြတ်နိုင်ခဲ့တာတော့ မဟုတ်လောက်ပါဘူး ...

ဒါပေမဲ့ ကျွန်တော် ဒါကိုထည့်မတွေးဘဲ မိုးညိုကသိကအောက်ဖြစ်အောင် ပြုမူမိတယ်၊ ကျွန်တော် တော်တော်ဆိုးတယ်၊ ကျွန်တော် တကယ်စိတ်မကောင်းဘူး၊ ကိုယ့်စိတ်ထဲမှာဖြစ်တဲ့ ရုတ်တရက် ခံစားချက်စေ့ဆော်မှုတစ်ခုနဲ့ မိုးညိုကို ရစ်သလိုဖြစ်သွားတယ်၊ ကျွန်တော် သူ့ကိုလည်း တောင်းပန်ပြီးပါပြီ မနန္ဒာ"

"မိုးညိုက စိတ်ကောင်းရှိပါတယ်၊ နားလည်မှုလည်းရှိပါတယ် ကိုသွင်သစ်၊ သိပ်စိတ်မကောင်း မဖြစ်ပါနဲ့၊ သူနားလည်နိုင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးညိုကတော့ ကျွန်တော့်ကို ခွင့်လွှတ်ပေးလိုက်မှာပါ၊ ကျွန်တော် သိပါတယ်၊ ဘာဖြစ်လို့လဲ သိလား"

"………"

နန္ဒာက အူကြောင်ကြောင်လေး နှုတ်ဆိတ်ငေးကြည့်နေမိသည်။

"ကျွန်တော်မှာ အားနည်းချက်ရှိလို့လေ"

"………"

"ကျွန်တော်ရဲ့အားနည်းချက်အပေါ် ငဲ့ကွက်ညှာတာပြီး သူအမြဲဆုံးဖြတ်ခဲ့တာ ကျွန်တော် သိပါတယ်၊ ခုလည်း ဒီအားနည်းချက်ကိုညှာပြီး သူ ခွင့်လွှတ်မှာပါ၊ အဲဒီအားနည်းချက်ကို ကျွန်တော် မုန်းတယ်"

သွင်သစ် မျက်နှာက ပျက်နေသည်။

"ဒီအားနည်းချက်ကြောင့် သူ့ဆီက ငဲ့ညှာမှု ထောက်ထားမှုတွေကို ကျွန်တော် ရနေတာ၊ ဒီအားနည်းချက်ကိုအခြေခံပြီး စဉ်းစားတဲ့ဆုံးဖြတ်ချက်တွေကို ကျွန်တော်ရနေတာ၊ ဒီအားနည်းချက်မရှိရင် ဆုံးဖြတ်ချက်တွေ အဖြေတွေဟာ အခုလို ဖြစ်ချင်မှဖြစ်မယ်၊ ဒီအားနည်းချက်ကြောင့်ပဲ သူ့ရင်ထဲ အသည်းနှလုံးထဲက အမှန်တရားကို ကျွန်တော် သိခွင့်မရနိုင်တော့ဘူး၊ သူ အခုရွေးချယ်ထားတာနဲ့ တကယ့်





အမှန်တရားဟာ ထပ်တူဖြစ်ချင်မှဖြစ်မယ်၊ အမှန်တရားကို ဒီအားနည်းချက်ကြောင့် ကျွန်တော် သိခွင့်မရဘူး၊ ဒီအားနည်းချက်မရှိရင် သူ့ရင်ထဲက အမှန်တရားကို ကျွန်တော် သိခွင့်ရမှာလေ၊ ဘာမှမပါတဲ့ ဘာကမှ တွန်းအားမပေးတဲ့ ဆုံးဖြတ်ချက်အမှန်လေ၊ ခုတော့ မသိရဘူး၊ အဲဒါကြောင့် ဒီအားနည်းချက်ကြီးကို ကျွန်တော် မုန်းတီးတယ်"

"အဲလိုလည်း မတွေးပါနဲ့ ကိုသွင်ရယ်"

"အခု မနန္ဒာ ပြောလိုက်တဲ့ နှစ်သိမ့်စကားဟာလည်း ကျွန်တော့်အားနည်းချက်ကို အမှီပြုထားတဲ့ ကရုဏာတရားကြောင့်ထွက်လာတဲ့ စကားပဲလေ၊ ဒါကြောင့် ကျွန်တော် အားနည်းချက်ကို ကျွန်တော်မုန်းတာ၊ ဘယ်သူ့ဆီကမှ အမှန်တရားကို ကျွန်တော် မရတော့ဘူး"

"အဲသလိုလည်း မဟုတ်ပါဘူး ကိုသွင်၊ ကိုသွင့်အကြောင်းကို မိုးညိုဆီက ကြားသိဖူးပါတယ်၊ ကျန်းမာရေးချို့ယွင်းမှုက အားနည်းချက်ရယ်လို့လည်း မဟုတ်ပါဘူး ကိုသွင်ရယ်၊ မိုးညိုက ကိုသွင့်ကို အရမ်း သံယောဇဉ်ကြီးပါတယ်"

"သူ ကျွန်တော့်ကို သံယောဇဉ်ကြီးတာ ကျွန်တော် သိတာပေါ့၊ ဒါပေမဲ့ သံယောဇဉ်ဆိုတာက နှစ်ယောက်အတူ



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုထူထောင်ဖို့ အစစအရာရာ လုံလောက်သွားစေတဲ့ ခံစားချက်တော့ မဟုတ်ဘူး”

“သူ့ဘဝအတွက် သူကြိုက်သလို ဆုံးဖြတ်လိုက်တာပဲ မဟုတ်လား ကိုသွင်”

“သူကြိုက်သလို ဆိုတာက သူ တကယ်ဖြစ်ချင်တဲ့ဘဝ ဟုတ်ချင်မှ ဟုတ်မှာလေ၊ ဖြစ်သင့်တယ် မှန်ကန်မယ်ထင်တဲ့ အဖြေတစ်ခုကို သူ ထုတ်လိုက်ပြီး သူ့ရာနှုန်းပြည့် မပျော်ရွှင်ရရင် သူ့ဆုံးဖြတ်ချက်ဟာ သူ့အကြိုက်လို့ပြောလို့ရပါ့မလား”

“မိုးညိုနဲ့ ပြန်တွေ့ပြီး နန္ဒာတို့ မကြာမကြာဆုံခဲ့ကြပြီးပြီပဲ၊ သူ တစ်ခါမှ မပျော်ဘူးဆိုတဲ့စကား မပြောခဲ့ပါဘူး ကိုသွင်၊ ကိုသွင် ယုံပါ”

“မိုးညိုက မပျော်ဘူးလို့ ဘယ်တော့မှ ပြောမှာမဟုတ်ပါဘူး နန္ဒာ”

“.........”

နန္ဒာက ဘာဆက်ပြောရမည်မသိတိုင်း သက်ပြင်းကြီးတွေပဲ လိမ့်ချနေမိပါသည်။ သူတို့သုံးပွင့်ဆိုင်ကလည်း ဝေဖန်ရ ကောက်ချက်ချရ ခက်လှိုက်တာ။

“မနန္ဒာ ညာတတ်လား”





“ရှင် ... သြော် ... အဟင်းဟင်း ... ညာတတ်တယ်တော့ မဟုတ်ပေမယ့် လိုအပ်ရင်တော့ ညာပြောဖူးပါတယ်ရှင် ... အဟင်း”

“အခု မညာဘဲ အမှန်တိုင်း ဖြေမလား”

နန္ဒာက ခဏတုံ့နှေးနေပြီးမှ ...

“ဟုတ်ကဲ့ ... ဖြေပါမယ်၊ နန္ဒာမညာဘဲ ဖြေကြည့်မယ်”

“နန္ဒာသာ မိုးညိုနေရာမှာဆိုရင် ဒီအဖြစ်အပျက်မှာ ဘယ်လိုဆုံးဖြတ်၊ ဘယ်လိုရွေးချယ်မလဲ”

“သြော် ... အဲဒါလား၊ အဲဒါ နန္ဒာ ကိုယ့်ဘာသာတောင် စဉ်းစားမိဖူးပြီးသားပါ ကိုသွင်၊ မညာဘဲ ဖြေနိုင်ပါတယ်၊ အခု မိုးညိုရွေးချယ်ထားတဲ့လမ်းကြောင်း၊ မိုးညိုရွေးချယ်ထားတဲ့ အဖြေကိုပဲ နန္ဒာရွေးမယ်”

“ဟုတ်ပြီ၊ နောက်တစ်ခွန်း မညာဘဲဖြေပေးပါဦး မနန္ဒာ၊ အဲလိုရွေးချယ်ပြီးတဲ့အခါ ကျွန်တော်မရှိတုန်း သူချစ်ခဲ့မိတဲ့ ချစ်သူကို သူ မလွမ်းမိဘဲ နေပါ့မလား၊ မနန္ဒာဆိုရင်လေ”

“ကိုသွင် ...၊ လွမ်းမှာပေါ့၊ နန္ဒာ မညာချင်ဘူး၊ အကြောင်းတိုက်ဆိုင်တိုင်း သတိရမိ လွမ်းဆွတ်မိနိုင်ပါတယ်၊ အဲဒါကို ကိုသွင် နားလည်ခွင့်လွှတ်ပေးသင့်တယ်လို့လည်း နန္ဒာထင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ခွင့်လွှတ်ပါတယ် နန္ဒာ၊ ကျွန်တော် သူ့ အဲလိုလွမ်းဆွတ်ခံစားနေရမှာကို မဖြစ်စေချင်တာပါ"

"မဖြစ်စေချင်ဘူး ဆိုပေမယ့်လည်း ..."

"ကျွန်တော် မတရားဘူးလို့ ခံစားရလို့ပါ"

"အသေးစိတ် တစ်ခုချင်းခံစားနေရင်တော့ အဖြစ်အပျက်တိုင်းမှာ ချို့ယွင်းချက် အားနည်းချက် အပြစ်မလွတ်ဘူး ကိုသွင်"

"ဟုတ်ပါတယ်၊ ကျွန်တော် နားလည်ပါတယ်၊ အဖြစ်အပျက်တစ်ခုထဲမှာ လူသုံးယောက်ပါဝင်တယ်၊ ဆုံးဖြတ်ချက်ချလိုက်ရတဲ့အခါ အခွင့်အရေးအားလုံးကို သိမ်းပိုက်ရယူလိုက်တာက ကျွန်တော်လို ဖြစ်နေတယ်၊ စိတ်ချမ်းသာရတာ ကျွန်တော်တစ်ယောက်တည်းလို့ မပြောဘူးနော်၊ ဘာလို့လဲဆိုတော့ ကျွန်တော်လည်း အပြည့်အဝ စိတ်မချမ်းသာဘူး ...

အနစ်နာခံလိုက်ရတာက နှစ်ယောက်၊ အခွင့်အရေးရလိုက်တာက တစ်ယောက်တည်း၊ ကျွန်တော် အခုစဉ်းစားနေတာက အခွင့်အရေးကို လူနှစ်ယောက်ရပြီး နှစ်ယောက်ပျော်ရပြီး တစ်ယောက်တည်း နစ်နာတာက ပိုမကောင်းဘူးလားလို့"

"ကိုသွင်"





"ဟုတ်ကဲ့"

"ဒီကိစ္စအတွက် ဆုံးဖြတ်ချက်ချတဲ့ အခွင့်အရေး အနေအထားက မိုးညိုမှာပဲ ရှိသင့်တယ်၊ သူ့ဆုံးဖြတ်ချက် မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ အဲဒါက တကယ့် ...

ကိုသွင်ကလည်း တစ်ယောက်တည်းနဲ့ပဲ ပတ်သက်တယ်၊ ကိုတိုးကလည်း တစ်ယောက်တည်းနဲ့ပဲ ပတ်သက်တယ်၊ မိုးညိုသာလျှင် နှစ်ဦးလုံး နှစ်ဖက်လုံးနဲ့ ဘုံပတ်သက်နေတာ၊ မိုးညိုပဲ ဆုံးဖြတ်ချက်ချသင့်ပါတယ်၊ ဒီလိုပိုဖြစ်သင့်တယ်၊ ဟိုလိုပိုဖြစ်သင့်တယ်ဆိုပြီး ကိုသွင် ဝင်ဆုံးဖြတ်ရင် အဲဒီဆုံးဖြတ်ချက်ဟာ ကိုသွင် အနစ်နာခံတာပဲဖြစ်နေပါစေဦး၊ မိုးညိုအပေါ် မတရားပါဘူး ...

ကျွန်နှစ်ဖက်လုံးမှာရှိနေတဲ့အခြေအနေ၊ အနေအထားအရပ်ရပ်ကို မိုးညိုပဲ သိတာမို့လို့ မိုးညို ဆုံးဖြတ်တာသာ အကောင်းဆုံးပါ"

"ဟိုတစ်ဖက်က အခြေအနေက မကောင်းတာလား၊ သူ မိုးညိုကို ခွင့်မလွှတ်ဘူးလား ... ဟုတ်လား"

"သေချာတာကတော့ ဟိုတစ်ဖက်က မိုးညိုကို ခွင့်မလွှတ်ဘူး ဆိုရင်တောင် ခွင့်မလွှတ်လို့ ရှင့်ကို မိုးညို ရွေးရတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ ရှင့်ကိုရွေးလို့ ခွင့်မလွှတ်တာဖြစ်မှာပဲ ကိုသွင်၊ ရှင် အဲဒီလောက်တော့ သဘောပေါက်နိုင်ပါလိမ့်မယ်"

"………"

"ဒီအဖြစ်အပျက်တွေကို မိုးညို ရှင့်ကို ဘယ်တုန်းကဖွင့်ပြောလိုက်တာလဲ ကိုသွင်၊ နန္ဒာနဲ့သူ ပထမတစ်ကြိမ် နှစ်ကြိမ် တွေ့တုန်းကအထိ သူ ကိုသွင့်ကို ဖွင့်မပြောခဲ့ဘူးလို့ပဲ နန္ဒာ နားလည်ထားတယ်"

"သူ မပြောပါဘူး မနန္ဒာ၊ ကျွန်တော့်ဘာသာ သိတာပါ၊ အန်တီနဲ့ သူပြောနေတဲ့ စကားတစ်ခွန်းတစကိုကြားပြီး ကိုတိုးမင်းဆက်နဲ့လည်း ဆုံဖူးပြီးတဲ့နောက် ကျွန်တော့်ဘာသာဆက်စပ်တွေးယူပြီး သိသွားတာပါ …

ကျွန်တော် ခံစားရတယ်ဗျာ၊ ကျွန်တော် ခံစားရတဲ့ထဲမှာ မိုးညိုကို အရမ်းသနားတာလည်းပါတယ်၊ ကျွန်တော့်ဘေးမှာ မိုးညိုရှိနေပေမယ့် သူ မပျော်နိုင်ဘူးဆိုရင် ကျွန်တော့်သိက္ခာ၊ ကျွန်တော့်စိတ်ဓာတ်၊ အားလုံးကို ထိခိုက်တယ်၊ ကျွန်တော် အသုံးမကျသလို ခံစားရတယ်"

"အဲလိုတော့ မခံစားစေချင်ဘူး ကိုသွင်၊ မိုးညိုကို ကိုသွင်တကယ်သနားရင် သူ့ဆုံးဖြတ်ချက်ကို လေးစားပေးလိုက်ပါ"





"သိပ်ခက်တာပဲဗျာ"

သွင်သစ်က အဝေးကိုငေးမှော်ကြည့်ကာ စိတ်ဓာတ်ကျဆင်းနေပုံရလေသည်။ ထိုတစ်ခဏမှာပဲ အိမ်တံခါးဝ၌ မိုးညိုပေါ်လာသည်။ မိုးညို မျက်နှာက ခုပဲ ရေချိုးပြင်ဆင်လာတာတောင်မှ နွမ်းလျော်နေသည်။

"မိုးညို လာပြီ၊ နန္ဒာ သွားတော့မယ်"

"ဟုတ်ကဲ့ … မိုးညိုကို ပျော်ရွှင်အောင် ကူညီပေးပါ ဖေးမပေးပါ နန္ဒာ၊ ကျွန်တော် ကျေးဇူးတင်ပါတယ်"

နန္ဒာက ဆိုင်ကယ်ရှိရာနား လျှောက်လာသည်။ မိုးညိုကလည်း ဆိုင်ကယ်နား ရောက်လာကာ ပြုံးထားတဲ့မျက်နှာနှင့်ပင် …

"ဆိုင်ကယ်နဲ့လား နန္ဒာ"

"အင်း … နင်မစီးဖူးဘူး မဟုတ်လား၊ အသစ်အဆန်းပေါ့ဟာ"

"နင်က စီးတာကျွမ်းလို့လား"

"ကျွမ်းတာပေါ့၊ ဟိုးငယ်ငယ်က ရန်ကုန်မှာ ဆိုင်ကယ်စီးခွင့်ရှိကတည်းက ငါနဲ့ ငါ့မောင်လေးနဲ့ ဆိုင်ကယ်တူတူစီးတတ်တာ"

ဆိုင်ကယ်ကို နန္ဒာကရှေ့က မိုးညိုကနောက်က ထိုင်ရင်း မောင်းထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားချင်လဲ မိုးညို"

"ဘယ်မှမသွားချင်ဘူး နန္ဒာ၊ အေးအေးဆေးဆေး ငြိမ်ငြိမ်လေး ထိုင်နေလို့ရတဲ့ နေရာတစ်ခုခု နင်သိလား၊ စားသောက်ဆိုင်တွေ ဘာတွေလဲ မဟုတ်တဲ့ နေရာလေ"

"ဒါဆို မြို့ဦးစေတီနား သွားလိုက်မယ်၊ အဲဒီမှာ ငြိမ်းချမ်းတယ်"

"အင်း ... ငါလည်း ဘုရားကို တစ်ကြိမ်ပဲ ရောက်သေးတယ်"

"မိုးညို"

"ဟင်"

"ကိုသွင်က နင့်ကို တော်တော်ချစ်ရှာပါတယ်"

"အဟင်း ... ငါသိပါတယ် နန္ဒာရယ်"

"မိုးညို ... နင့်ကို ငါကျောခိုင်းထားတုန်း မျက်နှာချင်းမဆိုင်ရတဲ့ အခုအနေအထားမှာ စကားတစ်ခွန်းပြောချင်တယ်၊ မျက်နှာချင်းဆိုင်ဆိုရင် ပြောမထွက်မှာမို့လို့ပါ"

"အဟင်း ... ဘာများလဲ နန္ဒာရယ်"

"နင် ဒီဓာတ်လမ်းကို အစကအဆုံး ပြန်စဉ်းစားပါဦးလား မိုးညို၊ ဓာတ်သိမ်းခန်းလေး ပြုပြင်သင့်တယ်လို့များ ထင်လာမလားလို့ပေါ့"





"ဟင့်အင်း နန္ဒာ၊ ငါ မစဉ်းစားတော့ပါဘူး"

"နင်ငြင်းတာ မြန်လွန်းတယ်"

"ဟုတ်တယ်၊ ဒီအခြေအနေကို ဆုံးဖြတ်လိုက်ရတာလည်း အရမ်းအချိန်တိုတိုလေး အတွင်းမှာပဲ၊ တိုးနောက်ကို လိုက်တော့မယ့်နေ့မနက်မှာ သွင် ပြန်ရောက်လာတော့ ငါချက်ချင်းပဲ ဆုံးဖြတ်လိုက်ရတယ်၊ ဒါပေမဲ့ အဲဒီဆုံးဖြတ်ချက်ကို လုံးဝမပြင့်တော့ဘူးလို့ ငါ ထပ်ဆုံးဖြတ်ထားပါတယ် ... မိန်းမတစ်ယောက်အနေနဲ့ ဒီကနေဟို ဟိုကနေဒီ နောက်တစ်ခါ ဒီကနေ ဟိုကိုတစ်ခါ ပြန်ပြောင်းပြီး နေရာယူနေရတာ ရုပ်ဆိုးပါတယ် နန္ဒာ၊ သိက္ခာလည်းကျပါတယ်"

နန္ဒာက နှုတ်ဆိတ်လိုက်ပါသည်။

ဘုရားစေတီကုန်းအောက်မှာ ဆိုင်ကယ်ကိုရပ်၊ အနီးတပန်းဆိုင်လေးမှာ ဆိုင်ကယ်တွေ ဖိနပ်တွေအပ်ပြီး ပန်းအချို့ဝယ်ကာ လှေကားထစ်လေးတွေမှ တက်လာကြသည်။ ဘုရားအရင်ရှိခိုးဖို့ စေတီကို လက်ယာရစ်ပတ်လာကြစဉ် ဂြိုဟ်နံထောင့်တစ်ခုမှ နောက်တစ်ခုကိုအချိုး သူတို့နှင့်ဆန့်ကျင်ဘက် ပတ်လျှောက်လာသူတစ်ဦးနှင့် ဘွားခနဲတိုးပြီး ကိုယ်ရှိန်သတ်လိုက်ကြပါသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

မိုးညိုရဲ့"ဟင်"သံက တိုးတိုး၊ နန္ဒာ့"ဟယ်"သံက ကျယ်ကျယ်။ သူတို့လိုပဲ မျက်နှာချင်းဆိုင် အနေအထားနှင့် ခြေလှမ်းတုံ့သွားကာ တိုးမင်းဆက်ရဲ့မျက်နှာပြင်က ပြောင်းလဲသွားပါသည်။

"ကို ... ကိုတိုး၊ ဟို ... ပန်းချီလာဆွဲတာလား"

တိုးမင်းဆက် လက်ထဲက ပန်းချီဆွဲတဲ့ဒေါက်နှင့် ဆေးဘူးသေတ္တာလေးကိုကြည့်ရင်း နန္ဒာက ကြောင်တက်တက် အေးစက်စက် အခြေအနေကို ဖြိုဖျက်ကာ မေးခွန်းထုတ်လိုက်ပါသည်။

"ဟုတ်တယ်ဗျ"

မိုးညိုက မေးစေ့နှင့် လည်ပင်းထိမတတ် ခေါင်းငုံ့ချထားပါသည်။ ပထမဆုံးနှင့် နောက်ဆုံးတွေ့တဲ့ ဆေးရုံမှာတုန်းက သူ့ကို ခပ်တင်းတင်းဆက်ဆံသွားတဲ့ တိုးကို ရွံ့ကြောက်ရှိန်လန့် မျက်နှာပူနေကာ ရင်တွေတဒိတ်ဒိတ် တုန်နေသည်။ ဖုန်းထဲမှာတုန်းကလည်း မိုးညို လက်ခံလိုက်ရတဲ့လေသံဟာ တင်းထန်မာကျောလှသည် မဟုတ်လား။

"သွားဦးမယ်"





တိုးမင်းဆက်က ခပ်တိုတို နှုတ်ဆက်ကာ ကွေ့၍ ရှေ့ဆက်လျှောက်သွားပါသည်။ နန္ဒာက တဆတ်ဆတ်တောင် တုန်နေတဲ့ မိုးညိုရဲ့ခါးကိုဖက်ပြီး လက်ဖျားလေးတစ်ဖက်ကို ဆုပ်ကိုင်တွဲလိုက်သည်။

"မိုးညို ... နင့်လက်ဖျားတွေက ရေခဲတုံးကျနေတာပဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်လှုပ်ရှားရတာလဲဟာ"

နန္ဒာ စိတ်မကောင်းနိုင်ပေ။ ဖြစ်ပျက်ခဲ့ပြီးတာတွေ ပြည်ဖုံးကားမချနိုင်သလို နေကောင်းလား ဆိုတာမျိုး ပဋိသန္ဓာရ စကားမျိုးပင် နှုတ်မဆက်နိုင်တဲ့ တိုးမင်းဆက်ကိုလည်း နန္ဒာ တော်တော် စိတ်ပျက်မိသည်။

"မသိဘူးဟာ၊ ငါ သူ့ကို ရင်မဆိုင်ရဲဘူး၊ ကြောက်တယ်၊ ငါက အပြစ်ရှိတဲ့သူ မဟုတ်လား"

"နင်က ဘာဖြစ်လို့ အပြစ်ရှိရမှာလဲ၊ ဘာမှအပြစ်မရှိဘူး မိုးညို၊ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူလို့ နင် ဘယ်တော့မှ မတွေးနဲ့၊ အလိုအလျောက် စီကာစဉ်ကာ ဖြစ်သင့်ဖြစ်ထိုက်သလို ဖြစ်သွားခဲ့တဲ့ ဇာတ်လမ်းပါ၊ ဒီလိုတွေ နင်ဖြစ်ချင်လို့ နင်ကိုယ်တိုင် ဖန်တီးယူခဲ့တာ တစ်ခုမှမပါဘူး"

နန္ဒာ့ ကရုဏာဒေါသောစကားသံအောက်မှာ မိုးညိုက မျက်ရည်လည်လာခဲ့ပါသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

သူ့ဗိုက်က အောင့်အောင့်နေတာ ရက်ကြာပြီ။ သူ့ကိုယ်သူ တိုးမင်းဆက် သိပါသည်။ သူ့အသည်းကပြန်ပြီး ဒုက္ခပေးနေပြန်ပြီ။ မနှစ်က သူ့အသည်း အခြေအနေ အတော်ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့၍ ဆရာဝန်က သူ့ကို ...

"ခင်ဗျားအသက်ရှည်ချင်ရင် အရက်ကို ခသောက်နေတဲ့ပုံစံကနေ တိခနဲဖြတ်ပစ်ပါ၊ လျှော့လို့မရတော့ဘူး ကိုတိုးမင်းဆက်၊ ဖြတ်ကိုဖြတ်ရမယ်"

ကရုဏာဒေါသောနှင့် ခပ်တင်းတင်း ပြောခဲ့ပါသည်။

"အရက်ကို နှစ်ရှည်လများစွဲပြီး ပုံမှန်ထက် ပိုသောက်လာတဲ့သူတွေ အသည်းထိခိုက်တာကတစ်မျိုး၊ ခင်ဗျားလို အချိန်တိုအတွင်းမှာ နေ့ဆက်ရက်ဆက် မတရားအလွန်အကျွံသောက်တဲ့သူတွေ အသည်းထိခိုက်တာကတစ်မျိုး၊





ခင်ဗျားက ကျွန်တော် အရက်သောက်တာ လေး၊ငါးလပဲ ရှိပါသေးတယ် ပြောနေပေမယ့် အချိန်ကာလနဲ့မဆိုင်ဘူး လေ ကိုတိုးမင်းဆက်၊ ခင်ဗျားက လူမိုက်သောက်နည်း သောက်တာ၊ အရက်ကလွဲလို့ ဘာမှမစားမသောက်ဘဲ အချိန်တိုင်း အစာအိမ်ထဲကို အရက်ချည်းပဲ ထည့်နေတာ၊ ထိခိုက်မှု မြန်ဆန်တယ်၊ ကိုယ့်ကိုယ်ကိုယ် ဘာမှမဖြစ် လောက်ဘူး ထင်မနေနဲ့ ...

ကျွန်တော် လေးလေးနက်နက် ထပ်သတိပေးတယ် နော်၊ ခင်ဗျား ဒီနေ့ကစပြီး အရက်ကို ယတိပြတ်ဖြတ် လိုက်ပါ၊ ခင်ဗျား ငယ်ငယ်ရွယ်ရွယ်လေးပဲ ရှိသေးတယ် ကိုတိုးမင်းဆက်"

တကယ်တော့ မူးနေချိန်တွေဟာ အမူးဝေဒနာကြောင့် အရာရာကို သူ မေ့လျော့ဖြေသိမ့်ထားနိုင်ချိန်တွေ ဖြစ်ခဲ့သည်။ ဒါကြောင့်လည်း သူ့ကိုယ်သူ မူးနေအောင် တစ်ချိန်လုံး စိတ်အလိုလိုက်ထားခဲ့တာ။ တစ်နည်းအားဖြင့်တော့ ခံစားချက်တွေ ဝေဒနာတွေကိုတောင့်တင်းခံနိုင်ဖို့ သူ့မှာ သတ္တိတွေ ခွန်အားတွေ မရှိတဲ့သဘောပဲဖြစ်သည်။

ဆေးစစ်ချက်တွေအရ သူ့အသည်းဟာ အချိန်တိုတို အတွင်းမှာ ခြောက်စပြုပြီဆိုတဲ့အခါ သူ မသေချင်သေးတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com

အရက်ကိုဖြတ်ခဲ့ရပါသည်။ မသေချင်သေးဘူးဆိုတာဟာလည်း သူ့မှာ သူ့မသိစိတ်ထဲက မျှော်လင့်ချက် တစွန်းတစရယ်လို့ရှိနေသေးလို့ ဖြစ်လိမ့်မည် ဆိုတာ သူ့ကိုယ်သူ မသိတသိနှင့်ပင် လက်ခံနားလည်ရပါသည်။

အခုကတော့ ...။

သူ့မှာ မျှော်လင့်ချက်ဆိုတာလည်း ထားဖို့အခွင့်အရေးမရှိတော့ချိန်။ သူ အရက်ကို လွန်လွန်ကျူးကျူး ပြန်သောက်နေမိခဲ့တာလည်း လနှင့်ချီနေခဲ့ပါပြီ။ ဟိုးမနှစ်ကလို သူ့အသည်းက ပြန်အောင့်ကာ နာကျင်လာသည်။ မကောင်းဘူးဆိုတာ သိသော်လည်း ရှောင်လွှဲနိုင်စွမ်း မရှိခြင်းမှာ ပျော့ညံ့ခြင်းတစ်မျိုးသာပဲပေါ့။

သူ နားလည်ပါသည်။ သို့သော် ပျော့ညံ့မှုကိုတွန်းလှန်ဖို့ သူ့မှာ ခွန်အားမရှိချေ။ မိုးညိုကို တခြားသူယောကျ်ားတစ်ယောက်နှင့် နက်နက်ရှိုင်းရှိုင်း ပတ်သက်ကာ သူ ပြန်တွေ့ရတဲ့အခါ နှလုံးသားမှာ နာကျင်ရခြင်း အတိုင်းအတာကို သူ မဖော်ပြတတ်ပါ။

သူ့နောက်ကို လိုက်ခဲ့ဖို့နေ့မှာ ရောက်မလာဘဲ ပျက်ကွက်ပျောက်ကွယ်သွားပြီးတဲ့နောက် သူ မိုးညိုကို တစ်ပတ်ခန့်အကြာမှာ အပြင်တစ်နေရာမှာ ပြန်တွေ့ပါသည်။ လူတစ်





ယောက်ရဲ့လက်မောင်းကို ဖက်တွဲထားတဲ့မြင်ကွင်းက သူ့အသည်းကို ကွဲကြေစေသည်။ နာကြည်းမှုတို့ကို ရင့်သန်စေခဲ့သည်။

အဲဒီတုန်းက အရက်က သူ့ဘဝကို အနိုင်ယူကာ ယစ်ထုပ်ကြီးလုံးလုံး ဖြစ်ခဲ့တဲ့သူဟာ ဘဝကို လုံးဝပြောင်းလဲပြုပြင်လိုက်ပြီး မိုးညိုရှိနေရာ ရန်ကုန်မြေကိုပါခွာကာ ဒီမြို့ကလေးကို ရောက်လာပြီးကာမှ ...။ နောက်ထပ် လပေါင်းများစွာ ကြာမြင့်ပြီးကာမှ အဲဒီယောကျ်ားနှင့်ပဲ မိုးညိုကို ပတ်သက်လျက်သားပြန်တွေ့ရတဲ့အခါ ဒုတိယမ္ဘ သူ့နှလုံးသားတွေ ကြေပြုန်းရပြန်လေသည်။

ဒီအဖြစ်အပျက် ဒီဝေဒနာကို သူ ဘယ်လိုပြန်လည်ကုစားရမလဲ။ အရက်နွံထဲ ကျေးကျွန်ဖြစ်နေခြင်းမှလည်း သူဘယ်လိုပြန်လည်ရုန်းထွက်ရမလဲ။ အသိဉာဏ်မရှိသူ မဟုတ်၍ အရာရာကို အဓိကစေစားဦးဆောင်သည်မှာ မိမိရဲ့စိတ်ပဲလို့ သူနားလည်သဘောပေါက်ပါသည်။

နားလည်ခြင်းက တခြား။ လိုက်နာကျင့်သုံးနိုင်ခြင်းက တခြား။

"အား ... ကျွတ် ... ကျွတ် ကျွတ် ..."

နံနက်ခင်းတစ်ခုမှာ သူ အိပ်ရာကအနိုး ဗိုက်ထဲက ဆိုးဆိုးဝါးဝါး စူးစူးရှရှ နာကျင်ကာ နှုတ်မှပင်ဖွင့်ထုတ် ညည်း



www.burmeseclassic.com

www.burmeseclassic.com



တွားလိုက်ရသည်။ လဲလျောင်းရာမှ ခုတင်ပေါ်ထိုင်မိအောင် အတော်ကြိုးစားထူမတ်ရကာ ထိုင်နိုင်တဲ့အချိန်၌ ချွေးသီးချွေးပေါက်နှင့်သူ မောလျပန်းဟိုက်နေသည်။

ထိုင်နေရာကနေ ရေချိုးခန်းဆီ ထ,သွားဖို့အထိ မတတ်နိုင်သေးဘဲ မျက်စိတွေပြာကာ ရင်တလှပ်လှပ်နှင့် လည်ချောင်းဝမှာ တစ်စုံတစ်ရာ ဆို့ကျပ်ပျို့တက်လာသလို ခံစားရလေသည်။

"ကိုတိုး"

"........."

"အစ်ကို မနိုးသေးဘူးလား"

အခန်းပြင်မှ ဇော်လေး အသံကြားရသည်။ တိုးမင်းဆက်က အားယူကာ ...

"ဇော်လေး"

"........."

သူ့အသံက အင်အားမပါ တိုးလျနေ၍ ဇော်လေး မကြား။

"ဇော်လေး"

သူ အသံကို အတော်ကြီးမြှင့်လိုက်မှ ...

"ဗျာ ... အစ်ကိုနိုးပြီလား"





"လာဦး"

"ဟုတ်"

အခန်းတံခါးဖွင့်ကာ ဇော်လေး ဝင်လာသည်။ အခန်းဝနားကပင် ...

"အစ်ကို ပန်းချီထွက်ဆွဲမယ် မဟုတ်လား၊ အားလုံးအဆင်သင့် ကားပေါ်တင်ပြီးပြီ၊ ဘလက်ခ်ကော်ဖီလည်း အဆင်သင့်ပဲ၊ ဒီနေ့ အစ်ကိုနိုးတာ နောက်ကျနေလားလို့ ကျွန်တော်နှိုးလိုက်တာ"

"လာဦး ... ငါ့နား"

"ဗျာ ... ဟုတ်ကဲ့"

ဇော်လေး အနားရောက်လာလျှင် တိုးမင်းဆက်က ဇော်လေး လက်မောင်းတစ်ဖက်ကို လှမ်းဆုပ်ကိုင် အားပြုလိုက်ရင်း ...

"ငါ့ကိုတွဲစမ်း ဇော်လေး၊ ရေချိုးခန်းကို"

"ဗျာ ... အစ်ကို ဘာဖြစ် ..."

"ငါ အန်ချင်လို့"

"အစ်ကို"

ဇော်လေးက စိုးရိမ်တကြီးနှင့် တိုးမင်းဆက်ကို တွဲထူလိုက်ပါသည်။ အားပြုမတ်တတ်ရပ်ကာ ပါလာသော တိုးမင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်သည် ရေချိုးခန်းမရောက်ခင် လမ်းခုလတ်မှာ ရုတ်တရက် လည်ချောင်းဝဆီ ထိုး၍ပျို့လာကာ ဝေါ့ခနဲ အန်ချလိုက်ပါသည်။

"ဟာ ... ကိုတိုး ... အစ်ကို"

ဇော်လေးရဲ့အလန့်တကြား အသံက ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။

"ဟာ ... ဒုက္ခပဲ၊ အစ်ကို သွေးတွေအန်တယ်"

တိုးမင်းဆက်သည် တစ်ချက်သာ ထိုးအန်လိုက်ပြီး မျက်စိတွေပြာကာ ရင်ထဲတလှပ်လှပ်တုန်လျက် ခြေလှမ်းကို ဆက်မရ။ လူက အားယုတ်သွားသလို ပျော့ခွေသွားလေသည်။

"အစ်ကို လာ၊ ဒီမှာပဲထိုင်လိုက်၊ အစ်ကိုအန်ချင်ရင် ဇလုံယူလိုက်မယ်၊ ဒီမှာပဲအန်"

ဇော်လေးက တိုးမင်းဆက်ကို အနီးက နှစ်ယောက်ထိုင်ဆိုဖာဆက်တီပေါ် ထိုင်စေလိုက်ပြီး အခန်းပြင် ပြန်ပြေးထွက်သွားကာ နောက်ဖေးမှ ပလတ်စတစ်ဇလုံတစ်ခုယူပြီး ပြန်ဝင်လာသည်။ နောက်ဖေးဘက်မှာ ဇော်လေး အော်ဟစ်အကြောင်းကြားခဲ့၍ နောက်ကပြေးလိုက်ဝင်လာသော စတီဗင်၊ ဗလတို့သည် အဝတ်စုတ်ယူတဲ့သူယူ၊ ရေယူတဲ့သူယူ၊ အားလုံး တိုးမင်းဆက် အခန်းထဲ စုပြုံရောက်လာလေသည်။

"ကိုတိုး ဘယ်လိုနေလဲ၊ နေလို့ရရဲ့လား"





"အင်း"

"ကိုတိုး အခု ဘယ်လိုခံစားရလဲ၊ ဗိုက်အောင့်လား၊ မူးနေလား၊ အန်ဦးမလား၊ အန်ချင် အန်ချလိုက်နော်"

"အစ်ကို ... အစ်ကို့ကို မပြောဘူးလားဗျာ"

သူတို့အသံလေးတွေဟာ ငိုသံပင်ပါနေကြပါသည်။ တိုးမင်းဆက်က အန်လိုက်ရ၍ အနည်းငယ် နေသာထိုင်သာရှိသွားသလို ဆိုဖာမှာမှီနေလိုက်ရင်း ...

"ဘာမှမဖြစ်ဘူး သက်သာသွားပြီ"

"အစ်ကို နေရသက်သာရင် ဆေးရုံသွားလိုက်ရအောင်"

"အစောကြီးရှိသေးတယ်ကွာ၊ ခဏနေမှ သွားတာပေါ့"

"ဟာ ... စောတယ် နောက်ကျတယ် လုပ်နေလို့ ဘယ်ရမလဲ အစ်ကိုရာ၊ မဖြစ်ပါဘူး၊ အခုပဲသွားမယ်၊ သွေးတွေ ဒီလောက် တစ်ဖွက်ကြီးအန်ထားတာ ခုချက်ချင်းသွားမှ ဖြစ်မယ်၊ အချိန်မဆွဲပါနဲ့"

"အစ်ကို့ကို အဲဒါကြောင့် ကျွန်တော်တို့ပြောတာ၊ အစ်ကို အစားကောင်းကောင်းမစားဘဲ အရက်ချည်းပဲ ပြန်သောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"မကြာသေးပါဘူးကွာ"

"ဘာလို့မကြာရမှာလဲ၊ တစ်လကျော် နှစ်လရှိနေပြီ၊ မမိုးညိုနဲ့ ပြန်တွေ့ကတည်းကပဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုးမင်းဆက် ဘာမှဆက်မပြောချင်တော့ဘဲ ငြိမ်နေလိုက်ပါသည်။ စတီဗင်သည် မှုန်တေသော မျက်နှာနှင့် ...

"ကိုယ့်အတွက် ဘာကောင်းကျိုးပြုတဲ့ မိန်းမမို့ သူ့ကြောင့် ခုလောက်ထိနိုက်ခံရတဲ့အထိ အစ်ကို တေပေရတာလဲဗျာ၊ ဒီလိုလုပ်လို့ သူက အစ်ကို့ကိုငဲ့ပြီး ပြန်ရောက်လာမှာမို့လား၊ ကောင်းကျိုးမပေးတဲ့မိန်းမ၊ သူ့ကြောင့် အစ်ကို့ဘဝ ပျက်လုမတတ် သေလုမတတ် ခံစားခဲ့ရတာကို ကျွန်တော်တို့ ဘယ်လောက် စိတ်သောကရောက်ခဲ့ရလဲ ...

ဒေါက်တာဇော်ဝင်းက မင်းတို့အစ်ကို့ကို အသက်မသေစေချင်ရင် သူ့ အရက်မသောက်ဖြစ်အောင်ထိန်းလို့ ပြောခဲ့တာ၊ ကျွန်တော်တို့မှာ အစ်ကို့အဆူခံ အမုန်းခံပြီး အစ်ကို့ကို ဒီလောက်ထိ ပြန်အဖတ်ဆည်ယူထားရတာဗျာ"

"ဟုတ်တယ် အစ်ကို၊ အခုလည်း ကျွန်တော်တို့ ပြောမရလို့ ဘာလုပ်ရင်ကောင်းမလဲတောင် တိုင်ပင်နေကြတာ၊ အစ်ကို့ကို ဒီလိုကြီး ကျွန်တော်တို့ မကြည့်ရက်ဘူးဗျ၊ အစ်ကို့ကို ကျွန်တော်တို့က အစ်ကိုရင်းလိုမကပါဘူး၊ ကိုယ့်အဖေလို သဘောထားကြတာပါ အစ်ကိုရာ၊ ကျွန်တော်တို့လည်း အစ်ကို့ကို အားကိုးပြီး ဆွေမျိုးလုပ်နေကြတာပါ၊ အစ်ကို ဒီလိုဖြစ်နေတာ ကျွန်တော်တို့ မကြည့်ရက်ဘူး"





တစ်ယောက်တစ်ပေါက် ပြောနေကြသော သူတို့အသံတွေက တုန်ယင်နေကြ၍ တိုးမင်းဆက်ရင်ထဲနင့်ကာ စိတ်မကောင်း ဖြစ်လာမိသည်။

"ဒီမြို့ရောက်ကတည်းက အစ်ကို မေ့မေ့ပျောက်ပျောက်နဲ့ ဆိုင်ထဲလည်း စိတ်ဝင်တစားနဲ့ ပန်းချီသေးဆွဲရင်း အစ်ကို စိတ်ပြေလက်ပျောက် စိတ်အေးချမ်းသာရှိနေပြီဟာကိုဗျာ"

"အဲဒါ ဟိုမိန်းမကြောင့်ပေါ့"

"သူက သူ့ဟာသူ နောက်တစ်ယောက်နဲ့ ဘယ်လိုပတ်သက်မှန်းတောင်မသိ၊ တစ်အိမ်ထဲ နေနေတာ၊ အစ်ကို ခုလောက်ဖြစ်လောက်အောင်တန်တဲ့ မိန်းမမို့လား ကိုတိုးရာ"

"လုံးဝမတန်ဘူး"

"ငါတော့ မမိုးညိုကို မကျေဘူး၊ တောက် ... အစိမ်းလိုက်တောင် အခွံနွှာပစ်ချင်လာပြီကွာ"

သူတို့ရဲ့ဒေါသဒီရေတွေဟာ တစစအရှိန်မြင့်တက်လာတော့သည်ဖြစ်၍ ...

"ကဲ ... ကဲ ... ကဲ ... တော်ကြပါတော့ကွာ၊ ငါအခုပဲ ဆေးရုံသွားပါ့မယ်၊ အဝတ်လဲဖို့ ယူပေးကြပါဦးကွာ"

သူတို့သုံးယောက်သား တိုးမင်းဆက်ကို ကူညီအဝတ်အစားလဲပေးကြပြီးလျှင် စတီဗင်၊ ဇော်လေးတို့နှစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုးမင်းဆက် ဆေးရုံကို ကားနှင့် ထွက်လာပါသည်။ ဗလကတော့ ဆိုင်အတွက် စီမံခန့်ခွဲဖို့ ဈေးဝယ်သွားဖို့တွေ ရှိသေး၍ ကျန်ရစ်ခဲ့ပါသည်။

မနက်စောသေး၍ သူတို့ဆရာဝန်ကြီးအိမ်ကိုပဲ တန်းလာခဲ့ကြသည်။ ဆရာဝန်ကြီး ဦးမြင့်မွန်က နိုးနေပါပြီ။ ကော်ဖီသောက်ရင်း ဂျာနယ်တစ်စောင် ဖတ်နေသည်။ တိုးမင်းဆက် အခြေအနေကို မေးမြန်းပြီးလျှင် ...

"ဆေးရုံဘက် သွားလိုက်ရအောင်၊ အန်ထွက်သွားတဲ့သွေးကရော ဘယ်လောက်များသလဲ"

"ကော်ဖီပန်းကန်လုံး တစ်လုံးစာလောက်တော့ ရှိမလား မသိဘူးခင်ဗျ ဆရာကြီး၊ နည်းနည်းများပါတယ်"

"အင်း ... သွေးသွင်းဖို့ လိုကောင်းလိုနိုင်တယ်၊ ခင်ဗျားတော်တော်တေတဲ့လူပဲဗျာ ကိုတိုးမင်းဆက်၊ ဟိုတလောက ခင်ဗျားဗိုက်အောင့်လို့ လာပြကတည်းက အသည်းလည်းရောင်ချင်တယ်၊ စမ်းတော့လည်း မာနေတယ်၊ အရက်မသောက်ပါနဲ့ဦးလို့ သေချာပြောလိုက်ရက်နဲ့ဗျာ၊ အခုညရော မနက်ရော သောက်နေတာလား"

"........."

"ဟုတ်တယ် ဆရာကြီး၊ အစ်ကိုက ပြောလို့မရဘူး"





"ရန်ကုန် တစ်ခေါက်လောက်ပြန်ပြီး လိုအပ်တဲ့အသည်းနဲ့ပတ်သက်တဲ့ ချက်က်အပ်ပ်လေးတွေလည်း ပြန်လုပ်သင့်တယ်၊ ကိုယ့်အသက်ကို ကိုယ်မွေးမှ ရှည်မှာပေါ့ ကိုတိုးမင်းဆက်ရာ၊ အသက်ငယ်ငယ်လေး ရှိသေးတာပဲ၊ ဘာဖြစ်လို့ စိတ်ကိုလွှတ်ပြီး တေချင်ရတာလဲဗျာ"

သူတို့ ဆေးရုံကို ရောက်လာကြပါသည်။ ဆေးရုံနှင့်မလှမ်းမကမ်းနေရာမှာပင် ပစ္စည်းကိရိယာစုံလင် ခေတ်မီသောပုဂ္ဂလိကအဆင့်မြင့် ဓာတ်ခွဲခန်းတစ်ခု ရှိသည့်အတွက် တိုးမင်းဆက်ကို သွေးဖောက်ကာ အချို့ကိုဆေးရုံမှာ အချို့ကိုအပြင်ပို့၍ လိုအပ်သမျှ စစ်ဆေးရသည်။ အာလ်ထရာဆောင်းဒ် ရိုက်ရသည်။

ဒါတွေလုပ်ကိုင်နေစဉ်ပင် ဟိုဘက်အိမ်မှာ မွန်နုခနိုးလာကာ အမေထံမှ သတင်းကြားလာပုံနှင့် ဆေးရုံဘက်ကူးလာပါသည်။

"ဖေကြီး ... အစ်ကိုကြီး တိုးမင်းဆက်က ဘာဖြစ်တာလဲဟင်"

ပူပူပန်ပန် လာမေးမြန်းနေ၍ ...

"အစာအိမ်ထဲက သွေးကြောမျှင်သေးသေးလေးတွေပေါက်တာ၊ ဒါကြောင့် သွေးအန်တာ၊ ဝမ်းသွားရင်လည်း သွေး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြည်းမြည်း သွားလိမ့်မယ်၊ မင်းတို့ အစ်ကိုကို ဆေးရုံမှာသာတင်ထားတော့၊ အိမ်ပြန်နေရင် အရက်သောက်မှာ စိုးရတယ်၊ ဒီမှာမှ စိတ်ချရမယ် ...

ကိုတိုးမင်းဆက် ... ကျွန်တော် ခင်ဗျားကို အခု အချိန်ကစပြီး အရက်ကို လုံးဝတစ်စက်မှ ထပ်သောက်ခွင့် မပြုနိုင်ဘူး၊ ခင်ဗျား ဒုက္ခရောက်သွားနိုင်တယ်၊ ဆေးရုံမှာပဲ နေပေတော့၊ မင်းတို့တွေရော မင်းတို့အစ်ကို မရှိဘဲ ဆိုင်ကိုစီမံခန့်ခွဲနိုင်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ဖြစ်ပါတယ် ဆရာကြီး၊ မနှစ်ကလည်း အစ်ကို ရန်ကုန်မှာဆေးရုံတက်ရတာ အကြာကြီးပဲ၊ ကျွန်တော်တို့ အဆင်ပြေအောင် လုပ်နိုင်ပါတယ်"

"အေး ... ကောင်းပြီ၊ ဒါဆို ဆေးရုံတင်ခဲ့တော့"

တိုးမင်းဆက်က ဘာမှငြင်းဆန်မနေတော့ဘဲ သက်ပြင်းတချချနှင့်သာ ငြိမ်နေလိုက်ပါသည်။ သူကိုယ်တိုင်လည်း ကိုယ်ခံစားနေရတာ ကိုယ်အသိဆုံးမို့ပင်။ အိမ်ပြန်ဖြစ်လျှင် သူ့ကိုယ်သူလည်း မသေချာ။ အရက်ကို သောက်မိနိုင်သည်။ ဆေးရုံမှာဆိုတော့ ဘယ်လိုမှ သောက်လို့မရနိုင် သောက်ဖို့မဖြစ်နိုင်တော့ အလိုအလျောက် မရှောင်မနေရ ရှောင်ပြီးဖြစ်တာပေါ့။

စစ်ချက်အဖြေတွေထွက်လာလျှင် ဦးမြင့်မွန်က ...





"သွေးသွင်းရလိမ့်မယ်၊ အခု ဒီမှာ ကိုတိုးမင်းဆက်သွေးက အေဘီ၊ မင်းတို့ထဲမှာ အေဘီသွေးပါလား"

စတီဗင်၊ ဇော်လေးနှင့် ဗလတို့ ဘယ်သူမှ အေဘီသွေးမဟုတ်။

"ရှာပါ့မယ် ဆရာကြီး၊ ဆိုင်ကကောင်လေးတွေထဲမှာလည်း ရှိကောင်း ရှိနိုင်ပါတယ်"

"မြန်မြန်ရှာလိုက်ကြ၊ ရပြီဆိုရင် သွေးစစ်ရဦးမယ်လေ၊ မင်းတို့နှစ်ယောက်လုံးပြန်ပြီး သွေးရှာ၊ လိုအပ်တာလေးတွေ ယူလို့ရတယ်၊ ကိုတိုးမင်းဆက်ကို ထားခဲ့ပါ၊ စောင့်စရာ မလိုဘူး၊ သွေးလှူရှင်သာရှာခဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

တိုးမင်းဆက်က ဆေးရုံခုတင်ပေါ် ကျန်ခဲ့ကာ ဇော်လေးနှင့် စတီဗင်က ပြန်သွားကြပါသည်။ တိုးမင်းဆက်အနီးမှာတော့ မွန်နုခက မျက်နှာငယ်ကလေးနှင့် စောင့်ရင်းကျန်ခဲ့သည်။ သူ့အဖေ ဆေးရုံကို ရောင်းဒ်လုပ်ဖို့ ထွက်ခွာသွားသည်နှင့် သူမထံက စပ်စပ်စုစု စွက်စွက်ဖက်ဖက် မေးခွန်းလေးတွေက စိုးရိမ်ပူပန်မှုနှင့်အတူ ထွက်အံလာပါသည်။

"အစ်ကိုကြီး ဘာဖြစ်လို့ အရက်ကို အဲလောက်သောက်နေရတာလဲဟင်"

"........."



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်လို့လား၊ ကောင်းလည်း မကောင်းဘဲနဲ့၊ နံကလည်း နံနဲ့"

တိုးမင်းဆက်မှာ ပြုံးမိရသေးသည်။

"မီးကို စိတ်မဆိုးနဲ့နော်၊ အရက်တွေ ဒီလောက်သောက်နေတာ ဘာဖြစ်လို့လဲ၊ အစ်ကိုကြီးက အသည်းကွဲနေတဲ့သူလားဟင်"

"အဟင်း ဟင်း ... အသည်းကွဲရင် အရက်သမားဖြစ်တယ်လို့ ညည်းက ကြားဖူးထားတာပေါ့ ... ဟုတ်လား"

"ဟုတ် ...၊ အဲလိုပဲ ကြားဖူးနေတာပဲလေ၊ ဝတ္ထုတွေဘာတွေထဲလည်း ဖတ်ဖူးတယ်၊ ရုပ်ရှင်ထဲလည်း ကြည့်ဖူးတယ်၊ ဒါပေမဲ့ အသည်းကွဲတာနဲ့ပဲ အရက်သောက်ရင် ပျောက်ရောတဲ့လား၊ အဲဒါတော့ မယုံဘူး"

"မူးနေတဲ့အချိန်မှာ တခြားခံစားချက်တွေကို သတိမရတဲ့သဘောပေါ့"

"ဒါဖြင့် အမြဲမူးနေအောင် နေရတော့မလို ဖြစ်နေမှာပေါ့၊ အဲဒါ ဘယ်မှန်ပါ့မလဲ၊ တစ်နေ့မဟုတ် တစ်နေ့ ဒုက္ခရောက် တော့မှာပေါ့"

"ကဲ ... ဒါဖြင့် အသည်းကွဲရင် ဘာလုပ်ရမလဲ၊ ညည်းပဲ ပြောပါဦး"





"ကိုယ့်အသည်းကို ခွဲသွားပါတယ်ဆိုတဲ့သူကို အကျိုးမရှိ တမ်းတနေမယ့်အစား သူ့အကြောင်းမတွေးဖြစ်အောင် ကိုယ့်အတွေးကို စိုးမိုးထားနိုင်မယ့်သူတစ်ယောက်လောက် ထပ်ပြီးဖန်တီးသင့်တာပေါ့"

"........."

"အသည်းခွဲသွားတဲ့ အချစ်ဟောင်းကို တမ်းတနေမယ့်အစား အချစ်သင့်ရာသင့်တယ်လို့ မီးကပြောတာ၊ အဲဒီတော့မှ အမိပ္ပာယ်မဲ့နေတယ်လို့ ကိုယ့်ဟာကိုယ် ထင်နေတဲ့ဘဝကြီးက အဓိပ္ပာယ်ပြန်ရှိလာမှာပေါ့၊ ပျော်စရာလေးတွေ ကြည်နူးစရာလေးတွေ ပြန်ပိုင်ဆိုင်နိုင်လာမှာပေါ့ အစ်ကိုကြီး"

တိုးမင်းဆက်က ပြန်ပြောစရာစကား စဉ်းစားမရဘဲ ပြုံး၍သာ နေမိသည်။

"ဟင် ... ကိုတိုး"

ရုတ်တရက် ထွက်ပေါ်လာသော အသံလေးနှင့်အတူ တိုးမင်းဆက် ခုတင်အနား ရောက်လာခဲ့သူက နန္ဒာပါ။ နန္ဒာက တိုးမင်းဆက် ခုတင်အနားနီးနီးကပ်ကပ် ထိုင်နေတဲ့ မွန်နုစကို အကဲခတ်ကြည့်ရှုရင်းက ...

"ကိုတိုး ဘာဖြစ်လို့လဲ၊ ဆေးရုံတက်နေတာလား"

"သြော် ... နန္ဒာ၊ ဟုတ်တယ် ဒီမနက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်လို့လဲဟင်"

"သွေးနည်းနည်း အန်လို့ပါ"

"ဟင် ... ဘာဖြစ်လို့တဲ့လဲဟင်"

"အစာအိမ်က သွေးကြောမျှင်လေးတွေ ပေါက်တယ်တဲ့၊ ကျွန်တော်အရက်သောက်တာ နည်းနည်းများသွားလို့ပါ"

"ဪ"

"နန္ဒာ ဘယ်လိုလုပ် ရောက်လာတာလဲ"

"နန္ဒာက ယောက္ခမ ပြင်ပလူနာဌာန OPD မှာ လာပြတာ အဖော်လိုက်လာပေးတာပါ၊ ဆရာကြီးက round လုပ်နေတယ်ဆိုလို့ ခဏစောင့်ရင်း ဆေးရုံကိုတစ်ခါမှ မရောက်ဖူးတာနဲ့ လျှောက်ပြီး တစ်ပတ်,ပတ်ကြည့်နေတာ"

"ဪ"

နန္ဒာက သိချင်စိတ်ကို ထိန်းမရပုံနှင့် အားမနာနိုင်ဘဲ ...

"သူလေးက ဘယ်သူလေးလဲ"

"သူက ဆရာဝန်ကြီးသမီးလေ၊ ကျွန်တော်နဲ့ ခင်နေလို့ပါ"

"ဪ"

တိုးမင်းဆက် အနီးမှာ မိန်းကလေးငယ်လေးတစ်ယောက်ကို ပူပူပန်ပန်ပုံစံနှင့် တွေ့မြင်ရတာ နန္ဒာက စိတ်ဝင်တစားဖြစ်နေမိပါသည်။





"တပည့်လေးတွေ မပါဘူးလား"

"သွေးသွင်းဖို့လိုလို့ သွေးလှူရှင်ရှာဖို့ လိုတာပြန်ယူဖို့ ခုနပဲ ပြန်သွားကြတယ်"

"ဪ ... ကိုတိုး ဘာသွေးလဲဟင်"

"အောဘီပါ နန္ဒာ"

"နန္ဒာလည်း ကူရှာပေးမယ်နော်၊ နန္ဒာကတော့ အို၊ အောဘီက နည်းနည်းရှားတယ်ထင်တယ် ကိုတိုး၊ နန္ဒာ မေးကြည့်ဦးမယ်"

"ဟုတ်ကဲ့ဗျာ၊ ကျေးဇူးပါပဲ"

"အစ်ကိုကြီး တစ်ယောက်တည်း ခဏနေလို့ရလားဟင်၊ မီးလည်း မီးသူငယ်ချင်းဆီ ဖုန်းနဲ့ပြောလိုက်ဦးမယ်၊ သူ့အစ်ကိုက ဘယ်နကြိမ်မြောက်လဲ မသိဘူး၊ သွေးလှူရှင်လေ၊ သူ့သွေးကလည်း အောဘီဆိုတာ မီးသိထားဖူးတယ်၊ မီးသွားမေးလိုက်ဦးမယ်နော်"

"တစ်ယောက်တည်းနေလို့ ရပါတယ်၊ အခု ဘာမှမဖြစ်မနေတာ၊ ညည်းသာသိပ်လည်းပင်ပန်းတကြီး လိုက်စုံစမ်းမနေပါနဲ့၊ ဟိုကောင်တွေ စတီဗင်တို့ ကြည့်ရှာဖွေလာကြပါလိမ့်မယ် မွန်နုခ"

"ဟုတ်ကဲ့ ... အဲဒီသူငယ်ချင်းဆီတော့ သွားမေးလိုက်ဦးမယ်၊ မီး ပြန်လာခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မွန်နုခ ထွက်သွားတဲ့အထိ နန္ဒာက စိတ်ဝင်တစား လိုက်ကြည့်နေပါသည်။ ပြီးတော့ တိုးမင်းဆက်ထံ ပြန်ကြည့်ကာ...

“နန္ဒာလည်း စုံစမ်းကြည့်ပါဦးမယ် ကိုတိုး၊ ယောက္ခမကို ဆရာဝန်နဲ့ပြပြီး ပြန်ပို့ပြီးရင် ခဏနေ ဆေးရုံပြန်လာဦးမယ်၊ ကိုတိုး ဘာလိုအပ်သေးလဲ”

“ဘာမှမလိုပါဘူး နန္ဒာ”

❤ ○ ❤





## ၁၃

“သွေးရပြီ”

သူနာပြုဆရာမရဲ့စကားကြောင့် တိုးမင်းဆက်အနီးမှာ ခပ်မှိုင်မှိုင်ရှိနေသော စတီဗင့်မျက်နှာက ဝင်းလက်သွားပါသည်။

“ဟုတ်လား ဆရာမ”

“ဟုတ်ကဲ့ ... ခဏနေ သွေးသွင်းမယ်နော်”

တိုးမင်းဆက်က မှိန်းနေသော မျက်လုံးများ ခဏမျှသာ ဖွင့်ကြည့်ပြီး ပြန်လည်မှေးမှိတ်ထားလိုက်ပါသည်။ သူ့မှာ ဗိုက်အောင့်တဲ့ဝေဒနာ၊ အားယုတ်တဲ့ဝေဒနာ၊ ပုံမှန်တစ်ချိန်လုံး တစွတ်စွတ် ဗိုက်ထဲထည့်နေတဲ့ အရက်ကို သွေးကလိုအပ်တောင့်တတဲ့ဝေဒနာ စုပြုံခံစားနေရတဲ့ ဝေဒနာတွေနှင့် မလှုပ်ယှက်ချင် လောက်အောင် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမ ပြန်ထွက်သွားတဲ့နောက်က လိုက်ပါသွားသော စတီဗင်သည် အပြင်ဘက်ကော်ရစ်တာတစ်နေရာမှာ နန္ဒာကို တွေ့လိုက်ရ၍ ...

"သြော် ... အစ်မ"

"အေး ... စတီဗင်၊ မင်းတို့အစ်ကိုအတွက် သွေးရပြီ သိလား"

"ဟုတ် ... အစ်မ၊ သွေးလှူရှင်က အစ်မရှာလာတာလား ဟုတ်လား"

"အေး"

"ကျေးဇူးပါပဲ အစ်မရယ်"

ကျေးဇူးစကားဆိုရင်း စတီဗင့် မျက်လုံးများက တံခါးပွင့်ဟနေသော မလှမ်းမကမ်းက အခန်းငယ်တစ်ခန်းဆီ အမှတ်တမဲ့ ရောက်သွားပါသည်။ ထိုအခန်းငယ်ထဲရှိ ခုတင်ပေါ်မှ ဖြည်းဖြည်းထ,ထိုင်လိုက်သူကိုမြင်လျှင် စတီဗင် အံ့အားတသင့် ဖြစ်သွားရပါသည်။

သူမရဲ့လက်တံတောင်ဆစ်ကွေးနှင့် ပလာစတာကပ်ထားတာကိုကြည့်ရင်း တစုံတစ်ရာကို စတီဗင် သဘောပေါက်သွားကာ ...

"အစ်မ ... ဟို ... သွေး ... သွေးလှူတာက"





နန္ဒာက စတီဗင် ကြည့်နေရာဆီ တစ်ချက်လှမ်းကြည့်ရင်း ...

"အင်း ... ဟုတ်တယ်၊ ကိုတိုးအတွက် သွေးလှူတာ မိုးညို လေ"

စတီဗင်သည် ဘာပြောရမည်မသိဘဲ နှုတ်ဆိတ်သွားပါသည်။ အခန်းဝသို့ ညင်ညင်သာသာ ရောက်လာသော မိုးညိုက စတီဗင်ကို တစ်ချက်ကြည့်ကာ ဘာစကားမှမဆိုဘဲ မျက်လွှာချထားပါသည်။

"မိုးညို ... နင် ခဏထိုင်ဦး၊ ဆရာကြီး ဟိုဘက်အဆောင် သွားနေလို့၊ ခုပဲလာမှာတဲ့၊ သူလာမှ ပြန်လို့ရပြီလားမေးပြီး ပြန်ကြတာပေါ့"

"အင်း ... ရပါတယ်"

မိုးညိုက အနီးရှိတန်းလျားကလေးအစွန်းမှာ ဝင်ထိုင်လိုက်ပါသည်။ စတီဗင်သည် ဘာပြောရမလဲ စဉ်းစားကာ နှုတ်ဆွံ့နေသည်။ တစ်မနက်ခင်းလုံး အောဘီသွေးလှူမည့် အလှူရှင်ကို တတ်သလောက် မှတ်သလောက် လိုက်ရှာခဲ့ပေမယ့် လုံးဝရှာမရခဲ့ဘူးမို့လား။

အဲဒါကြောင့်လည်း တိုးမင်းဆက်အတွက် သူတို့စိတ်ညစ်ပူပင်နေကြတာ။ အခုတော့ သွေးလှူတဲ့အလှူရှင်က



www.burmeseclassic.com

www.burmeseclassic.com



မမိုးညိုတဲ့။ စတီဗင်က သက်ပြင်းတစ်ချက်ချလိုက်ပါသည်။ ဘာပဲဖြစ်ဖြစ် အလှူရှင်က အလှူရှင်ပဲပေါ့။

စတီဗင်က လည်ချောင်းတစ်ချက်ရှင်း၊ တံတွေးမျိုချကာ ...

"မမိုးညို ... ကျေးဇူးတင်ပါတယ်ဗျာ"

မိုးညိုက အံ့ဩသလို မျက်လွှာလေးပင့်လှန်ကြည့်ကာ ...

"ရပါတယ် စတီဗင်၊ ကိစ္စမရှိပါဘူး"

ခပ်လှမ်းလှမ်းမှ လျှောက်လာသော ဆရာဝန်ကြီး ဦးမြင့်မွန်က သူတို့အားလုံးကို ပြုံးပြရင်း ...

"အဆင်ပြေသွားတယ် ငါ့တူရေ၊ ဟောဒီက မမိုးညိုက အောဘီသွေး၊ သူက သွေးလှူနေကျလူလည်း ဖြစ်တယ်၊ သူတို့လူနာတစ်ယောက် သွေးလိုရင် အချိန်မရွေး လှူနိုင်ဖို့ သူ့သွေးကလည်း အားလုံးစစ်ဆေးထားပြီးသား၊ သွေးအမျိုးအစားတူ၊ သွေးလှူရှင်အချိန်မီရတာ မင်းတို့ အစ်ကိုလည်း ကံကောင်းတာပေါ့ကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

"ကဲ ... မမိုးညိုရေ သင့်ခ်ယူးပါ၊ အိမ်ပြန်နားလို့ရပါပြီ၊ ကိုသွင်သစ်လည်း ဒီလအဖို့ သွေးသွင်းဖို့ မလိုအပ်ဘူးဆို





တော့ တကယ်လိုအပ်နေတဲ့ လူနာတစ်ယောက်ကို သမီးလှူပေးလိုက်နိုင်တာ ကုသိုလ်တွေ အများကြီးရပါတယ်၊ သာဓု ... သာဓု ... သာဓုပါဗျာ"

"ဟုတကဲ့ ဆရာကြီး၊ အဲဒါဆို မိုးညိုကို ခွင့်ပြုပါဦး"

"ကောင်းပြီ ... ကောင်းပြီ၊ အိမ်ကျ ခဏနားနားနေနေ နေလိုက်ဦး"

"ဟုတ်ကဲ့"

နန္ဒာက မိုးညိုလက်တစ်ဖက်ကိုတွဲရင်း ...

"ကဲ ... စတီဗင်၊ အစ်မတို့ ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ခင်ဗျ"

မိုးညိုကတော့ စတီဗင့်ကို နှုတ်မဆက်တော့ပါ။ မျက်လွှာလေးချကာသာ နန္ဒာနှင့်အတူ ညင်ညင်သာသာ လှည့်ထွက်သွားပါသည်။ လက်ထောက်ဆရာဝန်လေးကို ဦးမြင့်မွန်က သွေးသွင်းပေးဖို့ညွှန်ကြားပြီး သူတို့အားလုံး တိုးမင်းခေါက် ခုတင်အနီး ပြန်ရောက်လာချိန်တွင် စတီဗင်က မျက်နှာထားပြောင်းလဲကာ ငူငူငိုင်ငိုင် တွေတွေငေးငေး ဖြစ်နေပါသည်။

သူ မကြည်လင်သော မိုးညိုကို ဘာပဲဖြစ်ဖြစ် သူ ကျေးဇူးလည်းတင်ကာ ဘာကိုမှန်းမသိ ဝမ်းနည်းသလိုလို စိတ်မကောင်းသလိုလိုလည်း ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စတီဗင်"

"ဗျာ"

"သွေးလှူရှင်ကို တွေ့လိုက်လား"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့ ကိုတိုး"

"သေချာ ကျေးဇူးတင်စကား ပြောလိုက်ရဲ့လား"

"ဟုတ်ကဲ့ ပြောပါတယ်"

"ပြန်သွားပြီလား"

"ဟုတ်"

"ဘယ်သူ့ရှာလာတာလဲ၊ မွန်နုခလား"

"မဟုတ်ဘူး အစ်ကို၊ မွန်နုခသူငယ်ချင်းရဲ့ အစ်ကိုဆိုတာက ရန်ကုန်ခဏသွားတာ၊ ဒီညနေမှ ပြန်ရောက်မယ်ဆိုလို့၊ အစ်ကို သွေးထပ်လိုအပ်ရင်တော့ နောက်နေ့ သူလှူနိုင်မယ်တဲ့"

"သြော် ... ဒါဖြင့် အခု ဘယ်ကအဆက်အသွယ်နဲ့ ရတာလဲ"

"........."

"ဘယ်သူ ရှာလာပေးတာလဲ"

"မနန္ဒာ"

"သြော် ... နန္ဒာ ရှာလာတာလား၊ သူ့ဆွေမျိုးတွေထဲကလား"

"မဟုတ်ဘူးဗျ"





တိုးမင်းဆက်က ဘာမှဆက်မမေးတော့ဘဲ ...

"ဘာပဲဖြစ်ဖြစ် မင်းနဲ့တော့ ဆုံလိုက်တယ် မဟုတ်လား၊ နန္ဒာ့ဆီက လိပ်စာလေး ဘာလေး မေးထားပါဦး၊ ငါ လက်ဆောင်ပစ္စည်းလေး တစ်ခုခုတော့ ကန်တော့ချင်တယ်လေ၊ စီစဉ်လိုက်ပါဦးကွာ"

"........."

မျက်စေ့မှေးမှိတ်ထားလိုက်သော တိုးမင်းဆက်ကို ကြည့်ရင်း စတီဗင် ချီတုံချတုံ ဖြစ်နေပါသည်။ ပြောရမလား။ မပြောရဘူးလား။ အို ... ဘာဖြစ်လို့ မပြောရမှာလဲ။

"အစ်ကို့ကို သွေးလှူသွားတာ မမိုးညိုပါ"

"........."

တိုးမင်းဆက် မျက်လုံးများက ဖျတ်ခနဲ ပွင့်လာသည်။

"စတီဗင် ... မင်း ဘာပြောလိုက်တာလဲ"

"အစ်ကို့ကို သွေးလှူတာ မ ... မမိုးညိုပါ"

"ဘာ"

တိုးမင်းဆက်က စတီဗင့်ကို စိုက်ကြည့်နေ၍ စတီဗင်က သွေးပုလင်းကို မော့်ကြည့်နေလိုက်သည်။ တိုးမင်းဆက် မျက်နှာဖြစ်သွားပုံကို သူ မကြည့်ချင် မမြင်ရက်သလိုဖြစ်၍ပင်။ ထိုမျက်နှာရဲ့ ခံစားချက် အရိပ်အယောင်ကို သူ အတိအကျပင် အမိပ္ပာယ်မဖော်တတ်ပါ။ ပြောမပြတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုး အဲသလို ခံစားလိုက်ရတာကို သူ မြင်တွေ့ရမှာ အားနာသလို မျက်နှာပူသလိုဖြစ်၍ တမင်တကာ မမြင်အောင် လွှဲထားလိုက်တာ။ လွှဲထားတဲ့ကြားက ကိုတိုး နှင့်နှင့်နဲနဲ ပြင်းပြစွာ ထိရှပြိုကွဲသွားတာကို သူ သိလိုက်ပါသည်။

❤ ○ ❤

တစ်လတစ်ကြိမ် ရန်ကုန်ပြန်လာနေကျ ဒီတစ်ခေါက် ရန်ကုန်ပြန်အလာမှာ မာမီအစ်ကို ဦးမင်းလှိုင်လည်း မြန်မာပြည် ပြန်ရောက်နေပါသည်။ မာမီအစ်ကိုဟာ လူပျိုကြီးဖြစ်ပြီး ဆရာဝန် တစ်ဦးလည်းဖြစ်ကာ သွင်သစ် အိမ်ကရုတ်တရက် ထွက်ခွာပျောက်ကွယ်သွားစဉ်က အန်ကယ်ဦးမင်းလှိုင်ကို သူ တိတ်တဆိတ်ဆက်သွယ်ကာ အန်ကယ်ရှိရာ စင်ကာပူကို ထွက်ခွာသွားပြီး အန်ကယ်နှင့်အတူ နေခဲ့တာပါ။

အန်ကယ်က စိတ်ဓာတ်ကျဆင်းပြီး ရောက်လာတဲ့ သွင်သစ်ကို အစစအားပေးထောက်ပံ့ကူညီကာ သွင်သစ် သဘောအတိုင်း ဘယ်သူ့ကိုမှ အသိမပေး အကြောင်းမကြားဘဲ သူ့ဆီမှာ စောင့်ရှောက်ထားခဲ့တာ ဖြစ်ပါသည်။

"ငါရောက်တာ သုံးရက်ရှိပြီ၊ မနေ့ကတော့ အရင်တစ်ခေါက်မင်း ရန်ကုန်လာတုန်း ထိုင်းက ဘန်မွန်ဂရက်ကို ပို့စစ်ထားတဲ့ Result ရောက်ပြီလို့ နှင်းနှင်းဆီ အကြောင်းကြားတာနဲ့ ကြုံလို့ ငါနဲ့နှင်းနှင်း သွားရွေးလိုက်တယ်၊ အခု ဒီမှာအဖြေတွေရပြီ"





"အဖြေက ဘာတဲ့လဲဟင် အန်ကယ်"

မိုးညိုက အလောတကြီးလေး မေးလိုက်ပါသည်။ သွင်သစ်က ခရီးပန်းလာသလို နွမ်းနယ်ပြီး သူ့အခန်းထဲကအိပ်ရာထဲမှာ လှဲအနားယူနေပါပြီ။

"အဖြေက ကိုသွင်အခုပြန်ပြီး Relapse ရတဲ့သဘောရှိတယ်"

"အဲဒါ ဘယ်လိုလဲ အန်ကယ်၊ ပြန်ဆိုးလာတယ်ပေါ့၊ ဟုတ်လားဟင်"

အန်တီနှင်း၊ မာမီနှင့် မိုးညိုတို့ အန်ကယ်ဦးမင်းလှိုင်အနား ဝိုင်းထိုင်ကာ စိတ်ဇောထက်သန်တဲ့ မျက်ဝန်းကလေးတွေနှင့် ဦးမင်းလှိုင် စကားကို ရှူးစိုက်နားစွင့်နေကြပါသည်။

"သွင်သစ် … ငါ့ဆီရောက်လာတုန်းက ဒီမှာ သူ့အခြေအနေက သွေးလိုရင်သွင်းပြီး ခီမို Chemo လည်း ပုံမှန်သွင်းနေတဲ့အချိန်၊ ခီမိုသွင်းနေတဲ့ လူနာဟာ အနည်းနဲ့အများ ဒီပရက်ရှင်ရတတ်တယ်၊ သူ့ကိုယ်သူ သူသေတော့မယ်ဆိုပြီး စိတ်ဓာတ်တွေကျပြီး သူ့အမေတို့ မိုးညိုတို့ရှေ့ သူမသေချင်ဘူးဆိုတဲ့ စိတ်တစ်ခုနဲ့ ငါ့ဆီဖွတ်တရွတ်ထွက်လာခဲ့တာလေ …



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်က သူ့အဖေ သူ့မျက်စိရှေ့ပဲ ဆုံးထားတော့ သူ့ကိုယ်သူလည်း ခြောက်လတစ်နှစ်နေရင် ဆုံးမယ်လို့ သူထင်နေခဲ့တယ်၊ ဒါပေမဲ့ သူ့အဖေနဲ့သူ အသက်အရွယ်ကွာခြားတယ်ဆိုတာ သူ ထည့်မတွက်မိဘူးလေ၊ သူက အသက်ငယ်ငယ်ပဲ ရှိသေးတော့ ဒီ Chemotherapy ရဲ့ဒဏ်ကို ငယ်ရွယ်တဲ့သူက ပိုပြီးခံနိုင်ရည်ရှိတယ်၊ ကုသလို့ထိရောက်မှု Result ကလည်း အသက်ငယ်သူမှာပိုတယ်”

“.........”

“နောက်ပြီး သူခံစားနေရတဲ့ ရောဂါအမျိုးအစားက Abnormal 3q complex cytogenetic type ဆိုတာ မျိုးရိုးဗီဇကြောင့်ဖြစ်တဲ့ သွေးကင်ဆာအမျိုးအစား၊ အသက်ငယ်သူတွေမှာ ပြန်ကောင်းလာနိုင်ချေ Chance အများကြီးရှိတယ် ...

အခု ငါ ဟိုမှာ သူ့ကိုပေးခဲ့တဲ့ ကုသမှုက ညည်းတို့ကိုလည်းရှင်းပြဖူးပါတယ်၊ Hematopoietic Stem cell transplant ဆိုတာ Stem cell ကို အစားထိုးတာပေါ့လေ၊ သူ့ကိုလုပ်ခဲ့တဲ့ transplant က ကိုယ့်ပစ္စည်းနဲ့ကိုယ် ပြန်အစားထိုးတဲ့ transplant ...

သူ့ကို Chaemo သွင်းနေရင်းကနေ Consolidation treatment ဆိုတာ အရပ်စကားနဲ့ပြောရင်တော့ သာမန်ထက်ပိုပြီးပြင်းတဲ့ ကုသမှုခပ်ကြမ်းကြမ်း ပေးလိုက်တာပေါ့၊





အဲလို အပြင်းစား treatment ပေးလိုက်တဲ့အခါ သူက Genetic abnormal ကြောင့်ဖြစ်တဲ့သူဆိုတော့ Remission time ဆိုတာလေးတစ်ခုရတယ်၊ အပြင်းစားကုသမှုကြောင့် ရောဂါပျောက်ကင်းသွားသလို ကာလတိုလေးတစ်ခုရတာ ကိုခေါ်တယ် ...

အဲဒီအချိန်မှာ သူ့ဆီက သူကိုယ်တိုင်ရဲ့ Bone marrow ကနေ Blood forming stem cells တွေ ပြန်ထုတ်ယူထားလိုက်တာ၊ အဲဒီ Remission time ကုန်သွားတဲ့အချိန်မှာ သူ့ Marrow နဲ့ သူ့ကိုပြန် Transplant လုပ်တာ၊ Autologous transplant လို့ခေါ်တယ်၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် ပြန်အစားထိုးကုသတာပေါ့”

“ဟုတ်ကဲ့ အန်ကယ်လ်”

“အဲလို Treatment မျိုးက တစ်နှစ် နှစ်နှစ် စသည်ဖြင့် လူနာမှာ ရောဂါပျောက်ကင်းသလို သက်သာသွားတယ်၊ တချို့လည်း ဒီထက်ကြာကြာ ပြန်ကောင်းသွားတတ်တယ်၊ သုံးလေးငါးနှစ်ခံတယ် ...

ဟိုမှာ သူပြန်နေကောင်းလာပြီး စိတ်ချရအောင် သူ နေနေသေးတာလေ၊ လေးငါးခြောက်လကြာမှ သူနေကောင်းတယ်လို့ သူ့ကိုယ်သူ စိတ်ချလက်ချဖြစ်ပြီး သူ ပြန်သွားတာ၊ သူပြန်သွားတာ ခုဆိုရင် တစ်နှစ်ခွဲနီးပါးရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့၊ အခု အခြေအနေက သူ ဝေဒနာလက္ခဏာပြန်စပြီး ပြလာတဲ့သဘောပဲ”

အန်တီနှင်းက တစ်ရှူးတစ်စ,လှမ်းယူကာ ကျစီးလာတဲ့ မျက်ရည်တို့ကို တို့သုတ်ပါသည်။ မိုးညိုရင်ထဲဆို့ကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။

“တစ်ချိန်မှာတော့ ရောဂါဝေဒနာကို ပြန်ခံစားရနိုင်တယ်ဆိုတာ အကြမ်းဖျဉ်းတော့ ကိုသွင် သိထားပါတယ်၊ ဒါပေမဲ့ သူ နားလည်ထားတာ ငါးနှစ် ဆယ်နှစ်စသဖြင့်ပေါ့လေ၊ ဒါကလည်း လူတစ်ဦးချင်းစီရဲ့ကုသိုလ်ကံပေါ် မူတည်ကွဲပြားတယ်ပဲ ပြောရမှာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် မတူဘူး”

“ကိုလေး ... အခုရတဲ့ Result တွေက အခြေအနေက ဘယ်လိုတဲ့လဲဟင်”

“Stem cell transplant လုပ်နိုင်ရင် ကောင်းတယ်၊ ဒီတစ်ကြိမ်တော့ Allogeneic transplant ပေါ့၊ လူကောင်းအလှူရှင်တစ် ယောက်ဆီက Bone marrow အလှူရတယ်ဆိုရင် နေကောင်းသွားဖို့ ရာခိုင်နှုန်း အရမ်းများတယ်၊ ရာခိုင်နှုန်းတော်များများလောက်ထိ အောင်မြင်တယ်၊ ကိုသွင့်ရောဂါက Cytogenetic type မို့လို့ အဲလောက် အောင်မြင်နှုန်းများတာ ...





လုပ်သင့်တယ်၊ လုပ်ဖို့လိုအပ်တယ်ပေါ့ ကိုသွင့်ကို သာမန်သက်တမ်းစေ့နီးပါး အသက်ရှင်သွားနိုင်အောင်ကုသဖို့က ဒီတစ်နည်းပဲရှိတယ်”

“အဲဒါ ဆွေမျိုးသားချင်းထဲကပဲ လှူနိုင်တာလား ကိုလေး”

“မဟုတ်ဘူး၊ သူစိမ်းဆီကလည်း ရတယ်၊ genetically similar ဖြစ်ရင်ရတယ်၊ အဲဒါကတော့ စစ်ကြည့်မှရမယ်၊ စစ်ကြည့်ပြီးတဲ့အခါမှ လှူလို့ရတယ် မရဘူး သိရမယ်၊ ကိုသွင့်ရဲ့ အချက်အလက်တွေကတော့ ဟိုတစ်ကြိမ် Autologous လုပ်ကတည်းက စစ်ဆေးပြီးသား ဆေးရုံမှာရှိပြီးသားလေ၊ အလှူရှင်ရဲ့ data တွေပဲ လိုအပ်တယ်၊ Match ဖြစ်မဖြစ် တိုက်ဆိုင်ကြည့်ပြီး ကိုက်ညီရင် လှူလို့ရတယ်”

“ဒါဖြင့် ကိုလေး နှင်းတို့အားလုံးကို စစ်ပေးပါ၊ နှင်းကို အရင်ဆုံးစစ်ပါ”

“Bone Marrow လှူဖို့က အသက်ခြောက်ဆယ်ကျော်တယ်ဆိုရင် အဆင်မပြေတော့ဘူး၊ ညည်းရော သင်းသင်းရော ခြောက်ဆယ်တွင်း ခြောက်ဆယ်ကျော်တွေပဲ၊ လှူနိုင်ဖို့ အဆင်မပြေလောက်ဘူး”

“ဒါဖြင့် အန်ကယ်၊ မိုးညိုတော့ လှူမယ်ဆိုရင် လှူလို့ရတယ် ပေါ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"မိုးညိုကတော့ စစ်ကြည့်လို့ Match ဖြစ်တယ်ဆိုရင် လှူလို့ရတယ်"

"ဒါဆို မိုးညို လှူပါ့မယ် အန်ကယ်လ်"

"ဒါကို အတိအကျကတော့ ဆက်ဆွေးနွေးတိုင်ပင်တာပေါ့၊ သမီးလည်း ဆုံးဖြတ်ချက် သေချာချပေါ့လေ၊ လှူနိုင်တယ် လှူလို့ရတယ် ဆိုရင်တော့ အလှူရှင်ကို မေ့ဆေးနဲ့ တင်ပါးဆုံရိုးထဲကနေ Liquid marrow ကို အပ်နဲ့စုပ်ထုတ်တာပဲပေါ့၊ လူကောင်းတွေမှာ ဒီလျှော့သွားတဲ့ Marrow ပမာဏက လေးပတ်ကနေ ခြောက်ပတ်အတွင်း မူလပကတိအတိုင်း အလိုအလျှောက် ပြန်ပြည့်သွားတယ်၊ အလှူရှင်က သူ့ရဲ့မူလခံနိုင်ရည်နဲ့ ကျန်းမာရေးပြည့်စုံမှုအပေါ် မူတည်ပြီး တချို့ဆို တစ်ရက်တည်းနဲ့ တချို့က တစ်ပတ်အတွင်း လူကောင်းပကတိတွေနဲ့တန်းတူ ကိုယ့်အလုပ်ခွင်ကိုယ်ပြန်ဝင်နိုင်တယ်"

မိုးညို သူ့အတွက် လှူခွင့်ရှိလျှင် လှူချင်ပါသည်။ သူ့ကို လူကောင်းပကတိအဖြစ် အများတကာလို သက်တမ်းစေ့ သို့မဟုတ် သက်တမ်းစေ့နီးပါး နေသွားနိုင်စေလိုတဲ့ဆန္ဒ၊ စေတနာ မိုးညိုရင်မှာ အပြည့်ရှိပါသည်။ ဟိုးငယ်ငယ်ကတည်းက အတူတကွကြီးပြင်းခဲ့ရကာ သူငယ်ချင်းလို မောင်နှမလို နောက်တော့ ချစ်သူတွေလို အဆင့်ဆင့် တိုးချစ်ခဲ့ဖူးတဲ့သူပဲ မဟုတ်လား။





ပြီးတော့ ရွှေမိုးညို ဆိုတဲ့ မိန်းကလေးတစ်ယောက် လောကကြီးအလယ်မှာ အခုလောက် အဆင်ပြေပြေနှင့် ဆွေမျိုးသားချင်းမေတ္တာ စေတနာမျိုးတွေ သိုင်းသိုင်းဝိုင်းဝိုင်း ပိုင်ဆိုင်ရကာ နေထိုင်နိုင်သည်မှာ မာမီဒေါ်သင်းသင်းလှိုင် မိုးညိုကို ကောက်ယူမွေးစား ကျွေးမွေးစောင့်ရှောက်ခဲ့လို့။

မာမီကြောင့် ခုလောက် လူတစ်လုံး သူတစ်လုံး ရပ်တည်နေနိုင်တာ။ မာမီ့ကျေးဇူးတွေဟာ မိုးညိုအပေါ် ဆပ်မကုန်နိုင်အောင် များပြားသည်။ သူ့ဟာ မာမီရဲ့တူဝမ်းကွဲပဲ မဟုတ်လား။ မာမီ့ဆွေမျိုးသားချင်း တူကလေးတစ်ယောက်ရဲ့ အသက်ကို မိုးညိုရဲ့ လှူဒါန်းမှုအကူအညီနှင့် အသက်ကယ်တင်ခွင့်ရမည့် အဖြစ်ကိုလည်း မိုးညိုက လှိုက်လှိုက်လှဲလှဲ ပေးဆပ်ချင်ပါသည်။

"အန်ကယ် ... မိုးညို ပြန်စဉ်းစား ဆုံးဖြတ်စရာ မရှိပါဘူး၊ မိုးညိုသူ့အတွက် လှူချင်ပါတယ်၊ အမြန်ဆုံး စစ်ဆေးလို့ ရအောင်သာ စီစဉ်ပေးပါနော်"

ထိုညနေမှာတော့ မိုးညိုသည် အနည်းငယ် စိတ်ချမ်းသာနေမိပါသည်။ တစ်နေ့ရွှေ တစ်နေ့ငွေလို ခုလူကောင်းပကတိ၊ ခုမောဟိုက်ပြာနှမ်းနေတတ်တဲ့ သူ့ကို လှူနိုင်ခွင့်ရပါစေလို့ ဆုတောင်းရင်းကပင် တိုးကို သွေးလှူနိုင်ခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်နှစ်သိမ့်နေမိသည်။

နေကောင်းပါစေ တိုးရယ်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ့ထံကတစ်ဆင့် တိုးရဲ့အခြေအနေတချို့ ကြားသိခွင့်ရခဲ့ပါသည်။ တိုး ခုလို အရက်ရဲ့ကျေးကျွန်ကြီး လုံးလုံးလျားလျား ဖြစ်သွားခဲ့တာ မိုးညိုကြောင့်သာမဟုတ်လား။ တိုးနဲ့မိုးညို ချစ်သူတွေဘဝတုန်းက တိုးဟာ ဘယ်တုန်းကမျှ အရက်သောက်ခဲ့တဲ့သူမို့လို့လဲ။ သူ့သူငယ်ချင်းမိတ်ဆွေ ပန်းချီဆရာအချို့က အရက်ဆိုင်ခေါ်လျှင် ငြင်းဖို့အားနာတဲ့အခါ လိုက်သွားတတ်ပြီး အမြည်းစားကာ ပြန်ခဲ့တဲ့သူလေ။

အဲဒီနေ့က နန္ဒာ ရောက်လာပြီး အောဘီသွေးကူရှာပေးဖို့ပြောရင်း တိုးရဲ့အဖြစ်အပျက်တွေ စတီဗင်ထံမှ သိထားရသမျှ ပြန်ပြောပြတော့ မိုးညို ရင်ထဲ နာကျင်စွာ မျက်ရည်ကျိတ်ကျရပါသည်။ ကိုယ့်အတွက်နဲ့ ဘဝပျက်မတတ် အလူးအလဲ အသည်းကွဲခံစားခဲ့ရရှာတဲ့ ချစ်သူကို သနားကြင်နာ ကရုဏာသက်ရသည်မှာ ရင်တစ်ခုလုံး ကြေမွမြောင်းဆန်မတတ်ပင်။

ကိုယ်တောင် ကိုယ်တိုင်ဆုံးဖြတ်တဲ့ အဖြစ်အပျက် အခြေအနေအပေါ် ဘယ်လောက်ခံစားခဲ့ရသလဲ။ မိုးညို ပြုသမျှ နခဲ့ရသလိုဖြစ်တဲ့ တိုးခမျာ ဘယ်လောက် ရင်ကွဲပက်လက်နာကျင်ခဲ့ရှာမလဲ။

"နန္ဒာ ... ငါ လှူမယ်၊ ငါ အောဘီပါ"

"ဟင် ... တကယ်လား မိုးညိုရယ်"





"တကယ်၊ သွင့်မှာ သွေးသွင်းဖို့ လိုအပ်ရင်လည်း ငါလှူနေကျပါ၊ ငါ့သွေးက စစ်ဆေးထားပြီးသား လှူဖို့အသင့်ပါ၊ တိုးကို ငါသွေးလှူမယ်"

အဲဒီနေ့က ဆေးရုံအသွားမှာတော့ သွေးလိုတဲ့ဝေဒနာရှင်တစ်ယောက်ကို သွေးသွားလှူမည် ဆိုတာလောက်ပဲ သွင့်ကို အသိပေးခဲ့သည်။ သို့ပေမဲ့ ပြန်ရောက်ချိန်မှာတော့ ဖုံးဖိလျှို့ဝှက်မထားလို၍ မိုးညို သွင့်ထံ ဖွင့်ဟဝန်ခံခဲ့ပါသည်။ ညနေ ထမင်းဝိုင်းမှာ မာမီ့ကိုရော သွင့်ကိုပါ ...

"မာမီ ...၊ သွင် ...၊ မနက်က မိုးညို သွေးသွားလှူခဲ့တာ တိုး ... ကိုတိုးမင်းဆက်ကိုပါ"

ထမင်းဝိုင်း တိတ်ဆိတ်သွားခဲ့ပြီး မာမီက သွင့်ထံ အလန့်တကြား ကြည့်လိုက်သလို သွင့်မျက်နှာက သိသိသာသာ ပျက်သွားတာ မိုးညို ရိပ်မိသည်။ ကိုယ်ပေးလှူချင်သူကို ပေးချင်တိုင်းလည်း လှူလို့မရ၊ အရေးပေါ် လိုအပ်မှသာ လှူခွင့်ရနိုင်တဲ့ သွေးလှူဒါန်းမှုဆိုတဲ့ အခြေအနေတစ်ရပ်အပေါ် သဝန်တိုဖို့ရာလည်း ခက်ကာ သွင်သစ် ရင်ထဲ မနာလိုဝန်တိုခြင်းကိုလည်း ခံစားနေရတယ်ဆိုတာ မိုးညို သိသည်။

အဲဒီနေ့ရက်မှာပဲ သွင်စ,ပြီး သိပ်နေမကောင်း။ သွင့်အခြေအနေက စိတ်ထိခိုက် စိတ်ဆင်းရဲခြင်းနှင့်လည်း ပတ်သက်ဆက်စပ်နေကာ စိတ်ကြောင့် ချုံးချုံးကျ ဗုန်းဗုန်းလဲသွားတတ်တာကလည်း ထုံးစံပင်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကလည်း အန်ကယ်ဦးမင်းလှိုင် အလည်ပြန်ရောက်ကြောင်း အကြောင်းကြားတဲ့ဖုန်း ဝင်လာခဲ့၍ သူတို့ရန်ကုန်ကို ဆင်းလာခဲ့ကြတာဖြစ်သည်။ သွင်သစ် တစ်ယောက်ကတော့ စိတ်ထောင်းလို့ ကိုယ်ပိုကြေနေသလို နလန်မထူသလို ဖြစ်နေပါသည်။

ဩော် … ဘယ်လိုအဖြစ်မျိုးများပါလိမ့်မလဲ။ ဒီဘက်ကိုလည်း သနားကြင်နာရ၊ ဟိုဘက်ကိုလည်း ကရုဏာမကင်းရ။ ကိုယ်တိုင်ရဲ့ရင်ထဲလည်း အစိတ်စိတ်အမွှမွှ။ ဝဋ်ကြွေးတစ်မျိုးပဲ ထင်ပါရဲ့။

"မိုးညို"

မိုးညိုက ခြံထဲက အုတ်ခုံတန်းကလေးမှာ ထိုင်နေရာမှ အံ့အားတသင့် လှည့်ကြည့်လိုက်ပြီး …

"ဟင် … သွင်၊ အိပ်နေတာ မဟုတ်ဘူးလား"

"ဟင့်အင်း … လှဲတာပါ၊ အိပ်မပျော်ဘူး"

သွင်က မိုးညိုနံဘေး၌ ခပ်ကပ်ကပ် ဝင်ထိုင်လိုက်သည်။

"သွင် ဒီနားက နေရှိန်တယ်၊ အထဲဝင်ရအောင်"

"ရှိန်ပါစေ၊ ခုပဲ အထဲကထွက်လာတာ အထဲမဝင်ချင်ပါဘူး မိုးညိုရယ်၊ ကိုယ် တစ်ခါးဝက ရပ်ကြည့်နေတာ ဆယ်မိနစ်လောက်ရှိပြီ"





"ဘာကိုလဲ သွင်"

"မိုးညိုကိုလေ၊ မိုးညို ဘာတွေစဉ်းစားနေလဲလို့"

သွင်က မိုးညိုရဲ့ပခုံးတစ်ဖက်ပေါ် သူ့ခေါင်းကိုကလေးတစ်ယောက်နှယ်စောင်းကာ မှီချလိုက်ပါသည်။

"အန်ကယ့်စကားတွေလည်း ပြန်စဉ်းစားကြည့်နေတာ"

"နောက်ကော …"

"………"

"ဒီနားလေးမှာ ပျံ့ဝဲနေမယ့် မိုးညိုရဲ့အတွေးလေးတွေကို ကိုယ် ဒီနားလာထိုင်ပြီး လိုက်ဖမ်းမလို့"

"သွင်ရယ် … မိုးညို ကျန်းမာရေးကိစ္စတွေပဲ စဉ်းစားနေတာပါ"

"ကိုတိုးမင်းဆက်ရဲ့ ကျန်းမာရေးရောပါလား မိုးညို"

"သွင်"

"ကိုယ် စကားနာထိုးတာ မဟုတ်ပါဘူး၊ ရိုးရိုးပြောတာပါ၊ မိုးညို တွေးမိမှာပဲလေ၊ တွေးမိတာလည်း အပြစ်မဟုတ်ပါဘူး၊ သူလည်း အသည်းအသန်ဖြစ်ပြီး ကျန်ရစ်ခဲ့တာပဲလေ၊ မိုးညို သတိတော့ ရနေမှာပေါ့"

"………"

"မိုးညိုကို ကိုယ်သိပ်သနားတယ်၊ ယုံပါ မိုးညို"

"………"



www.burmeseclassic.com

www.burmeseclassic.com



"အလယ်ကနေ နှစ်ဖက်စလုံးအပေါ် မေတ္တာစေတနာ ကရုဏာတွေနဲ့ မိုးညို ပင်ပန်းမွန်းကျပ်နေမှာ ကိုယ် ကိုယ်ချင်းစာနိုင်ပါတယ်၊ ကိုတိုးမင်းဆက်လည်း ဒီလိုအခြေအနေမျိုးဖြစ်ခဲ့ရတာ မိုးညို ပယောဂမကင်းသလို ဖြစ်ခဲ့တယ် မဟုတ်လား"

"တော်ပါတော့ သွင်ရယ် ... နော်"

"ကိုယ်လေ ရန်ကုန်မှာ မနေချင်ဘူး၊ စိတ်ပြေလက်ပျောက်နားနားနေနေ အေးအေးချမ်းချမ်း မြို့လေးတစ်မြို့မှာ သွားအနားယူချင်တယ်ဆိုပြီး ရန်ကုန်က ခွာထွက်ခဲ့တာ တကယ်တော့ မိုးညိုရဲ့လွမ်းစရာအတိတ်လေးတွေ ရှိနေတဲ့ ရန်ကုန်မြို့နဲ့ ဝေးကွာအောင်ပါ၊ အဲဒါကြောင့် ဖွတ် တခြားမြို့လေးတစ်နေရာ သွားနေဖို့ ပူဆာခဲ့တာ ...

ဒါပေမဲ့ ကိုယ် နားလည်ပြီ မိုးညို၊ အချစ်စစ်ထဲကနေ ဘယ်တော့မှ ထွက်ပြေးလို့ မရဘူး၊ ဆုံဖို့ ဖူးစာပါလာတဲ့ ချစ်သူတွေဟာ ဝေးဝေးပြေးကြတာတောင် တစ်နေရာမှာ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံကို ဆုံကြရတယ်နော်"

❤ ○ ❤





## ၁၄

"မိုးညိုက ကိုတိုးကို လုံးဝမပြောပါနဲ့လို့ ပိတ်ထားပါတယ်၊ နန္ဒာ ကိုယ့်စိတ်နဲ့ကိုယ် မပြောဘဲ မနေနိုင်လို့ပြောတာ၊ သူများက ပိတ်ထားတာတစ်ခုကို ပြောတယ်ဆိုတာ နှုတ်မလုံရာ နှုတ်မစောင့်စည်းရာ ကျတယ်ဆိုတာ နန္ဒာသိတယ်၊ ဒါပေမဲ့ နန္ဒာ ယုံကြည်ချက်တစ်ခုနဲ့ ပြောတာ ...

နန္ဒာ့ယုံကြည်ချက်က မိုးညိုနေရာမှာရှိတဲ့ မိုးညိုကြုံရတဲ့ အခြေအနေမျိုးကို ကြုံတွေ့နေရတဲ့ မိုးညိုလို မိန်းကလေးတစ်ယောက်ဟာ လူတစ်ယောက်ရဲ့ နာကြည်းမုန်းတီးမှုကို ခံစားနေရဖို့ မထိုက်တန်ဘူးဆိုတဲ့ ယုံကြည်ချက်ပါ ကိုတိုး"



www.burmeseclassic.com

www.burmeseclassic.com



တိုးမင်းဆက်က သူဝတ်ထားတဲ့ ဆွယ်တာခပ်ပါးပါးလေးကို ရင်ဘတ်ပေါ် ဆွဲစေ့လိုက်ပါသည်။ ထိုင်နေရာမှလည်း အနည်းငယ် မှီလျှောလိုက်သည်။ ခြံထဲမှာ ခုံကလေးတွေချကာ သူနှင့် နန္ဒာ ထိုင်နေတာဖြစ်သည်။ မြို့ကလေးရဲ့ရာသီဥတုက ညနေမစောင်းလှသေးဘဲနှင့် ဆောင်းတွင်းမှာ အနည်းငယ်စိမ့်အေးသည်။

နန္ဒာ့ကို နန္ဒာ့ခင်ပွန်း ကိုဥက္ကာက လာပို့ပေးသွားတာဖြစ်သည်။ တိုးမင်းဆက် ဆေးရုံကဆင်းလာတာမို့ သတင်းမေးလာတာဖြစ်ပြီး ခဏကြာမှ ကိုဥက္ကာ လာပြန်ကြိုပါလိမ့်မည်။

"မိုးညိုတင်မကဘူး ကိုသွင့်အမေပါ ကိုသွင် ဆုံးပြီလို့ ထင်ခဲ့ကြတာ၊ လုံးဝဘာသတင်းမှ မကြားတော့ဘဲ ပျောက်သွားကာစကတော့ သူတို့ စုံစမ်းရှာဖွေကြသေးတယ်၊ ကိုသွင် သွားနေတဲ့ သူ့ဘကြီးကလည်း ကိုသွင့် ဆန္ဒကို အလိုလိုက်ပြီး သူ့ဆီရောက်နေကြောင်း နည်းနည်းကလေးမှ အကြောင်းမကြားခဲ့ဘူး ...

သူကိုယ်တိုင် '......'ဆေးရုံကြီးက ဆရာဝန်ကြီးဆိုတော့ ကိုသွင့်ကို လိုအပ်တဲ့ပြုစုကုသမှုတွေ ပေးခဲ့တယ်၊ ရောဂါပျောက်ကင်းသက်သာပြီလို့ သူ့ကိုယ်သူ ယုံကြည်ပြီးတော့ ကိုသွင်က ဒီကိုပြန်လာတာ ...





ကိုသွင် ပြန်ရောက်လာတဲ့နေ့ဟာ ကိုတိုးနောက်ကို မိုးညို လိုက်ခဲ့ဖို့ ချိန်းထားကြတဲ့နေ့နဲ့ တစ်ထပ်တည်းတိုက်ဆိုင်နေတာကတော့ 'ကံစီမံရာ'ဆိုတဲ့ စကားလုံးကို နန္ဒာ အတော်ကြောက်လန့်မိစေအောင် ဖန်တီးနိုင်တဲ့ တိုက်ဆိုင်မှုမျိုးပဲ၊ တကယ်လို့များ အဲဒီထက် တစ်ရက်တည်းပဲစောပြီး ကိုတိုးနဲ့ မိုးညို ချိန်းဖြစ်ခဲ့ရင် ထွက်သွားဖြစ်ခဲ့ရင် ဒီဇာတ်လမ်းက လုံးဝပြောင်းပြန် ဓောက်ထိုး ပြောင်းလဲသွားလိမ့်မယ်"

တိုးမင်းဆက်က သက်ပြင်းတစ်ချက် ခပ်နက်နက်ရှိုက်ရင်း ...

"အဲသလိုဖြစ်ခဲ့ရင် ကိုသွင်သစ် အခုခံစားနေရတဲ့ အဖြစ်မျိုး ကျွန်တော် ခံစားနေရမှာပေါ့ဗျာ"

"ရှင် ... ကိုတိုး ဘာပြောတာလဲ"

"ကျွန်တော်နဲ့ မိုးညိုပဲ ဒီဇာတ်လမ်းမှာ နာကျင်ရ ခံစားရတာလို့ထင်ရင် မှားမှာပေါ့ဗျာ၊ သွင်သစ်ဆိုတဲ့လူလည်း သူ့နည်းသူ့ဟန် ခံစားနေရမှာကို ကျွန်တော်ကိုယ်ချင်းစာကြည့်တတ်တယ်"

"ဟုတ်တယ် ကိုတိုး၊ ကိုတိုးကို ဘယ်သူဆိုတာ ကိုသွင် သိသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



“သူရိပ်မိတယ်၊ သူသိတယ်ဆိုတာ ကျွန်တော်လည်း ရိပ်မိပါတယ်၊ သူလည်း သူ့ဘက်မှာ သူ့နည်းသူ့ဟန်နဲ့ ခံစားနေရမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာနိုင်တယ် နန္ဒာ”

“မိုးညိုက ကိုတိုးနဲ့ သူ့ဇာတ်လမ်းကို ခပ်ပါးပါးပဲ ဖော့ပြီး အသိပေးထားခဲ့တာပါ၊ ကိုသွင်က သူ့ဟာသူတစွန်းတစကြားတဲ့ စကားတွေအရ သိသွားခဲ့တာ”

“သူက Leukemia ရောဂါသည်တဲ့လား”

“ဟုတ်တယ် ကိုတိုး”

“မိုးညို သနားပါတယ်ဗျာ”

တိုးမင်းဆက် အသံက တိုးတိမ်ဝင်နေသည်။ မျက်နှာက ညှိုးနွမ်းကာ ပျက်နေသည်။ သူ့ရင်ထဲလည်း နင့်နေသည်။ ဝမ်းနည်းကာ ဆို့ကျပ်ကာ မိုးညို မျက်နှာကလေးကို မြင်ယောင်နေမိပါသည်။

“နန္ဒာ ... အခု ဒီကိုလာတဲ့အထိ ဒီစကားတွေပြောဖို့ ရည်ရွယ်လာခဲ့တာ မဟုတ်ပါဘူး ကိုတိုး၊ ဒီရောက်မှ ကိုတိုးနဲ့ စကားပြောဖြစ်မှ ကိုတိုးက မိုးညိုအပေါ် ကျေးဇူးကြွေးတစ်ခု အတင်ခံမနေချင်ဘူး၊ တစ်ခုခုတော့ ကျေအောင်ပြန်ပေးမှာဆိုတဲ့ မာနစကားမျိုးပြောလာတော့ နန္ဒာ ပြောကိုပြောသင့်တယ်လို့ ဆုံးဖြတ်တာပါ”





ခြံထဲကို ကားတစ်စင်း မောင်းဝင်လာ၍ နန္ဒာက ကိုဥက္ကာလားဟု လှည့်ကြည့်လိုက်ပါသည်။ ကားထဲက စတီဗင်နှင့် ကောင်လေးတစ်ယောက် ဆင်းလာသည်။ ကောင်လေးက လှပစွာ ပြင်ဆင်ထားသော လက်ဆောင်ခြင်းကြီးကို ကားပေါ်ကချလာပါသည်။

“မတွေ့ခဲ့ဘူး အစ်ကို”

စတီဗင်က တိုးမင်းဆက်အနီး လာရပ်ပြောကာ ကောင်လေးက စတီဗင် လက်ရိပ်ပြလိုက်၍ ခြင်းကြီးကို အိမ်ပေါ်သယ်တင်သွားပါသည်။

“ဟို ... ရန်ကုန်ပြန်သွားတာတဲ့”

“ဟင်”

တိုးမင်းဆက်က ကိုယ်ကိုမတ်လိုက်မိပြီး နန္ဒာ့ကို ကြည့်ကာ ...

“နန္ဒာ ... မိုးညိုတို့ ရန်ကုန်ပြန်သွားကြပြီလား”

“သြော် ... မိုးညိုဆီ သွားခဲ့တာလား၊ ဟုတ်တယ်၊ ရန်ကုန်ပြန်သွားတယ်၊ ပြီးခဲ့တဲ့လကလည်း ကိုသွင် သွေးပြန်စစ်ဖို့ တစ်ခေါက်ပြန်တယ် နှစ်ရက်လောက်ပဲ၊ အခု ဒီတစ်ခေါက်တော့ သူတို့ပြန်သွားတာ တစ်ပတ်ရှိပြီ”

“သြော် ... ဒီတစ်ခါ အပြီးပြန်သွားတာထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"အပြီးတော့ မဟုတ်သေးဘူး၊ မနေ့က နန္ဒာနဲ့ ဖုန်းပြောပါသေးတယ်၊ သူတို့ဘကြီး စင်ကာပူက ရောက်နေတာရော၊ ကိုသွင် ထိုင်းကို ပို့စစ်ထားတဲ့ တချို့ Result တွေ ယူဖို့ရော သူတို့ပြန်သွားတာပါ။ ပစ္စည်းတွေကျန်ခဲ့သေးတယ်၊ အရင်ခဏတဖြုတ် ပြန်သလိုပဲ ဝတ်ထားတဲ့ အဝတ်အစားနဲ့ပဲ လူချည်းပြန်သွားကြတာပါ၊ ဟိုရောက်မှ ကိုသွင့်အခြေအနေနဲ့ ပတ်သက်ပြီး သူတို့တိုင်ပင်ရင်း ရက်နည်းနည်း ကြာနေကြတာ"

"ကိုသွင်သစ် အခြေအနေက ဘယ်လိုတဲ့လဲ"

"Bone marrow transplant လုပ်ရမယ်တဲ့၊ အဲဒီအတွက်လည်း အသက်အရွယ်ပိုင်းအရ သူတို့မိသားစုထဲမှာ မိုးညို့တစ်ယောက်ပဲ လှူမယ်ဆို လှူနိုင်တဲ့အသက်အရွယ်မှာရှိတာ"

"Bone marrow transplant လုပ်ရမယ် ... ဟုတ်လား"

"ဟုတ်တယ် ကိုတိုး"

"ဘယ်မှာသွားလုပ်မလဲ"

"အခုကတော့ မိုးညိုနဲ့ tissue type တူ,မတူ စစ်ဆေးဦးမယ့် အနေအထားပဲ ရှိဦးမှာ၊ လုပ်ရင်တော့ စင်ကာပူမှာ





ပဲ လုပ်ဖြစ်လိမ့်မည်၊ ကိုသွင့်ဘကြီးဝမ်းကွဲက စင်ကာပူ '......'ဆေးရုံကြီးကလေ၊ အရင်တစ်ခေါက် ကိုသွင့်ကိုယ်ထဲကပဲ ပြန်ထုတ်ပြီး Auto Logous transplant လုပ်တုန်းကလည်း အဲဒီဆေးရုံမှာပဲဆိုတော့ အဲဒီဆေးရုံမှာပဲလုပ်ဖြစ်မှာပေါ့ ကိုတိုး"

"ဪ"

"မိုးညိုနဲ့ တိုက်မတိုက် စစ်ရမယ်၊ စစ်လို့ မတိုင်ဆိုင်ရင် အဲဒီဆေးရုံမှာရှိတဲ့ Bone marrow donar လုပ်ဖို့ စာရင်းပေးထားတဲ့သူတွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်ရမယ်၊ Tissue type တူတဲ့ အလှူရှင်တွေ့ရင်တော့ ကိုသွင် Transplant လုပ်လို့ အဆင်ပြေပြီပေါ့ ...

တိုက်ဆိုင်တဲ့သူ တွေ့ပါစေလို့ ဆုတောင်းရမှာ၊ ကိုသွင်က ပထမတစ်ကြိမ် အချိန်တိုပြန်ကောင်းလာပြီးတဲ့နောက် အခု Relapse ပြန်ရတယ်၊ အခြေအနေ ပြန်ဖောက်လာတယ်လို့ ပြောတယ်၊ အလှူရှင်မရရင်တော့ သွေးသွင်းလိုက် Chemotherapy လုပ်လိုက်နဲ့ ဒီလိုပဲ တောက်လျှောက်နေသွားရဦးမှာပေါ့ ကိုတိုး"

မိုးညို ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးညိုရယ် ...။

သွင်သစ်မှာ Bone marrow လှူဖို့ လိုအပ်လာတော့လည်း သူပဲလှူဖို့ ကြည်ဖြူ ကူညီရပြန်တယ်။ ကိုယ့်ကိုလည်း ဒီကြားထဲမှာ သွေးလှူသွားခဲ့သေးတယ်။ ဘယ်တော့မဆို ဘယ်သူ့အတွက်မဆို ပေးဆပ်ဖို့သက်သက် အနွံအတာခံဖို့သက်သက် သူတစ်ပါးလိုအပ်ချက် ဖြည့်ဆည်းဖို့သက်သက် မင်း လူဖြစ်လာရသလိုပါပဲလား။

ဟိုးအရင်ကတည်းက မိုးညိုကို မြင်မြင်ချင်း သူ့နှလုံးသားတွေ လှုပ်ရှားတိမ်းညွတ်ခဲ့တာ ဖြစ်ပေမယ့် တဖြည်းဖြည်းခင်မင်လာပြီး မိုးညိုကိုယ်တိုင် ပွင့်ပွင့်လင်းလင်း ပြောပြတဲ့ သူ့ဘဝဇာတ်ကြောင်းလေးကို သိရတဲ့အခါကျတော့ တိုးမင်းဆက်ရင်နင့်အောင် ကြင်နာသနားခဲ့ရပါသည်။

မွေးကတည်းက ကံမကောင်း အကြောင်းမလှခဲ့သူလေး။

ဖခင်ဆိုတာကိုတော့ ဘယ်သူမှတောင် မသိလိုက်ကြ။ မိခင်ဆိုသူကိုတော့ တက်ရောက်မွေးဖွားခဲ့တဲ့ ဆေးရုံကဝန်ထမ်းတချို့ မြင်ဖူး သိဖူး လိုက်ပေလိမ့်မည်။ အဲဒီမိခင်က မွေးကင်းစကလေးကို ဆေးရုံမှာ စွန့်ပစ်ထားရစ်ကာ ထွက်ပြေးသွားတဲ့အခါ မာမီ ဒေါ်သင်းသင်းလှိုင်သာ မေတ္တာစေတနာ





ကရုဏာတို့နှင့် ကောက်ယူမွေးစားခြင်း မပြုခဲ့ဘူးဆိုရင် ခုလောက်ဆို ရွှေမိုးညိုကလေးဟာ မိဘမဲ့ကျောင်းလိုမျိုးမှာ ကြီးပြင်းလူလားမြောက်ခဲ့ရလေမလား။

ဒီအသက်အရွယ်လောက်မှာဆိုရင် ဘယ်လိုပညာတွေတတ်ပြီး ဘယ်လိုအသက်မွေးဝမ်းကြောင်းမျိုးနဲ့ ဘဝကိုရပ်တည်ရင်ဆိုင်နေမလဲ။ အဲဒီအတွေးမျိုးတွေးမိတိုင်း မိုးညိုကို ချစ်တဲ့အချစ်မှာ အကြင်နာကရုဏာမိုးတွေ ထပ်တိုးစွေရွာခဲ့ရပါသည်။ ရင်ထဲမှာ နင့်သိပ်နေအောင် မြတ်မြတ်နိုးနိုး ချစ်ခဲ့ရပါသည်။

မိုးညို ...

ကိုယ် မင်းကို သိပ်ချစ်တာ။ အရမ်းကိုချစ်ခဲ့တာပါ။ ဒီကြားထဲမှာ ဘဝပင်ပျက်လုမတတ်ဖြစ်အောင် နာကျင်ခဲ့နာကြည်းခဲ့ ခံစားခဲ့ရပေမယ့် ခုထိလည်းပဲ ကိုယ့်အသည်းနှလုံးထဲမှာ စွဲနစ်နေအောင်ကို ကိုယ်ချစ်နေမိဆဲပါ။ နာကြည်းရင်းလည်းချစ် မုန်းမျက်ရင်းလည်း ချစ်နေခဲ့ရတာပါ။

ခုလို အကြောင်းရင်း အဖြစ်အပျက်တွေ မမျှော်လင့်ဘဲ သိခွင့်ရလိုက်တဲ့အခါကျတော့ ကိုယ် ဘယ်လိုများပြောရတော့မလဲ။ မင်းကိုလေ စိတ်ဆင်းရဲစရာဆိုတာ ဘာမှမရှိတဲ့ လုံခြုံတဲ့နေရာလေးတစ်ခုမှာ ကလေးလေးတစ်ယောက်လို ထွေးထွေးပိုက်ပိုက်လေးသာ ပွေ့ဖက်စောင့်ရှောက်ထားချင်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုးမင်းဆက်က အသက်ပြင်းပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"သွေးကင်ဆာဆိုတဲ့ရောဂါနဲ့ ကျွန်တော်မစိမ်းပါဘူး နန္ဒာ၊ ကျွန်တော့်အဘွားက စင်ကာပူမှာ ခိမိုသွားသွားသွင်းနေရင်း သူနဲ့တိုက်ဆိုင်မယ့် ဒိုနာရှာနေရင်း စောင့်နေရင်းနဲ့ပဲ ကျွန်တော့်လက်ပေါ်မှာ ဒီသွေးကင်ဆာနဲ့ပဲဆုံးခဲ့တာပါ၊ ကျွန်တော်လည်း အဘွားကို မလှူခဲ့လိုက်နိုင်ပါဘူး၊ ကျွန်တော် အရမ်းကိုယ်ချင်းစာပါတယ်၊ သူတို့အားလုံး ဘယ်လိုခံစားနေကြရမလဲ ကျွန်တော် သိတယ်"

❤ ○ ❤

"ခဏလေးပါ၊ နင့်ကားထားခဲ့ ငါ့ဆိုင်ကယ်နဲ့လိုက်ခဲ့"

"ဘယ်ကိုလဲ နန္ဒာရယ်၊ ငါ ချက်ချင်းသိမ်းပြီး ချက်ချင်းမောင်းပြန်ရမှာ"

"ခဏပါဆိုဟယ်"

"ဘာလုပ်ဖို့လဲ"

"အအေးသွားသောက်မယ်"

"ဟင် ... နင်ကလည်း အအေးလေးသောက်ဖို့များ အပြင်ထွက်ရဦးမယ်"





"အချိန်ရှိပါတယ်ဟာ၊ နင် အစောကြီးထ,ထွက်လာတာပဲဟာ၊ ခုမှ ဆယ်နာရီပဲ ရှိသေးတယ်ဥစ္စာ၊ ညနေလေးနာရီလောက်မှ ပြန်ဂေါင်ရတယ်"

"ဟယ် ... အဲလောက်နေလို့ မဖြစ်ဘူး၊ ဒီကနေ ဆယ့်နှစ်နာရီလောက် ပြန်ထွက်မှာ နန္ဒာရဲ့၊ နို့မို့ရင် စိတ်ပူနေကြလိမ့်မယ်"

"နင်ကလည်းဟာ ဖြစ်နေလိုက်တာ၊ တစ်နာရီ နှစ်နာရီနောက်ကျတော့ ဘာဖြစ်သွားမှာလဲ၊ အရေးမပါတာ၊ နင်နဲ့လည်း စကားပြောချင်သေးတာ"

"စကားပြောစရာရှိရင် ငါ ပစ္စည်းတွေသိမ်းနေတုန်း ဒီအားကပြောနေလေ၊ ဒါဆို ငါတို့ စကားပြောချိန် ပိုရတာပေါ့"

"မိုးညို ... နင် ဒီနေ့ပစ္စည်းလာသိမ်းမယ်ဆိုလို့ နင့်ကိုတွေ့ချင်လို့ ငါ မနက်ကိုးနာရီတည်းက ဒီရောက်နေတာ၊ နင်စောစောလာမယ်ဆိုတော့ ငါက အစောကြီးထ,ပြီး မောင်းလာမယ် ထင်တာ၊ ကိုးနာရီလောက်ဆို ရောက်မလားလို့ ကြိုရောက်နှင့်အောင် လာစောင့်နေတာ၊ နည်းနည်းပါးပါးအားနာပါဦးဟာ"

မိုးညိုက နန္ဒာ့ကို အံ့အံ့သြသြလေး ကြည့်မိရင်း...



www.burmeseclassic.com

www.burmeseclassic.com



"နှင် စကားပြောဖို့ပဲ ဆိုလို့ပါ၊ ငါလည်း နှင်နဲ့စကားပြောချင်ပါတယ် နန္ဒာရယ်၊ ငါလည်း ဒီကိုပြန်လာဖြစ် မလာဖြစ် တော်တော်နဲ့ မသေချာသေးဘူးဆိုတော့ နှင်နဲ့ဘယ်တော့ထပ်တွေ့ဖြစ်မလဲလည်း မသိဘူးလေ၊ ဒါကြောင့်နှင့်ကို တွေ့ချင်ပါတယ်ဟာ"

"ငါတို့လည်း စနေနေ့ ပြန်ကြတော့မှာ မိုးညို၊ ရန်ကုန်မှာ စနေ တနင်္ဂနွေ နှစ်ရက်ပဲနေပြီး တနင်္လာနေ့ စင်ကာပူပြန်ကြတော့မှာ"

"ပစ္စည်းသိမ်းရင်း စကားအရင်ပြောရအောင်လေ၊ ပြီးတော့မှ အအေးသွားသောက်ကြတာပေါ့၊ အအေးတင်မကဘူး၊ ငါတို့အပြင်မှာ ထမင်းစားကြရအောင်လား"

"ပစ္စည်းနောက်မှသိမ်း၊ အခုထွက်ပြီး ပြန်လာမှပြန်သိမ်း"

"ဟောတော် ... နှင်ကလည်း ဇွတ်ပဲဟာ"

"ဇွတ်ပဲ ... လာခဲ့"

မိုးညိုက အပြုံးလေးနှင့် အိမ်သော့ကို မဖွင့်တော့ဘဲ အိတ်ထဲပြန်ထည့်လိုက်ကာ ခြံစောင့်ဘကြီးကို ...

"အဘရေ ... ခဏနေမှ ပြန်လာမယ်၊ သူငယ်ချင်းနဲ့လိုက်သွားဦးမယ်နော်၊ ကျွန်မကားတော့ ထားခဲ့မယ်"

"အေး အေး ... သွား သွား သမီး"





မိုးညိုက နန္ဒာ့ဆိုင်ကယ်နောက်က တက်လိုက်ပါသည်။ နန္ဒာက ဆိုင်ကယ်ကိုမောင်းထွက်လာရင်း ...

"ဘာလဲ ... ကိုသွင်က နှင့်ကို ဘယ်နနာရီအရောက် ပြန်ခဲ့လို့ မှာလိုက်တာလား"

"အင်းပေါ့"

"နှင်နော် အပြန်ကျ နောက်ကျမှာစိုးပြီး ကားကို ဒလကြမ်းမောင်းမပြန်နဲ့ဦး"

"အေးပါ"

"သူ့ကို ဖုန်းဆက်လိုက်၊ ငါနဲ့စကားလေး ဘာလေးပြောဦးမယ်လို့"

"ဆက်မနေတော့ပါဘူးဟာ"

"ဒီနေ့ နှင် အရေးတကြီးလုပ်စရာ မရှိဘူး မဟုတ်လား"

"အရေးတကြီးတော့ မရှိပါဘူး၊ ဒါပေမဲ့ သွင့်ဘေးမှာ တစ်ချိန်လုံး နေပေးရတာဟ၊ သူက စိတ်ဓာတ်နည်းနည်းကျနေတယ်လေ၊ ငါတို့အားလုံး ဝိုင်းအားပေးနေရတာ"

"ကိုသွင့်ကိုလည်း သနားပါတယ် တကယ်ပါ၊ ဒါပေမဲ့ တကယ်တမ်း ပိုသနားစရာကောင်းတာက နှင်၊ နှင့်ကိုပဲ ငါ ပိုသနားတယ်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေ ဘယ်လိုမှန်းမသိတဲ့ ရောဂါသည်တစ်ယောက်အတွက်နဲ့ နင် တည်ဆောက်ဖို့ မျှော်လင့်ရည်ရွယ်ထားတဲ့ ဘဝတစ်ခုကို နင်ဖျက်လိုက်ရတယ်လေ မိုးညို"

"အဲသလိုတော့ ငါ မပြောရက်ပါဘူးဟယ်"

"ငါလည်း ပြောရက်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒါ အမှန်တရားပဲလေ မိုးညို၊ အခုထိလည်း ကိုသွင်က ပြန်ကောင်းမယ် မကောင်းဘူး မရေရာသေးဘူး မဟုတ်လား"

"မရေရာလေ ငါ သူ့ကိုငဲ့ရလေပေါ့ နန္ဒာရယ်၊ ဒါပေမဲ့ အခု သူ Marrow အလှူရရင်တော့ ပုံမှန်အတိုင်း ရှင်သန်သွားဖို့ ရာခိုင်နှုန်းအများကြီးရှိတယ်လို့ အန်ကယ် ပြောပါတယ်"

မိုးညို အသံလေးက နွမ်းဟိုက်နေသည်။

"ငါ နင့်ကို အရမ်းသနားတာပဲ၊ သနားတယ်လို့ပြောရင် တင်းထားတဲ့ ဆည်ထားတဲ့ နင့်စိတ်တွေ ဝမ်းနည်းအားငယ်မှာ ပျော့ညံ့သွားမှာလည်း ငါစိုးရိမ်ပါတယ်၊ ဒါပေမဲ့ မပြောဘဲမနေနိုင်လို့ပါ၊ နင် အခု ပျော်ရောပျော်ရဲ့လားဟင် မိုးညို"

မိုးညိုက လေရှိန်ကြောင့် မျက်နှာပေါ် ဝဲလွင့်ဖုံးအုပ်နေတဲ့ ဆံနွယ်တွေကို လက်နှင့်အသာဖယ်ရင်း ...





"အမှန်အတိုင်းပြောရရင် ပျော်တော့ ဘယ်ပျော်ပါ့မလဲ နန္ဒာရယ်၊ သွင့်အခြေအနေကလည်း တစ်နေ့ရွှေ တစ်နေ့ငွေလေ စိတ်ညစ်ရတာက များတာပေါ့"

"သွင်နဲ့ပတ်သက်ပြီးတော့ပဲ သိပ်မပျော်ရဘူးဆိုတော့ ကိုတိုးနဲ့ပတ်သက်ရင်တော့ ဖြစ်သမျှကို နင်ပျော်တယ်၊ စိတ်ချမ်းသာတယ်ဆိုတဲ့ သဘောလား"

"နင် ဘယ်လိုပြောလိုက်တာလဲ နန္ဒာရယ်"

"ဆောရီးဟာ၊ ငါ နင့်ကိုသနားလွန်းလို့ သေတော့မယ်၊ ငါ့ပါးစပ်ကထွက်ချင်ရာတွေ ထွက်နေမှာပဲ"

"တိုးနဲ့ ငါက ပတ်မှမပတ်သက်တော့ဘဲ"

"အဲဒီမပတ်သက်တာကိုရော နင် ပျော်လား"

"နန္ဒာရယ် ... ငါ့ကိုနှိပ်စက်တဲ့စကားတွေပြောဖို့ ခေါ်ထုတ်လာတာလားဟာ"

"အတ္တကြီးတယ်ဆိုတာ မကောင်းပေမယ့် သူများအတွက်ချည်းပဲ ကြည့်ပေး တွေးပေးနေရတာကကော ကောင်းရဲ့လား၊ ဘဝမှာ အဓိပ္ပာယ်ရော ရှိရဲ့လား"

"နင် ငါ့ဘဝကို အစအဆုံး သိတာပဲ နန္ဒာ၊ မာမိကောက်ယူမမွေးစားခဲ့ရင် ငါ လူတောင် ဖြစ်မလာပါဘူးဟာ၊ မာမိနဲ့ပတ်သက်ပြီး မာမို့ဆွေမျိုးအသိုင်းအဝိုင်း မျက်နှာကိုလည်း ငါထောက်ရမှာပဲ၊ ကျေးဇူးဆပ်ရမှာပါပဲ နန္ဒာ"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာက ဆိုင်ကယ်ကို ချိုးကွေ့လိုက်ပါသည်။

"နင် ဘယ်ဆိုင်သွားမလို့လဲ၊ ဂျူစ်တို့ အသီးဖျော်ရည်တို့ သောက်ချင်ရင် မင်းလမ်းဘက်က Cool ဆိုတဲ့ဆိုင်လေး ကောင်းတယ် မဟုတ်လား"

"ငါ ရေကန်နားသွားမလို့"

မိုးညိုက ဘာမှမပြောတော့ပါ။ ကန်ပတ်လမ်းပေါ် ရောက်တဲ့အခါ နန္ဒာသည် ဟိုးရှေ့ခပ်လှမ်းလှမ်းနားမှာ ရပ်ထားသော ကားတစ်စီးနှင့် မလှမ်းမကမ်းရောက်တဲ့ထိသွားကာ ဆိုင်ကယ်ကို စက်သတ်ရပ်လိုက်ပါသည်။ ဆိုင်ကယ်ပေါ်ကဆင်းရင်း ရှေ့ကကားကို မြင်ဖူး တွေ့ဖူးတာ စိတ်အာရုံမှာ မှတ်မိလာတဲ့ တစ်ခဏာ၌ပင် ရှေ့ကကားရဲ့တံခါးတစ်ချပ်က ဖျတ်ခနဲပွင့်လာပြီး ကားထဲက ဆင်းလိုက်သော တိုးမင်းဆက်ကို မိုးညို အလန့်တကြား တအံ့တဩ တွေ့လိုက်ရပါသည်။

"နန္ဒာ"

"မိုးညို ... ကိုတိုးက နင့်ကို စကားပြောချင်လို့တဲ့"

"နန္ဒာရယ်"

မိုးညိုသည် ချက်ချင်းပင် တစ်ကိုယ်လုံး အေးစက်ရာမှ တုန်ယင်လာကာ ရပ်လက်စနေရာမှာပင် မျက်လွှာချခေါင်းငုံ့ ခြေစုံရပ်နေမိပါသည်။ မိုးညိုရဲ့မျက်ဝန်းရှေ့ မြေပြင်ပေါ်သို့ ခြေ





ထောက်တစ်စုံ ရောက်လာသည်။ မိုးညို မလှုပ်မယှက် ကြက်သေ သေနေမိသည်။

"ငါ ဟိုသစ်ပင်အောက်မှာရှိတယ်"

နန္ဒာက ပေနှစ်ဆယ်အစီတ် အကွာလောက်က သစ်ပင်ကြီးတစ်ပင်အောက် လျှောက်သွားလိုက်ပါသည်။ မိုးညို ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ဒူးတွေလည်း တုန်လာသည်။

"မိုးညို"

"........."

"မိုးညို"

"........."

နှုတ်ခမ်းကို တင်းတင်းစေ့ထားရာမှ မိုးညို မျက်ဝန်း အိမ်မှ မျက်ရည်ပေါက်ကြီးများသည် ပါးပြင်ကိုဖြတ်ကာ မေးဖျား စွန်းမှတစ်ဆင့် မြေပြင်ပေါ် ပေါက်ခနဲ ပေါက်ခနဲ အလုအယက် ပြုတ်ကျကုန်ကြလေသည်။ တိုးရဲ့အသံက တင်းမာခက်ထန်မနေဘဲ နူးညံ့တိုးလျှိုက် တိုးလျှိုးနေတဲ့အတွက် မထင်မှတ်ဘဲ ရင်ထဲပရမ်း ပတာ ဝမ်းနည်းသွားမိတာပါ။

"မိုးညို ... မငိုနဲ့လေ၊ မင်း ခုလိုငိုတော့ ကိုယ် ဘယ်လို လုပ် စိတ်ကောင်းပါ့မလဲ မိုးညိုရယ်"

"........."



www.burmeseclassic.com

www.burmeseclassic.com



“မိုးညို ပြန်လာရင် ကိုယ့်ကိုပြောပါ၊ စကားနည်းနည်းပြောချင်လို့ပါလို့၊ နန္ဒာ့ကို မှာထားလို့ပါ၊ မနေ့ညက နန္ဒာဖုန်းဆက်တယ်၊ မိုးညို ဒီမနက် ခဏလာမယ်တဲ့။ အဲဒါကြောင့် ကိုယ် ဒီနေရာကိုချိန်းပြီး မနက်အစောကြီးကတည်းက လာစောင့်နေတယ်”

တိုးမင်းဆက်က သူ့ဂျာကင်အိတ်ထဲက ဖြူဖွေးသော လက်ကိုင်ပဝါလေးတစ်ထည်ကိုထုတ်ကာ မိုးညိုထံ ကမ်းပေးလိုက်ပါသည်။ မိုးညိုက လက်ကိုင်ပဝါလေးကို လှမ်းယူကာ မျက်ဝန်းစပ်၊ ပါးပြင်၊ မေးဖျားတို့မှ မျက်ရည်စများကို တို့သုတ်လိုက်သည်။

“ကိုသွင်သစ် အခြေအနေက ဘယ်လိုတဲ့လဲ”

“Bone … Bone Marrow လဲဖို့ စီစဉ်ရမယ်”

“မိုးညို လှူဖို့ စစ်ထားသေးတယ်ဆို၊ အဖြေကဘာတဲ့လဲ”

“မသိသေးဘူး တိုး”

“ကိုယ် အခြေအနေအားလုံးကို ကြားပြီးပါပြီ၊ ကိုယ်သိပြီးပါပြီ၊ ကိုယ် မိုးညိုအနေအထားကို နားလည်ပါတယ်၊ ကိုယ်ချင်းလည်း စာတယ်၊ ကိုယ့်အဘွားက သွေးကင်ဆာနဲ့ဆုံးသွားတယ်ဆိုတာ မိုးညိုကို မပြောဖူးဘူး ထင်တယ်၊ ကိုယ်လည်း ရအောင်ကုဖို့ နည်းမျိုးစုံ ငွေကုန်ခံပြီး ကြိုးစားခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အဘွားက အသက်အရွယ်လည်းကြီးပြီ …





ကိုသွင်သစ်က အသက်လည်း ငယ်ရွယ်သေးတော့ အခွင့်အရေး အများကြီးရှိပါတယ်၊ သိပ်ပြီးစိတ်မကောင်းမဖြစ်ပါနဲ့၊ လူတစ်ဦးချင်းစီက ကုသိုလ်ကံချင်းတူကြတာမှ မဟုတ်ဘဲ၊ ကုသခွင့်ရနိုင်ပါသေးတယ်”

မိုးညို မျက်နှာလေးက အနည်းငယ်မော့လာကာ တိုးမင်းဆက်ကို မျက်လွှာလေးပင့်လှန်ကာ ကြည့်လိုက်ပါသည်။

“တိုးရော … နေကောင်းရဲ့လား”

“ကိုယ် နေကောင်းပါပြီ”

“နန္ဒာပြောတော့ အသည်းခြောက်ချင်သလို ဖြစ်တယ်ဆိုတာရော”

“မခြောက်သေးပါဘူး၊ အဲဒီအဆင့်လောက်မရောက်သေးပါဘူး”

“အရက်တွေ သိပ်မသောက်ပါနဲ့ တိုးရယ်”

“ကိုယ် မသောက်တော့ပါဘူး မိုးညို၊ ကိုယ့်အတွက်မပူပါနဲ့”

မိုးညိုက ထပ်မံစီးကျလာတဲ့ မျက်ရည်တို့ကို လက်ကိုင်ပဝါလေးနှင့် တို့သုတ်လိုက်သည်။ နည်းနည်းကလေး ဝမ်းနည်းစိတ်ထိခိုက်စရာ ကြုံတာနှင့် လူက တအားဆို့နင့်ကာ ငိုဖို့ အသင့်ဖြစ်နေခဲ့သည်။ ဘယ်လောက်ပဲ ပြုံးနေခဲ့ ပြုံးနေခဲ့ ရင်ထဲကနေ တကယ်မပျော်နိုင်တာ ကြာပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် အမြဲအပြစ်ရှိနေသူလို တနုံ့နုံ့တရိရိ ဖွဲ့ခြွေနေတဲ့ ခံစားချက်က ပေါ့ပေါ့ကလေးမှ မဟုတ်ခဲ့တာ။ တိုးကို သစ်စိမ်းချိုး ချိုးခဲ့မိတာအတွက် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်သလို သွင့်အနားမှာနေပြီး သွင့်ကို ကိုယ်နှုတ်နှလုံးသုံးပါးမှာ နှစ်ပါးနှင့်သာ တည်ကြည်စောင့်ထိန်းနိုင်ခဲ့,လျက် စိတ်နှလုံးအားဖြင့်တော့ သစ္စာမစောင့်ထိန်းနိုင်သလို ဖြစ်ခဲ့တာကိုလည်း ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ပြန်ပါ။

ဘယ်သူ့အတွက်မှ ရာနှုန်းပြည့် မကောင်းနိုင်ခဲ့တဲ့ ကိုယ့်ဘဝကိုယ်လည်း ကြေကွဲဝမ်းနည်းသည်။ ဘာအကြောင်းကြောင့်မဆို စိတ်တွေက ဂျုံးဂျုံးကျဖို့ အသင့်ရှိနေခဲ့တာပါ။

သွင့်ကျန်းမာရေး အခြေအနေအရ သွင့်နံဘေးမှာပဲ ရှိနေဖို့ ရွေးချယ်ခဲ့ပေမယ့် တိုးလည်း နေမကောင်းဘူး မကျန်းမာဘူးလို့ သိလိုက်ရကတည်းက လူက ဒဏ်ရာပြင်းထန်စွာရတဲ့သူလို ပုံလဲကျသွားချင်စိတ်ကို မနည်းတင်းတောင့် ကြံ့ခိုင်ထားခဲ့ရတာပါ။

"မိုးညိုမှာ စိတ်ဆင်းရဲစရာ စိတ်ပူပန်စရာတွေ အများကြီး၊ ဒီကြားထဲက ကိုယ့်အတွက် တစ်မျိုးထပ်တိုးပြီး မိုးညိုမပူပန်ပါနဲ့တော့ ကိုယ်နေကောင်းပါတယ်၊ ကိုယ်ဘာမှမဖြစ်ဘူး"





"တိုး နေကောင်းတာ တကယ်လား တိုးရယ်"

"တကယ်ပါ၊ ကိုယ် တကယ်နေကောင်းပါတယ်၊ မိုးညိုသာ နေကောင်းအောင် စိတ်ချမ်းသာအောင် နေပါ၊ မိုးညိုစိတ်ထဲမှာ ဘာတွေရှိနေမယ်၊ ဘယ်လိုခံစားနေရမယ်၊ ဘာတွေတွေးနေမယ်ဆိုတာ ကိုယ်သိတယ်၊ ခန္ဓာကိုယ်ဝေဒနာထက် စိတ်မှာထိခိုက်တဲ့ ဝေဒနာက လူကိုပိုပြီး ဒုက္ခပေးနိုင်တယ်၊ စိတ်ချမ်းသာအောင်နေပါ မိုးညို၊ ကိုယ်နဲ့ပတ်သက်ပြီး မိုးညိုစိတ်မှာ စိတ်မကောင်းတာ အပြစ်မကင်းတာ တစ်ခုခု ပူပန်နေတာမျိုး မဖြစ်စေချင်လို့ ကိုယ်အခု နန္ဒာ့ကို တွေ့ခွင့်တောင်းတာပါ"

"တိုး … မိုးညိုကို ခွင့်လွှတ်တယ်လို့ ဆိုလိုတာလားဟင်"

"မိုးညိုနေရာ၊ မိုးညိုရပ်တည်ချက်၊ မိုးညိုရဲ့ဆုံးဖြတ်ချက်ကို သိတဲ့အခါ ခွင့်လွှတ်တယ်၊ ခွင့်မလွှတ်ဘူးဆိုတာ ပြဿနာမဟုတ်တော့ပါဘူး၊ ခုကိစ္စ ခုအခြေအနေမှာ မိုးညို ဒီလိုပဲလုပ်ရမယ်ဆိုတာ ကိုယ် နားလည်ပေးလိုက်နိုင်တာပါ …

ကိုယ် မခံစားရဘူးလား၊ မနာကျင်ဘူးလား၊ မဆုံးရှုံးဘူးလားဆိုရင် အဲဒါတွေအားလုံး ဖြစ်ပါတယ်၊ ဒါပေမဲ့ မိုးညို ဆုံးဖြတ်ချက်ကို ကိုယ်အပြစ်မမြင်တော့ပါဘူး၊ ကိုယ်နားလည်နိုင်ပြီ၊ အခု ကိုယ့်စိတ်ထဲမှာ ရှိနေတာက မိုးညိုကို စိတ်ချမ်းသာစေချင်တယ်၊ ပျော်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးညို ပျော်ရွှင်နိုင်ဖို့ဆိုတာကတော့ မလွယ်ကူတော့ပါဘူး တိုးရယ်၊ အဲဒါကို ဘယ်လိုခွန်အားနဲ့ ဘယ်လိုနှုတ်ရဲတင်းမှုမျိုးနဲ့ မိုးညို ပြောထွက်ရပါ့မလဲ။ မိုးညိုသည် လည်ချောင်းဝရောက်လာတဲ့ စကားလုံးလေးတွေကို မျိုမျိုချရင်း တိုးကိုသာ မျက်ရည်အဝိုင်းသားနှင့် ကြည့်နေမိသည်။

ချစ်တယ် ...။ သိပ်ချစ်တယ် တိုးရယ်။

ဒါပေမဲ့ ဒါကို မိုးညို ခုချိန်မှာ ဘယ်လိုများ ဝန့်ခံပြောကြားရပါ့မလဲ။ ပြောနိုင်ခွင့်လည်း မရှိတော့ပါဘူး။ ပြောလည်း မပြောသင့်တော့ပါဘူး။ မွေးကတည်းက ကိုယ်ဖြစ်ချင်သလိုဖြစ်ခွင့်ရခဲ့တဲ့ဘဝ မဟုတ်ဘဲ ကံကြမ္မာက ပြဋ္ဌာန်းစေစားသလိုသာ လူဖြစ်ခဲ့ရတဲ့ ရွှေမိုးညိုပါ တိုးရယ်။

"မိုးညိုမှာ ကိုသွင်သစ်ဘက်ကိုရော ကိုယ့်ဘက်ကိုပါ ကရုဏာစိတ် မပြတ်ဘူးဆိုရင် ပိုပြီးခံစားရမယ်ဆိုတာ ကိုယ်သိတယ်၊ ကိုယ့်အတွက် အပြစ်မကင်းသလို နောက်ဆံတင်းနေလိမ့်မယ် ဆိုတာလည်း ကိုယ်နားလည်တယ်၊ ကိုယ့်အတွက် နောက်ဆံတင်းစရာမလိုဘူးလို့ မိုးညို သိနိုင်နားလည်နိုင်ရင် အခုလောက် ခံစားနေရမှာ မဟုတ်ဘူး"

တိုးမင်းဆက် အသံက သူ့ဟာသူ ညည်းတွားနေသလို မိုးညိုကို နှစ်သိမ့်ချော့မော့နေသလို ဘာကိုနားလည်ရမယ်လို့ မိုးညို စဉ်းစားမရ။





"တီ ... တီ ... တီ"

မိုးညိုက ရုတ်တရက် မြည်လာသောဖုန်းကို ကမန်းကတန်းဖွင့်ကာ လက်ခံလိုက်ပါသည်။

"ဟယ်လို"

"မိုးညို"

"သွင်"

"အခု ဘယ်မှာလဲ"

"မိုး ... မိုးညို ... အခု ..."

"ကိုယ် အခုပဲ အိမ်ကိုဖုန်းဆက်နေတာ၊ ဖုန်းမကိုင်ဘူး၊ အဲဒီအိမ်မှာ လူမရှိနေဘူး၊ မိုးညို ခုလောက်ဆိုရင် မြို့ထဲရောက်ပြီးတာ နာရီဝက်လောက်တောင် ရှိတော့မယ်၊ အခု ဘယ်ရောက်နေတာလဲ၊ မိုးညို အခု ဘယ်မှာလဲ"

"မိုးညို အပြင်မှာသွင်"

"ဘယ်သူနဲ့လဲ၊ ဆောရီး၊ အပြင်မှာ မိုးညို ဘာလုပ်နေတာလဲဟင်"

ဆူပွက်လှုပ်ခတ်နေသော အမောတကော ကမူးရှူးထိုးလေသံကို သွင်သစ်က သူ့ဟာသူ သတိပြုမိသလို လျှော့ချလိုက်ပါသည်။

"အပြင်မှာ ဘာလုပ်နေတာလဲဟင် မိုးညို"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... နန် ... နန္ဒာနဲ့ အအေးသောက်ဖို့ ထွက်လာတာ၊ နန္ဒာနဲ့ စကားပြောချင်လို့ သွင်"

"စကားပြောတာ အိမ်မှာပြောလည်း ရတာပဲ မဟုတ်လား၊ ကိုယ် မိုးညိုကို မယုံကြည်လို့ မဟုတ်ပါဘူး၊ ကိုယ့်စိတ်တွေ ပူနေလို့ပါ၊ မနန္ဒာနဲ့ အပြင်သွားတာ ဟုတ်လား"

"ဟုတ်ပါတယ် သွင်"

"ဒါဖြင့် မနန္ဒာ မိုးညိုနားမှာပေါ့"

"ဟုတ် ... ဟုတ်တယ် သွင်"

"မနန္ဒာကို ဖုန်းခဏပေးလိုက်ပါ"

မိုးညိုက မျက်လုံးလေးဝိုင်းသွားကာ ဖုန်းကိုနားမှခွာရင်မှာအပ်ရင်း နန္ဒာရှိရာ သစ်ပင်အောက်ဆီ ကမန်းကတန်းပြေးလေသည်။

"နန္ဒာ ... ရော့ ... ဖုန်း၊ သွင်က နင်နဲ့ဖုန်းပြောမယ်တဲ့"

နန္ဒာက အူကြောင်ကြောင်လေးနှင့် ဖုန်းလှမ်းယူကာ ...

"ဟယ်လို ... ကိုသွင်"

"မနန္ဒာ ... အခု ဘယ်မှာလဲ"

"နန္ဒာနဲ့ မိုးညို ကန်စပ်မှာ"

"ဩော် ... ကန်စပ်မှာ ဘာလုပ်နေတာလဲဟင်"





"နန္ဒာတို့ အအေးသောက်ဖို့ ထွက်လာကြတာပါ၊ Cool ကို သွားမလို့ ကိုသွင်ရဲ့၊ ဒါပေမဲ့ ကန်စပ်မှာ စကားခဏထိုင်ပြောရအောင်ဆိုပြီး ဒီမှာ ခဏထိုင်နေကြတာပါ၊ ခုပဲ ကိုသွင့် အခြေအနေမေးနေတာ၊ ကိုသွင် နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ်ဗျာ၊ ကျွန်တော် နေကောင်းရင်လည်း ကောင်း၊ မကောင်းရင်လည်း သေဖို့သင့်နေပါပြီ၊ မိုးညိုကို ဒုက္ခပေးနေရသလို ခံစားနေရတယ်၊ ကျွန်တော် အခု ဖုန်းဆက်မိတာကို ကြည့်ပါလား၊ ရုတ်တရက် စိတ်ထဲပေါ်ပေါ်ခြင်း ကောက်ဆက်လိုက်မိတယ်၊ စကားပြောနေရင်းနဲ့မှ ကျွန်တော့်အပြုအမူက မကောင်းပါလားလို့ ကျွန်တော်သတိပြုမိတယ် ...

မိုးညိုနဲ့ စကားပြောတော့ မနန္ဒာနဲ့ ဆိုတာကို ရုတ်တရက် စိတ်က လက်မခံ မယုံကြည်ချင်ပဲ မနန္ဒာနဲ့ စကားပြောမယ်လို့ ခေါ်မိတယ်၊ အဲဒါ ကျွန်တော် တော်တော်မကောင်းတာပဲ၊ မိုးညိုရဲ့လွတ်လပ်ခွင့်ကို ကျွန်တော် ထိပါးနှောင့်ယှက်နေမိတယ်၊ နှောင်တရတဲ့အချိန်မှာ ကျွန်တော် လုပ်မိပြီးနေပြီ၊ မိုးညိုကို စိတ်အနှောင့်အယှက်ဖြစ်စေမိပြီးနေပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ဆောရီးပါ မနန္ဒာရယ်"

"ဩော် ... ကိုသွင့်စိတ်ကို နားလည်ပါတယ်၊ မိုးညိုကလည်း ဘာမှဖြစ်မယ် မထင်ပါဘူး ကိုသွင်၊ မိုးညိုကို ဖုန်းပြန်ပေးလိုက်မယ်နော်"

"ဟုတ်ကဲ့"

မိုးညိုက နန္ဒာပေးတဲ့ဖုန်းကို ပြန်ယူရင်း ...

"ဟဲလို ... သွင်"

"ဆောရီးပါ မိုးညို၊ ကိုယ် ရုတ်တရက် ထူပူသွားတယ်"

"........."

"မိုးညိုလည်း မနန္ဒာနဲ့တွေ့တုန်း စကားလေး ဘာလေး အေးအေးဆေးဆေး ပြောချင်မှာပေါ့၊ ဒီနေ့ ပစ္စည်းသိမ်းပြီးရင် မိုးညို အေးအေးဆေးဆေးမှ ပြန်လာခဲ့လေ၊ မနန္ဒာနဲ့ နေလိုက်လေ ... နော်၊ ဒါပေမဲ့ ညနေကျရင်တော့ သိပ်မမှောင်စေနဲ့နော် မိုးညို၊ အမြန်ကားမောင်းရင် မှောင်နေရင် ကိုယ် စိတ်ပူလို့ပါ"

သွင်သစ် အသံက စကားပြောရမှာတောင် အားမပါ။ ဖျော့တော့နေသည်။

"စိတ်ချပါ သွင်၊ မိုးညို နောက်မကျပါဘူး"

တိုးမင်းဆက်က မိုးညိုရှိရာဘက် လှမ်းကြည့်နေရင်း သူ့ဖုန်းကိုထုတ်၍ နံပါတ်တစ်ခု နှိပ်လိုက်ပါသည်။





မိုးညိုထံလာသောဖုန်းက သွင်သစ်ဖုန်းဆိုတာ တိုးမင်းဆက် သိသည်။ မိုးညိုပြောနေရင်းက နန္ဒာ့ကို အပြေးလေး သွားပေးတဲ့အတွက် ဖြစ်နိုင်ချေကို တိုးမင်းဆက် ခန့်မှန်းမိပါသည်။ မိုးညို ဘယ်သူနှင့်ရှိနေသလဲဆိုတာ သွင်သစ် လှမ်းပြီး Check လုပ်တဲ့သဘောပဲ မဟုတ်လား။

တိုးမင်းဆက်၏ သက်ပြင်းကြီး ချလိုက်ပါသည်။

"ဟယ်လို"

"မွန်နှစ ... ကိုယ်ပါ"

"ဟုတ် ... အစ်ကိုကြီး ဘာလဲဟင်"

"မနေ့က ကိုယ်ပြောတယ် မဟုတ်လား၊ အကူအညီတစ်ခု တောင်းခဲ့ရင် ပေးပါဆိုတာလေ၊ မှတ်မိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ကိုယ် အခု ကန်စပ်မှာရှိတယ်၊ ခဏလာနိုင်လား"

"ဟုတ် ... အခုလာပြီနော်"

မိုးညို သူ့အနား လေးလေးကန်ကန် ပြန်လျှောက်လာပါသည်။ ပြောစရာစကားတွေက ဆို့နစ်နေသော လည်ချောင်းဝတို့မှ ဆက်၍ထွက်မလာနိုင်။ သူတို့ မျက်နှာချင်းဆိုင်ရပ်ကာ ငြိမ်သက်နေကြပြီး မကြာခင်ပင် စက်ဘီးလေးအပြင်းနင်းကာ မွန်နှစ ရောက်လာပါသည်။ တိုးမင်းဆက်က အနားကို အပြေး



www.burmeseclassic.com

www.burmeseclassic.com



လေးကပ်လာသော မွှန်နုခထံ ဆီးကြို၍ လက်တစ်ဖက်ကမ်းလိုက်လျှင် မွှန်နုခက အံ့အံ့ညြသြ ပြုံးအိအိလေးနှင့် သူ့လက်တစ်ဖက်ကို တိုးမင်းဆက်ထံ ပြန်ကမ်းလိုက်ပါသည်။

လက်ချင်းဆုပ်တွဲကာ မွှန်နုခကို သူ့နံဘေးဆွဲကပ်ထားလိုက်တဲ့ တိုးမင်းဆက် အပြုအမူကို မိုးညိုက အံ့အားတသင့် မျက်နှာလေးပျက်ကာ ငိုင်ငေးနေသည်။

"ကိုသွင်သစ် အတွက် အရမ်းလည်း စိတ်ပူမနေပါနဲ့ မိုးညို၊ အလှူရှင်တွေ့ရင် သူ ကောင်းသွားမှာပါ၊ ကိုယ်လည်း ဆုတောင်းပေးနေပါ့မယ်၊ လိုအပ်တာရှိရင်လည်း ကိုယ့်ကို ပြောပါ"

"ဟုတ် ... တိုး"

မိုးညို အသံလေးက ကတုန်ကယင် ကတိမ်းကပါး။ ခေါင်းလေး ငုံ့ချလိုက်ရင်း ...

"ဒါဆို မိုးညို ပြန်တော့မယ်"

လှည့်ထွက်သွားတဲ့ မိုးညိုကို တိုးမင်းဆက်က ရင်ကွဲပက်လက် မျက်စိတဆုံးငေးရင်း ကျန်ရစ်ခဲ့ပါသည်။

❤ ○ ❤





## ၁၅

ဦးမင်းလှိုင်က သူ့ရှေ့မှာထိုင်နေသူကို စိတ်ဝင်တစားငြိမ်သက်၍ စိုက်ကြည့်နေပါသည်။ သူ့ကိုဖုန်းဆက်တွေ့ခွင့်တောင်းပြီး အိမ်မှာလာမတွေ့ဘဲ အပြင်ကိုချိန်းတဲ့သူ။ တကယ်တမ်းမှာ လူချင်းလည်းမသိတော့ သူချိန်းပုံက တစ်မျိုးကြီးဖြစ်နေပေမယ့် ...

"အန်ကယ်နဲ့တွေ့မှဖြစ်မယ့် အရေးကြီးကိစ္စရှိလို့ ကျေးဇူးပြုပြီး အန်ကယ် တစ်ယောက်တည်းပဲ လာခဲ့ပေးစေချင်ပါတယ်ခင်ဗျာ" ဆိုတဲ့ ...

စိတ်ဝင်စားစရာ စကားတစ်ခွန်းကြောင့် ရောက်လာခဲ့ရတာဖြစ်ပါသည်။ သူချိန်းဆိုတဲ့ ဆိုင်မှာတွေ့ဆုံမိတ်ဆက်ပြီးသော် တိုးမင်းဆက်ဆိုတဲ့ ဤလူငယ်ပြောတဲ့ စကားတွေကို အံ့အားတသင့် ဖြစ်နေခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် တစ်ခုလောက် မေးချင်တယ်ကွယ့်"

"ဟုတ်ကဲ့ပါ အန်ကယ်"

"အခု ငါ့တူက သွင်သစ်အတွက်လိုအပ်တဲ့ Bone Marrow ကို လှူလို့ရရင် လှူချင်တယ်လို့ပြောတယ်၊ ဒါ အန်ကယ့်အတွက် အံ့သြစရာဖြစ်နေလို့ပါ၊ ဒီကိစ္စကို ငါ့တူ ဘယ်က သိတာပါလဲ"

"ကျွန်တော် အန်ကယ်တို့မိသားစုနဲ့ ဆက်စပ်ပတ်သက်နေတဲ့ ကြားလူတစ်ယောက်ဆီက ကြားလို့ပါ"

"အဲဒါ အံ့သြစရာပဲကွယ့်၊ အန်ကယ်တို့ ဒီကိစ္စကို အသိမိတ်ဆွေတွေဆီ ကျယ်ကျယ်ပြန့်ပြန့် အသိခံမထားဘူး၊ ဆွေမျိုးသားချင်းအားလုံးတောင် မသိကြသေးပါဘူး၊ တချို့တလေ အနီးစပ်ဆုံး အရင်းချာဆုံး ဆွေမျိုးလောက်ပဲသိတာပါ"

"........"

"မောင်တိုးမင်းဆက် ဘယ်ကသိတာလဲလို့ အံ့သြနေလို့ပါ"

"ကျွန်တော် ဘယ်ကသတင်းကြားသိထားလဲ ဆိုတာက တကယ်တော့ သိပ်အရေးကြီးလှတယ် မထင်ပါဘူး အန်ကယ်"

"ဒါတော့ ဟုတ်ပါတယ်"





"ကျွန်တော့်မှာ လှူချင်တဲ့ဆန္ဒရှိပြီး လှူနိုင် မလှူနိုင်ဆိုတာကပဲ အရေးကြီးတယ် ထင်ပါတယ် ခင်ဗျာ"

"ဟုတ်ပါတယ်၊ မှန်ပါတယ် မောင်တိုးမင်းဆက်၊ ဒါနဲ့ Bone marrow လှူဒါန်းလိုတဲ့ donar တစ်ယောက်အနေနဲ့ သိသင့်သိထိုက်တဲ့ အချက်အလက်တွေ အများကြီးရှိပါတယ်၊ ဒါတွေ မောင်တိုးမင်းဆက် သိသလား"

"ကျွန်တော် အကြမ်းဖျဉ်းတော့ သိပါတယ်၊ ပထမဆုံး အလှူရှင်နဲ့ အလှူခံနှစ်ဦးရဲ့ Tissue Type တို့ အခြားလိုအပ်တာတွေ Match ဖြစ်မဖြစ် အရင်ဆုံး တိုက်ဆိုင်စစ်ဆေးရမယ်၊ လှူလို့ရတယ်ဆိုရင် ကျွန်တော့်ကို ကျန်းမာရေးစစ်ဆေးမယ်၊ စစ်ဆေးမှု Pass ဖြစ်ရင် လှူခွင့်ရမယ်"

"ဘယ်လိုလှူရတာရော သိလား"

"မေ့ဆေးပေးပြီး တင်ပါးဆုံရိုးကနေ ထုတ်ယူမယ်လို့ သိထားပါတယ်၊ အလှူရှင်က အခြေအနေကောင်းရင် တစ်ရက်နဲ့ပဲ ဆေးရုံကဆင်းလို့ရမယ်၊ အိမ်ပြန်လို့ရမယ်၊ လှူလို့လျော့သွားတဲ့ Morrow ပမာဏက သုံးလေးပတ်ကနေ ရက်သတ္တပတ် ခြောက်ပတ်လောက် ကြာတဲ့အခါ အလိုအလျောက် ပြန်ပြည့်မယ်၊ လူကောင်းတစ်ယောက်အတိုင်း ပုံမှန်ပြန်ဖြစ်မယ်လို့ သိထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် မောင်တိုးမင်းဆက်၊ မောင်ရင် လေ့လာထားတာပဲ"

"ကျွန်တော့်အဘွားကိုလှူဖို့ ကျွန်တော် တစ်ကြိမ်စိစဉ်ဖူးပါတယ်"

"ဩော်"

"Match မဖြစ်လို့ မလှူခဲ့ရပါဘူး အန်ကယ်၊ အဘွားက ဆုံးသွားပါတယ်၊ ကျွန်တော်တို့ လွန်ခဲ့တဲ့ကိုးနှစ်က အဘွားကို Bone marrow transplant လုပ်ဖို့ အခု အန်ကယ် တာဝန်ထမ်းဆောင်နေတဲ့ စင်ကာပူ'......'ဆေးရုံကြီးကို တက်ခဲ့တာပါ"

"ဩော် ... ဟုတ်လား။ ဒီဆေးရုံမှာလား"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို အဲဒီတုန်းက စစ်ဆေးထားတဲ့ အဖြေအချက်အလက်တွေ အားလုံး ဆေးရုံရဲ့ကွန်ပျူတာ မှတ်တမ်းတွေမှာ ရှိပါလိမ့်မယ်၊ စာရွက်စာတမ်းအနေနဲ့လည်း ကျွန်တော့်ဆီမှာ အခုထိရှိပါတယ်"

"ဒါဆိုရင် ဆေးရုံရဲ့မှတ်တမ်းမှာ မောင်တိုးမင်းဆက်ရဲ့ ဒေတာတွေလည်း ရှိမှာဖြစ်သလို သွင်သစ်ရဲ့ဒေတာတွေလည်း ရှိနေတယ်၊ ဒါဆို ဒီတစ်ရက် နှစ်ရက်မှာပဲ အန်ကယ် ဆေးရုံကိုလှမ်းအကြောင်းကြားပြီး ဒေတာနှစ်ခု





ကို တိုက်ဆိုင်စစ်ဆေးကြည့်ခိုင်းလို့ရတယ် မောင်တိုးမင်းဆက်"

"ဟုတ်ကဲ့ ... လှမ်းတိုက်ကြည့်ပါ အန်ကယ်၊ တိုက်ဆိုင်ပါစေ Match ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

"တကယ်လို့ မောင်တိုးမင်းဆက်က သွင်သစ်ရဲ့ Bone Marrow donar ဖြစ်နိုင်ခဲ့တယ်ဆိုရင် ..."

"လှူရုံပဲပေါ့ အန်ကယ်"

"စိတ်မရှိပါနဲ့ မောင်တိုးမင်းဆက်၊ သေသေချာချာရှင်းရှင်းလင်းလင်း ကြိုတင်သိထားမှ ဖြစ်မှာမို့ပါ၊ ပွင့်ပွင့်လင်းလင်း ပြောကြတာ ကောင်းပါတယ်၊ လှူဖြစ်တယ်ဆိုရင် မောင်တိုးမင်းဆက်ကို အန်ကယ်တို့ ဘယ်လိုကျေးဇူးဆပ်ရမလဲ၊ ဒါကို သိထားဖို့လိုပါတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် တောင်းဆိုချင်တာ ရှိပါတယ်"

"လှူဖြစ်ခဲ့ရင် စင်ကာပူကိုသွားဖို့နဲ့ ကျန်တဲ့အလှူကိစ္စ ကုန်ကျမှုအဝဝကိုတော့ သွင်သစ်အမေက အစအဆုံးပြီးပြည့်စုံအောင် တာဝန်ယူပါလိမ့်မယ် မောင်တိုးမင်းဆက်"

"ဟုတ်ကဲ့ ... ဒါပေမဲ့ အဲဒါ ကျွန်တော့်အတွက် သိပ်ပြဿနာမဟုတ်ပါဘူး အန်ကယ်၊ လှူလို့ရပြီဆိုရင် ကျွန်တော့်ဘာသာ ကိုယ့်တာဝန်ကိုယ်ယူပြီး ဆောင်ရွက်နိုင်ပါတယ်၊ Passport



www.burmeseclassic.com

www.burmeseclassic.com



ကအစ အားလုံး အဆင်သင့်လက်ထဲမှာပါ၊ ဗီဇာယူပြီး ထွက်ရုံပါပဲ”

ဦးမင်းလှိုင်နှင့် တိုးမင်းဆက်တို့အကြည့်ချင်း အတန်ကြာ ဆုံစည်းမိကြပါသည်။ ဦးမင်းလှိုင်အတွက် တိုးမင်းဆက်က ပဟေဠိတစ်ခုဆန်နေသည်။ သူ့ကိုလည်း သွင်သစ်ရဲ့အမျိုးလို့ တိတိကျကျ သိထားပြီးသား။ ကျန်တဲ့အခြေအနေအရပ်ရပ်ကိုလည်း အားလုံးနီးပါး သူသိနှင့်နေသည်။ သွေးမတော်သားမစပ်လူတစ်ယောက်ကို ခန္ဓာကိုယ်တွင်းက အသွေးအသားအင်္ဂါပစ္စည်းတစ်ခု လှူဒါန်းဖို့ ဆန္ဒဖြစ်ပေါ်သည်ဆိုသည်မှာ တော်ရုံပိုင်းဖြတ်မှုမျိုးနှင့် မဖြစ်နိုင်ပါ။

သူလှူဒါန်းမှုက ဘယ်သူ့ကိုပဲဖြစ်ဖြစ် လှူကိုလှူချင်လို့ လှူဒါန်းမည့် အခြေအနေမျိုးလည်းမဟုတ်။ သွင်သစ်အကြောင်း စုံစမ်းသိရှိကာ သွင်သစ်ကိုသာ လှူဒါန်းချင်သည့်ဆန္ဒဖြစ်နေတာ။

“မောင်တိုးမင်းဆက် ... သွင်သစ်နဲ့ ခင်မင်ရင်းနှီးပတ်သက်မှုတစ်ခုခု ရှိခဲ့ဖူးသလား”

“သူ့ကို သိပါတယ် အန်ကယ်၊ မခင်မင်မရင်းနှီးပါဘူး”

“ဘယ်လိုပတ်သက်ဆက်စပ်မှုရှိတာလဲ သိခွင့်မရနိုင်ဘူးလား”





“ဘယ်လိုပတ်သက်ဆက်စပ်မှုမှ ကျွန်တော်နဲ့ ကိုသွင်သစ်ကြားမှာ မရှိပါဘူး အန်ကယ်”

“ခုလိုလှူဒါန်းဖို့ ဘယ်လိုအကြောင်းအရာက မောင်တိုးမင်းဆက်ကို တိုက်တွန်းစေ့ဆော်ခဲ့တာလဲဆိုတာ အန်ကယ့်အတွက် ပဟေဠိဖြစ်နေလို့ပါ”

“ကျွန်တော် အလွန်ဆုံးပြောနိုင်တာက ကျွန်တော် ဒီလိုလှူဒါန်းဖို့အတွက် နှစ်နှစ်ကာကာ သန့်ရှင်းစင်ကြယ်တဲ့ စေတနာကိုပဲ အခြေခံပါတယ် အန်ကယ်”

“ဒါကို အန်ကယ် အကြွင်းမဲ့ယုံကြည်ပါတယ် မောင်တိုးမင်းဆက်၊ မောင့်ရင့်ဘက်က တောင်းဆိုချင်တဲ့အချက်ကို သိပါရစေ”

“အန်ကယ် လိုက်လျောဖို့ အင်မတန် လွယ်ကူပါလိမ့်မယ်၊ အလှူရှင်နာမည်ကို အန်ကယ်တို့ဘက်က ကာယကံရှင် ကိုသွင်သစ်ကို အပါအဝင် အန်ကယ်ကလွဲပြီး ဘယ်သူ့ကိုမှ ဖွင့်မပြောဖို့ အသိမပေးဖို့ လျှို့ဝှက်ထားပေးဖို့ပါ”

ဦးမင်းလှိုင်က ခေါင်းကိုသာ အသာအယာညိတ်ကာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသွင့်အတွက် အလှူရှင်ရပြီ၊ အားလုံးစစ်ဆေးပြီးစီးလို့ Match ဖြစ်ပြီ"

ဦးမင်းလှိုင်စကားက ဒေါ်နှင်းနှင်း၊ ဒေါ်သင်းသင်းလှိုင်၊ မိုးညိုတို့ အားလုံးကို စိတ်လှုပ်ရှားစေသည်။

"သေချာရဲ့လား၊ သေချာပြီလားဟင် ကိုလေး၊ တကယ်ပဲလား"

"သေချာတယ်၊ သေသေချာချာ စစ်ပြီးပြီ၊ ကိုသွင် ခရီးသွားဖို့ အခုကတစ်ပြီး စီစဉ်ကြဖို့ပဲ"

"ဘယ်တုန်းက ဘယ်လိုပို့စစ်လိုက်တာလဲ"

"အလှူရှင်က အရင်က တစ်ခါလှူဖို့ လုပ်ဖူးတဲ့သူ၊ သူနဲ့ ပတ်သက်ပြီး စစ်ဆေးထားပြီးသား data တွေက ဆေးရုံမှတ်တမ်းမှာ အသင့်ရှိတယ်၊ ကိုသွင့် ဒေတာတွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်လိုက်လို့ Match ဖြစ်တယ်ဆိုတာသိရအပြီးမှာ အလှူရှင်လက်ထဲမှာရှိတဲ့ မှတ်တမ်းမှတ်ရာစာရွက်စာတမ်း အားလုံးလည်း ငါ စစ်ဆေးကြည့်ပြီးသွားပြီ"

"ဒါဆို သေချာပြီပေါ့ ကိုလေး"





"အလှူရှင်က စင်ကာပူကလား မြန်မာပြည်ကလား ကိုလေး၊ သူ့ဒေတာတွေက ဟိုဆေးရုံမှာ ရှိနေတယ်ဆိုတော့"

"အလှူရှင်က မြန်မာပါပဲ"

"ဒါ ... ဒါဖြင့် သူနဲ့လည်းတွေ့ရင်း ကျေးဇူးတင်စကားလည်း ပြောရအောင် ဒီကထွက်ဖို့လည်း ရက်ညှိပြီး တိုင်ပင်ရ ဆွေးနွေးရအောင် နှင်းတို့လုပ်ပေးဖို့ တာဝန်ရှိတာလေးတွေလည်း လုပ်ပေးရအောင် အခု သွားတွေ့နှင့်မလား"

"သူ့ကို ဘာမှလုပ်ပေးဖို့ မလိုအပ်ဘူး၊ ရက်တွေ ဘာတွေလဲ ငါနဲ့တော့ အကြမ်းဖျဉ်းညှိနှိုင်းစကားပြောပြီးနေပါပြီ၊ ငါတို့ဘက်က ထွက်နိုင်ပြီဆိုတာနဲ့ ထွက်ဖို့ပဲ"

"အဲလို ဘယ်ဟုတ်ဦးမလဲ ကိုလေး၊ ဘယ်လိုပဲဖြစ်ဖြစ် '......'ဆေးရုံမှာသွားပြီး လှူရယူရမှာလေ၊ အလှူရှင်ဘက်က ဒီကထွက်ဖို့ ကုန်ကျစရိတ်ကအစ ခုကတည်းက စ,ဝင်ပြီမဟုတ်လား ... အဲဒါ ..."

"မဟုတ်ဘူး၊ ညည်း ဒါတွေထည့်မတွေးနဲ့တော့ နှင်း၊ ဒါတွေ ငါ့ဘက်က စီစဉ်သွားမယ်၊ သူကလည်း ဒီလိုပဲ ခဏခဏ သွားလိုက်လာလိုက် လုပ်နေတဲ့သူမျိုးမို့လို့ အထူးအထွေ ဘာမှအခက်အခဲတွေ တာဝန်တွေ မရှိဘူးလို့ အကြမ်းဖျဉ်း မှတ်ထားလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ခြော်"

"အမျိုးသားလား အမျိုးသမီးလား ကိုလေး"

"အမျိုးသား"

"သူက ဘယ်သူလဲဟင်"

မိုးညိုက နောက်ဆုံးတစ်ခွန်းကို ဝင်မေးလိုက်မိပါသည်။

"ကဲ ...ညည်းတို့က ခုကစပြီး ကိုယ့်ဘက်ခြမ်းက လုပ်ကိုင်ဆောင်ရွက်စရာ ကိစ္စတွေကို စိတ်ဝင်စားမှာလား၊ တခြားမဆိုင်တဲ့ဘက်ခြမ်းက အကြောင်းအရာတွေကို စိတ်ဝင်စားမှာလား၊ ညည်းတို့အားလုံးအတွက် အဓိကအရေးအကြီးဆုံး အချက်က ဘာလဲ၊ တစ်ခုတည်းပဲရှိတယ် ...

အဲဒါက သွင်သစ်အတွက် အလှူရှင်ရပြီ၊ သွင်သစ်အသက်ကို ကယ်နိုင်ပြီ၊ ဒါပဲ၊ အဲဒီတစ်ခုကို ညည်းတို့သေချာသိထားရင် လုံလောက်ပြီ၊ ကျန်တာ ငါ့ဘက်ကကိစ္စ၊ ငါကြည့်စီစဉ်ဆောင်ရွက်သွားမယ် ဟုတ်ပြီလား၊ အခုကစပြီး ဟိုကို ဘယ်သူလိုက်ပါမယ်ဆိုတာပဲ စ,ဆုံးဖြတ်"

ဦးမင်းလှိုင်စကားကို ပိတ်ပြောလိုက်၍ အားလုံးဘာမှထပ်မမေးဖြစ်တော့ပါ။ အားလုံးရဲ့စိတ်မှာ လှုပ်ရှားတုန်ယင်ဝမ်းသာနေကြတာချင်း တူပါသည်။ သွင်သစ်ကိစ္စအတွက် ရည်





ရွယ်၍ အားလုံးလိုလိုမယ်မယ် Passport တွေကို ရန်ကုန်ပြန်ရောက်ရက်ကတည်းက လုပ်ထားနှင့်ကြ၍ မည်သူမဆို ကောက်ထ,၍လိုက်သွားနိုင်တဲ့ အခြေအနေမှာ အသင့်ရှိပါသည်။

ဒေါ်နှင်းနှင်းကတော့ မဖြစ်မနေ လိုက်ပါမည်။ ပထမတော့ အားလုံးသွားကြဖို့ စဉ်းစားပါသည်။ ဒေါ်သင်းသင်းလှိုင်ရော မိုးညိုရောဟာ ကျွမ်းကျင်သူနာပြုတွေချည်းပဲမို့ ဟိုမှာ သွင်သစ်ရဲ့ Transplant လုပ်ပြီး နောက်ပိုင်း အနီးကပ်စောင့်ရှောက်နိုင်မှုအတွက် နားလည်တတ်ကျွမ်းမှု အထိုက်အလျောက်ရှိကြမည်ဖြစ်သည်။

သို့ပေမဲ့ မလိုလဲ လိုလဲ ရန်ကုန်မှာ အရေးပေါ်တစ်ခုခု တစ်စုံတစ်ရာ လိုအပ်ခဲ့သည်ရှိသော် ဆောင်ရွက်စီမံနိုင်ရန် လူအခံကျန်ရစ်သင့်သည်လို့ပဲ ဆုံးဖြတ်ကြပါသည်။ နို့မို့ရင် ဟိုဘက်အိမ် ဒီဘက်အိမ် နှစ်အိမ်လုံးမှာ အန်တီနှင်းတို့အိမ်က အလုပ်သမားကောင်မလေးများသာ ကျန်ရစ်ခဲ့လိမ့်မည် မဟုတ်လား။

သွင်သစ်က မိုးညိုကို လိုက်ပါစေလိုသည်။ မိုးညိုကလည်း လိုက်တော့လိုက်ချင်ပါသည်။ သို့ပေမဲ့ သွင်သစ်အနားမှာ သွင်သစ်ရဲ့ကျန်းမာရေးကို စောင့်ရှောက်နိုင်မှုက မာမိဒေါ်သင်းသင်းလှိုင်ထံမှာ အရည်အချင်းပိုသည်ဖြစ်ရာ နောက်ဆုံးမှာ မိုးညို ကျန်ရစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သွင်သစ် transplant လုပ်ဖို့ စင်ကာပူလာမည်ဖြစ်ကြောင်း ဟိုမှာ လူခံလိုဖြစ်နေတဲ့ နန္ဒာထံ ဖုန်းဆက်အကြောင်းကြားထားကာ လေဆိပ်ဆင်းသွားတဲ့လူစုကို လိုက်ပို့ပြီး မိုးညို ကျန်ရစ်ခဲ့ရပါသည်။

❤ ○ ❤

ထိုညနေက မိုးညိုသည် နန္ဒာ၊ မာမီတို့နှင့် ဂျီတော့ခ်ကနေ စကားပြောဖို့ ချိန်းထားသည်ဖြစ်၍ အင်တာနက်ဆိုင်လေးသို့ လာခဲ့ပါသည်။ သွင့်ရဲ့ Bone Marrow transplant လုပ်၍ ကုသခြင်း အစီအစဉ်က ပြီးဆုံးအောင်မြင်သွားပြီးပြီ။ သို့သော် သွင်ကတော့ ဆေးရုံမှာ ဆက်နေနေရပါဦးမည်။ သူ့ခန္ဓာကိုယ်က အသစ်ဝင်လာတဲ့ ပြင်ပပစ္စည်းကို Reject မလုပ်ဖို့ ဆက်လက်ပြုစုကုသနေရပါဦးမည်။

ရန်ကုန်မှာ အင်တာနက်ဆိုင်တွေ ရိုက်သတ်မကုန်ရှိပေမယ့် ထွေထွေပြားပြား နေရာအနှံ့ သွားမသုံးဖူးသော မိုးညိုသည် ဟိုးအရင်ကတည်းက တိုးနှင့်အတူ မကြာမကြာရောက်ဖူးတဲ့ ဆိုင်ကလေးကိုသာ ဦးတည်လာခဲ့မိသည်။





တိုးက သူ့စားသောက်ဆိုင်နှင့် ပတ်သက်တဲ့ အချက်အလက်လေးတွေ update လုပ်ဖို့ facebook မှာ fanpage တစ်ခု လုပ်ထားသည်ဖြစ်ရာ အဲဒီ fanpage လေးမှာ တင်စရာရှိတာတင်ဖို့ မေးတာတွေဖြေဖို့ သူတို့ဆိုင်နှင့် မလှမ်းမကမ်းမှာရှိတဲ့ အဲဒီ အင်တာနက်ဆိုင်လေးကို နေ့စဉ်လို လာပါသည်။

အဲဒီအခါတွေမှာ တချို့သော အကြိမ်တွေ မိုးညို အတူပါဖူးပါသည်။ ဆိုင်လေးက တိုးတို့စားသောက်ဆိုင်နှင့်တော့ ပိုနီးကာ မိုးညိုတို့အိမ်နဲ့လည်း မဝေးပါ။ မိုးညိုဆိုင်လေးကိုရောက်လာကာ အချိန်နည်းနည်းစောနေသေး၍ စက်တစ်လုံးမှာဝင်ထိုင်ပြီး သူရောက်ကြောင်း နန္ဒာသိအောင် စာလှမ်းရိုက်ထားလိုက်ပါသည်။

အဲဒီနောက် ဟိုဟိုဒီဒီ အပျင်းပြေလျှောက်ကြည့်နေဆဲ မိုးညိုနဲ့ကပ်လျက်ထိုင်ခုံဆီ လူငယ်နှစ်ယောက် ဝင်လာသည်။ ဝင်ထိုင်လိုက်ကြတာ သိပေမယ့် မိုးညို လှည့်မကြည့်ဖြစ်။

"အရမ်းတော့ စောနေသေးတယ်ကွ၊ ဗလက ညမှ သူပြောနိုင်မယ်လို့ ပြောထားတာလေ စတီဗင်ရ"

"ဒါပေမဲ့ ငါ စိတ်စောနေလို့ပါ၊ စောလည်း ဘာဖြစ်လဲကွာ၊ ငါတို့ တခြားလုပ်စရာရှိတာမှ မဟုတ်ဘဲ"

"အေးပါ၊ ဒါနဲ့ ခုန ကားပေါ်မှာ မွန်နခ ဖုန်းဆက်တာ ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိုး ဘယ်တော့ပြန်လာမလဲပေါ့ကွာ၊ ဒါပဲပေါ့"

မိုးညိုသည် အနီးကပ်ကြားနေရတဲ့ အသံတွေကြောင့် ကိုယ်လေးနောက်ဆုတ်ပြီး ခုံနှစ်ခုံကြား ကာထားတဲ့ ဘုတ်ပြားကို လွှန်ကာ တစ်ဖက်က လူငယ်တွေကို ကြည့်လိုက်ပါသည်။ မိုးညို လှမ်းကြည့်တာကိုသိတဲ့ တစ်ဖက်က လူငယ်လေးတွေကလည်း မိုးညိုဘက် အမှတ်တမဲ့ ပြန်ကြည့်ကာ အကြည့်ချင်းဆုံစည်းငြိမ် သက်နေမိကြသည်။

မိုးညိုသည် တင်းမာညိုမှောင်အေးစက်တဲ့ စတီဗင့် မျက်နှာထားကို ရွံ့သော်လည်း ဘာပဲဖြစ်ဖြစ် သူတို့အတွက် ကိုယ်က အကြီးနေရာမှာရှိတာမို့ ကိုယ်ကပဲ စတင်နှုတ်ဆက်လိုက်ပါသည်။

"စတီဗင် ... မောင်ဇော်"

"ဩော်"

စတီဗင်က မေးပြန်ဆတ်ကာ နှုတ်ခမ်းတင်းတင်း စေ့လိုက်ပါသည်။

"ရန်ကုန် ရောက်နေကြတာ ... ဟုတ်လား"

"ဟုတ်တယ်"

စတီဗင့် လေသံတင်းတင်းကြောင့် မောင်ဇော်က စတီဗင့်ကို မသိမသာ ပခုံးချင်းတွန်း၍ သတိပေးလိုက်တာ မိုးညို မြင်ပါသည်။





"ခဏအလည်ပေါ့၊ ဒါမှမဟုတ် ကိစ္စရှိလို့လား၊ အားလုံး နေကောင်းကြတယ်နော်၊ တိုးရော ကောင်းကောင်းနေ ကောင်းသွားပြီလား စတီဗင်"

စတီဗင်က နှုတ်ခမ်းတွန့် ပြုံးလိုက်ရင်း ...

"အလည်မဟုတ်ပါဘူး၊ ဟိုကဆိုင်ကို ပိတ်လိုက်ပြီလေ"

"ဟင်"

"အတည်တကျကို ဖြစ်လို့မရဘူးဗျ၊ အစ်ကိုကိုယ်တိုင်က လှိုင်းပုတ်တဲ့ဖော့ဒါလို ဖြစ်နေမှတော့ အဲဒီ ဖော့ဒါအုပ်ကြား ညပ်နေတဲ့ ဒိုက်သုဲရောလို ကျွန်တော်တို့ကောင်တွေက ချာလည်ချာလည်နဲ့ ပါနေရတာပေါ့"

မိုးညိုသည် စတီဗင်ရဲ့ နာကျင်ဟန်စကားလုံးတွေကို ကြားတဲ့အခါ စိတ်မကောင်းနိုင်ပါ။ တစ်ခဏအားမွေးပြီးမှ မျက်နှာ ပျက်ပျက်နှင့် ...

"အစ်မ စိတ်မကောင်းပါဘူး စတီဗင်၊ တိုးက အစ်မတို့ '......'မြို့မှာ ကြာကြာရှိနေဦးမယ်ထင်လို့ သူ ရှောင်ထွက်ဖို့ ကြိုးစားတာမျိုးလည်း ဖြစ်နိုင်ပါတယ်၊ တကယ်တော့ သူ ရှောင်ထွက်သွားဖို့ မလိုအပ်ပါဘူးလေ၊ ပြီးတော့ သူ့ စားသောက်ဆိုင်ကလည်း အဲဒီမှာ အကောင်းဆုံးနဲ့ အအောင် မြင်ဆုံး ဖြစ်နေတာ ...



www.burmeseclassic.com

www.burmeseclassic.com



တိုးကို ကျေးဇူးပြုပြီး ပြောပြပေးပါလား စတီဗင်၊ အစ်မတို့ အဲဒီအိမ်ကို နှစ်ချုပ်နဲ့ ငှားထားပေးမယ့် အခု အဲဒီမှာ ပြန်နေဖို့မရှိတော့ပါဘူး၊ တကူးတက ရှောင်ထွက်သွားဖို့ မလိုပါဘူး ဆိုတာပါ၊ ဘာပဲဖြစ်ဖြစ် အခြေတကျ ဖြစ်နေပြီ မဟုတ်လား"

စတီဗင်က လေသံသဲ့သဲ့နှင့် "ဟက်"ခနဲရယ်ရင်း ...

"အစ်ကို့မှာ အခြေတကျဖြစ်တယ်ဆိုတဲ့ အခြေအနေက ဒီတစ်သက် ဘယ်အချိန် ဘယ်အခါလောက်မှာ ရှိလာမယ် ဆိုတာ ကျွန်တော်တို့လို အတူနေတဲ့သူတွေတောင် သေချာ မသိဘူး၊ အစ်မက ဘာကြောင့် အခြေတကျဖြစ်နေတယ်လို့ ထင်နေရတာလဲ"

"စတီဗင်"

မိုးညို အသံရလေးက ကတုန်ကယင် ဖြစ်လာသည်။

"အစ်မစကားတွေ မှားခဲ့ရင် တောင်းပန်ပါတယ်၊ အစ်မ ရိုးရိုးပြောလိုက်တာပါ"

ဇော်လေးက မျက်နှာမကောင်းလှစွာ ...

"အစ်မ စိတ်မကောင်း မဖြစ်ပါနဲ့၊ စတီဗင့်ကိုလည်း နားလည်ပေးပါ၊ စတီဗင် ... ဟော့ကောင်၊ မင်း အစ်ကိုရှင်းပြထားတာတွေလည်း သေချာနားလည်ပြီးသား ဖြစ်ရက်နဲ့





ဘာဖြစ်လို့ မမိုးညိုကို စိတ်ကသိကအောက် အနှောင့်အယှက် ဖြစ်အောင် ပြောနေတာလဲကွာ"

စတီဗင်က ခဏငြိမ်သက်နေကာ သူ့စိတ်တွေကို ထိန်းပါသည်။ မမိုးညို အနေအထားကို ကိုတိုး ရှင်းပြခဲ့လို့ ဘယ်လိုပဲနားလည်ထားထား ကိုတိုးဖြစ်စေချင်သလို ခွင့်လွှတ်နိုင်ဖို့ဆိုတာတော့ ...။

ခွင့်မလွှတ်ဘူးရယ်လို့လည်း မဆိုလိုချင်ပါ။ သို့ပေမဲ့ ဟောဒီ မမိုးညိုကြောင့် သူ ခင်တွယ်အားကိုးသော ကိုတိုးဘဝ ခုထိမတည်ငြိမ်နိုင်ဘူးလို့ စိတ်ထဲ အခုအခံမကင်းနိုင်သည်ကတော့ အမှန်ပင်။ ယုတ်စွအဆုံး ဆိုရလျှင် လူငယ်ပီပီ မွန်နုခအပေါ် စိတ်ဝင်စား စိတ်လှုပ်ရှားလိုသော သူ့စိတ်များကိုပင် သူကထိန်းသိမ်းတတ်ခဲ့သူပါ။ မွန်နုခကလည်း ကိုတိုးအပေါ် တိမ်းညွတ်တာ အသိသာကြီးမို့ မွန်နုခနှင့် အဆင်ပြေပြီးတော့များ ကိုတိုးဘဝ တည်ငြိမ်အနည်ထိုင်သွားမည်ဆိုလျှင် သူ ကြည်နူးဝမ်းသာပေးဖို့ အသင့်ရှိနေခဲ့တာပါ။

အခုထိကြည့်ပါဦး။

မိုးညိုရဲ့ချစ်သူဟောင်း ခေါ်ရမလား၊ ချစ်သူသစ်ခေါ် ရမလား သွင်သစ်ဆိုတဲ့ လူတစ်ယောက်အတွက် သူ့ Bone Marrow ကို လှူဒါန်းဖို့ ဆုံးဖြတ်တာကို စတီဗင် မကျေနပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူများက ရာသီလ်ပြချိန်မှာ မအီမအိုင် အရာသီလ်ယူနေသူက စတီဗင်ပါပင်။

မမိုးညိုတို့စုံတွဲကို လုံးဝအသိမခံနိုင်တဲ့အတွက် သူတို့အားလုံးကို တင်းတင်းကျပ်ကျပ် နှုတ်ပိတ်ထားတဲ့ အနစ်နာခံမှုကို စတီဗင့်စိတ်က လက်သင့်ခံဖို့ ခက်ခဲစွာဖြင့် ကိုတိုးကို ချစ်ကြောက်ရိုသေစိတ်နှင့်သာ အောင့်အည်းကြိတ်မှိတ် ကတိပြုခဲ့ရပေမယ့် အခု မမိုးညိုကိုမြင်တော့ ရင်နာချင်လာသည်။

သူ့စိတ်ကို အစင်းသိတဲ့ မောင်ဇော်ကလည်း ဘေးကနေ သူ့ကို တကုတ်တည်းကုတ်နေပါသည်။ စတီဗင်က သက်ပြင်းတစ်ချက်ချရင်း ...

"ဆောရီး မမိုးညို၊ ကျွန်တော် အစ်ကို့အစား စိတ်မကောင်းဖြစ်လို့ စကားတွေရိုင်းမိရင် ခွင့်လွှတ်ပါ၊ အစ်ကို့အတွက် ခံစားနေရတာတွေရှိလို့ ခုလို"

မောင်ဇော်က ဒူးချင်းတိုက်လိုက်၍ စတီဗင့်စကားက ပြတ်သွားသည်။ မိုးညိုက စတီဗင်နှင့် မောင်ဇော်ကို တစ်လှည့်စီ ကြည့်နေမိပါသည်။

တဖြည်းဖြည်း ရင်ထဲ တဒိတ်ဒိတ် ခုန်လာကာ ...

"တိုး ဘာဖြစ်လို့လဲ ... ဟင်"

"........."





"ဟင် ... စတီဗင်၊ တိုး နေမကောင်းဘူးလား ဟုတ်လား"

"........."

"မောင်ဇော် ... အစ်မကိုပြောပါ၊ တိုး နေမကောင်းဖြစ်နေတာလား"

"ကောင်း ... ကောင်းပါတယ် အစ်မ"

"မညာပါနဲ့၊ အစ်မကို မညာနဲ့၊ တိုး တစ်ခုခုဖြစ်နေတယ် မဟုတ်လား၊ ခုနကလည်း မွန်နုခက တိုး ဘယ်တော့ပြန်ရောက်မလဲ မေးတယ်လို့ ကြားလိုက်မိတယ်၊ တိုးဘယ်ကို သွားနေတာလဲ၊ တိုး အခု ဆေးရုံမှာလား၊ တိုးတစ်ခုခု ကျန်းမာရေးဆိုးရွားနေတာများလား စတီဗင်ရယ်"

မျက်ရည်ပြည့်လျှံလာတဲ့ မိုးညို မျက်ဝန်းများကို စူးစိုက်ဆက်ကြည့်မနေနိုင်ဘဲ မျက်လွှာချလိုက်ရာက စတီဗင်နှင့် မောင်ဇော် ရင်ထဲမှာ နာနာကျင်ကျင် ခံစားနေခဲ့ကြရပါသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

သွင်သစ် Bone Marrow transplant ကုသမှုခံယူ အောင်မြင်ကာ ပြန်ရောက်လာအပြီး လေးလလောက်အကြာမှာ သွင်သစ်ရဲ့ကျန်းမာရေးအခြေအနေက အကောင်းပကတိလောက် တိုးတက်ကောင်းမွန်လာတဲ့အခါ သွင်သစ်နှင့် မိုးညိုရဲ့မင်္ဂလာကိစ္စကို အကောင်အထည်ဖော် စီစဉ်ဖို့ လူကြီးတွေက စကားစ,လာပါသည်။

တခြားများများစားစား တွေးစရာ စဉ်းစားစရာလည်း မရှိကြပါ။ သွင်သစ်ကိုယ်တိုင်က မိုးညိုကို ခွင့်တောင်းလာတဲ့အခါ မိုးညို၌ ငြင်းပယ်ရန် အကြောင်းပြချက် တစ်စုံတစ်ရာမရှိ။ မိုးညိုသည် မရောက်တာကြာသော အင်တာနက်ဆိုင်ကလေးကို ရောက်ခဲ့မိပြန်ကာ ဆိုင်ကိုရောက်တဲ့အခါ အရင်တစ်ခါလို မတော်တဆ





စတီဗင်တို့နှင့် ဆုံစည်းနေဦးမလားဟု ဆိုင်ထဲလှည့်ပတ်ဇဝေ့ဝဲရှာဖွေမိသည်။

မျှော်လင့်တဲ့ ဘယ်သူ့ကိုမှ ဆိုင်မှာမတွေ့ရ။

နန္ဒာ လိုင်းပေါ်တက်နိုင်မယ့်အချိန်ကို စောင့်ဆိုင်းကာ နန္ဒာ့ထံ စကားလှမ်းပြောမိပါသည်။

"နန္ဒာ ... နင် တိုးသတင်း ဘာများကြားသေးလဲဟင်"

"ခုလောလောဆယ် ဘာသတင်းမှ မကြားဘူး မိုးညို၊ ငါလည်း ကိုတိုးသတင်း သိချင်နေတာ၊ လွန်ခဲ့တဲ့ နှစ်လသုံးလက ကိုဥက္ကာအစ်မနဲ့ စကားပြောဖြစ်ရင်း ကိုတိုးသူတို့မြို့က 'ရွှေမိုးညို'ဆိုင်ကို ပိတ်သွားတယ်လို့ စကားစပ်ပြီးပြောတယ်၊ နောက်ထပ် သိရတာက ဆရာဝန်ကြီးဦးမြင့်မွန်ရဲ့သမီးလေး မွန်နုခလည်း စင်ကာပူမှာကျောင်းသွားတက်တယ်လို့ ကြားတယ်၊ ပြီးတော့ ကိုသွင် ဒီမှာဆေးရုံလာတက်နေတဲ့ အချိန်တွေတုန်းကလည်း တစ်ခါမှာ ကိုဥက္ကာက ပင်နီဆူလာဘက်မှာ ကိုတိုးကို တွေ့လိုက်သလိုပဲလို့ ပြန်ပြောဖူးတယ်လေ ..."

အဲဒါတွေအားလုံး ဆက်စပ် တွေးကြည့်ပြီးတော့ ကိုတိုးများ စင်ကာပူရောက်နေလေသလားလို့ ငါထင်ထင်နေမိတာနဲ့ အပြင်ထွက်တိုင်း သတိထားရှာဖွေမိသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါဆက်စပ်တာက အခိပ္ပာယ်ရှိချင်မှတော့လည်း ရှိမှာပေါ့လေ၊ ငါတို့ နောက်ဆုံး ကန်စပ်မှာ ကိုတိုးနဲ့တွေ့ကြတုန်းက ကိုတိုးနဲ့ မွန်နုခ အနေအထားက ရင်းနှီးမှု နားလည်မှုရပြီးသားတွေလို မရှိးသားဘူးလို့ ထင်စရာလို အရိပ်အယောင်ရှိခဲ့တယ်မို့လား၊ ငါတို့ရှေ့တောင် လက်ချင်းတွဲထားခဲ့တာလေ ...

သူတို့ ချစ်သူတွေပဲလား၊ ယူပဲယူဖြစ်သွားကြပြီလား၊ မွန်နုခက စင်ကာပူမှာဆိုတော့ ကိုတိုးလည်းပဲမျှား စင်ကာပူရောက်နေမလားလို့ပါ၊ နင် ရန်ကုန်မှာ သူနဲ့မဆုံဘူးလား မိုးညို"

"ဟင့်အင်း"

မိုးညို အသံလေးက တိုးတိမ်ဆွေးမြည့်နေသည်။

"သူ့အိမ်ကို သွားကြည့်ရင်တော့ အိမ်မှာ သူရှိနေမနေသိရမှာပဲလေ၊ ဒါပေမဲ့ သွားဖို့လည်း မလိုအပ်ဘူးလို့ ယူဆလို့ပါ၊ မသွားသင့်ဘူးလို့ ထင်လို့ပါ၊ တိုးက ငါ့ကိုခွင့်လွှတ်တယ်လို့ ပြောခဲ့တော့ သူသာ တကယ်လို့ ငါနဲ့တွေ့ဆုံဆက်ဆံချင်ရင် သူ ဆက်သွယ်မှာပဲ မဟုတ်လား ...

သူ မဆက်သွယ်ပဲ ငါ မဆက်သွယ်သင့်ဘူးထင်လို့ ငါ တကူးတက မစုံစမ်းဘူး"





"ဒါဖြင့် နင် အခု ဘာလို့ ကိုတိုးအကြောင်း စုံစမ်းတာလဲဟင်"

"ငါ ... ငါနဲ့သွင်ကို လက်ထပ်ဖို့ မာမိနဲ့ အန်တီနှင်းက စကားစ,လာတယ်၊ သွင်လည်း ကျန်းမာနေပြီ၊ သွင်ကလည်း ငါ့ကိုတောင်းဆိုတယ်၊ ငါ သွင်နဲ့လက်ထပ်ရတော့မယ်ထင်တယ် နန္ဒာ"

"………"

"နန္ဒာ ... ငါ သွင့်ကို လက်ထပ်လိုက်ရမလား ... ဟင်"

"နင့်ဆီက ဒီမေးခွန်းကြားရကတည်းက နင့်ရင်ထဲမှာ ဘာတွေဘယ်လို ပဋိပက္ခဒွိဟတွေဖြစ်ပြီး လွန်ဆွဲနေမလဲ၊ တွေဝေနေမလဲဆိုတာ ငါ ခန့်မှန်းလို့ရပါတယ် မိုးညိုရယ်၊ ဒါပေမဲ့ ကိုတိုးက မွန်နုခနဲ့ ချစ်သွားကြပြီလို့ပဲ ငါတို့ ယူဆသတ်မှတ်ရမှာ မဟုတ်လား"

"………"

"နင့်အပေါ် မုန်းတီးနာကြည်းမှု အာဃာတမရှိတော့တဲ့နောက်မှာ ကိုတိုးက နင့်ကို ဆက်သွယ်ချင်ရင် သူ ဆက်သွယ်လာမှာပေါ့ မိုးညိုရယ်"

"………"

မိုးညို နှုတ်ဖျားမှာ ပြောစရာစကား မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရင်ထဲမှာတော့ ပြောချင်တဲ့စကားတွေ အပြည့်အကျပ် ရယ်ပါလေ။ နိုင်မာသော သက်သေအထောက် အထား အကြောင်းပြချက် မရှိပါဘဲနှင့် မိုးညိုကို တိုး တမင်တကာ ရှောင်ပုန်းစွန့်လွှတ်သွားတယ်လို့ ယူဆယုံကြည်နေမိတာ ဘာကြောင့် ပါလဲ တိုးရေ။

❤ ○ ❤

ရက်ကိုလစား၊ လကိုနှစ်စား၍ အချိန်ကာလတွေ ရှည်ကြာခဲ့တဲ့တိုင်အောင်ပင် တစ်ခါတစ်ရံတွင် မိုးညိုသည် သူမကို တိုး မလှမ်းမကမ်းက ပုန်းကွယ်စောင့်ကြည့်နေသလို ခံစားရကာ ဖျတ်ခနဲ ကျောစိမ့်အသည်းအေးသွားမိလျှင် ဘေးဝန်းကျင်ကို အမောတကော မျှော်လင့်တကြီး မျက်ဝန်းလေး ဝေ့ဝဲဖွေရှာနေ မိတုန်းပင်တည်း။

❤ ○ ❤

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com